ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဝမ်းမြောက်ခြင်းတရား**

လူမိုက်တို့သည် စေးနဲ့ဝန်တို၍ သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်း မရှိကုန်။ ထို့ကြောင့် ဒုဂ္ဂတိဘဝသို့ရောက်ရ၏။ ပညာရှိတို့ကား သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်း ရှိကုန်၍ တမလွန်ဘဝ၌ ချမ်းသာရ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစရိယတရားလေးပါးတို့တွင် ဝမ်းမြောက်ခြင်းဟူသော တရားသည် ချမ်းသာခြင်းကို ဆောင်၏။ လောကဝင်(ဓမ္မပဒ-၁၇၇)

၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက် စနေနေ့။ Saturday, 13 May 2017 (၈၉၂၃)



# မြန်မာနိုင်ငံနှင့် ICRC အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျီနီဗာမြို့အခြေစိုက် International Committee of the Red Cross (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရေးကိစ္စ၊ မြန်မာနိုင်ငံနှင့် ICRC အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဟာ ဆန္ဒကလွဲလို့ တခြားအကြောင်းမရှိဟု ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီအစည်းအဝေး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား



**ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (၁၀)ကြိမ်မြောက် အစည်းအဝေး နေပြည်တော်၌ ကျင်းပစဉ်။**

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၏ (၁၀)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းနှင့် ဦးသုဝေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ကျင်းပသည့် အစည်းအဝေး၌ အဓိကအားဖြင့် မေ ၂၄ ရက်တွင်စတင်မည့် ညီလာခံအတွက် ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ ယင်းနှင့်ဆက်နွှယ်နေသည့် အခြားကိစ္စများကိုလည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့**



## ကြေးမုံ

# လူ့အရင်းအမြစ်များ မပျက်သုဉ်းရေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏စစ်တမ်းများအရ တစ်ကမ္ဘာလုံးတွင် ယာဉ်မတော်တဆမှုဖြစ်ပွားသောကြောင့် နှစ်စဉ် လူ ၁ ဒသမ ၂၅ သန်း သေဆုံးနေသည်ဟုဆိုထားသည်။ တစ်နှစ်အတွင်း မသေဆုံးသင့်ဘဲ သေဆုံးခဲ့ရသည့် တစ်သန်းကျော် အရေအတွက်ရှိသောလူဦးရေမှာ ကမ္ဘာ့စစ်ပွဲဖြစ်ပွားသောကြောင့် သေဆုံးရသောလူဦးရေ ပမာဏမျှရှိသဖြင့် လွန်စွာထိတ်လန့်စိုးရိမ်ဖွယ်ကောင်းပေသည်။

မြန်မာနိုင်ငံအနေဖြင့်မူ အာဆီယံနိုင်ငံများအတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားနှုန်း ဒုတိယအများဆုံးနိုင်ငံ ဖြစ်နေသည်။ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး၏ ထုတ်ပြန်ခဲ့သည့် စာရင်းဇယားများအရ ယမန်နှစ်က ယာဉ်မတော်တဆမှုကြောင့် လူဦးရေ ငါးထောင်နီးပါး သေဆုံးခဲ့ရပြီး လူဦးရေ ၂၇၀၀၀ နီးပါး ဒဏ်ရာရရှိခဲ့သည်ဟု ထုတ်ပြန်ထားရာ တစ်ရက်လျှင် ယာဉ်တိုက်မှုကြောင့် လူ ၁၃ ဦးနှုန်း သေဆုံးခဲ့ရသည့်သဘောဖြစ်နေသည်။

ယခုနှစ်ဦး နှစ်လအတွင်းစာရင်းများအရ တစ်နိုင်ငံလုံးတွင် ယာဉ်မတော်တဆမှုကြောင့် လူ ၄၀၀ ကျော် သေဆုံးခဲ့ပြီး လူ ၂၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယခုနှစ်တွင် ယာဉ်တိုက်မှုကြောင့် နေ့စဉ်ပျမ်းမျှ လူ ၁၅ ဦးနှုန်း သေဆုံးခဲ့ပြီး လူ ၈၀ နီးပါး ထိခိုက်ဒဏ်ရာရရှိလျက်ရှိသဖြင့် ယမန်နှစ်ထက်ပိုများနေပြီး တစ်နှစ်ထက်တစ်နှစ် ယာဉ်တိုက်မှုကြောင့် ထိခိုက်ပျက်စီးသေဆုံးမှုများ တိုးလာနေသည်။ အများဆုံးဖြစ်ပွားမှုမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်သည်။

ပုံမှန်အားဖြင့် ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းများတွင် ယာဉ်ကိုမဆင်မခြင်မောင်းနှင်မှုကြောင့် အများဆုံးဖြစ်ပွားသည်ဟု ဆိုထားသည်။ ဒုတိယအများဆုံးဖြစ်ပွားမှုမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်မှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး တတိယအများဆုံးဖြစ်ပွားမှုမှာ လမ်းသွားလမ်းလာများ ပေါ့ဆမှုကြောင့်ဖြစ်သည်ဟု ဆိုထားသည်။

မည်သို့ပင်ဖြစ်စေ ယာဉ်ကိုမဆင်မခြင်မောင်းနှင်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်ခြင်းတို့ကြောင့် ဖြစ်ပွားမှုများနေခြင်းဖြစ်သည်။ မဆင်မခြင်မောင်းနှင်ခြင်းဟုဆိုရာတွင် အရက်သေစာသောက်စားထားခြင်း၊ သတ်မှတ်ထားသော အမြန်နှုန်းထက်ပိုမိုမောင်းနှင်ခြင်း၊ ယာဉ်စတင်မောင်းနှင်သည်နှင့် ယာဉ်နှင့်ပတ်သက်သည့် သတိပြုလိုက်နာရမည့်အချက်များကို အလေးမထားခြင်း၊ သတ်မှတ်အလေးချိန်ထက် ပိုမိုတင်ဆောင်ခြင်း၊ ယာဉ်၊ လမ်းနှင့် ယာဉ်မောင်းသက်မကိုက်ညီခြင်း စသည့်အကြောင်းများကြောင့် ဖြစ်ရသည်ဟုဆိုရမည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားမလည်ခြင်းဟုဆိုရာတွင် မျက်မှောက်ကာလကဲ့သို့ မော်တော်ယာဉ်အသစ်များနှင့် မော်တော်ဆိုင်ကယ်များ ပေါများလာရာတွင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို အလွယ်တကူ ဝယ်ယူမောင်းနှင်စီးနင်းကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို ကျေညက်အောင်လည်းနားမလည်၊ ယာဉ်နှင့် လမ်းအတွေ့အကြုံလည်းနည်းပါးကြသဖြင့် လမ်းမများပေါ်တွင် မဖြစ်သင့်၊ မဖြစ်ထိုက်ဘဲ ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ထိခိုက်သေဆုံးသူအများစုတွင် မော်တော်ဆိုင်ကယ်များကို ကျွမ်းကျင်စွာမောင်းနှင်နိုင်ခြင်းမရှိဘဲ အသိအမြင်နည်းပါးသောသူများက မိမိတို့ခရီးတွင်ရေး တစ်ခုတည်းကိုသာကြည့်ပြီး သတိမမူမောင်းနှင်ကြသောကြောင့် လူ့အသက်များ မသေဆုံးသင့်ဘဲ သေဆုံးခဲ့ကြရခြင်းဖြစ်သည်။ သေဆုံးသူအများစုမှာ အသက်(၃၀)မှ အသက်(၆၀)အရွယ်အတွင်းရှိ တန်ဖိုးရှိသော လူ့အရင်းအမြစ်များဖြစ်နေသည်ကို တွေ့ရသည်။

ယာဉ်မတော်တဆမှုကြောင့် အသက်သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့လျှင် ကာယကံရှင်တစ်ဦးတည်းသာ ထိခိုက်နစ်နာဆုံးရှုံးရသည်မဟုတ်ဘဲ ၎င်း၏မိသားစုနှင့် ဆက်နွှယ်ရာအသိုင်းအဝိုင်းအတွက်ပါ ထိခိုက်နစ်နာမှုများ ဖြစ်ပွားရသည်။ ထိုသို့ဖြစ်ပွားခြင်းများ လျော့နည်းကျဆင်းသွားစေရန်အတွက် ယာဉ်မောင်းနှင်သူတို့အား အသိပေးပညာပေးနေရုံဖြင့် မလုံလောက်ဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများက မြေပြင်သို့ကွင်းဆင်း၍ ထိရောက်သော စည်းကမ်းထိန်းသိမ်းရေးနှင့် အရေးယူဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်နေပြီဟု ဆိုချင်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းအား ဗြိတိန်နိုင်ငံဝန်ကြီးချုပ်၏ အခြေခံအဆောက်အအုံဆိုင်ရာ စီးပွားရေး သံအမတ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၁၂**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ်၏ အခြေခံအဆောက်အအုံဆိုင်ရာ စီးပွားရေးသံအမတ် Mr. Andrew Mc Naughton နှင့်အဖွဲ့အား ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် စွန့်ပစ်အမှိုက်၊ စွန့်ပစ်ရေ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်နှင့် မြို့ကြီးအဆင့်တွင် ဆောင်ရွက်မည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ရေးဆွဲမှု အခြေအနေ၊ အကောင်အထည်ဖော်ရန် နည်းပညာနှင့်ကျွမ်းကျင်မှု လိုအပ်ချက်များအရ ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများ၊ အမှိုက်မှ စွမ်းအင်ထုတ်လုပ်နိုင်သည့် နည်းပညာများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နည်းပညာအကူအညီပေးမည့် အစီအစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများအတွက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် ကော်မတီအသီးသီးနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်၊ သတ္တုကဏ္ဍနှင့် နယ်နိမိတ်တိုင်းတာခြင်း စသည့် လုပ်ငန်းများတွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး၊ နည်းပညာ အကူအညီပေးရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စံပြ မြစိမ်းရောင်ကျေးရွာများ ဆုချီးမြှင့်ခြင်းနှင့် စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေး

**ချောင်းဦး မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စံပြ မြစိမ်းရောင်ကျေးရွာများ ဆုချီးမြှင့်ခြင်းနှင့် စီမံကိန်းလုပ်ငန်းသုံးသပ်ဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း




သိရသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးငွေမောင်နှင့် မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ ကျေးရွာအသီးသီးမှ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးငွေမောင်တို့က အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်စီမံကိန်း၏ စီမံကိန်းဝင် ကျေးရွာ ၁၅ ရွာအနက် ချောင်းဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်က စံပြ မြစိမ်းရောင်ကျေးရွာ ဆုရရှိသည့် မိုင်တဲကျေးရွာအား လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးငွေမောင်က ကော်မတီစည်းလုံးညီညွတ်မှုဆုကို ရရှိသည့် ရွှေကျင်ကျေးရွာကို လည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာဦးက စာရင်းဇယားမှန်ကန်စွာရေးသွင်းနိုင်မှုဆုကို ရရှိသည့် ရွာသစ်ကျေးရွာအား လည်းကောင်း ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး မြစိမ်းရောင်ကျေးရွာကော်မတီဝင်များမှ လုပ်ငန်းအတွေ့အကြုံများ အားသာချက်၊ အားနည်းချက်များကို ဆန်းစစ်သုံးသပ်တင်ပြကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာဦးက မြစိမ်းရောင်စီမံကိန်းကျေးရွာများ၏ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၂**

ရန်ကုန်(ရွှေဈေး) ၈၉၁၅၀၀ - ၈၉၁၅၀၀ မန္တလေး(ရွှေဈေး) ၈၉၁၅၀၀ - ၈၉၁၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၅/၇၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၈၅/၇၀၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၂၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၈/၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၂/၆၄၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၆၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၇၉.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇.၂၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၂၃၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၃.၅၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၁၄၇ |
| (ဆ) | ဂျပန် | တစ်ယန်း | = | ၁၁၉၅.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၉၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၄.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၆.၉၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

✪ ရှေ့ဖုံးမှ

ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့ကြိုးပမ်းခဲ့သည်မှာ တစ်နှစ်ကျော်ရှိပြီဖြစ်ပါကြောင်း။

တစ်နှစ်ကျော်ကာလအတွင်း အားလုံးခြုံကြည့်လျှင် တိုးတက်မှုရှိသည်ဟု ယူဆပါကြောင်း၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးကလည်း စိတ်ဝင်စားမှုရှိနေပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့နိုင်ငံအတွက်သာမက အခြားပဋိပက္ခဖြစ်နေသည့် နိုင်ငံများအတွက်လည်း အရေးကြီးသည့် သင်ခန်းစာရနိုင်မည့်ဖြစ်စဉ်ဟု ၎င်းတို့ယူဆထား၍ ဖြစ်ပါကြောင်း။

မိမိတို့၏ အောင်မြင်မှုသည် မိမိတို့နိုင်ငံတစ်ခုတည်း၏ အောင်မြင်မှုမဟုတ်ဘဲ တစ်ကမ္ဘာလုံး၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက် အောင်မြင်မှုဟု သတ်မှတ်သည့် ပုဂ္ဂိုလ်များလည်းရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒုတိယအကြိမ်ကျင်းပမည့် (၂၁) ရာစု ပင်လုံညီလာခံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို အောင်မြင်အောင် လုပ်ဆောင်ရန်အတွက် အားလုံးတွင် တာဝန်ရှိသည်ဟု ယူဆပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီလို ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်လို့ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဟာ နောက်ဆုံးက ဆန္ဒနဲ့ပဲဆိုင်ပါတယ်။ ဆန္ဒကလွဲလို့ တခြားမဖြစ်နိုင်စရာ အကြောင်းဘာမှမရှိပါဘူး။ အောင်မြင်ခြင်းတရားလေးပါးဆိုတာ ဆန္ဒနဲ့ပဲ စတာပါ။ ငြိမ်းချမ်းရေးလိုချင်ရင် ဘယ်လိုနည်းနဲ့မဆို ကျွန်မတို့ရယူလို့ရပါတယ်။ ငြိမ်းချမ်းရေးမလိုချင်ရင်တော့ နည်းအမျိုးမျိုးနဲ့ ငြိမ်းချမ်းရေးကြန့်ကြာအောင်လုပ်တယ်ဆိုတာ ဖြစ်နိုင်ပါတယ်။

"ကျွန်မတို့ဟာ တကယ်ပဲ ဆန္ဒရှိရဲ့လား။ တကယ်ဆန္ဒရှိမှ တခြား ဝီရိယ၊ စိတ်ဓာတ်၊ ပညာတို့နဲ့ ကျွန်မတို့ပံ့ပိုးပြီး အောင်မြင်ခြင်းကို ရနိုင်မှာပါ။ ဒါကြောင့် အစည်းအဝေးကို ရောက်ရှိနေတဲ့ ပုဂ္ဂိုလ်များအားလုံးဟာ ငြိမ်းချမ်းရေးအတွက် စစ်မှန်တဲ့ဆန္ဒရှိတယ်ဆိုတာ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။

ဆန္ဒရှိတာ၊ မရှိတာက နောက်ဆုံးဘယ်သူကဆုံးဖြတ်မလဲဆိုတော့ ပြည်သူလူထုနဲ့ သမိုင်းက ဆုံးဖြတ်မှာဖြစ်ပါတယ်။ ပြည်သူလူထုဆိုတာ ပစ္စုပ္ပန်ကာလပြည်သူ မဟုတ်ဘူး။ နောင်လာမယ့် နောင်လာနောက်သားများ၊ မျိုးဆက်များက ဆုံးဖြတ်မယ်ဆိုတာ သမိုင်းက ဆုံးဖြတ်ခြင်းပဲဖြစ်မှာပါ။ ကျွန်မတို့အားလုံးဟာ အောင်မြင်မှုအတွက်ကို ဝိုင်းဝန်းပြီးတော့ တတ်အားသမျှ စေတနာမှန်မှန်နဲ့ ကြိုးစားသွားကြမယ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝနဲ့ ကြိုးစားသွားကြမယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက နိုင်ငံရေးဆွေးနွေးပွဲတွင် ဆွေးနွေးသည့်အချက်အလက်များကို တန်းတူရည်တူနှင့် အမြင်သဘောထားများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး အဖြေရှာသွားရမည်ဖြစ်ပါကြောင်း၊ အဖြေဆိုသည့် နေရာတွင်လည်း တစ်နိုင်ငံလုံးအကျိုးအတွက်၊ အစုအဖွဲ့များ၏ အကျိုးအတွက် မဆန့်ကျင်သည့်၊ တစ်နိုင်ငံလုံးအကျိုးရှိသည့် အဖြေရလဒ်ဖြစ်ရန် လိုအပ်ပါကြောင်း၊ အကောင်အထည်ဖော်နိုင်သည့် အဖြေရလဒ်ကိုရရန်လည်း လိုအပ်ပါကြောင်း၊ ယနေ့လုပ်ငန်းကော်မတီမှတစ်ဆင့် တင်လာသည့် အဆိုပြုလွှာများ ဆွေးနွေးရမည့် ခေါင်းစဉ်များကို အတွင်းရေးမှူးများအတွက် စုစည်းပြီး မိမိတို့ UPDJC အစည်းအဝေးမှ တင်ပြမည်ဖြစ်ပါကြောင်း ပြောကြားသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးသို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**(သတင်းစဉ်)

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးသုဝေက မိမိတို့ UPDJCသည် အရေးကြီးသည့် ပြည်ထောင်စု၏ကိစ္စရပ်များ၊ တာဝန်များကို ထဲထဲဝင်ဝင် ပါဝင်ထမ်းဆောင်နေသည်မှာ ထင်ရှားပါကြောင်း၊ မိမိတို့၏ မျှော်လင့်ချက်များအောင်မြင်မည်ဆိုလျှင် ပြည်သူများအတွက် ပိုပြီး ဝမ်းသာကြရမည်ဖြစ်ပါကြောင်း၊ ထို့နောက် မိမိတို့ညီလာခံကြီးမှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးကို ဆက်ပြီးသွားရမည်ဖြစ်ပါကြောင်း၊ ထို့အတွက် နိုင်ငံတော်အစိုးရနှင့်တကွ NCAတွင် လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရော လက်မှတ်မထိုးထားသေးသည့် အဖွဲ့အစည်းများပါ ထိုအချက်အလက်များကို အားလုံးလိုလိုလားလားရှိကြသည်၊ ကြိုက်နှစ်သက်ကြသည်ဟု မိမိအနေဖြင့် နားလည်ပါကြောင်း၊ နိုင်ငံရေးပါတီ ၉၃ ဖွဲ့ကလည်း ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အားလုံးလက်ခံသဘောတူသည်၊ အားလုံးက လိုလားသည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ လုပ်ငန်းကော်မတီများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများမှကဏ္ဍအလိုက် အခြေခံရမည့်မူများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီဝင်များက UPDJCသို့ တင်ပြဆွေးနွေးကြပြီး အတည်ပြုချက်များရယူသည်။

ဆက်လက်၍ NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးသို့ ဖိတ်ကြားသွားမည့်အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပမည့် ကာလနှင့်ပုံစံ၊ ညီလာခံ၌ အတည်ပြုခြင်းကိစ္စရပ်တွင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ညီလာခံသဘာပတိအဖွဲ့နှင့် အကျိုးဆောင်အဖွဲ့များဖွဲ့စည်းမည့် အစီအစဉ်၊ ညီလာခံသို့ ဖိတ်ကြားရေးကိစ္စရပ်များ၊ ညီလာခံဖြစ်မြောက်ရန် ပံ့ပိုးမှုကိစ္စများနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာတို့အပါအဝင် အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ၊ ပဒိုစောကွယ်ထူးဝင်းနှင့် ဒေါက်တာတင်မျိုးဝင်း တို့က ဆွေးနွေးသဘောတူညီမှုများအပေါ် ဝမ်းမြောက်စကားပြောကြား၍ အစည်းအဝေးကို ညနေ ၆ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍခေါင်းစဉ်ကြီး ခြောက်ခု၌ အချက်ပေါင်း ၂၁ ချက်ကို သဘောတူညီမှုရရှိသည်။ အဆိုပါသဘောတူညီချက်များမှာ အချုပ်အခြာအာဏာ၌ တစ်ချက်၊ အချုပ်အခြာအာဏာကျင့်သုံးမှု၌ တစ်ချက်၊ တန်းတူရေး၌ နှစ်ချက်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၌ ငါးချက်၊ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)၌ ၁၀ချက်၊ ပါတီစုံဒီမိုကရေစီစနစ်၌ နှစ်ချက် စုစုပေါင်း ၂၁ချက်ကို နိုင်ငံရေးကဏ္ဍတွင် အတည်ပြုနိုင်ခဲ့သည်။

ထို့ပြင် စီးပွားရေးကဏ္ဍ ခေါင်းစဉ်ကြီး ခုနစ်ခု၌ အချက်ပေါင်း ၁၀ချက်၊ လူမှုရေးကဏ္ဍ၌ အချက်ပေါင်း လေးချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၌ အချက်ပေါင်း ခြောက်ချက် စုစုပေါင်း ၄၁ချက်ကို သဘောတူညီမှုရရှိခဲ့သည်။

ယနေ့ရရှိခဲ့သည့် နိုင်ငံရေးကဏ္ဍခေါင်းစဉ်ကြီး ခြောက်ခု၌ သဘောတူညီခဲ့သည့် အချက်ပေါင်း ၂၁ချက်၌ မြန်မာ့သမိုင်းတွင် မရှိခဲ့ဖူးသည့် ဖက်ဒရယ်ဆိုင်ရာ သဘောတူညီချက်များကို ရရှိခဲ့ကြောင်းသိရသည်။

အဆိုပါ သဘောတူညီချက် ၄၁ ချက်အား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံသို့ တင်သွင်းပြီး အတည်ပြုချက်များ ရယူသွားမည်ဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို မေ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးကျင်းပရာတွင် ကဏ္ဍအလိုက် ဆွေးနွေးပွဲများ၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများနှင့် ညီလာခံတွင် အတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းအဖွဲ့)**

## မျက်စိဝေဒနာရှင် ၄၆၂၂ ဦးအား စမ်းသပ်ကုသပေးပြီး ၃၂၄ ဦးအားခွဲစိတ်ကုသ

**နေပြည်တော် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့တည် ရာပြည့်အထိမ်းအမှတ်အကြိုမျက်စိဝေဒနာရှင်များအား အခမဲ့စက္ခုအလင်းဒါနပြုကုသပေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် လပွတ္တာမြို့ ရဲတံခွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက မျက်စိဝေဒနာရှင်များအား စမ်းသပ်ကုသပေးခြင်းနှင့် လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံတွင် မျက်စိခွဲစိတ်ကုသပေးနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါလှူဒါန်းပွဲကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပူးပေါင်းပါဝင်မှု၊ Grand Royal Group၏ လှူဒါန်းမှုတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး မျက်စိဝေဒနာရှင်ပေါင်း ၄၆၂၂ ဦးတို့အား စမ်းသပ်ကုသပေးခဲ့ပြီး ဝေဒနာရှင် ၃၂၄ ဦးတို့အား ခွဲစိတ်ကုသပေးခဲ့ကြောင်းသိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေနဒီခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး အငြိမ်းစားဝန်ထမ်းများနှင့် နေအိမ်အခက်အခဲရှိသော ပြည်သူများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် တန်ဖိုးသင့်၊ တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်၍ နေရာချထားလျက်ရှိပါကြောင်း၊ လက်ရှိနိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအတွက် အငှားအိမ်ရာ စနစ်များကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အလုပ်သမားများနှင့် နိုင်ငံ့ဝန်ထမ်းများကို လူမှုဖူလုံရေးရန်ပုံငွေဖြင့် အခမဲ့ကုသပေးသွားရန် အလုပ်သမားဆေးရုံကြီးကိုလည်း အဆင့်မြှင့်တင်ရေးဆောင်ရွက်နေပါကြောင်း၊ တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ်ကထက် တိုးမြှင့်၍ ထုတ်ချေးခြင်းနှင့် အခြားသီးနှံများအတွက်လည်း ချေးငွေတိုးမြှင့်ထုတ်ချေးရန် စီစဉ်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Grand Royal Group ဥက္ကဋ္ဌ ဦးအောင်မိုးကျော်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး လပွတ္တာမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ဆေးရုံအဆင့်မြှင့်တင်ရေး၊ သောက်သုံးရေဖူလုံရေး၊ မီးဘေးကာကွယ်ရေး၊ ဆိပ်ကမ်းနယ်မြေဖွံ့ဖြိုးသာယာလှပရေး၊ ရာပြည့်ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လပွတ္တာမြို့နယ်သို့ ရေပေးဝေနေသည့် ရေလှောင်ကန်ကို သန့်ရှင်းသောရေရရှိရေးနှင့် ရာသီမရွေး အသုံးပြုနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ပြီး မွန်းလွဲပိုင်းတွင် ခရိုင်/မြို့နယ်အဆင့် ဦးစီးဌာန/အဖွဲ့အစည်းများ၌ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# အမေရိကန်အစိုးရဌာနများ၏ ကွန်ပျူတာကွန်ရက် လုံခြုံရေးမြှင့်တင်ရန် သမ္မတက အမိန့်ထုတ်ပြန်

**ဝါရှင်တန် မေ ၁၂**

အမေရိကန်အစိုးရအဖွဲ့၏ ကွန်ပျူတာကွန်ရက်များ လုံခြုံရေးနှင့် နိုင်ငံတော်၏အရေးကြီးသော အခြေခံအဆောက်အအုံများအား ကွန်ပျူတာကွန်ရက် အဖျက်အမှောင့်ပြုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန် ညွှန်ကြားသည့်အမိန့်တစ်ရပ်ကို သမ္မတ ဒေါ်နယ်ထရန့်က မေ ၁၁ ရက်တွင် လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကွန်ပျူတာကွန်ရက်လုံခြုံရေးသည် မိမိ၏ ဦးစားပေး လုပ်ငန်းတစ်ရပ်ဖြစ်သည်ဟု ပြောဆိုခဲ့သူ ထရန့်က လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လိုက်ခြင်း ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်အစိုးရအဖွဲ့အောက်ရှိ ဌာနများ၏ ကွန်ပျူတာကွန်ရက်လုံခြုံရေးကို မြှင့်တင်ရန် သမ္မတထရန့်၏ ညွှန်ကြားချက်အမိန့်တွင် ဖော်ပြထားသည်။ မကြာသေးမီနှစ်များအတွင်း နိုင်ငံခြားအစိုးရအဖွဲ့များနှင့် ဟက်ကာအဖွဲ့များက ပုဂ္ဂလိကမှတ်တမ်းများနှင့် လျှို့ဝှက်သတင်းအချက်အလက်များကို ခိုးယူခဲ့သည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပြီးနောက် အစိုးရဌာနများ၏ ကွန်ပျူတာကွန်ရက်များ လုံခြုံရေးကိုမြှင့်တင်ရန် သမ္မတထရန့်က ညွှန်ကြားလိုက်ခြင်းဖြစ်သည်။

အမေရိကန်ရှိ စွမ်းအင်ဆိုင်ရာ ကွန်ရက်များနှင့် ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍတို့ကဲ့သို့သော အခြေခံအဆောက်အအုံကို ကာကွယ်စောင့်ရှောက်ပေးရန်လည်း ယင်းညွှန်ကြားချက်အမိန့်က ရည်ရွယ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

သမ္မတထရန့်က အစိုးရဌာနများ၏ ကွန်ပျူတာကွန်ရက်လုံခြုံရေးတိုးမြှင့်ရန် ရည်ရွယ်သော လုပ်ဆောင်ချက်နှင့်ပတ်သက်၍ ကွန်ပျူတာကွန်ရက် ကျွမ်းကျင်သူများနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများက ကြိုဆိုကြောင်း ထုတ်ပြန်ကြေညာသည်။ **ရိုက်တာ။**






# တရုတ်နှင့် အိန္ဒိယတို့တွင် လျှပ်စစ်ကားဝယ်ယူမှုတိုးလာနိုင်ပြီး ရေနံလုပ်ငန်းများ၏ ဝင်ငွေကျဆင်းလာနိုင်

**ဘွန်း မေ ၁၂**

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ ပြည်သူသန်းပေါင်းများစွာသည် လာမည့်ဆယ်စုနှစ်တာကာလအတွင်း လျှပ်စစ်ကားများကို ဝယ်ယူလာကြမည်ဟု ခန့်မှန်းရကြောင်း၊ လျှပ်စစ်ကားများ ဝယ်ယူသုံးစွဲသူများပြားလာခြင်း၏ အကျိုးဆက်တစ်ရပ်အဖြစ် ရေနံလုပ်ငန်း ဝင်ငွေကျဆင်းမှု သိသိသာသာထိခိုက်လာနိုင်ကြောင်း ဂျာမနီနိုင်ငံမှ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ဒိုင်မလာကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဝီလ်ကို စတက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အနာဂတ်ကာလတွင် ခာတ်ဆီဝယ်လိုအား ကျဆင်းသွားမည်ဖြစ်သဖြင့် ရေနံချက်စက်ရုံလုပ်ငန်းများ ဝင်ငွေကျဆင်းမည်ဟု ခန့်မှန်းရကြောင်း စတက်ကပြောကြားသည်။ **ရိုက်တာ။**

# အငြင်းပွားဖွယ်မူဝါဒများပါဝင်သော အခြေခံပညာသမိုင်းဘာသာ ပြဋ္ဌာန်းစာအုပ်များကို တောင်ကိုရီးယားသမ္မတမွန်း ပယ်ဖျက်

**ဆိုးလ် မေ ၁၂**

တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်းက နိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းများတွင် အသုံးပြုလျက်ရှိသည့် သမိုင်းဘာသာရပ် ပြဋ္ဌာန်းစာအုပ်များ၌ ဖော်ပြထားသည့် အငြင်းပွားဖွယ်မူဝါဒများကို ပယ်ဖျက်ပစ်ရန် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ကလေးငယ်များအတွက် နိုင်ငံရေးရာသမိုင်းကဏ္ဍနှင့်ပတ်သက်ပြီး ပါတီစွဲ၊ ဝါဒစွဲမရှိဘဲ ဘက်လိုက်မှုကင်းရှင်းစွာဖြင့် သမိုင်းစာမျက်နှာများကို ချန်လှပ်ထားစေလိုသည့်ဆန္ဒဖြင့် သမ္မတ မွန်းဂျေအန်းက အထက်ပါကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ယွန်းယောင်းချန်က မီဒီယာသို့ ပြောကြားခဲ့သည်။

သမ္မတရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးစဉ်ကာလက နိုင်ငံအတွင်း လက်ရှိအသုံးပြုလျက်ရှိသော ပြဋ္ဌာန်းစာအုပ်များကို ပယ်ဖျက်ပစ်မည်ဟု ပြည်သူများအား သမ္မတ မွန်းဂျေအန်းက ကတိပြုခဲ့သည်။

အဆိုပါသမိုင်းဘာသာရပ် ပြဋ္ဌာန်းစာအုပ်များကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် သမ္မတဟောင်း ပတ်ဂွန်ဟေးက ၂၀၁၅ ခုနှစ်၌ စတင်သုံးစွဲစေခဲ့သည်။

သမ္မတ မွန်းဂျေအန်း၏ ပြောရေးဆိုခွင့်ရှိသူက ယခု ပယ်ဖျက်ခဲ့သည့် သမိုင်းဘာသာရပ် ပြဋ္ဌာန်းစာအုပ်များသည် ကိုရီးယားလူမျိုးများကို စိတ်ဝမ်းကွဲစေသည့် ပညာရေးစနစ်တစ်ရပ်ပါဝင်သည်။ နိုင်ငံရေးရာကိစ္စရပ်များကိုင်တွယ်ဖြေရှင်းရာတွင် သမိုင်းဘာသာပညာရပ်ကို ကြားခံနယ်အဖြစ် အသုံးမချသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပယ်ဖျက်ခဲ့သော သမိုင်းဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်များတွင် သမ္မတဟောင်း ပတ်ဂွန်ဟေး၏ ဖခင်ဖြစ်သူ သမ္မတဟောင်း ပတ်ချုံဟီး၏ နိုင်ငံ့အကျိုးစီးပွားအတွက် ကြိုးပမ်းခဲ့ပုံများကို အသားပေးဖော်ပြထားသည်။ ထို့ကြောင့် ပြည်သူအများအပြားက အဆိုပါ သမိုင်းဘာသာပြဋ္ဌာန်းစာအုပ်များကို ပြင်းထန်စွာရှုတ်ချခဲ့ကြသည်။

လာမည့်ပညာသင်နှစ်မှစပြီး အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများက အဆိုပါသမိုင်းပြဋ္ဌာန်းစာအုပ်များကို သုံးစွဲခွင့်ရှိမည် မဟုတ်တော့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# အာဖရိကတွင် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ငါးဦးသေဆုံး

**ဘန်ဂွီ မေ ၁၂**

ဗဟိုအာဖရိက သမ္မတနိုင်ငံတွင် လက်နက်ကိုင် တပ်ဖွဲ့တစ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ရသည်။




ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၏ယာဉ်တန်းသည် မေ ၈ ရက်တွင် ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ အရှေ့တောင်ပိုင်းနယ်စပ်အနီး၌ ခရစ်ယာန်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဟု ယူဆရသည့်အဖွဲ့၏ တိုက်ခိုက်မှုခံခဲ့ရကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားသည်။

သေဆုံးသွားသည့် ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များမှာ ကမ္ဘောဒီးယားနှင့် မော်ရိုကိုနိုင်ငံတို့မှ ဖြစ်ကြသည်။

လွန်ခဲ့သည့် လေးနှစ်ကတည်းက အစ္စလာမ်နှင့် ခရစ်ယာန်လက်နက်ကိုင်တပ်ဖွဲ့များကြား ပဋိပက္ခတိုက်ပွဲများဖြစ်ပွားနေသည့် ဗဟိုအာဖရိက သမ္မတနိုင်ငံတွင် ပြည်သူများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ကုလသမဂ္ဂက ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ၁၃၀၀၀ စေလွှတ်ထားသည်။ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များသည် မကြာခဏ တိုက်ခိုက်ခံခဲ့ရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်သော်နျူး ဂူးတဲလ်ရှက်ရှ်က ယင်းတိုက်ခိုက်မှုအတွက် ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်ခြင်းသည် စစ်ရာဇဝတ်မှုတစ်ခုဖြစ်သည်ဟု သဘောထားရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လုံခြုံရေး အခြေအနေဆိုးရွားနေသည့် ဗဟိုအာဖရိကသမ္မတနိုင်ငံတွင် စားနပ်ရိက္ခာပြတ်လပ်နေသော လူဦးရေ နှစ်သန်းကျော်အတွက် လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးအပ်ရန် မေ့လျော့ခံနေရသည်ဟု ကုလသမဂ္ဂက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**

# ပင်လယ်နက်၌ ရုရှားရေတပ် စစ်ရေယာဉ်စုမှ ရေယာဉ်များ ၂၀၁၆ ခုနှစ်တွင် စစ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်ချိန်နှစ်ဆမြှင့်ခဲ့

**မော်စကို မေ ၁၂**

ရုရှားရေတပ် ပင်လယ်နက်ဒေသ စစ်ရေယာဉ်စုမှ စစ်ရေယာဉ်များသည် ပင်လယ်ပြင်အတွင်း စစ်ဆင်ရေးလုပ်ငန်းဆောင်ရွက်ချိန်ကို ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ်တွင် နှစ်ဆတိုးမြှင့်လုပ်ဆောင်ခဲ့ကြောင်း ပင်လယ်နက်ဒေသစစ်ရေယာဉ်စု တပ်မှူး အလက်ဇန္ဒာဗစ်ကိုက ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကရာဆာစုက သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။

ရုရှားပင်လယ်နက်စစ်ရေယာဉ်စုမှ စစ်ရေယာဉ်များသည် ၂၀၁၆ ခုနှစ်တွင် ရေမိုင် ၃၄၀၀၀၀ ခန့် ခုတ်မောင်းခဲ့ပြီး စစ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ ပင်လယ်နက်ရေတပ်ဖွဲ့၏ စစ်ဆင်ရေးလုပ်ငန်းများအရ စစ်ရေယာဉ်များ၏ စုစုပေါင်း ခုတ်မောင်းချိန်မှာ ၂၀၁၅ ခုနှစ်ကထက် ၄၅ ရာခိုင်နှုန်းပိုမိုများပြားကြောင်း သတင်းတွင်ဖော်ပြသည်။

ရုရှားနိုင်ငံ၏ ရေတပ်တပ်ဖွဲ့တွင် ပင်လယ်နက်ဒေသ စစ်ရေယာဉ်စုသည် မဟာဗျူဟာမြောက် တိုက်ပွဲဝင်နိုင်စွမ်းရှိသည့် အကြီးမားဆုံးစစ်ရေယာဉ်စုဖြစ်ပြီး ၎င်းရေတပ်ဖွဲ့သည် ပင်လယ်နက်ဒေသနှင့် မြေထဲပင်လယ်တို့တွင် စစ်ရေးတာဝန်များထမ်းဆောင်နိုင်သည်။

၂၀၁၄ ခုနှစ်အတွင်းက ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများစတင်ခဲ့အပြီး မြောက်အတ္တလန္တိတ် စစ်စာချုပ်အဖွဲ့ (နေတိုး)မှ တပ်ဖွဲ့ဝင်များက ဥရောပအရှေ့ပိုင်းနိုင်ငံများ၌ စစ်ရေးတည်ရှိမှုကို တိုးမြှင့်ခဲ့သည်။ နေတိုး၏ စစ်ရေးလှုပ်ရှားမှုကြောင့် ဒေသအတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုများ လျော့ပါးစေသည်ဟု ရုရှားကသတိပေးပြောကြားခဲ့သည်။ **ဆင်ဟွာ။**



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာဘာသာပြန် စာပေကွန်ရက်အဖွဲ့တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

# မေလနောက်ဆုံးပတ်မှစတင်၍ အသည်းရောင်အသားဝါစီရောဂါလူနာ ၂၀၀၀ အား အခမဲ့ဆေးကုသမှုပေးမည့်အစီအစဉ်ကို ရှင်းလင်း

**နေပြည်တော် မေ ၁၂**

အမျိုးသားအသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်မှ မေလနောက်ဆုံးပတ်မှ စတင်၍ အသည်းရောင်အသားဝါစီရောဂါ လူနာ ၂၀၀၀ အား အခမဲ့ ဆေးကုသမှုပေးမည့် အစီအစဉ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းတင်ပြသည့် အခမ်းအနားကို မေ ၅ ရက် နံနက် ၁၁ နာရီက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်က အသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ လည်းကောင်း၊ စီမံချက် မန်နေဂျာ ဒေါက်တာခင်စန္ဒာအောင်က အသည်းရောင်အသားဝါစီရောဂါ ကုသရေးလုပ်ငန်းအတွက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ရန်ကုန်အထူးကုဆေးရုံကြီး အသည်းရောဂါဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းနိုင်က ဆေးရုံအခြေပြု အသည်းရောင်အသားဝါစီရောဂါ ကုသရေးလုပ်ငန်းအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဌေးဌေးတင်က အသည်းရောင်အသားဝါစီရောဂါကုသရေးလုပ်ငန်းစဉ်တွင် ဓာတ်ခွဲစစ်ဆေးရေးအခန်းကဏ္ဍနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် အသည်းရောင်အသားဝါစီရောဂါ ကုသရေးလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းမှာကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးအား Global Health Supply Chain- Procurement and Supply Management Project မှ Procurement Consultant, Mr. Allan Rotman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# စာပေအဖွဲ့အစည်းများအားလုံးပါဝင်သော စာပေညီလာခံတစ်ရပ်ကျင်းပရေး ဆွေးနွေး

**နေပြည်တော် မေ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် Save Myanmar Film Project Team အား ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ မြန်မာဘာသာပြန်စာပေကွန်ရက်အဖွဲ့အား ညနေ ၃ နာရီတွင် လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

Save Myanmar Film Project Team နှင့် တွေ့ဆုံစဉ် အဆိုပါအဖွဲ့က ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ၊ မြန်မာ့ရုပ်ရှင်ဇာတ်ကားဟောင်းများအား တိုးတက်လာသည့် နည်းပညာများအသုံးပြု၍ ထိန်းသိမ်းနိုင်မည့်အခြေအနေများနှင့် ဖလင်ပိဋကတ်တိုက် အဆင့်မြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

မြန်မာဘာသာပြန်စာပေကွန်ရက်အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာဘာသာပြန်စာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကွန်ရက်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ စာပေအဖွဲ့အစည်းများအားလုံးပါဝင်သော စာပေညီလာခံတစ်ရပ် ကျင်းပရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# (၁၂)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၁၂**

စွယ်စုံမီဒီယာဂရု(ပ်) (SweSone Media Group)၏ သုတစွယ်စုံစာအုပ်တိုက်က ချီးမြှင့်မည့် (၁၂)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ သုတစွယ်စုံတစ်သက်တာစာပေဆုအတွက် စည်သူ ဒေါက်တာသော်ကောင်း (ဆရာဦးသော်ကောင်း)၊ နိုင်ငံတကာရေးရာ ဘာသာရပ်အတွက် ဦးသိန်းလှိုင်၏ "ခေတ်သစ်အရှေ့တောင်အာရှ"၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် မောင်ခေတ်ထွန်း၏ "မြန်မာအမျိုးသမီးစာရေးဆရာများ၏ စာပေရုပ်ပုံလွှာ"၊ ဘာသာပြန်စာပေဘာသာရပ်အတွက် သန်းစိုးနိုင်၏ "သမိုင်းနှင့် လမ်းလျှောက်ခြင်း"၊ ဝိဇ္ဇာဘာသာရပ်အတွက် မောင်ရဲလူ၏ "မြန်မာစာ မြန်မာမှု ကောင်းကွက်လှကွက်များ"၊ စာပေသုတေသန၊ စာပေအတွေး၊ စာပေအရေး၊ အသုံးချသိပ္ပံဘာသာရပ်အတွက် ဒေါက်တာယုဇနစောမြင့်(ကလေးအထူးကုဆရာဝန်ကြီး)၏ "အန္တရာယ်မကင်းတဲ့အချစ်" (ကလေးတို့ကျန်းမာရေးသိမှတ်ဖွယ်ရာများ)တို့ဖြစ်ကြသည်။

အထက်ပါဆုများကို တစ်သက်တာ စာပေဆုအတွက် ငွေကျပ် သိန်း ၂၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် (၁၂)ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၁၅ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခြင်းဖြစ်သည်။ စုစုပေါင်း ၁၂ ဆု ချီးမြှင့်ရန်လျာထားသော်လည်း ယခုနှစ်အတွက် အတ္ထုပ္ပတ္တိစာပေ၊ စာပဒေသာ၊ လူမှုစီးပွား၊ နိုင်ငံရေးစာပေ၊ လူငယ်စာပေနှင့် သုတသိပ္ပံဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ဆုခြောက်ဆုသာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့၌ ဇွန် ၁၀ ရက်တွင် ကျင်းပရန် စီစဉ်ထား၍ ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း-၀၁ ၃၈၅၂၉၃၊ ၃၉၂၇၃၉၊ ၃၇၄၄၀၀ တို့သို့ အမြန်ဆက်သွယ် သတင်းပို့ကြရန် သက်ဆိုင်ရာက အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မိတ္ထီလာ မေ ၁၂**

နယ်သာလန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရေအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ရေးထိုးထားမှုအရ ဆောင်ရွက်သည့် မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၂ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့ ဝန်ဇင်းဟိုတယ်ခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ဇော်လွင်ထွန်းက မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် မိတ္ထီလာကန် ပတ်ဝန်းကျင် အနေအထား၊ ဒေသခံပြည်သူများအနေဖြင့် မိတ္ထီလာကန်၏ အရေးပါမှုတို့ အကြောင်းကို ရှင်းလင်းပြောကြားသည်။

သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်သူက မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်က မိတ္ထီလာကန် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ နယ်သာလန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဆောက်အအုံထိန်းသိမ်းရေးဌာန မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအဖွဲ့ခေါင်းဆောင် Mr.Luuk Brinkman၊ နယ်သာလန်နိုင်ငံ ရေအရင်းအမြစ်ဆိုင်ရာ သံမှူး Mr. Armand Evers တို့က မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် ထည့်သွင်းရေးဆွဲထားသည့် ပြဋ္ဌာန်းချက်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး ဦးဝင်းထိန်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအဖွဲ့ခေါင်းဆောင် Mr.Luuk Brinkman၊ နယ်သာလန်နိုင်ငံ ရေအရင်းအမြစ်ဆိုင်ရာ သံမှူး Mr. Armand Evers၊ ခရိုင်ဆည်မြောင်းနှင့် ရေအရင်းအမြစ်အသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် စီမံကိန်းနှင့် သက်ဆိုင်သော ဌာနဆိုင်ရာတာဝန်ရှိသူများက မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီ လမ်းညွှန်ချက်များ စာတမ်းပေါ်တွင် သဘောတူလက်မှတ်ရေးထိုးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီ လမ်းညွှန်ချက်များ စာတမ်းနှင့်အတူ စုပေါင်းရေးဆွဲထားသည့် မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း နောက်ဆုံးအဆင့် လုပ်ငန်းစဉ်ကို ယခုလကုန်ပိုင်းတွင် မြန်မာနှင့် နယ်သာလန် နှစ်နိုင်ငံအစိုးရ တာဝန်ရှိသူများထံ ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။



မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

**ချမ်းသာ(မိတ္ထီလာ)**

# သတင်းအချက်အလက်အတွက်

ခင်ရတနာ




ရန်ကုန်မြို့ရှိ နာမည်ကြီးလက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် သတင်းစာတစ်စောင်ကို ကိုင်ထားသည့်လူငယ်က ယနေ့နံနက်အတွက် စိတ်အဝင်စားဆုံးဖြစ်သည့် သတင်းတစ်ပုဒ်ကို အပေါင်းအသင်းတချို့အား ဦးဆောင်ဆွေးနွေးလျက်ရှိသည်။ သူပြောသည့် အကြောင်းအရာမှာ နိုင်ငံတကာအရေးဖြစ်ပြီး ကိုရီးယားကျွန်းဆွယ် အရေးကို အာပေါင်အာရင်းသန်စွာ ပြောဆိုနေခြင်းဖြစ်သည်။

ထိုလူငယ်တို့၏ နံဘေးစားပွဲဝိုင်းတွင် အသက်(၆၀)ကျော် အရွယ်ဝန်းကျင်ရှိကြသည့် လူကြီးပိုင်းအချို့ထိုင်နေကြသည်။ သူတို့၏ လက်ထဲတွင် ဘာသာရေး အဆုံးအမများနှင့် ဘာသာရေးဆောင်းပါးများ ပါဝင်သည့် ဂျာနယ်တစ်စောင်နှင့် နေ့စဉ်ထုတ်သတင်းစာအချို့ကို ကိုင်ထားကြပြီး စိတ်အားထက်သန်ရာ သတင်းများကို ပြောဆိုရင်း၊ ဝေဖန်ရင်း အချေအတင် ဆွေးနွေးနေသည်။ အခြားဝိုင်းတွင် ဆယ်ကျော်သက် စုံတွဲတစ်တွဲက နေ့စဉ်ထုတ်သတင်းစာ တစ်စောင်၏ စာမျက်နှာပေါ်သို့ မျက်စိရောက်နေကြပြီး မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေခဲ့သော ကိုရီးယားထိပ်တန်း ကေပေါ့ပ်ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် EXO နှင့်ပတ်သက်၍ ပြောဆိုနေကြသည်။

## ပုံရိပ်ကျဆင်းနိုင်

မည်သို့ပင်ဖြစ်စေ ပြည်သူတို့သည် သတင်းခေတ်ကြီးတွင် အချိန်တိုင်း၊ နေရာတိုင်း သတင်းအချက်အလက်တို့သည် ပလူပျံလျက် ရွေးချယ်စရာပေါင်းများစွာပင်။ ပြည်သူတို့၏ သတင်းအချက်အလက် သိရှိပိုင်ခွင့်အပေါ် နိုင်ငံတော်နှင့်စတုတ္ထမဏ္ဍိုင် မီဒီယာများက စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးနေကြသည်။ နေ့စဉ် သတင်းအချက်အလက်များ သိရှိလိုအပ်နေမှုအနေအထားတွင် သတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီရရှိပြီး ဘက်မလိုက်၊ စီးပွားရေးမဆန်၊ အဆိပ်အတောက်မရှိသည့် သတင်းအချက်အလက်များ ပြည်သူကိုပေးအပ်နိုင်ရေးသည် အရေးကြီးလာသည်။ ကောလာဟလသတင်းများနှင့် လိုရာဆွဲ၊ မဟုတ်မမှန်သတင်းမှားများ လွှမ်းမိုးသွားမည်ဆိုပါက ပြည်သူတို့၏ အသိအမြင်အတွေးအခေါ် လွဲမှားမှုအန္တရာယ်က အများပြည်သူတို့၏ အကျိုးစီးပွားကို ဆုတ်ယုတ်ပျက်ပြားစေနိုင်မှုမှသည် နိုင်ငံတော်၏ ပုံရိပ်ကျဆင်းနိုင်သည်အထိ ခြိမ်းခြောက်လာမည်ဖြစ်သည်။

အများပြည်သူအတွက် အစိုးရ၏ လုပ်ဆောင်ချက်များကို သတင်းအချက်အလက်ပေးရန်နှင့် စပ်လျဉ်းသည့် မိန့်ခွန်းတစ်ရပ်ကို ၁၈၂၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ စတုတ္ထမြောက် သမ္မတဖြစ်သူ ဂျိမ်းစ်မဒီဆန် ပြောကြားခဲ့ဖူးပြီး မျက်မှောက်ခေတ်အခြေအနေတွင် နိုင်ငံအတော်များများက ယင်းအဆိုကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်နေကြသည်ကို မြင်တွေ့ရသည်။

"ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရတစ်ရပ်ဟာ အများပြည်သူကို သတင်းအချက်အလက် မပေးနိုင်ဘူး၊ ပေးဖို့နည်းလမ်းလည်းမရှိဘူးဆိုရင် အဲဒီအစိုးရဟာ ဟာသ၊ ဒါမှမဟုတ် အလွမ်းဇာတ်လမ်းတစ်ပုဒ်ရဲ့ အဖွင့်နိဒါန်းသာဖြစ်တယ်။ ဒါမှမဟုတ် နှစ်မျိုးစလုံးလည်းဖြစ်နိုင်ပါတယ်"ဟု သမ္မတ ဂျိမ်းစ်မဒီဆန်က ပြောကြားခဲ့ခြင်းဖြစ်သည်။

## သက်ရောက်မှုရှိ

မြန်မာနိုင်ငံတွင် သတင်းမှန်ပြန်ကြားရေးဟုဆိုလျှင် သတင်းများကို လျင်မြန်စွာ ထုတ်ပြန်နိုင်သည့် ရေဒီယိုနှင့် ရုပ်မြင်သံကြားကဲ့သို့ မီဒီယာများအပြင် ယနေ့ခေတ်တွင် ရှေ့တန်းရောက်လာသည့် အွန်လိုင်းမီဒီယာများကို မြင်တွေ့နိုင်ကြပြီး ဖွံ့ဖြိုးတိုးတက်သည့် ထိပ်တန်းနိုင်ငံကြီးများတွင်သာမက မြန်မာနိုင်ငံတွင်ပါ ယနေ့အချိန်အထိ အဓိက အကျိုးပြု၊ သက်ရောက်မှုရှိနေသည့် မီဒီယာမှာ "သတင်းစာ" ဖြစ်သည်။

"သတင်းစာတွေ ဘယ်လောက်ထွက်လာထွက်လာ ကြေးမုံနဲ့ မြန်မာ့အလင်းကိုတော့ ပစ်ပယ်လို့မရပါဘူး။ သတင်းစာတွေရဲ့ တာဝန်ခံနိုင်မှု၊ တာဝန်ယူမှုနဲ့ အရေးကြီးတဲ့သတင်းတွေမှာ အချက်အလက်ကို အတိအကျနဲ့ဖော်ပြမှုတွေကို နိုင်ငံပိုင်သတင်းစာတွေမှာ မြင်တွေ့ရတယ်။ ဝေးလံတဲ့ဒေသအထိလည်း နိုင်ငံပိုင်သတင်းစာတွေက ပျံ့နှံ့ရောက်ရှိတယ်"ဟု သတင်းစာဖတ်ပရိသတ်တစ်ဦးက သူ့အမြင်ကို ပြောပြသည်။

လမ်းပန်းဆက်သွယ်ရေး အခြေခံယန္တရားပြည့်စုံသော ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင် သတင်းအချက်အလက်များစွာကို အွန်လိုင်း၊ Paper၊ ရုပ်သံစသည်ဖြင့် နိုင်ငံတစ်ဝန်းသာမက ကမ္ဘာတစ်လွှားအထိ ထုတ်ပြန်လွှမ်းခြုံနိုင်သော်လည်း မြန်မာနိုင်ငံတွင်မူ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် နေရာများတွင်သာ နေ့စဉ်ထုတ်သတင်းစာများကို အချိန်မဆိုင်းမြင်တွေ့ရခြင်းဖြစ်သည်။ နေ့စဉ်ထုတ်သတင်းစာများအားလုံးကို စုံလင်အောင် ဝယ်ယူဖတ်ရှုခွင့်မရရှိသေးသည့် ဒေသများရှိနေသေးသည်ကိုလည်း မြင်တွေ့ရသည်။ သို့သော် သတင်းမှန်များကို နိုင်ငံတစ်ဝန်းသို့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လွှမ်းခြုံနိုင်ရန်အပြင် နိုင်ငံတကာသို့လည်း ထိုးဖောက်ပျံ့နှံ့နိုင်ရေးမှာ အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည်။ အကြောင်းမှာ မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ နိုင်ငံရေးစနစ်မျိုးစုံ ကျင့်သုံးသည့်နိုင်ငံများနှင့် နယ်မြေဆက်စပ်နေသည့်အပြင် တိုင်းရင်းသားလူမျိုးစုများစွာ ရောနှောနေထိုင်ကြသည့်အလျောက် အထင်အမြင် လွဲမှားမှုများမရှိစေရန်၊ သတင်းမှားများ၊ ကောလာဟလသတင်းဖြန့်ချိမှုတို့ကို ကာကွယ်ရန်နှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရန်အတွက် သတင်းအချက်အလက်မှန်များ လျင်မြန်စွာ ဖြန့်ဝေနိုင်ရေးသည် အရေးတကြီး လိုအပ်ချက်ဖြစ်နေသည်။

## ဆက်သွယ်ပေါင်းကူး

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအနေအထားနှင့် လက်ငင်းအခြေအနေများအရ ပြည်သူတို့၏ သတင်းအချက်အလက် သိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းပေးရာ၌ နိုင်ငံပိုင်သတင်းစာများသည် အဓိကနေရာမှ ပါဝင်နေသည်။ အကြောင်းမှာ နိုင်ငံပိုင်သတင်းစာများသည် နိုင်ငံတော်အစိုးရမှ ပြည်သူထံပေးလိုသည့် သတင်းအချက်အလက်များကို ဖော်ပြနေသကဲ့သို့ ပြည်သူတို့၏ ပြောဆိုသံ၊ ပြည်သူ့သဘောထားများကိုလည်း အစိုးရမှ တာဝန်ရှိသူများ သိရှိသုံးသပ်ဆောင်ရွက်နိုင်ရန် တစ်ပြိုင်တည်း ဖော်ပြပေးခြင်းဖြင့် အပြန်အလှန်ထိတွေ့ဆက်ဆံပေးနေသည့် ကြားခံယန္တရားတစ်ရပ်သဖွယ် ဖြစ်တည်နေသည်။ တစ်နည်းအားဖြင့် အစိုးရနှင့် ပြည်သူအကြား ဆက်သွယ်ပေါင်းကူးပေးနေခြင်းဖြစ်သည်။

## သတင်းဝန်ဆောင်မှု

"အရင်က နိုင်ငံပိုင်သတင်းစာတွေဟာ တစ်လမ်းသွားပုံစံနဲ့ တစ်ဖက်သတ်ဖော်ပြခဲ့တဲ့ ပုံစံကနေ အခုအချိန်မှာ နှစ်လမ်းသွားပုံစံနဲ့ နိုင်ငံတော်အစိုးရ (တစ်နည်းအားဖြင့်) မဏ္ဍိုင်သုံးရပ်က ပြည်သူတွေဆီကို အသိပေးတင်ပြအစီရင်ခံတဲ့ သတင်းတွေကို ထုတ်ပြန်ပေးရပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့သဘောထား၊ ပြည်သူတွေနဲ့သက်ဆိုင်ပြီး ပြည်သူတွေ လိုအပ်ချက်တွေဖြစ်တဲ့ အစိုးရသိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေကိုလည်း အပြန်အလှန်ဖော်ပြပေးတဲ့ပုံစံကို ပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံပိုင်သတင်းစာတွေဟာ အစိုးရနှင့် ပြည်သူအကြားမှာ ကြားခံယန္တရားပုံစံနဲ့ ပေါင်းကူးတံတားသဖွယ် သတင်းဝန်ဆောင်မှု တာဝန်ထမ်းဆောင်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်"ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်က ပြောကြားသည်။

နိုင်ငံပိုင်သတင်းစာများဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာနှစ်စောင်ကို မြန်မာဘာသာဖြင့် ထုတ်ဝေပြီး တိကျမှန်ကန်မှုတသည့် ဂုဏ်သိက္ခာမြင့်မားသော သတင်းစာများအဖြစ် ရပ်တည်နိုင်ရန်နှင့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် The Global New Light of Myanmar သတင်းစာကို ပုဂ္ဂလိက ကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းသည့် Joint Venture စနစ်ဖြင့် ဆောင်ရွက်နေပြီး အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် အဓိက သတင်းစာအဖြစ် ရပ်တည်နေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

## လိုက်နာလုပ်ဆောင်နေ

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးခဲ့မှုနှင့်အတူ နိုင်ငံပိုင်သတင်းစာများကိုလည်း ပြည်သူ့ဝန်ဆောင်မှုမီဒီယာများအဖြစ် ပြောင်းလဲနိုင်ရန် ၂၀၁၂ ခုနှစ်မှစ၍ ပြင်ဆင်ဆောင်ရွက်လာခဲ့သည်။ အများပြည်သူဝန်ဆောင်မှုဆိုင်ရာ သတင်းစာအုပ်ချုပ်မှုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အများပြည်သူဝန်ဆောင်မှုသတင်းစာနှင့် ပတ်သက်သည့် စာနယ်ဇင်းကျင့်ဝတ် (Code of Ethics)၊ အများပြည်သူဝန်ဆောင်မှုသတင်းစာ ဆရာများ၏ လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများ (Code of Conduct) နှင့် သတင်းစာတိုက်၏ အခြေခံလုပ်ဆောင်မှု (Code of Practice) များကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်က ရေးဆွဲထုတ်ပြန်ကာ လိုက်နာလုပ်ဆောင်နေခြင်းဖြစ်သည်။

## ကျင့်ဝတ်စည်းကမ်း

ထိုသို့ ဆောင်ရွက်ရာတွင် သတင်းစာဆရာများသည် ဘာသာရေး၊ လူမျိုးရေး မုန်းတီးမှုများကို လှုံ့ဆော်ခြင်းမပြုရန်၊ လူမျိုး၊ ဇာတိနှင့် ကိုးကွယ်သည့်ဘာသာကို အကြောင်းပြုပြီး မတရားဝေဖန်ပုတ်ခတ်ရေးသားခြင်းမပြုရန်၊ ထို့အပြင် အကျင့်သိက္ခာပျက်ပြားစေမည့် ရေးသားမှုများ၊ ညစ်ညမ်းမှုများ၊ သိမ်ဖျင်းရုန့်ရင်းသော စကားအသုံးအနှုန်းများ၊ မနာလိုသော မစ္ဆရိယစိတ်ဖြင့် စွပ်စွဲချက်များ၊ မမှန်ကန်သည့် အသရေပျက်စေသော ကြေညာချက်များ၊ ယင်းအချက်များနှင့် ငြိစွန်းသော သတင်း၊ ဓာတ်ပုံ၊ ကာတွန်း၊ ဆောင်းပါးနှင့် ကြော်ငြာများကို ပုံနှိပ်ထုတ်ဝေခြင်း မပြုရန်အချက်များကို အဓိကထားလုပ်ဆောင်ရခြင်းမှာလည်း သတင်းစာဆရာများ၏ အရေးကြီးသော ကျင့်ဝတ်စည်းကမ်းများတွင် ပါဝင်သည်။

ထို့ပြင် အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်းကို ပြုစုရေးဆွဲခဲ့ပြီး ၎င်းဥပဒေကြမ်းပါ ပုဂ္ဂလိကမီဒီယာများမှ အများပြည်သူအကျိုးငှာ ဖော်ပြနိုင်ခြင်းမရှိသည့် အစီအစဉ်များအား ဖြည့်စွက်ပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့် အကျိုးစီးပွားအား ဖြည့်ဆည်းပေးခြင်း၊ ပြည်သူလူထု၏အမြင်နှင့် ရှုထောင့်အမျိုးမျိုးတို့ကို ဖော်ပြပေးခြင်းဆိုသည့် အခြေခံမူကိုလည်း အတိအကျလိုက်နာလုပ်ဆောင်ရန်မှာလည်း နိုင်ငံပိုင်သတင်းစာများ၏ အဓိကတာဝန်ဝတ္တရားတစ်ခုဟု မှတ်ယူထားကြောင်း သိရသည်။

အများပြည်သူဝန်ဆောင်မှုမီဒီယာနှင့် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပြီး ၎င်းမှ ဆေးလိပ်၊ ဆေးရွက်ကြီး၊ အရက်နှင့် အလားတူ အခြားပစ္စည်းများနှင့်ပတ်သက်သော ထုတ်ကုန်များအတွက် ကြော်ငြာများနှင့် ယင်းတို့ကို ရောင်းချမှု (သို့မဟုတ်) စားသုံးမှုအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးသည့် ကြော်ငြာများ၊ ယင်းထုတ်ကုန်တစ်ခုခုအတွက် အစားထိုးကြော်ငြာများ ဖော်ပြခြင်းမပြုရစသည့် အချက်များစွာကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် အလေးထားလိုက်နာခဲ့ကြောင်း တွေ့ရှိရသည်။

## အကျိုးကျေးဇူး

"အများပြည်သူဝန်ဆောင်မှုမီဒီယာလုပ်ငန်းမှာ ပြည်သူတွေ ရရှိခံစားနိုင်မယ့် အကျိုးကျေးဇူးတွေ အများကြီးပါဝင်ပါတယ်။ အဲဒီဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းမရှိသေးပေမယ့် အများပြည်သူအတွက် အကျိုးရှိစေမယ့် အချက်တွေထဲက နိုင်ငံပိုင်သတင်းစာတွေ လက်ငင်းလိုက်နာလုပ်ဆောင်နိုင်တဲ့အချက်တွေကို ရနိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူတွေ အချိန်စောပြီး အကျိုးကျေးဇူးခံစားရမှာပါ"ဟု ဦးရဲနိုင်က ဆက်လက်ပြောကြားသည်။

## အထူးဂရုပြုဆောင်ရွက်

အစိုးရ၏ ဝန်ကြီးဌာနများတွင် ဦးစီးဌာနနှင့် လုပ်ငန်းဟူ၍ နှစ်မျိုးနှစ်စားရှိပြီး ဦးစီးဌာနများသည် လုပ်ငန်းစီမံချက်အလိုက် ဘတ်ဂျက်ရယူသုံးစွဲခွင့်ရပြီး လုပ်ငန်းများသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သည့် အားလျော်စွာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ သတ်မှတ်လျာထားသည့် ဝင်ငွေရရှိအောင်ဆောင်ရွက်ကြရသည်။ နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ သင့်တင့်သည့်အမြတ်ငွေရရှိနိုင်ရန် လျာထားသတ်မှတ်ထားရှိမှုအပေါ် ဝင်ငွေရရှိအောင် စီမံဆောင်ရွက်ရသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေအရှုံးမရှိစေရန်အတွက်လည်း အထူးဂရုပြုဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနလက်အောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နိုင်ငံပိုင်သတင်းစာများရောင်းချခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းများတွင် ဆောင်ရွက်သည့် ငွေကြေးသုံးစွဲမှုနှင့် အခွန်အခဆိုင်ရာများ အကြောင်းကို သိရှိနိုင်ရေးအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ငွေစာရင်းမန်နေဂျာ ဒေါ်စန်းစန်းမြင့်အား မေးမြန်းရာ "နိုင်ငံပိုင်သတင်းစာထုတ်ဝေတဲ့ လုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ နိုင်ငံပိုင်သတင်းစာဖြစ်လို့ဆိုပြီး အခွင့်ထူးခံအနေနဲ့ လုပ်ဆောင်တာမျိုး တစ်ခုမှမရှိပါဘူး။ လျှော့ဈေးနဲ့ရော၊ အခမဲ့ရော၊ အခွန်ကင်းလွတ်ခွင့်ပုံစံရော တစ်ခုမှရယူထားတာမရှိဘူးရှင့်။ ကုန်ကြမ်းဝယ်တာကနေ သတင်းစာကုန်ချော သယ်ယူတာကအစ အများတန်းတူပေးဆောင်နေရတာပါ။ သတင်းစာရောင်းချတာအပေါ် မူတည်ပြီး ကုန်သွယ်ခွန် ပေးဆောင်ပါတယ်။ အမြတ်ငွေရဲ့ ၂၅ ရာခိုင်နှုန်းကိုလည်း ဝင်ငွေခွန်ပေးရပါတယ်။ နောက်ပြီး ၂၀ ရာခိုင်နှုန်းကိုလည်း နိုင်ငံတော်ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရပါတယ်။ နှစ်စဉ် အမြတ်ငွေထဲကနေ ၅၅ ရာခိုင်နှုန်းကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် ထည့်ဝင်စုဆောင်းရပါတယ်။ ကျွန်မတို့ရဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ လုပ်ငန်းသုံးရင်းနှီးငွေ စုဆောင်းထားတဲ့ ပမာဏက အထိုက်အလျောက်လည်း ရှိလာပါပြီ။ ဒါကြောင့် နှစ်စဉ်အသုံးစရိတ်အတွက် သုံးစွဲနိုင်တဲ့ အနေအထားရှိလာလို့ ပြည်ထောင်စုရန်ပုံငွေစာရင်းခေါင်းစဉ်ကနေ ကျခံသုံးစွဲခြင်း မပြုရတော့ပါဘူး"ဟု ရှင်းပြသည်။

## ယုံကြည်မှုရရှိနေ

နိုင်ငံပိုင်သတင်းစာများသည် သတင်းနှင့် ကြော်ငြာများ ဖော်ပြခဲ့မှုတွင် အချက်အလက်ခိုင်မာမှန်ကန်မှုကြောင့် ပြည်သူတို့၏ ယုံကြည်မှု (Trust) ရရှိနေသည်ဟု ယူဆနိုင်ပြီး အစိုးရသတင်းစာများတွင် မဖြစ်မနေ ထည့်သွင်းကြော်ငြာနေခြင်းသည် ကြော်ငြာရှင်များ၏ အားကိုးအားထားပြုရာ သတင်းစာများအဖြစ် သတ်မှတ်ထားကြသည်ဟု ယူဆရမည်ဖြစ်သည်။ နိုင်ငံပိုင်သတင်းစာများတွင် လူမှုရေးကြော်ငြာများကို စီးပွားရေးကြော်ငြာနှုန်းထားများထက် ဈေးနှုန်းလျှော့ချလက်ခံပြီး ပြည်သူကို ဝန်ဆောင်မှုပေးနေခြင်းမှာ နိုင်ငံတစ်ဝန်းသို့ သတင်းစာများ နေ့စဉ်အချိန်မီ ဖြန့်ချိနိုင်မှုအပေါ် မူတည်ပြီး သတင်းစာစောင်ရေတိုးတက်မှုနှင့်အတူ ကြော်ငြာမှ ဝင်ငွေတိုးတက်ရရှိလာသည့် အတွက်ကြောင့်ပင်ဖြစ်ကြောင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သိရှိရသည်။

စာမျက်နှာ ၇ သို့

❒ စာမျက်နှာ ၆ မှ

ဖတ်ရှုသူများပြားခြင်းနှင့် ကြော်ငြာအောင်မြင်မှုများကြောင့်လည်း သတင်းစာဖတ်သူများအတွက် ကျသင့်သည့် သတင်းစာထုတ်လုပ်စရိတ်ထက် နည်းပါးသည့် တန်ဖိုးဖြင့် သတင်းစာကို ပြည်သူများထံအရောက် တင်ဆက်နိုင်ခြင်းဖြစ်ကြောင်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးဟန်လင်းအောင်က ပြောသည်။

"တစ်စောင်ကို ငွေကျပ် ၅၀ နဲ့ ရောင်းချပေးတယ်ဆိုတာက ပြည်သူအတွက် စျေးသက်သက်သာသာနဲ့ သတင်းတွေကို သိရှိနိုင်အောင် ရည်ရွယ်ပါတယ်။ ကျွန်တော်တို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေနဲ့ လုပ်ငန်းလည်ပတ်ရာမှာ အရှုံးမရှိခဲ့ဘဲ သင့်တင့်တဲ့ အမြတ်ငွေကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် နှစ်စဉ်ပေးသွင်းနိုင်တာကြောင့် အောင်မြင်တဲ့ နိုင်ငံ့စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်"ဟု ပြောကြားသည်။

**လိုက်နာလုပ်ဆောင်**

နိုင်ငံပိုင်သတင်းစာလုပ်ငန်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည်နှင့်အညီ လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများဝယ်ယူခြင်းကိုလည်း ဝန်ကြီးဌာနများ၏ စည်းမျဉ်းစည်းကမ်းအတိုင်း ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသည့် ပြည်တွင်း၊ ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ၏ အစီအစဉ်ဖြင့် နိုင်ငံတော်ထုတ်ပြန်ထားသည့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာလုပ်ဆောင်နေကြောင်း သိရှိရသည်။

"ဌာနအတွက် လိုအပ်တဲ့ပစ္စည်းတွေဝယ်ဖို့ လိုအပ်လာတဲ့အခါ တင်ဒါလုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်ပါတယ်။ အဲဒီထဲမှာ စျေးနှုန်းမြင့်မားတဲ့ ပုံနှိပ်စက်ဝယ်ယူတာလည်း ပါဝင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ သတင်းစာတွေမှာ ဝယ်လိုတဲ့ ပစ္စည်းအမျိုးအစားနဲ့ အရေအတွက်ကို သတ်မှတ်ကာလအတွင်း ခေါ်ယူတာ၊ တင်ဒါသွင်းလာတဲ့ ပစ္စည်းတွေကို အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေ ဖွဲ့စည်းပြီး ပွင့်လင်းမြင်သာစွာနဲ့ ကြိုတင်စစ်ဆေးတာ၊ စိစစ်ပြီးပစ္စည်းတွေရဲ့ စျေးနှုန်းပိုင်ဆိုင်မှုကို စိစစ်ရွေးချယ်တာ၊ တင်ဒါအောင်မြင်ကြောင်း ကြေညာတာ၊ စာချုပ်စာတမ်းတွေနဲ့ တင်ဒါစည်းမျဉ်းစည်းကမ်းတွေကို အတိအကျနဲ့ ဆောင်ရွက်ခဲ့တဲ့အပြင် CCTV တပ်ဆင်ပြီး လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုတာ၊ လုပ်ငန်းစဉ်အားလုံးကို ဗီဒီယိုမှတ်တမ်းတင်တာတွေကိုပါ အကောင်းဆုံးလုပ်ဆောင်ခဲ့တယ်"ဟု ဦးဟန်လင်းအောင်က ပြောကြားသည်။

**အလေးထားဖော်ပြ**

နိုင်ငံပိုင်သတင်းစာများအနေဖြင့် သတင်းအချက်အလက်များ ဖော်ပြရာတွင်လည်း ကန့်သတ်ချက်များရှိနေသည်ကို မြင်တွေ့ရသည်။ အများပြည်သူစိတ်ဝင်စားမှုနည်းသော်လည်း ပြည်သူများ အမှန်တကယ်သိသင့်သိထိုက်သည့် သတင်းများနှင့် ပညာပေးသတင်းများ၊ လူနည်းစု၊ တိုင်းရင်းသား အင်အားနည်းသူအချို့၏ အခွင့်အရေးများနှင့် ပြည်သူတို့ ဆောင်ရန်ရှောင်ရန် သတိပေးအချက်အလက်များကိုလည်း ဖော်ပြပေးရန် အပြည့်အဝတာဝန်ရှိသည်ဟု ခံယူကာ ပေးဆပ်နိုင်ရန် အစဉ်ကြိုးပမ်းလျက်ရှိသည့်အပြင် ဆင်းရဲနွမ်းပါးသူများ၊ လျစ်လျူရှုခံထားရသူများ၊ ခွဲခြားဆက်ဆံခံရသကဲ့သို့ ဖြစ်နေသူများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးနှင့် ကလေးသူငယ်များနှင့်သက်ဆိုင်သော အရေးကိစ္စများကိုလည်း အလေးထားဖော်ပြပေးလျက်ရှိသည်။




**ကန့်သတ်ချက်တွေရှိ**

"နိုင်ငံပိုင်သတင်းစာတွေဖြစ်တာကြောင့် နိုင်ငံ့ပုံရိပ်နဲ့ အများကြီးသက်ဆိုင်တယ်။ သတင်းအချက်အလက်ခိုင်မာမှုရှိမှ ဖော်ပြရသလို အခေါ်အဝေါ်တွေ၊ အသုံးအနှုန်းတွေ၊ မြန်မာစာလုံးပေါင်း သတ်ပုံတွေ မှန်ကန်စေဖို့တွေအပြင် ပြဋ္ဌာန်းထားတဲ့ သတင်းမီဒီယာနဲ့ဆိုင်တဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ ဌာနအတွင်းမှာ ပြဋ္ဌာန်းထားတဲ့ ကျင့်ဝတ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေကိုလည်း စံနမူနာအဖြစ်နဲ့ လေးစားလိုက်နာရပါတယ်။ ဒါကြောင့်လည်း အစိုးရမီဒီယာတွေဟာ အခြားမီဒီယာတွေနဲ့အပြိုင် ဖော်ပြဖို့ ကန့်သတ်ချက်တွေ ရှိနေရသေးတယ်"ဟု ကြေးမုံသတင်းစာ၏ စာတည်းမှူးချုပ်(အယ်ဒီတာချုပ်) ဦးခင်မောင်ကျော်ဒင်က ပြောကြားသည်။

နိုင်ငံပိုင်သတင်းစာများသည် ဝါဒဖြန့်ချိသည့် လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲပြီး အများပြည်သူအတွက် သတင်းအချက်အလက်များ အစီရင်ခံတင်ပြသည့် အနေအထားတစ်ရပ်ကို ဦးတည်ဆောင်ရွက်နေမှုတွင် သတင်းအချက်အလက်များကို မြန်မာဘာသာအပြင် အင်္ဂလိပ်ဘာသာဖြင့်လည်း မြန်မြန်ဆန်ဆန်နှင့် အချိန်နှင့်တစ်ပြေးညီ တင်ဆက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဒစ်ဂျစ်တယ်သတင်းစာ (Digital Newspaper) တိုးချဲ့ထုတ်လွှင့်ရန် ကြိုးပမ်းစီစဉ်နေကြပြီကို မြင်တွေ့ရသည်။

**အများနည်းတူ**

ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ ဒစ်ဂျစ်တယ်သတင်းစာသည် နိုင်ငံတော်ဘဏ္ဍာငွေကို အသုံးမပြုဘဲ ပုဂ္ဂလိကကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ပုံနှိပ်မီဒီယာများ မှေးမှိန်လာပြီး Online Media များ တိုးတက်ပြောင်းလဲဆောင်ရွက်လာချိန်တွင် နိုင်ငံပိုင်သတင်းစာများအနေဖြင့် ပြောင်းလဲတိုးတက်လာသည့် သတင်းအချက်အလက်နည်းပညာများနှင့်အညီ အများနည်းတူ လိုက်ပါဆောင်ရွက်လာခြင်းဖြစ်သည်။

"ပုံနှိပ်သတင်းစာတွေမှာ စာမျက်နှာကန့်သတ်ချက်အရ နေရာပေးဖော်ပြဖို့ ခက်ခဲတဲ့သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ မြန်ဆန်စွာထုတ်လွှင့်ဖော်ပြဖို့ ရည်ရွယ်ပြီး ဒစ်ဂျစ်တယ်သတင်းစာကို လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒါမှသာ မြန်မာနိုင်ငံအတွင်းကသာမက တစ်ကမ္ဘာလုံးကပါ သတင်းအချက်အလက်တွေကို တစ်ပြေးညီကြည့်ရှုနိုင်မှာ။ ဒါမှလည်း အွန်လိုင်းကနေ စာဖတ်ပရိသတ်တွေတိုးလာပြီး မြန်မာနိုင်ငံဆိုင်ရာ မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို ပိုပြီးသိရှိခွင့်ရလာမှာ ဖြစ်ပါတယ်"ဟု သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း) တာဝန်ထမ်းဆောင်နေသူ ဦးသက်ဆွေက ပြောကြားသည်။

**ပြည်သူ့ဆန္ဒ**

နိုင်ငံပိုင်သတင်းစာများသည် ပြည်သူနှင့်နိုင်ငံတော်အကျိုးအတွက် ရည်ရွယ်ပြီး သတင်းမှန်ထုတ်ပြန်နိုင်ရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများ သိရှိလိုသည့် ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း စာနယ်ဇင်းကျင့်ဝတ်များကို လိုက်နာကာ မျှတစွာ ဖော်ပြပေးနေသည်။ အမြင်မတူကွဲပြားခြားနားမှုများအပြင် ပြည်သူများ၏ လိုအပ်ချက်၊ ပြည်သူ့ဆန္ဒကို ထင်ဟပ်စေခဲ့သည်။

**တတ်စွမ်းသမျှ**

ပြည်သူတို့ ယုံကြည်မှုကြောင့် ယခုအချိန်အထိ အောင်မြင်နေဆဲ နိုင်ငံပိုင်သတင်းစာများနှင့်ပတ်သက်ပြီး "ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့ သတင်းသိရှိနိုင်ခွင့်အပေါ်မှာ တတ်စွမ်းသမျှ နည်းလမ်းတွေနဲ့ ဖြည့်ဆည်းဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်နေတဲ့နေရာမှာ မျှော်မှန်းတဲ့အတိုင်းအတာအထိ အောင်မြင်မှုတွေ မရသေးပေမယ့်လည်း ပြည်သူနဲ့ နိုင်ငံ့အကျိုးအတွက် အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်တယ်လို့ ယုံကြည်ပါတယ်။ ပြင်ပက ပညာရှင်တွေရော၊ မီဒီယာကရော၊ ပြည်သူကရော ကျွန်တော်တို့သတင်းစာတွေရဲ့ ဆောင်ရွက်နေမှုအပေါ် ဝေဖန်တာ၊ ထောက်ပြတာ၊ ကူညီပံ့ပိုးတာနဲ့ အကြံပေးတာတွေကိုလည်း အမြဲနားစွင့်ပြီး လိုအပ်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်တိုက်ပြုလုပ်လျက် ရှိပါတယ်"ဟု မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်(အယ်ဒီတာချုပ်) ဦးအောင်နိုင်ဦးက ပြောကြားသည်။

သတင်းစာများ တိုးတက်ထုတ်ဝေလာချိန်တွင် သတင်းစာတိုက် တစ်တိုက်ချင်းအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဘက်မလိုက်မျှတပြီး ပြည်သူလူထု ယုံကြည်ကိုးစားသည့် သတင်းစာများအဖြစ် အဆင့်အတန်းရှိစွာ ရပ်တည်နိုင်ရေးသည် သတင်းစာတိုက် တစ်တိုက်ချင်းစီတွင် တာဝန်အပြည့်ရှိပြီး အစိုးရသတင်းစာများသည်လည်း အခြားပြည်တွင်းသတင်းစာများနည်းတူ သတင်းများစုဆောင်းရယူခြင်း၊ ထုတ်နုတ်ဖော်ပြခြင်း၊ တင်ပြပုံရှုထောင့်ရွေးချယ်ခြင်း စသည့်ကဏ္ဍများတွင် အခြားပုဂ္ဂလိကသတင်းစာများနည်းတူ ဆောင်ရွက်နေကြရခြင်းဖြစ်သည်။

**ပြည်သူ့အကြိုက်**

သတင်းစာဖတ်ပရိသတ်တစ်ဦးဖြစ်သူ ရန်ကင်းမြို့နယ်နေ ဦးအောင်မိုးက "မြန်မာ့အလင်း၊ ကြေးမုံသတင်းစာနဲ့ နယူးလိုက်သတင်းစာတွေကို အရင်က လူကြီးတွေပဲ ဖတ်နေရာက အခုအချိန်မှာ လူငယ်လူရွယ်တွေနဲ့ ကလေးသူငယ်တွေပါ စောင့်ကြည့်ပြီး ဖတ်လာကြတယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေအကြိုက်သာမက ပြည်သူ့အကြိုက်ကိုဖြစ်နေတာ"ဟု ပြောခဲ့သည်။

**ပိုပြီးစိတ်ချယုံကြည်**

"ပြည်သူကို မျက်နှာမူနေတဲ့ သတင်းစာဆိုတာ အမှန်တကယ် လိုအပ်နေဆဲပါ။ အစိုးရသတင်းစာတွေ မရှိုးဘူးလို့ သိရတယ်။ မထူးပါဘူး။ နာရေးပဲဖတ်တယ်ဆိုတာ လွန်ခဲ့တဲ့ ဆယ်စုနှစ်လောက်က အစိုးရသတင်းစာတွေကို ပြောခဲ့ကြတာပါ။ အခုအချိန်မှာ ဖတ်စရာမပါဘူး။ မဖတ်ဘူး။ ကိုင်တောင်မကြည့်ဘူးဆိုတဲ့အပြောက မဖြစ်နိုင်ပါဘူး။ လူထုအားမပေးရင် ကြော်ငြာနေတာတွေ၊ သတင်းစာစောင်ရေတွေ ကျလာနေမှာပေ့ါ။ ကျွန်မကတော့ သတင်းစာတိုင်း ဖတ်တယ်။ ပုဂ္ဂလိကသတင်းစာတွေလည်း ထွက်သမျှ အားပေးတယ်။ ဒါပေမယ့် အရေးကြီးတဲ့ နိုင်ငံရေးအဖြစ်အပျက်တွေ၊ စီးပွားရေးနဲ့ လူမှုရေးအခြေအနေတွေအားလုံးကိုတော့ နိုင်ငံပိုင်သတင်းစာမှာပါတဲ့အခါကျမှ ပိုပြီးစိတ်ချယုံကြည်တယ်"ဟု ဗဟန်းမြို့နယ်တွင် နေထိုင်သည့် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆန်းဆင့်က ပြောသည်။

ယနေ့ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးနေချိန်တွင် နိုင်ငံပိုင်သတင်းစာများအနေဖြင့် ပြည်သူကို ဗဟိုပြုခြင်း၊ ပြည်သူကို မျက်နှာမူခြင်း၊ ပြည်သူအတွက် သတင်းပေးနိုင်ခြင်းရှိ၊ မရှိကို အမြဲမပြတ် သုံးသပ်နေရမည်ဖြစ်သကဲ့သို့ ပြည်သူကို ဦးတည်ခြင်းရှိ၊ မရှိနှင့် ပြည်သူ့အကြိုက်ဖြစ်ခြင်း၊ မဖြစ်ခြင်းကိုလည်း လေ့လာဆန်းစစ်နေရမည်ဖြစ်သည်။ ထို့ပြင် ပြည်သူ့အပေါ် ဆန့်ကျင်ခြင်း၊ ပြည်သူအတွက် နစ်နာအောင်ပြုလုပ်ခြင်းနှင့် ပြည်သူအတွက် စိတ်အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်ခြင်း ရှိ၊ မရှိတို့ကိုလည်း ပြည်သူများက စောင့်ကြည့်အကဲပြုခြင်းဖြင့် ပြည်သူနှင့်အတူရှိနေမည့် နိုင်ငံပိုင်သတင်းစာများအဖြစ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲ နှစ်ယောက်တွဲပွဲစဉ်များ ကျင်းပ

**နေပြည်တော် မေ ၁၂**

တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာအားကစားပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်နှင့်စနူကာပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးပွဲ-တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက သုံးပွဲ-တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက သုံးပွဲ-နှစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

စနူကာနှစ်ယောက်တွဲပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက သုံးပွဲ-တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက သုံးပွဲ-နှစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးပွဲ-နှစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက သုံးပွဲ-နှစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

စနူကာတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် သက်မင်းလင်း(မွန်)က သုံးပွဲ-နှစ်ပွဲ၊ အောင်မျိုးထွန်း(ပဲခူး)က သုံးပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ဘိလိယက် တစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဝေဟင်မိုး(စစ်ကိုင်း)က သုံးပွဲပြတ်၊ လှထွန်း(ရှမ်း)က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာ အားကစားပြိုင်ပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီမှ စတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲရုံ၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# ရှပ်ထွေးဆားပစ်ဓာတ်အားလိုင်းတိုင် ၃၈၄၃ တိုင်အား ယခုဘဏ္ဍာနှစ်အတွင်း ရှင်းလင်းဆောင်ရွက်မည်

**နေပြည်တော် မေ ၁၂**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု ကျဆင်းရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ရှပ်ထွေးဆားပစ်ဝါယာကြိုးများ ရှင်းလင်းခြင်းကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်အထိ စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း ရှပ်ထွေးဆားပစ်ဓာတ်အားလိုင်းတိုင် ၃၈၄၃ တိုင်အား ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရှပ်ထွေးဆားပစ်ဝါယာကြိုးများ ရှင်းလင်းခြင်း စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့၊ အနောက်)၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် စီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ရှင်းလင်းရမည့် ရှပ်ထွေးဆားပစ်ဓာတ်အားလိုင်းတိုင်စုစုပေါင်း ၆၇၇ တိုင်ဖြစ်ပြီး ရှပ်ထွေးဆားပစ်များပြားသောနေရာများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဘဏ္ဍာငွေရရှိမှုအရ ၂၀၁၆ ခုနှစ် ဇူလိုင် ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ၁၀၃၇ တိုင်အားလည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ ၁၀၁၀ တိုင်အားလည်းကောင်း စုစုပေါင်း ၂၈၆၄ တိုင်အား စီမံချက်အတိုင်း ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှပ်ထွေးဆားပစ်ဝါယာကြိုးများသည် လူနေထူထပ်သည့်နေရာများတွင် ဓာတ်အားလိုင်းမရှိသည့်လမ်းတစ်ဖက်ခြမ်းမှ ဆားပစ်ကြိုးများ လမ်းအားဖြတ်ကျော်၍ ဓာတ်တိုင် တစ်တိုင်တည်းမှ စုပြုံချိတ်ဆက်ဓာတ်အားရယူထားခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းမရှိသည့် လမ်းသွယ်များမှ ဆားပစ်ကြိုးများဓာတ်အားလိုင်းရှိရာအနီးဆုံးတိုင်သို့ စုပြုံသွယ်တန်းချိတ်ဆက်၍ ဓာတ်အားရယူထားခြင်းနှင့် ဓာတ်အားလိုင်းတိုင်များသို့ ဆားပစ်ကြိုးများ စနစ်တကျ ချိတ်ဆက်တပ်ဆင်ထားမှုမရှိခြင်းကြောင့် ရှပ်ထွေးခြင်းများဖြစ်ပေါ်ရခြင်းဖြစ်သည်။

အဆိုပါရှပ်ထွေးဆားပစ်ဝါယာကြိုးများအား နည်းလမ်းသုံးသွယ်ဖြင့် ရှင်းလင်းဆောင်ရွက်လျက်ရှိသည့်အနက် ပထမနည်းလမ်းအနေဖြင့် ဓာတ်အားလိုင်းရှိသည့် လမ်းတစ်ဖက်ခြမ်းမှ ဆားပစ်ကြိုးများ လိုအပ်သည်ထက်ပို၍ လမ်းအားဖြတ်ကျော်ကာ လမ်းကျော်ဆွဲထားခြင်းမရှိစေရန် ရှပ်ထွေးဆားပစ်ကြိုးများပြားသော တိုင်များ၌ ၄၀၀ဗို့ လမ်းကျော် Insulated Cable ဖြင့် တစ်ခန်းတည်ဆောက်ခြင်း၊ ဒုတိယနည်းလမ်းအနေဖြင့် ၄၀၀ ဗို့လိုင်းမရှိသည့် လမ်းသွယ်များမှ ဆားပစ်ကြိုးများအား ရှင်းလင်းနိုင်ရန်အတွက် ၄၀၀ ဗို့ Insulated ဓာတ်အားလိုင်းနှစ်ခန်းသို့မဟုတ် သုံးခန်းတိုးချဲ့တည်ဆောက်ခြင်း၊ တတိယအနေဖြင့် ဆားပစ်ကြိုးချိတ်ဆက်သွယ်တန်းမှုများသော တိုင်များတွင် ဆားပစ်ကြိုးများညီညာစွာ စုစည်းတပ်ဆင်ရန် သစ်သားလက်ရန်းတစ်ခုတပ်ဆင်၍ စနစ်တကျပြန်လည် ချိတ်ဆက်သွယ်တန်းရှင်းလင်းခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(နိုင်လင်းကြည်)**

**✱ ကျောဖုံးမှ**

အစိုးရနှင့် အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်ရေးကို လူထုကိုယ်စားပြုကာ ပြည်သူနှင့်အတူ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း အကြံပြုပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာသူ အဖွဲ့ခေါင်းဆောင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဟိုချီမင်းမြို့တော် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Nguyen Thien Nhan က ဟိုချီမင်းမြို့ Rex Hotel ၌ တွေ့ဆုံပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် GEM Center သီးသန့်ခန်း၌ IPU ဥက္ကဋ္ဌ H.E. Mr. Saber Chowdhury နှင့် IPU အထွေထွေအတွင်းရေးမှူးချုပ် Mr. Martin Chungong တို့နှင့် တွေ့ဆုံကာ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ်ရှင်သန်ဖွံ့ဖြိုးရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**❍ အသင်းကြီးများမှ**

ရှမ်းယူနိုက်တက်အသင်းတို့၏အမှတ်ကွာဟမှုမှာ လေးမှတ်သာရှိတော့သောကြောင့် လက်ကျန်ပွဲများမှာ အရေးပါလာပြီး ယခုတစ်ပတ်ကစားမည့် အိမ်ကွင်းပွဲများတွင် အမှတ်ပြည့်ရယူနိုင်ရန် လိုအပ်နေသည်။ ရှမ်းယူနိုက်တက်အသင်းသည် တန်းဆင်းဇုန်နှင့်နီးကပ်နေသည့် GFA အသင်းနှင့် ကစားရမည်ဖြစ်ပြီး ရန်ကုန်အသင်းမှာမူ ခြေစွမ်းထက်နေသည့် ရခိုင်အသင်းနှင့်ကစားရမည်ဖြစ်သည်။ ပြန်လည်ခေါ်ယူထားသည့် ဘရာဇီးလ်တိုက်စစ်မှူး ဆီဇာသာ ပါဝင်ကစားနိုင်ခဲ့ပါက ရန်ကုန်အသင်းတိုက်စစ်မှာ ပိုကောင်းလာဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ပထမအကျော့တွေ့ဆုံစဉ်က ရခိုင်အသင်းကို အဝေးကွင်း၌ သရေကျထားပြီး အိမ်ကွင်းရာနှုန်းပြည့် နိုင်ပွဲကိုထပ်မံရယူနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ လက်ရှိချန်ပီယံရတနာပုံအသင်းသည် အမှတ်များဆုံးရှုံးခဲ့သောကြောင့် ယခုတစ်ပတ်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ရန် လိုအပ်နေပြီး သို့မှသာ ထိပ်ပိုင်းမှအသင်းများကို အမီလိုက်နိုင်မည်ဖြစ်သည်။ ယခုတစ်ပတ်တွင် စိတ်ဝင်စားစရာအကောင်းဆုံးပွဲမှာ မကွေးနှင့် ဧရာဝတီအသင်းတို့၏ တွေ့ဆုံမှုဖြစ်ပြီး ပထမအကျော့က ဂိုးမရှိသရေကျထားသည်။ ဧရာဝတီအသင်းသည် ဒုတိယအကျော့အဖွင့်ပွဲတွင် ရန်ကုန်နှင့်သရေကျခဲ့သော်လည်း အိမ်ကွင်း၌ ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သည်။ ယခုပွဲအပြီးတွင် အဝေးကွင်းနှစ်ပွဲဆက်တိုက် ကစားရမည့် ရန်ကုန်အသင်းအနေဖြင့် ချန်ပီယံဆု တစ်ကျော့ပြန်ရယူလိုပါက ပွဲကျပ်ကာလကို ကျော်ဖြတ်နိုင်ရန် လိုအပ်နေသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ICRC အဖွဲ့၏ဥက္ကဋ္ဌ Mr.Peter Maurer အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျီနီဗာမြို့အခြေစိုက် International Committee of the Red Cross(ICRC) အဖွဲ့၏ဥက္ကဋ္ဌဖြစ်သူ Mr.Peter Maurer နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ICRC ဥက္ကဋ္ဌက တပ်မတော်နှင့် ICRC အကြား ဆက်ဆံမှုနယ်ပယ်အဆင့်ဆင့်တွင် ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုပိုမိုမြင့်တင်ဆောင်ရွက်လိုပါကြောင်း၊ ပဋိပက္ခတင်းမာသည့်နေရာများသို့ သွားရောက်ရေးအတွက် ကူညီပေးစေလိုကြောင်း၊ မြေမြှုပ်မိုင်းရှင်းလင်းရေးကိစ္စရပ်များ၊ ကိုယ်ကာယပြန်လည်သန်စွမ်းရေးနှင့် ခြေတုလက်တုတပ်ဆင်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းအား မှတ်တမ်းမှတ်ရာများနှင့် စာရင်းဇယားများ ပြုစုလုပ်ဆောင်ရန်လိုကြောင်း၊ ဒေသအစိုးရအဖွဲ့အစည်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဖွဲ့စည်းပေးထားသည့် ကော်မရှင်များနှင့် ဆက်သွယ် လုပ်ဆောင်စေလိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သမျှ အကူအညီပေးမည်ဖြစ်ကြောင်း။

ICRC မှ ဆွေးနွေးတင်ပြထားသည့် ထိတွေ့ဆက်ဆံမှု နယ်ပယ်အဆင့်ဆင့်တွင် Contact Person များထား၍ဆက်ဆံရေး၊ မိုင်းရှင်းလင်းရေးကိစ္စရပ်များတွင်လည်း မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ မှန်မှန်ကန်ကန်ဖြစ်မြောက်ရန်သာ အရေးကြီးကြောင်း၊ ခြေတုလက်တုတပ်ဆင်ရေးကိစ္စရပ်နှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ထိခိုက်ဒဏ်ရာရရှိသူများနှင့် အရပ်ဘက်ကို အဓိကထား ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးသည်။ **(သတင်းစဉ်)**

# မောင်တောခရိုင်အတွင်း မီးလောင်ပျက်စီးခဲ့သောနေအိမ်များ မိုးမကျမီအပြီးတည်ဆောက်မည်

**မောင်တော မေ ၁၂**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် မီးလောင်ပျက်စီးခဲ့သည့်နေအိမ်များအား ယခုအခါ နိုင်ငံတော်မှ ပြန်လည်နေရာချထားပေးရေး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် မိုးမကျမီ နေအိမ်များ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အဆိုပါ မီးလောင်ပျက်စီးခဲ့သည့် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စု ဝါးပိတ်ကျေးရွာရှိ ဒေသခံပြည်သူများအား စနစ်တကျ ပြန်လည်နေရာချထားပေးနိုင်ရေး မြေနေရာရှင်းလင်းခြင်း၊ အိမ်ရာကွက်များ တိုင်းတာသတ်မှတ်ခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လမ်းများဖောက်လုပ်ခြင်း စသည့် လုပ်ငန်းစဉ်များကို စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မတ် ၁၉ ရက်က စတင်လုပ်ဆောင်ခဲ့ရာ ယခုအခါ မြေပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ မကြာမီတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျီးကန်းပြင်ကျေးရွာအုပ်စု ဝါးပိတ်ကျေးရွာသည် အိမ်ခြေ ၂၂၆ လုံးရှိပြီး ဒေသခံပြည်သူများအား စနစ်တကျ ပြန်လည်နေရာချထားပေးနိုင်ရေးစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ယနေ့နံနက်ပိုင်းတွင် မိသားစုဝင်များနှင့် သွားရောက်တွေ့ဆုံညှိနှိုင်းဆွေးနွေးရာ ပြောင်းရွှေ့သွားသော မိသားစုဝင်များအနေဖြင့် စိုးရိမ်ကြောင့်ကျမှုမရှိဘဲ ပြန်လည်လာရောက် နေထိုင်နိုင်ရေး၊ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ဝါးပိတ်ကျေးရွာမှ ကျီးကန်းပြင်(အနောက်ရွာ/အလယ်ရွာ)စသည်ဖြင့် အခြားနီးစပ်ရာကျေးရွာများသို့ ရှောင်တိမ်းနေသူများ ပြန်လည်လာရောက် နေထိုင်နိုင်ရေး ရပ်မိရပ်ဖများကလည်း စည်းရုံးဆောင်ရွက်စေလိုကြောင်း၊ လာရောက်နေထိုင်မည့်စာရင်းအား ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့်ခရိုင်သို့ အမြန်တင်ပြစေလိုကြောင်း၊ နေအိမ်များအား မိုးတွင်းကာလမရောက်မီ အပြီးသတ်ဆောက်လုပ်သွားမည်ဖြစ်၍ လိုအပ်သောရေ၊ မီးများနှင့်တကွ လုံခြုံရေးပိုင်းဆိုင်ရာများကိုလည်း အပြည့်အဝဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူများနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ ညှိနှိုင်းဆွေးခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်**
**(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မောင်သန့်(ကြေးမုံ)**



**နေရာပြန်လည်ချထားမည့် ဝါးပိတ်ကျေးရွာမြေကွက်များအား တွေ့ရစဉ်။**

# အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အထိမ်းအမှတ် ကျင်းပမည်

**နေပြည်တော် မေ ၁၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်များ၊ အမျိုးသားပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များ၌ အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မေ ၁၈ ရက်တွင် ဝင်ရောက်လေ့လာသူအားလုံးအား ဝင်ကြေးအခမဲ့ဖြင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ် မေ ၁၈ ရက်ကို အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အဖြစ် ၁၉၇၇ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ (International Council of Museums, ICOM)က သတ်မှတ်ထားကြောင်း၊ ပြတိုက်များသည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး ယဉ်ကျေးမှုများ အပြန်အလှန်ဖလှယ်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ပိုမိုနားလည်လာစေခြင်း၊ ငြိမ်းချမ်းစွာအတူပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အရေးပါကြောင်းကို သတိပြုမိစေရန်အတွက် နှစ်စဉ်ပြတိုက်များနေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ ပြတိုက်များ၌ ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုခွင့်ပြုခြင်းအပြင် အမျိုးသားပြတိုက်(နေပြည်တော်)တွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့အထိမ်းအမှတ်အခမ်းအနားဖွင့်ပွဲ ကျင်းပခြင်း၊ ပြတိုက်ပညာရပ်ဆိုင်ရာ စာတမ်းများဖတ်ကြားခြင်းတို့အပြင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်ပြပွဲအဖြစ် ဆရာဦးဘဉာဏ်၊ ဆရာဆောင်၊ ဦးအေးတင်၊ MB Tin၊ ဦးကိုလေး၊ ဦးလှကြည်၊ ဦးခင်မောင်မြ စသည့် ခေတ်သစ်မြန်မာပန်းချီဆရာကြီးများ၏ လက်ရာပန်းချီများပါဝင်သော "ခေတ်သစ်မြန်မာပန်းချီရေစီး" ပန်းချီပြပွဲကိုပါ မေ ၁၈ ရက်မှ ၃၁ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲနှင့် ပန်းချီပြပွဲများကို မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု၊ စာပဒေသာ ပထမဆု ရရှိသည့် မောင်ချိုဝေ၏ "ဇာတိစိတ်၏ ခေါ်ဆောင်ရာ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် ယနေ့စာနယ်ဇင်းများတွင် ရေးသားနေကြသော အက်ဆေးဟုခေါ်ကြသည့် ရသစာတမ်းများဖြစ်သည်။ သမိုင်းအမြင်နှင့် လောကအမြင် အလေးကဲနေသော ရသစာတမ်းများဟု ဆိုနိုင်သည်။ မြန်မာစာ၊ ဘာသာဗေဒဆိုင်ရာများ၊ ပုဂ္ဂိုလ်ကျော်တို့၏ အတွေးအမြင်များ၊ မြန်မာ့ဇာတိမာန်တက်ကြွမှုများ အစရှိသည့်အဓိကအကြောင်းအရာကြီးသုံးခုကို မဏ္ဍိုင်ပြုရေးသားထားသည်။ ရသစာတမ်းဖတ်ရှုလိုသူများ၊ မိမိနိုင်ငံနှင့် လူမျိုး၏ ဇာတိပုညဂုဏ်မာနကို သုတရော၊ ရသပါခံစားလိုသူများ သဘောကျနှစ်ခြိုက်စေမည့်စာအုပ် ဖြစ်သည်။

ရောင်းဈေးကျပ် ၈၀၀ ဖြင့် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းပြည်ကို ပြန်လည်ထူထောင်ဖို့အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခု ဖြစ်ပါတယ်

ဒေါက်တာလျှန်မှုန်းဆာခေါင်း

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ( UPDJC)၏ (၁၀)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ကော်မတီဝင်များ၏စကားသံများကို တင်ပြလိုက်ရပါသည်-**



ဒေါက်တာလျှန်မှုန်းဆာခေါင်း



ပဒိုစောကွယ်ထူးဝင်း



ဒေါ်စောမြရာဇာလင်း



ဦးဇော်ဌေး

**ဒေါက်တာလျှန်မှုန်းဆာခေါင်း**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ခြောက်နေရာကျင်းပပြီး တင်ပြလာတဲ့အဆိုတင်သွင်းချက်နဲ့ အစုအဖွဲ့နှစ်ခုက တင်သွင်းတဲ့ စာတမ်း စုစုပေါင်း ရှစ်စောင်ကို အခြေခံပြီးတော့ ဆွေးနွေးတာဖြစ်ပါတယ်။ ဒီနေ့မနက်ပိုင်းမှာ နိုင်ငံရေးကဏ္ဍ ဆွေးနွေးမှာဖြစ်ပါတယ်။ နိုင်ငံရေးကဏ္ဍကနေတင်သွင်းတဲ့ စာတမ်းကို အတည်ပြုနိုင်ပါတယ်။ တင်သွင်းမယ့်စာတမ်းထဲက အခြေခံမူခုနစ်ခုမှာ ခြောက်ခုကို အတည်ပြုနိုင်ပါတယ်။ ကျန်တဲ့စာတမ်းကို နောက်ထပ်လုပ်ငန်းကော်မတီမှာ သို့မဟုတ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ပြန်လည်ဆွေးနွေးမှုတွေပြုလုပ်မှာ ဖြစ်ပါတယ်။

ဒီနေ့ကျင်းပတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး ပထမနေ့မနက်ပိုင်း ဆွေးနွေးမှုက များစွာအောင်မြင်တဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့ တင်ပြလိုပါတယ်။ ဒီလိုအောင်မြင်ဖို့ ဘက်ပေါင်းစုံကပါဝင်ဆွေးနွေးကြတဲ့ အဖွဲ့အသီးသီးကို ကျေးဇူးတင်ပါတယ်။ အထူးသဖြင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပနိုင်တဲ့နေရာ ခြောက်နေရာက ကိုယ်စားလှယ်တော်ကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

ဒီနေ့မှာသဘောတူနိုင်တဲ့ သဘောတူညီချက်တွေကို မေလ ၂၄ ရက်မှာ စတင်ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို တင်ပြသွားမှာဖြစ်ပါတယ်။ ညီလာခံမှာ သဘောတူထားတဲ့ သဘောတူညီချက်တွေကို အတည်ပြုပေးနိုင်ရင်တော့ အတည်ပြုချက်အားလုံးကို ပြည်ထောင်စုငြိမ်းချမ်းရေးစာချုပ်မှာ လက်မှတ်ထိုးသွားကြမှာဖြစ်ပါတယ်။

ဆောင်ရွက်နေတဲ့ကိစ္စတွေက အနှစ် ၆၀ ကျော်၊ ၇၀ နီးပါကြာပြီးဖြစ်တဲ့ ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေပြီး တိုင်းပြည်ကိုငြိမ်းချမ်းဖို့၊ သာယာဝပြောဖို့၊ တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးနိုင်ဖို့၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားဖို့၊ အပြန်အလှန်အသိအမှတ်ပြုဖို့နဲ့ တိုင်းပြည်ကို ပြန်လည်ထူထောင်ဖို့အတွက်အခြေခံအုတ်မြစ်ကောင်းတစ်ခု ဖြစ်ပါတယ်။

**ပဒိုစောကွယ်ထူးဝင်း**

ကျွန်တော်တို့ စုစည်းရလာတဲ့ အဆိုပြုချက်တွေဟာ အဆင့်ဆင့်တက်လာတာဖြစ်ပါတယ်။ စုစည်းတဲ့နေရာမှာလည်း လုပ်ငန်းကော်မတီမှာ အကျေအလည်ဆွေးနွေးပြီးတော့ တင်ပြလာတဲ့အချက်တွေဖြစ်တယ်။ အကျေအလည်ဆွေးနွေးပြီး သဘောတူညီမှုမရှိတဲ့ အပိုင်းတွေကို ဆက်လက်ဆွေးနွေးမယ်ဆိုတဲ့ အပိုင်းတွေရှိပါတယ်။

လုပ်ငန်းကော်မတီက စုစည်းရလာတဲ့ အဆိုပြုချက်တွေ၊ စုစည်းမှုတွေကို အတွင်းရေးမှူးအဖွဲ့ကိုတင်တယ်။ အတွင်းရေးမှူးအဖွဲ့က ထပ်မံအကျေအလည် ဆွေးနွေးညှိနှိုင်းပြီး ပြန်လည်အတည်ပြုပြီး UPDJC ကို တင်ပြတယ်။ UPDJC က ဒီမနက်မှာလည်း အဲဒီကိစ္စကို ဆက်လက်ဆွေးနွေးတယ်။

အထူးသဖြင့် ဘာသာရေး၊ နိုင်ငံရေး ပတ်သက်ပြီး အတည်မပြုနိုင်ဘူး။ ဒါကို ဆက်လက် ဆွေးနွေးမယ်ဆိုပြီး ဆုံးဖြတ်ခဲ့ပါတယ်။ ဘာသာရေးနဲ့ နိုင်ငံရေးက သိပ်ပြီး ထိလွယ် ရှလွယ်ဖြစ်တယ်။ နောက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့အနေအထားနဲ့ ကိုက်ညီတဲ့ သဘောထားဆုံးဖြတ်ချက်တစ်ခုကို ရဖို့အတွက် ဆက်လက်ဆွေးနွေးဖို့လိုအပ်တယ်လို့မြင်တဲ့အပေါ်မှာ ဆုံးဖြတ်တာဖြစ်ပါတယ်။

**ဒေါ်စောမြရာဇာလင်း**

ဖက်ဒရယ်စနစ်ကို အခြေခံတဲ့စီးပွားရေးစနစ်ကို စဉ်းစားကြတဲ့အခါ အဓိကအားဖြင့် ဈေးကွက်စီးပွားရေးစနစ်ဘက်ကို ဦးတည်ကြပါတယ်။ တိုင်းနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ဗဟိုက ခွဲဝေတဲ့စနစ်ကို လက်ခံရတာရှိတယ်။ ပြည်နယ်တွေမှာ လုပ်ပိုင်ခွင့်မရှိဘူး။ ဗဟိုကချပေးမှ ပြည်နယ်တွေကလုပ်ရတဲ့ သဘောရှိတယ်။ ပြည်နယ်နဲ့ပြည်မကြားမှာ သာတူညီမျှရှိနိုင်တဲ့ စီးပွားရေးစနစ်မျိုးကို ဖန်တီးရမှာဖြစ်ပါတယ်။

တိုင်းပြည်အတွက် ကြိုးစားကြတဲ့အချိန်အခါမှာ ဘယ်သူသာစေ ဘယ်သူနာစေဆိုတဲ့ စဉ်းစားချက်နဲ့မလုပ်ဘူး။ မြန်မာနိုင်ငံကို မျှတသင့်မြတ်တဲ့ တိုင်းပြည်တစ်ခုအဖြစ် ဖန်တီးဖို့၊ တည်ဆောက်ဖို့ဆိုတဲ့ ဦးတည်ချက်နဲ့ ကြိုးစားလာခဲ့ကြတာ ဖြစ်ပါတယ်။ သာတူညီမျှလို့ပြောဖို့ရာတော့ ခက်ပါသေးတယ်။

တိုင်းရင်းသားတွေဘက်က စဉ်းစားရမယ်ဆိုရင် အခုလာမယ့် ပင်လုံညီလာခံက ဘာမှမရတဲ့ညီလာခံတစ်ခုဖြစ်လို့တော့မဖြစ်ဘူး။ အဖြေတစ်ခုရအောင် ဆွေးနွေးပြီး စဉ်းစားရမှာဖြစ်ပါတယ်။

နိုင်ငံရေးပြဿနာဆိုတာ တိုင်းရင်းသားတွေ တောင်းဆိုနေတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တန်းတူရေးနဲ့ ဖက်ဒရယ်ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးတဲ့ အချုပ်အခြာအာဏာကျင့်သုံးမှု တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဖက်ဒရယ်ပြည်ထောင်စုမူ၊ ပါတီစုံဒီမိုကရေစီစနစ်၊ ခေါင်းစဉ် ပေါင်းခြောက်ချက်ရှိပါတယ်။ လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ကိုယ်တိုင်လည်း လက်ခံနိုင်တဲ့အနေအထားရှိပါတယ်။ နိုင်ငံရေးစားပွဲဝိုင်းပေါ် ရောက်ရှိမလာသေးတဲ့အဖွဲ့တွေ၊ တိုင်းရင်းသားပြည်သူအားလုံးလည်း လက်ခံနိုင်မယ့် သဘောတူညီချက်တွေထွက်ပေါ်လာတာဖြစ်ပါတယ်။

ဒီအချက်တွေကို ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမှာ အတည်ပြုမှာဖြစ်ပါတယ်။ နိုင်ငံရေးကဏ္ဍမှာ အားလုံး ၂၁ ချက် သဘောတူညီနိုင်ခဲ့ပါတယ်။ စီးပွားရေးကဏ္ဍမှာ ၁၀ ချက် သဘောတူညီနိုင်ခဲ့ပါတယ်။ လူမှုရေးကဏ္ဍမှာ လေးချက်၊ မြေယာနှင့်သယံဇာတ သဘာဝပတ်ဝန်းကျင်မှာ ခြောက်ချက်အားလုံး ၄၁ ချက် ဒီနေ့အစည်းအဝေးမှာ သဘောတူနိုင်ခဲ့ပါတယ်။ အဓိကအားဖြင့် လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဒါတွေကို ဆွေးနွေးပါမယ်။ ဆွေးနွေးပြီးတာနဲ့ ဒါတွေကို အတည်ပြုမှာဖြစ်ပါတယ်။

NCA မထိုးတဲ့သူတွေ အကုန်လုံးကို အထူးဖိတ်ကြားသူအနေနဲ့ ဖိတ်ပါမယ်။

**ဦးဇော်ဌေး**

လာမယ့် ၂၄ ရက်နေ့ (၂၁)ရာစုပင်လုံညီလာခံအတွက် နောက်ဆုံးပြင်ဆင်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ အစည်းအဝေးရဲ့ ထူးခြားချက်က တကယ်ကို သမိုင်းဝင်တဲ့ သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ သမိုင်းဝင် သဘောတူညီချက်ဆိုတာ နိုင်ငံရေးကဏ္ဍမှာ ခေါင်းစဉ်အားလုံးပေါင်း ခြောက်ခုနဲ့ အချက်ပေါင်း ၂၁ ချက်ရှိပါတယ်။ လာမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံဟာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် သမိုင်းမှတ်တိုင်ဖြစ်လာမှာ ဖြစ်ပါတယ်။

နိုင်ငံခြားသားလေ့လာသူခွင့်မပြုပါဘူး။ လေ့လာသူနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ဒီမှာ မက်ဆေ့ချ် ပေးချင်ပါတယ်။ သဘောတူထားတာ ဘာလဲဆိုတော့ လေ့လာသူတွေအရေအတွက် ကန့်သတ်ထားပါတယ်။ ကန့်သတ်ထားတဲ့အတွက် ဒီညီလာခံကိုတက်ရောက်ချင်တဲ့ အဖွဲ့အစည်းကိုယ်စားပြုသော်လည်းကောင်း၊ ပုဂ္ဂိုလ်ချင်း၊ တစ်ဦးချင်းသော်လည်းကောင်း လျှောက်ထားရမှာဖြစ်ပါတယ်။ ဒီညီလာခံကိုတက်ရောက်လိုတယ်။ အဲဒီအပေါ်မှာမှလေ့လာသူအရေအတွက် UPDJC ကနေ ကန့်သတ်ထားတဲ့အတွက် စိစစ်ပြီး ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

ညီလာခံကျင်းပရေးနဲ့ ဆွေးနွေးမှုအပိုင်းတွေကို UPDJC ကလုပ်ပြီး ဘတ်ဂျက်နဲ့ အုပ်ချုပ်ထောက်ပံ့မှုအပိုင်းတွေကို အစိုးရအဖွဲ့က ပံ့ပိုးကူညီပေးပါတယ်။ အစိုးရပိုင်းမှာ ကျွန်တော်တို့ နိုင်ငံတော်အတိုင်ပင်ခံ ဦးဆောင်တဲ့ ဗဟိုကော်မတီဖွဲ့ထားတယ်။ ညီလာခံမှာ အစုအဖွဲ့တစ်ခုချင်းအရ ဘယ်လောက် ရာခိုင်နှုန်းရှိရမယ်ဆိုတာရှိပါတယ်။ ဥပမာ ညီလာခံပီသဖို့အတွက် အစုအဖွဲ့တစ်ခုချင်းကနေ ဘယ်နှရာခိုင်နှုန်းတက်ရင် ညီလာခံအထ မြောက်တယ် အဲဒီ အစုအဖွဲ့တစ်ခုချင်း ညီလာခံတက်ရောက်တဲ့ ကိုယ်စားလှယ်တွေထဲကမှ ဘယ်နှရာခိုင်နှုန်းက သဘောတူတယ်ဆိုရင် ဒါဆုံးဖြတ်ချက်ချလို့ရတယ်။ **(သတင်းအဖွဲ့)**

# မအူပင်စက်မှုဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**မအူပင် မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်အတွင်းရှိ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရေးအတွက် ဧကပေါင်း ၂၅၀ အကျယ်အဝန်းရှိ အစုရှယ်ယာရှင် တောင်သူများပါဝင်သည့် မအူပင်စက်မှုဇုန်စီမံကိန်းကို မအူပင်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ မအူပင်စက်မှုဇုန်စီမံကိန်း၏ စတင်ဆောက်လုပ်မည့် စက်ရုံ ခြောက်ရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီကစီမံကိန်းလုပ်ငန်းခွင်အတွင်း ကျင်းပခဲ့သည်။

အဆိုပါ မအူပင်စက်မှုဇုန်စီမံကိန်းကို မအူပင်မြို့နယ် ညောင်ဝိုင်းကွင်း ပံတပွတ်အနောက်ကွင်းရှိ ညောင်ဝိုင်းကျေးရွာအုပ်စုနှင့်ပံတပွတ်ကျေးရွာအုပ်စု ဆက်စပ်နေရာအနီး၌ ဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ရည်ရွယ်ဖော်ဆောင်ခြင်းဖြစ်ကာ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက်လည်းကောင်း၊ လူတစ်ဦးချင်းစီအလိုက် ဝင်ငွေမြင့်မားတိုးတက်လာစေရန်အတွက်လည်းကောင်း၊ ဒေသအတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်စေရန်အတွက်လည်းကောင်း၊ ဒေသအတွင်းရှိသဘာဝအရင်းအမြစ်များကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်စေရန်အတွက် လည်းကောင်း၊ အခြားဒေသများသို့ရောက်ရှိနေသော လုပ်သားများနှင့် ဒေသခံကျွမ်းကျင်ပညာရှင်များ မိသားစုနှင့်အတူတကွ နေထိုင်လုပ်ကိုင်နိုင်စေရန်အတွက် လည်းကောင်း မအူပင်စက်မှုဇုန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရခြင်းဖြစ်ကြောင်းမအူပင်စက်မှုဇုန်စီမံကိန်းမှ သိရသည်။

မအူပင်စက်မှုဇုန်စီမံကိန်းစတင်ရန်အတွက် မအူပင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်မှ ရင်းနှီးမြှုပ်နှံသူ အစုရှယ်ယာရှင် ၂၆ ဦးဖြင့် စတင်ခဲ့ခြင်းဖြစ်ပြီး မအူပင်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှအစုရှယ်ယာရှင် ၁၃၄ ဦးပါဝင်ကြောင်း သိရကာ Shanghai Yangon Investment ကုမ္ပဏီလီမိတက်မှ ၅၅ ရာခိုင်နှုန်း၊ မအူပင်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၄၅ ရာခိုင်နှုန်း ပူးပေါင်းရင်းနှီးမြှုပ်နှံပါဝင်ကြောင်း သိရသည်။

စီမံကိန်းအတွင်း ဝတ်ဆင်ရေးစက်ရုံ ၄၂ ရုံ၊ စားသောက်ရေးဆိုင်ရာစက်ရုံ သုံးရုံ၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်းစက်ရုံ သုံးရုံ၊ စာပေအနုပညာဆိုင်ရာလုပ်ငန်းစက်ရုံ တစ်ရုံ၊ လျှပ်စစ်ပစ္စည်းစက်ရုံ တစ်ရုံတို့ဖြင့် စက်ရုံ စုစုပေါင်း ၅၀ ဆောက်လုပ်ရန်လျာထားကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် ခန့်မှန်းပမာဏမှာ ငွေကျပ်သန်းပေါင်း ၂၆၉၁၀၀ ဖြစ်ပြီး အခြေခံအဆောက်အအုံများအတွက် ပမာဏမှာ ငွေကျပ်သန်းပေါင်း ၂၂၁၁၃ သန်း ခန့်မှန်းထားကာ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းငွေကျပ်သန်းပေါင်း ၂၉၁၂၁၃ သန်း ကုန်ကျမည်ဟုခန့်မှန်းထားကြောင်း သိရသည်။ စက်ရုံများဆောင်ရွက်ပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်း ခန့်မှန်းအလုပ်သမားဦးရေ ၇၇၀၀၀ အလုပ်အကိုင်ရရှိကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမစက်မှုဇုန်မှာရန်ကုန်မြို့ဖြစ်ပြီး ဒုတိယစက်မှုဇုန်မှာ မန္တလေးမြို့ဖြစ်ကာ တတိယစက်မှုဇုန်မြို့ဖြစ်လာမည်ဖြစ်သော ဧရာဝတီတိုင်းဒေသကြီးရှိ အဆိုပါ မအူပင်စက်မှုဇုန်စီမံကိန်းကို သုံးနှစ်တာကာလအတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းစက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မအူပင်ဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှတာဝန်ရှိသူများ တက်ရောက်အမှာစကားပြောကြားကြကြောင်း သိရသည်။

**သတင်း-စိုးဝင်း(MLA)၊ ဇာနည်မောင်**

■

# မဟာဗျူဟာမြောက် အပြောင်းအလဲ (၉)ရပ် စတင်ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်း

**မိတ္ထီလာ မေ ၁၂**
ကျောင်းများနှင့် ပညာသင်ယူရာဌာန အားလုံးတွင် ကျောင်းသားများ၏ သင်ယူတတ်မြောက်မှုများ သိသာထင်ရှားစွာ တိုးတက်ရေးကို ဦးတည်သည့် ပိုမိုတိုးတက်ကောင်းမွန်သော သင်ကြားသင်ယူမှု၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ဖြစ်ထွန်းလာစေရေးအတွက် မဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်မှုအခြေအနေအား ရှင်းလင်းပွဲကို ယနေ့ နံနက် ၈နာရီက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ပြုစုခဲ့ပုံနှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းရေးဆွဲရေးလုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါ်ဥမ္မာသိန်းက ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကလေးသူငယ်တိုင်း အရည်အသွေးရှိ မူကြိုနှင့် သူငယ်တန်း(KG) ပညာသင်ယူခွင့်ရရှိခြင်းဖြင့် ၎င်းတို့၏ လေ့လာသင်ယူမှုလမ်းကြောင်းတစ်လျှောက်လုံးအတွက် အစကောင်းစေပြီး အရည်အသွေးရှိပညာကို သင်ယူခွင့်ရရှိ၍ အတန်းစဉ်အဆင့်ဆင့် ဆက်လက်သင်ယူပြီးမြောက်နိုင်မည်ဖြစ်ရာ မိမိဘဝနှင့် ဆီလျော်ပြီး မြန်မာနိုင်ငံ၏ ၂၁ ရာစု လူမှုစီးပွားရေး အခြေအနေအရ လိုအပ်သည့် အသိပညာကျွမ်းကျင်မှုများ၊ သဘောထားများနှင့် တက်ကျွမ်းမှုများဖွံ့ဖြိုးတိုးတက်စေရန် သင်ယူတတ်မြောက်မှု တိုးတက်မြင့်မားရေးအတွက် အရည်အသွေးကောင်းမွန်သော ပညာရည်စစ်ဆေးအကဲဖြတ်မှုစနစ်သစ်တစ်ရပ်ကို ဆရာများနှင့် ပညာရေးစီမံခန့်ခွဲသူများက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းအဖွဲ့ဝင် ဒေါ်အိအိခိုင်က ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စီမံကိန်းအဖွဲ့ဝင် ဒေါ်ခင်ယုံက ကျောင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆရာနှင့်ကျောင်းသား အပြန်အလှန်ဆက်သွယ်မှုရှိသည့် သင်ကြားသင်ယူမှုကို ဆရာများကအသုံးပြု၍ ကျောင်းသားများကို ပံ့ပိုးကူညီမည်ဖြစ်ရာ ပညာသင်ယူသူများအနေဖြင့် ဘဝတစ်သက်တာသင်ယူမှုနှင့် အလုပ်အကိုင် မျှော်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် အရည်အသွေးအာမခံမှုရှိပြီး အသိအမှတ်ပြုထားသော ကျောင်းပြင်ပနှင့် တစ်သက်တာအစီအစဉ်များဖြင့် နည်းပညာနှင့် သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေးများကို ရှင်းလင်းပြောကြားသည်။ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ကြီးကြပ်ကူညီပံ့ပိုးပေးနိုင်ရန် စီမံကိန်းစာအုပ်များကို ခရိုင်ပညာရေးမှူး ဒေါက်တာကျော်လွင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်အိအိခိုင်တို့အား ပေးအပ်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**





# သရက်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲမရှိစေရန် ကျေးရွာများသို့ ရေလှူဒါန်း

**သရက် မေ ၁၂**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်ကျေးရွာနှင့် ရေနံမြေအလယ်ကျောကျေးရွာသို့ မေ ၉ ရက် နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အုန်းဟန်ဦး၊ ရေမျက်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သောက်ရေ၊ သုံးရေများကို ဘုန်းတော်ကြီးကျောင်း၌ လှူဒါန်းပေးခဲ့သည်။

သရက်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီကာလ ရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် ကော်မတီများ ဖွဲ့စည်းပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သောက်သုံးရေရှားပါးသည့် ကျေးရွာများကို ရေလှူဒါန်းပေးလျက်ရှိရာ ရေနံမြေ အလယ်ကျောကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် အိမ်ထောင်စု ၉၁ စုမှ လူဦးရေ ၃၅၄ ဦးအတွက် ရေဂါလန် လေးထောင်နှင့် သောက်ရေသန့်ဘူးကြီး ၁၀၅ ဘူး၊ ပိတောက်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သောက်ရေသန့်ဘူးကြီး ခုနစ်ဘူး၊ ကျေးရွာနေပြည်သူများအတွက် ရေဂါလန် ၁၆၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း ရေရှားပါးပြတ်လပ်မှုရှိပါက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၆၈-၂၁၄၄၅ နှင့် ၀၉-၂၅၈၆၈၇၉၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# သဘာဝဘေးသင့်ပြည်သူများအတွက် ထောက်ပံ့မှုနှုန်းထားများအား ပြည်သူသို့တင်ပြချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ပိုမိုထိရောက်စွာ ကူညီထောက်ပံ့ပေးနေမှုအား ပွင့်လင်းမြင်သာစွာ တင်ပြခြင်းဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အောက်ပါအတိုင်း တိုးမြှင့်ထောက်ပံ့မည်ဖြစ်ပါသည်-

| စဉ် | ထောက်ပံ့သည့်အကြောင်းအရာ | ယခင် ထောက်ပံ့နှုန်း (ကျပ်) | တိုးမြှင့် ထောက်ပံ့နှုန်း (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | **သဘာဝဘေးအန္တရာယ်များကြောင့် သေဆုံး/ ဒဏ်ရာရလူနာထောက်ပံ့ခြင်း** | | | |
| | -သေဆုံး | တစ်သိန်း | သုံးသိန်း | |
| | -ဆေးရုံတက်ဒဏ်ရာရလူနာ | တစ်သောင်းမှ သုံးသောင်း | ငါးသောင်း | |
| ၂ | အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ခြင်း | | | |
| | **မီးဘေး** | | | |
| | လုံးဝပျက်စီး(အိမ်)(တိုက်/သွပ်မိုး+ပျဉ်ခင်း) | တစ်သိန်းမှ နှစ်သိန်း | နှစ်သိန်း | |
| | လုံးဝပျက်စီး (အိမ်) (ခနီ/သွပ်မိုး+ထရံကာ) | ငါးသောင်း | တစ်သိန်း | |
| | လုံးဝပျက်စီး(ဘာသာရေးကျောင်း) | နှစ်သိန်း | သုံးသိန်း | |
| | တစ်စိတ်တစ်ပိုင်းပျက်စီး (အိမ်/ဘာသာရေးကျောင်း) | နှစ်သောင်း | တစ်သောင်းမှ တစ်သိန်း | ပျက်စီးမှုအခြေအနေပေါ် မူတည်၍ ထောက်ပံ့ပါမည်။ |
| | မီးတားကြိုတင်ဖျက်သိမ်း(လုံးဝပျက်စီး) (အိမ်/ဘာသာရေးကျောင်း) | နှစ်သောင်း | တစ်သိန်း | |
| | **အခြားဘေး** | | | |
| | လုံးဝပျက်စီး(အိမ်) (တိုက်/သွပ်မိုး+ပျဉ်ခင်း) | ငါးသောင်း | နှစ်သိန်း | |
| | လုံးဝပျက်စီး(အိမ်) (ခနီမိုး/သွပ်မိုး+ထရံကာ) | ငါးသောင်း | တစ်သိန်း | |
| | လုံးဝပျက်စီး (ဘာသာရေးကျောင်း) | ခြောက်သောင်း | နှစ်သိန်း | |
| | တစ်စိတ်တစ်ပိုင်းပျက်စီး (အိမ်/ဘာသာရေးကျောင်း) | နှစ်သောင်း | တစ်သောင်းမှ တစ်သိန်း | ပျက်စီးမှုအခြေအနေပေါ် မူတည်၍ ထောက်ပံ့ပါမည်။ |
| | မြေပြိုကမ်းပြိုဘေးများအတွက် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ အိမ်/ဘာသာရေးကျောင်း | နှစ်သောင်း | တစ်သိန်း | |
| ၃ | **ဆန်ရိက္ခာဖိုးထောက်ပံ့ခြင်း**<br>လူတစ်ဦး (၁)ရက်လျှင်ဆန်နှစ်ဘူးနှုန်း ဆန် တစ်ဘူး ကျပ် ၁၅၀ဖြင့် တွက်ချက်ပါသည်။ | ဘေး အမျိုးအစား အပေါ်မူတည်၍ (၃) ရက်မှ (၇) ရက် စာ ထောက်ပံ့ ပါသည်။ | ဘေး အမျိုးအစား မခွဲဘဲ အ နည်း ဆုံး (၇) ရက်မှ လိုအပ် ချက် အပေါ်မူတည် ထပ်မံထောက်ပံ့ ပါမည်။ ခေါက် ဆွဲခြောက်၊ ကြက်ဥ၊ ငါးသေတ္တာ၊ ဆီ၊ ပဲတို့အားလည်း လိုအပ်ချက် အရ ထောက်ပံ့ ပါမည်။ | |
| ၄ | **ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ခြင်း** | | | |
| | မီးဘေးသင့်အိမ်ထောင်စုများနှင့် ရေဘေး၊ လေဘေးနှင့် အခြားဘေးများကြောင့် လုံးဝမျောပါ/ ပျက်စီးသွားသော အိမ်ထောင်စုများအတွက်ထောက်ပံ့ခြင်း | အိမ်ထောင်စု တစ်စု လျှင် ပစ္စည်း ကိုးမျိုး၊ | အိမ်ထောင်စု တစ်စု လျှင် ပစ္စည်း ၁၉ မျိုးမှ ၂၂ မျိုး၊ | ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွင်း ထောက် ပံ့နိုင် ရေး ဆောင် ရွက် လျက် ရှိပါ သည်။ |
| | မီးဘေးအတွက် ကြိုတင်ဖျက်သိမ်းအိမ်၊ ရေဘေး၊ လေဘေးနှင့် အခြားဘေးများကြောင့်တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်နှင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရသော အိမ်ထောင်စုများအတွက်ထောက်ပံ့ခြင်း | အိမ်ထောင်စု တစ်စု လျှင် ပစ္စည်း လေး မျိုး၊ | အိမ်ထောင်စု တစ်စု လျှင် ပစ္စည်း ၁၀ မျိုး၊ | |

၂။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘေးသင့်ပြည်သူများ လတ်တလောစားဝတ်နေရေးသက်သာချောင်ချိစေရေးအတွက် တိုးမြှင့်ထောက်ပံ့မည့်အစီအစဉ်အား ပြည်သူများ သိရှိနိုင်ပါရန် အသိပေးတင်ပြအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အကျိုးတူလယ်ယာစနစ်ဖြင့် မျိုးကောင်း မျိုးသန့်ထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ကျွန်းတက်ပဲ့အုပ်စု ညောင်ကုန်းကျေးရွာအနီးရှိ စက်မှုလယ်ယာစနစ်ကျ ဧက ၃၀၀၀ စိုက်ကွင်းတွင် မြန်မာနယူးရောကုမ္ပဏီနှင့် တောင်သူများ အကျိုးတူလယ်ယာစနစ်ဖြင့် မျိုးကောင်း မျိုးသန့်ထုတ်လုပ်ခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော်ကောင်စီဝင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနယူးရောကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်းနှင့် မျိုးစေ့ထုတ်စိုက်ခင်းအတွင်း မျိုးကွဲပယ်နုတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တောင်သူများလိုအပ်သည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ်နိုင်ရေးအတွက် အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သည့် မျိုးစေ့ထုတ်တောင်သူများအသင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွဲ့စည်းဆောင်ရွက်ပြီး ဧက ၁၁၀၀၀ ကျော် မျိုးစေ့ထုတ်ဆောင်ရွက်နိုင်ခဲ့မှု၊ လာမည့်မိုးရာသီတွင် မျိုးစေ့ထုတ် တောင်သူများအသင်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းကို စိတ်ပါဝင်စားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်အတူ ဧကတစ်သောင်းကျော် မျိုးစေ့ထုတ်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်နိုင်ရေးအပါအဝင် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့်အကူအညီများနှင့် နည်းပညာများအား တောင်သူပညာပေးဝန်ထမ်းများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးပေးသွားရန် စီစဉ်ဆောင်ရွက်နေမှုများကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနယူးရောကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလင်းထွန်းက စပါးမျိုးစေ့ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများ အရည်အသွေးတိုးတက်မြင့်မားရေးကို နိုင်ငံတော်အနေဖြင့် အလေးပေးဆောင်ရွက်နေကြောင်း၊ ဈေးကွက်ဝင် အရည်အသွေးကောင်း မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်နိုင်မှသာလျှင် လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးအထူးပြု ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အကျိုးဆောင်တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် မူဝါဒများ၊ နည်းပညာအကူအညီများအပါအဝင် စိုက်ပျိုးရေရရှိရေး၊ မျိုးကောင်း မျိုးသန့်ရရှိရေး၊ အရည်အသွေးစစ်မှန်သည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာသွင်းအားစုများ သုံးစွဲနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ ဝန်ဆောင်မှုရရှိနိုင်ရေး၊ စိုက်ပျိုးစရိတ် ချေးငွေအထောက်အပံ့ရရှိရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**



# ဖားကန့်ကျောက်စိမ်းတုံးကြီးကို မြစ်ကြီးနားမြို့မှ နေပြည်တော်သို့ ဆက်လက်ပို့ဆောင်

**မြစ်ကြီးနား မေ ၁၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်တစ်ခုမှ တွေ့ရှိခဲ့သည့် ကျောက်စိမ်းအရိုင်းတုံးကို မြစ်ကြီးနားမြို့မှ နေပြည်တော်သို့ မေ ၁၂ ရက်တွင် ဆက်လက်သယ်ဆောင်ကြောင်း သိရသည်။

အဆိုပါ ကီလို ၈၆၉၀ ရှိ ကျောက်စိမ်းအရိုင်းတုံးကို ဧပြီ ၂၆ ရက်က ဖားကန့်မြို့နယ် ငွေဆင်ကျောက်မျက်ကုမ္ပဏီ ဝါကဲ့အကျိုးတူ(၂)လုပ်ကွက်မှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယင်းကျောက်စိမ်းအရိုင်းတုံးကို ဧပြီ ၂၉ ရက်တွင် ဖားကန့်မှ မြစ်ကြီးနားမြို့ရှိ မြန်မာ့ကျောက်မျက်ရောင်းဝယ်ရေး ကျောက်စိမ်းတူးဖော်ရေးဌာနစခန်းရုံးသို့ သယ်ယူခဲ့ခြင်းဖြစ်သည်။

ယင်းကျောက်ကိုတွေ့ရှိခဲ့သည့် ရေမဆေးကျောက်ရှာဖွေသူများကိုလည်း ကုမ္ပဏီမှ ကျပ်သိန်းတစ်ထောင်ကျော် ပေးအပ်ချီးမြှင့်ဆောင်ရွက်ကာ ကျောက်စိမ်းတုံးအား ပြန်လည်ရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကီလို ၈၆၉၀ရှိ ကျောက်စိမ်းအရိုင်းတုံးအား မိုးညှင်း-ရွှေဘို-မန္တလေး-နေပြည်တော် လမ်းကြောင်းအတိုင်း ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မင်းမင်းဦး)**

# လယ်ယာမြေများပြန်လည်ရရှိရေး နေပြည်တော်တွင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**နေပြည်တော် မေ ၁၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်း၌ ပဲခူးတိုင်းဒေသကြီး လှော်ကားကျေးရွာအုပ်စု ဝိတိုလှော်ကားကျေးရွာနှင့် လသာကုန်းကျေးရွာမှ သိမ်းယူခံရသော လယ်ယာမြေများအား ပြန်လည်ရရှိရေးအတွက် အဆိုပါကျေးရွာမှ တောင်သူလယ်သမား ၅၃ ဦးက ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်မှ ၉ နာရီ မိနစ် ၄၀ အထိ နေပြည်တော်သို့ လာရောက်၍ ခွင့်ပြုချက်ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါဆန္ဒပြပွဲတွင် အဖွဲ့ခေါင်းဆောင် ဦးစောကျော်စွာမင်း(ခ) ဦးဇေယျာမင်း ခေါင်းဆောင်မှုဖြင့် တောင်သူလယ်သမားများပါဝင်ပြီး ဥတ္တရသီရိမြို့နယ် ဋ္ဌ-၄ လမ်းဆုံမှ ရွှေနံ့သာရပ်ကွက်ဘောလုံးကွင်းအထိ သိမ်းယူခံရသော လယ်ယာမြေများ ပြန်လည်ရရှိရေး ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒပြပြီး ဘောလုံးကွင်း၌ ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

# မြိတ်မြို့နယ် ပင်းအိုကျေးရွာအနီးဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှု၌ ထိခိုက်ဒဏ်ရာရရှိသူရှစ်ဦးအား ကရုဏာကြေးထောက်ပံ့ပေးအပ်

**မြိတ် မေ ၁၂**

မြိတ်မြို့နယ် ပင်းအိုကျေးရွာနှင့် ငါးအင်းကျေးရွာအကြား မိုင်တိုင်အမှတ်(၅/၅)နှင့် (၅/၆)အကြားတွင် မေ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခဲ့သည့် မန်းရာဇာမှန်လုံခရီးသည်တင်ယာဉ်နှင့် နေနဲ့လခရီးသည်တင်ယာဉ်(ငယ်)တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာမှ နေနဲ့လခရီးသည်တင်ယာဉ်ပေါ်ပါ ဒဏ်ရာရရှိပြီး မြိတ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အမျိုးသား အမျိုးသမီး ရှစ်ဦးတို့အား မန်းရာဇာခရီးသည်တင်ယာဉ်ပိုင်ရှင် ဦးဟိန်းထက်စိုးနှင့် နေနဲ့လ ခရီးသည်တင်ယာဉ်(ငယ်)ပိုင်ရှင် ဒေါ်ချိုချိုလှဲ့တို့သည် ပုဂ္ဂလိကယာဉ်လိုင်းပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သင်းမောင်၊ အတွင်းရေးမှူး ဦးမိုးကျော်သူ၊ တာဝန်ရှိသူများနှင့် အတူ ကရုဏာကြေးအဖြစ် စုစုပေါင်း ငွေကျပ် ၆၃ သိန်းကို မေ ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်က သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ရုံးလမ်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကရုဏာကြေးထောက်ပံ့ပေးအပ်မှုနှင့်ပတ်သက်၍ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲပြုလုပ်ခဲ့ရာ အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး သံမရောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးဝေဇင်ထွန်း၊ မြိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကို၊ ပုဂ္ဂလိက ယာဉ်လိုင်းပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သင်းမောင်၊ အတွင်းရေးမှူး ဦးမိုးကျော်သူနှင့် ဦးမောင်အေး၊ မန်းရာဇာယာဉ်ပိုင်ရှင် ဦးဟိန်းထက်စိုး၊ နေနဲ့လ ယာဉ်ပိုင်ရှင် ဒေါ်ချိုချိုလှဲ့နှင့် နှစ်ဖက်ယာဉ်လိုင်းများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

တွေ့ဆုံရှင်းလင်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးဝေဇင်ထွန်းက ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူလျက်ရှိသူ ရှစ်ဦးတို့အား ကရုဏာကြေးထောက်ပံ့ပေးအပ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများနှင့် မီဒီယာများမှ ခရီးသည်များ၏ အသက်အာမခံကြေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပုဂ္ဂလိကယာဉ်လိုင်းပြေးဆွဲရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သင်းမောင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# အသက်ကယ်အောက်ဆီဂျင်အိုးနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**ရန်ကုန် မေ ၁၂**

မေတ္တာဖြူပရဟိတ အင်အားစုမှ ကမာရွတ်မြို့နယ်ရှိ သွေးမေတ္တာပရဟိတအသင်းနှင့် စံရိပ်ငြိမ်နာရေးကူညီမှုအသင်းတို့အား အသက်ကယ်အောက်ဆီဂျင်အိုးနှင့် ဆက်စပ်ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ကမာရွတ်-အင်းစိန်လမ်းမ စံရိပ်ငြိမ်မှတ်တိုင် အင်းလျားရွာသစ် ဘုန်းတော်ကြီးကျောင်းအတွင်းရှိ သွေးမေတ္တာပရဟိတအသင်းခန်းမ၌ မေ ၁၀ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

သွေးမေတ္တာနှင့် စံရိပ်ငြိမ်နာရေးကူညီမှုအသင်း စီမံခန့်ခွဲရေးတာဝန်ခံ ဦးဆန်းငွေးက အဖွင့်အမှာစကားပြောကြားပြီး မေတ္တာဖြူပရဟိတအင်အားစုခေါင်းဆောင် ဦးမောင်မောင်သန်းက မိမိတို့အသင်းဝင် ခြောက်ထောင်ကျော်ရှိရာ တစ်ဦးတစ်လတစ်ထောင်စုဆောင်းငွေဖြင့် အမှန်တကယ်လိုအပ်နေသော ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအပြင် သဘာဝဘေးဒဏ်ခံဒေသများကို လူမျိုးဘာသာမရွေးစုပေါင်းလှူဒါန်းနေကြောင်း ပြောကြားသည်။

ဆက်လက်၍ သွေးမေတ္တာပရဟိတအသင်းနှင့် စံရိပ်ငြိမ်နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးဇော်ဇင်မြင့်မောင်က အသင်းများဖြစ်ပေါ်လာပုံနှင့် ဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မေတ္တာဖြူပရဟိတအင်အားစုတာဝန်ခံ ဦးမောင်မောင်သန်းက အသက်ကယ်အောက်ဆီဂျင်အိုး ၁၀ အိုးနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ သွေးမေတ္တာနှင့် စံရိပ်ငြိမ်နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးဇော်ဇင်မြင့်မောင်က လက်ခံရယူသည်။ **(ခင်မောင်သော်)**

## ဖြည့်စွက်ဖတ်ရှုပေးပါရန်

မေလ ၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၁ တွင် ဖော်ပြပါရှိသည့် **ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး သတင်းဒုတိယစာပိုဒ်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်**က အဖွင့်အမှာစကား ပြောကြားသည်စာသားအား ဖြည့်စွက်ဖတ်ရှုပေးပါရန်။

**သတင်းစဉ်(သတင်းအဖွဲ့)**



# မြို့တော်ပြည်သူ့နီတိပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၁၂**

မြို့တော်ပြည်သူ့နီတိပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ ခန်းမကြီး၌ ကျင်းပရာ မြို့တော်ပြည်သူ့နီတိပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်ပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် သုံးဆင့်တွင် ပထမရရှိကြသောသုံးဦးအား ရွှေစင်တစ်ကျပ်သားနှင့် ငွေကျပ်ငါးသိန်း၊ ဒုတိယဆုရရှိကြသော သုံးဦးအား ရွှေစင်သုံးမတ်သားနှင့် ငွေကျပ်လေးသိန်း၊ တတိယဆုရရှိကြသော သုံးဦးအား ရွှေစင်ငါးမူးသားနှင့် ငွေကျပ်သုံးသိန်းနှင့် အတန်းလိုက်အထူးဆုရရှိကြသော ကျောင်းသား ကျောင်းသူ ၃၉ ဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီကို တာဝန်ရှိသူအသီးသီးက ဆုများချီးမြှင့်ပေးကြသည်။

အဆိုပါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကျင်းပသော မြို့တော်ပြည်သူ့နီတိပြိုင်ပွဲတွင် အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ရှိ ကျောင်းသား ကျောင်းသူ ၁၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အထက်တန်းအဆင့်၌ ပထမဆုရ အထက(၂)ကမာရွတ် နဝမတန်းကျောင်းသူ မမေမြတ်မိုး၊ ဒုတိယဆုရ အထက(၂)စမ်းချောင်း နဝမတန်းကျောင်းသူ မစံထားလှိုင်နှင့် တတိယဆုရ သုခအလင်း(ဒဂုံမြောက်) ဒသမတန်းကျောင်းသူ မနေဦးအိမ်ခြွေတို့အား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးကလည်းကောင်း၊ အလယ်တန်းအဆင့်၌ ပထမဆုရ International School သတ္တမတန်းကျောင်းသူ မဟန်စုယဉ်၊ ဒုတိယဆုရ အထက(၂)အင်းစိန် ဆဋ္ဌမတန်းကျောင်းသူ မဖြိုးပြည့်ပြည့်ကျော်နှင့် တတိယဆုရ TTC ကမာရွတ် ဆဋ္ဌမတန်းကျောင်းသူ မဆုလာဘ်ရတနာတို့အား ရန်ကုန်မြို့တော်ဝန်၏ဇနီး ဒေါ်ခင်မြမြအောင်ကလည်းကောင်း၊ မူလတန်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော အထက(၁)ဒဂုံ စတုတ္ထတန်းကျောင်းသူ မဆုမြတ်ရတနာ၊ ဒုတိယဆုရ အမက(၂၈)လှိုင်သာယာ စတုတ္ထတန်းကျောင်းသား မောင်ကောင်းဆက်သန့်နှင့် တတိယဆုရ အမက(၂)တာမွေ ဒုတိယတန်းကျောင်းသူ မကြွယ်စင်လင်း တို့အား Myanmar Posco E & C Company မှ Executive Director Mr.Choi Hyun IK ကလည်းကောင်း ဆုများချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော စာရေးဆရာကြီးဂုဏ်ထူး ဦးသိန်းနိုင်နှင့် ဆရာကြီးမင်းယုဝေတို့အား နေရာအရောက်ဂုဏ်ပြုမှတ်တမ်းလွှာများအား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်ကလည်းကောင်း၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့၌ အထူးဆုရရှိကြသော ကျောင်းသား ကျောင်းသူ ၃၉ ဦးအား မြို့တော်စည်ပင်အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မြို့တော်စည်ပင်တွဲဖက်အတွင်းရေးမှူး ဦးသန်းနှင့်ကော်မတီဝင် ဒေါ်မေမေသွယ်တို့ကလည်းကောင်း၊ မြို့တော်ပြည်သူ့နီတိပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီသော စေတနာရှင်ကုမ္ပဏီများ၊ စာရေးဆရာကြီးများ၊ စာစစ်အဖွဲ့ဝင်များ၊ ဆရာမများအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီးပွားရေးဗဟိုအလုပ်အမှုဆောင် ဦးစိုးဝင်းနှင့် တာဝန်ရှိသူအသီးသီးက ချီးမြှင့်ပေးအပ်ကြသည်။ **(စောသိန်းဝင်း)**

# တူးဖော်တွေ့ရှိသည့် ပေ ၅၀ ခန့်ရှိ စကျင်ကျောက်တုံးအား ဘုရားထုဆစ်ရန် နိုင်ငံတော်သို့ လှူဒါန်းမည်

**မန္တလေး မေ ၁၂**

စကျင်တောင်ရှိ ဦးတော်တော်နှင့်သားများ ကုမ္ပဏီလုပ်ကွက်မှ ပေ ၅၀ ခန့်ရှိ စကျင်ကျောက်တုံးကြီးအား တူးဖော်တွေ့ရှိသဖြင့် နိုင်ငံတော်မှ ဘုရားထုဆစ်ရန်လိုအပ်ပါက လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။



"ကျောက်တူးဖော်ရာကနေ ပေ ၅၀ ခန့်ရှိတဲ့ ကျောက်တုံးတစ်တုံး ပေါ်လာပါတယ်။ နိုင်ငံတော်ကို လှူဒါန်းချင်ပါတယ်။ နိုင်ငံတော်က ဘုရားထုဆစ်ဖို့ အလှူခံမယ်ဆိုရင် လှူဒါန်းပါမယ်"ဟု ဦးတော်တော်နှင့်သားများကုမ္ပဏီမှ ဒါရိုက်တာများက မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် ဘုရားကြီးကျောက်စစ်တန်း စစ်ကိုင်း-မန္တလေးလမ်းပေါ်ရှိ ပန်းတမော့ ဦးတော်တော်နေအိမ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယခင်ကလည်း အလှူရှင် ဦးတော်တော်-ဒေါ်ငွေးငွေးမိသားစုက ပေ ၄၀ ခန့်ရှိ စကျင်ကျောက်တုံးကြီးအား တူးဖော်ရရှိခဲ့ပြီး လှူဒါန်းခဲ့ရာ ယခုအခါ ရန်ကုန်မြို့ မင်းဓမ္မကုန်းတော်ပေါ်ရှိ သီတင်းသုံးလျက်ရှိသော အဘယလာဘမုနိ ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြရသည်။

"ကံတလူဘုရား ထုဆစ်ဖို့ ကံတလူ ဆရာတော်ကြီးရဲ့ မိန့်ကြားချက်နဲ့ ကျောက်တောင်ဆင်ခြေလျှောမှာ ငုတ်ထွက်တဲ့နေရာကို စတူးရာက ပေ ၄၀ ကျော် ကျောက်သားထုကို တွေ့ရှိရပါတယ်။ ကံတလူဘုရားအတွက် လိုအပ်တာက ၂၇ ပေဆိုတော့ ကျောက်တုံးက တအားကြီးနေတဲ့အတွက် နိုင်ငံတော်ကို လှူဒါန်းခဲ့ပါတယ်။ နိုင်ငံတော်အစီအစဉ်နဲ့ သယ်ယူပြီး အလှူရှင်ဖြစ်တဲ့ ဦးတော်တော်မိသားစုက ဘုရားပြီတဲ့အထိ ထုဆစ်လှူဒါန်းခဲ့ပါတယ်။ နိုင်ငံတော်က သယ်ယူခြင်း၊ နေရာချထားပေးခြင်းတွေ ပြုလုပ်ပေးခဲ့ပါတယ်"ဟု ဦးတော်တော်နှင့် သားများကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးက ပြောသည်။

ယနေ့တူးဖော်ရရှိသည့် ကျောက်တုံးမှာ အမြင့်ပေ ၅၀၊ အနံ ၃၆ ပေ၊ ထုပေ ၂၀ ရှိကြောင်း သိရသည်။**(ဝဝ၂)**



# သက်ငယ်မုဒိမ်းမှု ကျဆင်းရေးအသိပညာပေးဟောပြော

**ရန်ကုန် မေ ၁၂**

အင်းစိန်မြို့ ဖော့ကန်ရပ်ကွက် ပဒေသာလမ်း ပဒေသာဓမ္မာရုံ၌ မေ ၉ ရက် ည ၈ နာရီတွင် ဖော့ကန်ရပ်ကွက်အတွင်း သက်ငယ်မုဒိမ်းမှုကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ အဆိုပါ ဟောပြောပွဲတွင် အင်းစိန်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဝင်းလှိုင်က သက်ငယ်မုဒိမ်းမှုကျဆင်းရေးအတွက် အုပ်ထိန်းသူများ ဝိုင်းဝန်းထိန်းသိမ်းရမည့်အကြောင်းကိစ္စများ၊ သတိပြုရမည့် အခြေအနေများနှင့် ဥပဒေပိုင်းဆိုင်ရာများကို အကျယ်တဝင့် အသိပညာပေး ဟောပြောခဲ့ကာ ဟောပြောပွဲသို့ ဖော့ကန်ရပ်ကွက်အတွင်းမှ စိတ်ပါဝင်စားသူများ တက်ရောက်ကြကြောင်းသိရသည်။

**(၆၈၄)**

# သီပေါ၌ ကင်းထောက်သင်တန်းဆင်းပွဲကျင်းပ

**သီပေါ မေ ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ကင်းထောက်အဖွဲ့မှ ကြီးမှူးဖွင့်လှစ်ခဲ့သော နွေရာသီကင်းထောက်လူငယ်မောင်မယ်များ သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပရာ ကင်းထောက်မောင်မယ်များက "အစဉ်အသင့်" ကင်းထောက်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ကင်းထောက်တပ်ဖွဲ့မှူး ဦးသန်းလွင်တို့က နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း လူငယ်များအတွက် အကျိုးရှိစေမည့် ကင်းထောက်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကင်းထောက်မောင်မယ်များအတွက် မုဒိတာတရားများနှင့် စေတနာထက်သန်စွာ ဝတ်စုံများလှူဒါန်းပေးကြသော မြန်မာ့ရွှေဆောင်ဘဏ်မှ ဒေါ်နန်းမြမြသန်းက ငွေကျပ်ငါးသိန်း၊ ကမ္ဘောဇဘဏ်မှ ဦးအာကာဖြိုးက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်ကျော်က ငွေကျပ်တစ်သိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ်ငါးသောင်းနှင့် အလှူရှင်ကိုးဦးတို့၏ လှူဒါန်းငွေများကို တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်သူများနှင့် သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်ကြပြီး ကင်းထောက်ကြီး ဦးစိုင်းသာလှိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ကင်းထောက်မောင်မယ်များက နှုတ်ခွန်းဆက်တေးသီချင်းကို သီဆိုကြောင်းသိရသည်။

**စိုင်း(သီပေါ)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၃ စီး၊ သွင်းကုန် ၄၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၅ စီး၊ သွင်းကုန် ၁၃၆ စီးဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၂၆ ဒသမ ၁၅၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၀ ဒသမ ၆၄၈၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၆ မှု(ခန့်မှန်းတန်ဖိုးကျပ် ၁၄၆ ဒသမ ၈၀၀၂ သန်းခန့်)ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၁၁ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် မော်တော်ဆိုင်ကယ်အား သတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ Amigo ကိတ်မုန့်ထုပ်များဖြင့် ဖုံးအုပ်၍ သို၀ှက်သယ်ဆောင်လာသော ဘိန်းဖြူဟု ယူဆရသည့် အဖြူရောင်အမှုန့်များထည့်ထားသော ဆပ်ပြာခွက် ၂၈ ခွက် (၃၀၈ ဂရမ်ခန့်)နှင့် သယ်ဆောင်သည့် မော်တော်ဆိုင်ကယ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၆ ဒသမ ၁၅၂ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

## အပြောင်းအရွှေ့ကိစ္စရပ်ကို တစ်ပတ်အတွင်း ဘာကလေ ဆုံးဖြတ်ရတော့မည်ဟု ကိုးမန်းသတိပေး

နည်းပြ ရော်နယ်ကိုးမန်းက ဘာကလေအနေဖြင့် ကလပ်အသင်းတွင် ဆက်နေမည်လား၊ ထွက်ခွာမည်လားဆိုသည်ကို တစ်ပတ်အတွင်း ဆုံးဖြတ်သွားရမည်ဖြစ်ကြောင်း သတိပေးစကားဆိုလိုက်ပြီဖြစ်သည်။ အင်္ဂလန်ကွင်းလယ်လူ ဘာကလေကို အာဆင်နယ်နှင့် စပါးအသင်းတို့မှ အလိုရှိနေရာ လာမယ့်ရာသီတွင် ဘာကလေ အဲဗာတန်တွင် ဆက်ရှိမည်လားဆိုသည်ကို အလျှင်အမြန် ဆုံးဖြတ်ရန် ကိုးမန်းက လိုလားနေခြင်းဖြစ်သည်။

ဘာကလေမှာ လွန်ခဲ့သည့် သုံးလလောက်က စတင်၍ အသင်းပြောင်းရန် ချိတ်ဆက်မှုများရှိခဲ့ပြီး ဘာကလေ၏ အပြောင်းအရွှေ့ကို လမ်းဖွင့်ထားသည့် ကလပ်အသင်းအပေါ်လည်း ကိုးမန်းက စိတ်ဆိုးဒေါသထွက်ခဲ့ကြောင်း သိရသည်။ ကိုးမန်းက ဘာကလေ၏ အပြောင်းအရွှေ့ကိစ္စရပ်ကို ခပ်မြန်မြန် ပြီးပြတ်စေရန် ဆန္ဒရှိနေပြီး ဟိုလိုလို ဒီလိုလို ဖြစ်နေသည်ထက် အဖြေတစ်ခုကို ကွဲကွဲပြားပြား သိရှိနိုင်ရန် ယခုကဲ့သို့ တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ကိုးမန်းက "အခုကနေစပြီး တစ်ပတ်အတွင်း ဆုံးဖြတ်ရပါတော့မယ်။ ဘုတ်အဖွဲ့ဝင်တွေအနေနဲ့ ဒီကိစ္စကို ဆောင်ရွက်နေခဲ့ရတာ အချိန်အတော်ကြာနေပါပြီ။ ကစားသမားတစ်ဦးအနေနဲ့ အချိန်ဒီလောက်ယူရင် ရပါပြီ။ ကျွန်တော်တို့ ဩဂုတ်လအထိလည်း မစောင့်နိုင်တော့ပါဘူး"ဟု တုံ့ပြန်ခဲ့သည်။

ယခုနှစ် ရာသီတွင် ကိုးမန်းနှင့် ဘာကလေတို့ကြား ဆက်ဆံရေး တင်းမာနေပြီး ဘာကလေ၏ ခြေစွမ်းပိုင်းနှင့်ပတ်သက်၍လည်း ယခုနှစ်ရာသီ လူသိရှင်ကြား ဝေဖန်ခဲ့ဖူးသည်။

## လာမယ့်နွေဈေးကွက်အတွင်း ဂါရတ်ဘေးလ်ကို ရီးယဲလ်ရောင်းထုတ်တော့မည်ဟု သတင်းများထွက်ပေါ်လာ

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာ မကြာခဏ ကြုံတွေ့နေရသည့် ဂါရတ်ဘေးလ်ကို မန်ယူသို့ လာမယ့် နွေဈေးကွက်အတွင်းမှာပင် ရောင်းချသွားရန် ပြင်ဆင်နေပြီဟု စပိန်တားအားကစား သတင်းဌာနက ဖော်ပြသည်။ ရီးယဲလ်ဥက္ကဋ္ဌ ဖလော်ရန်တီနို ပီရက်စ်က ဂါရတ်ဘေးလ်၏ ယခုနှစ် ဒဏ်ရာမကြာခဏ ကြုံတွေ့ရမှုအပေါ် စိတ်မရှည်သလို လစာမြေက်မြားစွာ ပေးချေထားရသော ကစားသမားတစ်ဦးထံမှ ယခုထက်ပိုမိုကောင်းမွန်သည့် လုပ်အားနှုန်း ရရှိသင့်သည်ဟု ယူဆသည်။

အစောပိုင်းကပင် ရီးယဲလ်ရဲ့ ဘီဘီစီတိုက်စစ်အတွဲမှ ကစားသမားတစ်ဦးကို ထုတ်ရောင်းတော့မည်ဟု သတင်းများထွက်ခဲ့သော်လည်း မည်သူဆိုသည်ကို အတိအကျဖော်ပြနိုင်မှု မရှိခဲ့ခြင်းဖြစ်သည်။

# မန်ယူအတွက် ပြီးပြည့်စုံတဲ့ ရာသီဖြစ်ရန် ယူရိုပါလိဂ်ဖလားကို အရယူမည်ဟု နည်းပြမော်ရင်ဟို ကြွေးကြော်



မန်ယူနည်းပြ မော်ရင်ဟိုက ယူရိုပါလိဂ်ဖလားကို အရယူကာ မန်ယူအတွက် ပြီးပြည့်စုံတဲ့ ရာသီဖြစ်စေရန် စွမ်းဆောင်သွားမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ မန်ယူအသင်းသည် စပိန်ကလပ် ဆယ်လ်တာဗီဂိုအသင်းကို အနိုင်ယူကာ ဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သဖြင့် လာမည့် မေ ၂၄ ရက်က စတော့ဟုမ်းမြို့တွင် အေဂျက်စ်အသင်းနှင့်ရင်ဆိုင်ကာ ချန်ပီယံဆုအတွက် ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

သို့သော် ဗိုလ်လုပွဲတွင် တွေ့ဆုံမည့် အေဂျက်စ်အသင်းမှာ နယ်သာလန်အမှတ်ပေးချန်ပီယံပြိုင်ပွဲ ပြီးဆုံးတော့မည်ဖြစ်သဖြင့် ၁၂ ရက်တာ ပြင်ဆင်ခွင့်ရရှိမည်ဖြစ်ရာ မထင်မှတ်သည်များဖြစ်လာမည်ကို မော်ရင်ဟိုက စိုးရိမ်နေခြင်းဖြစ်သည်။ ယခုနှစ်ရာသီမှာ မန်ယူအတွက် အမှန်တကယ် ခက်ခဲသည့်ရာသီဖြစ်ပြီး မန်ယူသာ ယူရိုပါလိဂ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ပါက အံ့အားသင့်ဖွယ်ဖြစ်လာမည်ဖြစ်ကြောင်း မော်ရင်ဟိုက ယုံကြည်သည်။

သို့သော် မော်ရင်ဟိုက "ကျွန်တော်တို့အသင်းအနေနဲ့ ဒီဖလားကိုသာ ဆွတ်ခူးနိုင်ရင် မန်ယူအနေနဲ့ ချန်ပီယံလိဂ်ဆွတ်ခူးနိုင်တဲ့ အခြေအနေရှိမှာဖြစ်ပါတယ်"ဟု ဆိုခဲ့သည်။

မန်ယူအသင်းသည် ပွဲကစားချိန် ၁၇ မိနစ်တွင် ဖယ်လိုင်နီ၏ သွင်းဂိုးကြောင့် ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ပွဲပြီးခါနီးအချိန်တွင် ဆယ်လ်တာဗီဂိုတိုက်စစ်မှူး ရွန်ကာဂလီက ချေပဂိုးပြန်လည် သွင်းယူသွားခဲ့သည်။ အဆိုပါ ချေပဂိုးရရှိပြီးနောက် ပွဲကြမ်းတစ်ပွဲဖြစ်ခဲ့ကာ မန်ယူနောက်ခံလူ ဘိုင်လီနှင့် ဆယ်လ်တာဗီဂိုတိုက်စစ်မှူး ရွန်ကာဂလီတို့ကြား ပြဿနာဖြစ်ပွားသည်မှအစပြု၍ နှစ်ဖက်အသင်းသားများပါ ရန်ပွဲအတွင်းပါဝင်လာခဲ့သဖြင့် ဒိုင်လူကြီးက နှစ်ဦးစလုံးကို တိုက်ရိုက်အနီကတ်ပြသ ထုတ်ပယ်ခဲ့သည်။ အဆိုပါ အနီကတ်ပြစ်ဒဏ်ကြောင့် ဘိုင်လီမှာ ယူရိုပါလိဂ်ဗိုလ်လုပွဲကို လွဲချော်ရန် ရှိနေပြီဖြစ်သည်။

မန်ယူအသင်းသည် လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားတွင် အဆင့်(၆)နေရာအထိ ရောက်ရှိနေပြီး အဆင့်(၄)နေရာရှိ မန်စီးတီးနှင့်ပင် လေးမှတ်အကွာသို့ရောက်ရှိနေသလို လာမည့် တနင်္ဂနွေနေ့တွင် စပါးအသင်းကို ရင်ဆိုင်ရမည်ဖြစ်ရာ ထိပ်ဆုံးလေးနေရာဖြင့် ရာသီသိမ်းနိုင်ရေးခက်ခဲမည်ဖြစ်သည်။ စပါးနှင့်ပွဲစဉ်တွင် မန်ယူအဓိက ကစားသမားနှစ်ဦးဖြစ်သည့် ရက်ရှ်ဖို့ဒ်နှင့် ပေါ့ဘာတို့နှစ်ဦးကို မော်ရင်ဟိုက အနားပေးရန် စီစဉ်ထားကြောင်းလည်း သိရသည်။

သို့သော် လာမည့် တနင်္ဂနွေနေ့မှာပင် နယ်သာလန် အမှတ်ပေးရာသီ ပြီးဆုံးမည်ဖြစ်သဖြင့် အေဂျက်စ်အနေဖြင့် နားရက် ၁၂ ရက် ရရှိမည့်အပေါ်



မော်ရင်ဟိုက "ဒီတနင်္ဂနွေဆို အေဂျက်စ်အသင်းရဲ့ လိဂ်ရာသီပြီးဆုံးသွားပါပြီ။ ဒါကြောင့် သူတို့ ၁၂ ရက် ပြင်ဆင်ချိန်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ကတော့ သုံးရက် သုံးပွဲယှဉ်ပြိုင်ရဦးမှာပါ။ ပဲလေ့စ်အနေနဲ့ ကျွန်တော်တို့ကို ဘာအန္တရာယ်မှမပေးနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု မော်ရင်ဟိုက ပြောကြားခဲ့သည်။

မေလဲ့သင်း
စုစည်းသည်

# တန်းမဆင်းရဖို့ သေချာစေတဲ့နိုင်ပွဲကိုရယူမယ့် ပဲလေ့စ်

**ပရီမီယာလိဂ်ပွဲစဉ်(၃၇)ကို လာမယ့် မေ ၁၃၊ ၁၄ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ စပါးက မန်ယူကို အိမ်ကွင်းမှာ လက်ခံကစားရဖို့ရှိနေတာကြောင့် အနိုင်ရယူနိုင်မှာလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး ပဲလေ့စ်ကတော့ တန်းတင်ကျန်ရစ်ဖို့ နိုင်ပွဲရယူသွားနိုင်ပါတယ်။**

ရှိုင်းမင်းမင်း

### အဲဗာတန် - ဝက်ဖို့ဒ် နံနက် ၁း၁၅ (၁၃-၅-၁၇)

လက်ရှိအချိန်မှာ ဝက်ဖို့ဒ်အနေနဲ့ တန်းမဆင်းရဖို့အတွက်ဆိုရင် အနိမ့်ဆုံး သရေတစ်မှတ်ရယူနိုင်ဖို့ လိုအပ်နေပါသေးတယ်။ ဒါကြောင့် ဝက်ဖို့ဒ်အနေနဲ့ အမှားအယွင်းမရှိအောင် အားစိုက်ကစားလာနိုင်ခြေရှိနေပါတယ်။ အဲဗာတန်ကတော့ အိမ်ကွင်းခြေစွမ်းပိုင်း ကောင်းမွန်တတ်ပေမယ့်လည်း လက်ရှိအချိန်မှာ အမှတ်လိုအပ်ချက် ပြင်းထန်မှုသိပ်မရှိတော့တာကြောင့် ပွဲကိုထိန်းကစားဖို့သာရှိပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဲဗာတန်တို့ကပ်ပြီးသာ နိုင်ခြေရှိနေပါတယ်။

### ဝက်ဘရွန်း - ချယ်လ်ဆီး နံနက် ၁း၃၀ (၁၃-၅-၁၇)

ချန်ပီယံဆုရယူနိုင်ဖို့ အခြေအနေအကောင်းဆုံးဖြစ်နေပေမယ့် ချယ်လ်ဆီးတို့ သေချာပေါက်ချန်ပီယံဖြစ်ပြီလို့တော့ မပြောနိုင်သေးပါဘူး။ ဒါကြောင့် ဒီပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေသလို တိုက်စစ်အားပြုကစားလာဖို့လည်းရှိနေပါတယ်။ ဝက်ဘရွန်းကတော့ အမှတ်လိုအပ်ချက်လုံးဝမရှိတော့အသင်းဖြစ်တာကြောင့် အသင်းလိုက်အားထုတ်မှုကျဆင်းနေပါတယ်။ ခံစစ်ပိုင်းကလည်း အားနည်းမှုတွေရှိနေတာကြောင့် ချန်ပီယံဆုအတွက် ခြေကုန်ထုတ်လာမယ့် ချယ်လ်ဆီးကသာ နိုင်ပွဲရယူသွားဖို့ရှိနေပါတယ်။

### မန်စီးတီး - လက်စတာ ည ၆း၀၀ (၁၃-၅-၁၇)

လက်စတာက တန်းတင်ကျန်ရစ်ဖို့ သေချာသွားခဲ့ပြီဖြစ်လို့ ဒီပွဲမှာ ခြေကုန်ထုတ်ကစားလာဖို့ဆိုတာခက်ခဲနေပါတယ်။ လက်စတာက နောက်ဆုံးပွဲမှာ နိုင်ပွဲရယူနိုင်ခဲ့သလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်ခဲ့ပေမယ့် မန်စီးတီးကလည်း အိမ်ကွင်းမှာ ခြေကုန်ထုတ်လာမှာဖြစ်သလို ဂျီးဆပ်ဇ် ပြန်လည်ပါဝင်လာနိုင်တာကြောင့် တိုက်စစ်ကစားပုံလည်း ပြန်ကောင်းနေပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားစိုက်ရဖို့ရှိနေသေးတဲ့ မန်စီးတီးပဲ အိမ်ကွင်း နိုင်ပွဲရမယ်။

### ဘုန်းမောက် - ဘန်လေ ည ၈း၃၀ (၁၃-၅-၁၇)

ဘန်လေက နှစ်ပွဲကစားဖို့ကျန်နေသေးတဲ့ ဟားလ်ထက် ခြောက်မှတ်အသာ ရထားသလို ဂိုးကွာဟမှုမှာလည်း ၁၉ ဂိုးအထိရှိနေတာကြောင့် တန်းမဆင်းရဖို့ သေချာနေပြီဖြစ်သလို ဘုန်းမောက်ကလည်း တန်းတင်ကျန်ရစ်ဖို့သေချာနေပြီ ဖြစ်ပါတယ်။

ဒါကြောင့်လည်း နှစ်သင်းစလုံးဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ထက် အမှားမရှိအောင်သာ ပိုမိုအားစိုက်ကစားလာနိုင်ပါတယ်။ ဒါကြောင့်လည်း ပွဲက သွင်းဂိုးတွေနည်းနိုင်သလို သရေကျသွားဖို့ များနေပါတယ်။

### မစ်ဒယ်ဘရော့ - ဆောက်သမ်တန် ည ၈း၃၀ (၁၃-၅-၁၇)

ဆောက်သမ်တန်က ပွဲဆက်တွေများနေပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာဆောက်သမ်တန်ဟာ အမှတ်လိုအပ်မှုမရှိတော့ပါဘူး။ ဒါကြောင့်လည်း ဆောက်သမ်တန်တို့ နိုင်ပွဲရယူနိုင်ဖို့ထက် အမှားမရှိအောင်သာ ပိုမိုအားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် မစ်ဒယ်ဘရော့ကလည်း တိုက်စစ်ပိုင်းက ဂိုးသွင်းခြေလုံးဝမငြိမ်ပါဘူး။ ဒါကြောင့် ဆောက်သမ်တန်တို့ အနိမ့်ဆုံး သရေရမယ်။

### ဆန်းဒါးလန်း - ဆွမ်ဆီး ည ၈း၃၀ (၁၃-၅-၁၇)

ဆန်းဒါးလန်းက တန်းဆင်းရဖို့ သေချာနေတဲ့အသင်းဖြစ်ပါတယ်။ နောက်ဆုံးပွဲမှာ ဟားလ်ကိုအနိုင်ရခဲ့တာမှန်ပေမယ့် ခြေစွမ်းအရ အသာရယူနိုင်မှုမရှိခဲ့ပါဘူး။ ဒီပွဲမှာလည်း ဆန်းဒါးလန်းတို့ အိမ်ကွင်းဖြစ်နေတာကြောင့် အမှားမရှိအောင်ထိန်းကစားလာမှာမှန်ပေမယ့်လည်း ဆွမ်ဆီးက ဒီပွဲအနိုင်ရမှ တန်းမဆင်းရရေး ပိုမိုမျှော်လင့်နိုင်မှာဖြစ်လို့ ခြေကုန်ထုတ်ကစားလာမှာ သေချာနေပါတယ်။ လော်ရန်တီလည်း ဂိုးသွင်းခြေရနေလို့ ဆွမ်ဆီးပဲ အနိုင်ရမယ်။

### စတုတ် - အာဆင်နယ် ည ၁၁း၀၀ (၁၃-၅-၁၇)

စတုတ်ရဲ့အနေအထားက တန်းမဆင်းရဖို့ စိတ်ချလို့ရသွားတဲ့ အခြေအနေဖြစ်နေပါတယ်။ ဒါကြောင့်လည်း စတုတ်အနေနဲ့ အိမ်ကွင်းဖြစ်ပေမယ့်လည်း အမှားအယွင်းမရှိအောင်သာ ထိန်းကစားလာနိုင်ပါတယ်။ အာဆင်နယ်ကတော့ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဒါပေမယ့် အာဆင်နယ်က ကြားရက်မှာ ပွဲကျန်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ အာဆင်နယ် မထင်မှတ်ဘဲအခက်တွေ့နိုင်ခြေရှိနေကာ ကပ်ပြီးသာ အနိုင်ရဖို့ရှိပါတယ်။

### ပဲလေ့စ် - ဟားလ် ညနေ ၅း၃၀ (၁၄-၅-၁၇)

ပွဲကောင်းတစ်ပွဲပါ။ ပဲလေ့စ်အနေနဲ့ ဒီပွဲအနိုင်ရခဲ့မယ်ဆိုရင် တန်းမဆင်းရဖို့ လုံးဝသေချာသွားမယ့် အခြေအနေမှာရှိနေပါတယ်။ ဒါကြောင့်လည်း ပဲလေ့စ်တို့ခြေကုန်ထုတ်လာမှာပါ။ ဟားလ်ကလည်း ဒီပွဲမှာအနိုင်ရခဲ့မယ်ဆိုရင် တန်းတင်ကျန်ရစ်ဖို့ မျှော်လင့်နိုင်မှာဖြစ်တဲ့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းအားနည်းတတ်ပါတယ်။ ဘန်လေ၊ မန်စီးတီးတို့ကိုရှုံးခဲ့ရပေမယ့် ဒီပွဲမှာတော့ ပဲလေ့စ် နိုင်ပွဲရသွားမှာပါ။

### ဝက်စ်ဟမ်း - လီဗာပူး ည ၇း၄၅ (၁၄-၅-၁၇)

ဝက်စ်ဟမ်းက တန်းမဆင်းရဖို့အတွက် သေချာသွားပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းဖြစ်နေပေမယ့်လည်း ဝက်စ်ဟမ်းတို့ ခြေကုန်ထုတ်လာဖို့ထက် ထိန်းကစားဖို့သာ များနေပါတယ်။ လီဗာပူးကတော့ ချန်ပီယံလိဂ်ဝင်ခွင့်အတွက်အနိုင်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း လီဗာပူးကလည်း လက်ရှိအချိန်မှာ ဒဏ်ရာရကစားသမားအချို့ကြောင့် တိုက်စစ်ပိုင်း အနည်းငယ်အားနည်းနေပါတယ်။ လီဗာပူး ကပ်ပြီးသာနိုင်မယ်။

### စပါး - မန်ယူ ည ၁၀း၀၀ (၁၄-၅-၁၇)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ စပါးကလည်း လက်ကျန်မျှော်လင့်ချက် အနည်းငယ်အတွက်အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ မန်ယူကတော့ ယူရိုပါလိဂ်ပွဲတွေကြောင့် ပွဲပန်းမှုတွေရှိနေသလို အသင်းမှာ ဒဏ်ရာရကစားသမားတွေလည်း များနေပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း မန်ယူအနေနဲ့ အမှားမရှိအောင်သာ ထိန်းကစားဖို့ရှိလာနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ စပါးတို့မထင်မှတ်ဘဲ အခက်တွေ့နိုင်ကာ အနိုင်ရခဲ့မယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ခက်ခဲလွန်းပါတယ်။

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၂**
ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု အောင်ရာကျေးရွာ အမှတ်(၉၅)နေ စိုးဝင်းနှင့် အမှုမှကွင်းဆက်တရားခံ စိုင်းမွန်ဆိုင်း(ခ)စိုင်းအောင်မွန်း(ခ)ရှမ်းကြီးအား မေ ၁၀ ရက်က လုံးခင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မေ ၉ ရက်က ဖမ်းဆီးခဲ့ပြီး ဖားကန့်မြို့နယ် လယ်ပြင်ကျေးရွာရှိ ၎င်း၏နေအိမ်ကိုရှာဖွေရာ ညီဖြစ်သူ စိုင်းအိုက်ဆိုင်းအား တွေ့ရှိရပြီး ဘိန်းဖြူအလေးချိန် သုည ဒသမ ၃၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ နှင့် မြန်မာငွေကျပ်သိန်း ၄၀ တို့ကို လည်းကောင်း။

အလားတူ မေ ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ နမ့်စန်-တောင်ကြီးသွားကားလမ်း ပွန်ချောင်းတံတားအနီးတွင် မောင်ငြိမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် မုန်ခန်ထွယ်မောင်းနှင်ပြီး နေလင်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူအလေးချိန် သုည ဒသမ ၃၀၈ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**စိုင်းမွန်ဆိုင်း (ခ) စိုင်းအောင်မွန်း (ခ) ရှမ်းကြီးနှင့် စိုင်းအိုက်ဆိုင်း (ခ) အောင်ပြည့်တို့နှစ်ဦးအား သိမ်းဆည်းရမိသည့် ဘိန်းဖြူ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

# သံတွဲမြို့နယ်၌ စက်လှေတစ်စင်း နစ်မြုပ်

**နေပြည်တော် မေ ၁၂**
သံတွဲမြို့နယ် စလူကျွန်းကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်တွင် မေ ၁၁ ရက် နံနက် ၁၀ နာရီခန့်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လှေပေါ်ပါ နွားအချို့မှာ စလူကျွန်းကျေးရွာအနီးရောက်ရှိလာရာမှ ကျောက်ကြီးနယ်မြေစခန်းမှလုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပင်လယ်ကမ်းစပ်တွင် နွားအထီး ငါးကောင်အား တွေ့ရှိခဲ့ရပြီး နစ်မြုပ်သွားသည့်စက်လှေနှင့်ပတ်သက်၍ ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# သထုံတွင် မီးပလပ်ခုံအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**သထုံ မေ ၁၂**
မွန်ပြည်နယ် သထုံမြို့ ဘင်လှိုင်ရပ်ကွက် ရန်ကုန်-ဘားအံကားလမ်းနံဘေး ကညနရုံးလမ်းထောင့်ရှိ တက်နေဝန်းသမဝါယမအသင်းလီမိတက် အဆောက်အအုံနှင့် အသင်းမှငှားရမ်းထားသည့် ဆိုင်ခန်းသုံးခန်းတို့တွင် မေ ၁၂ ရက် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်က မီးပလပ်ခုံအပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘင်လှိုင်ရပ်ကွက် ကညနရုံးလမ်းထောင့်ရှိ တက်နေဝန်းသမဝါယမအသင်းရုံး အဆောက်အအုံရှိ မီးပလပ်ခုံ အပူလွန်ကဲပြီး အဆောက်အအုံအား မီးကူးစက်လောင်ကျွမ်းခဲ့ရာမှ နံဘေးရှိ အသင်းမှငှားရမ်းထားသည့် ဆိုင်ခန်းသုံးခန်းအား မီးကူးစက်ခဲ့ရာ လူနှင့်တိရစ္ဆာန်တို့ ထိခိုက်မှု မရှိဘဲ ဆိုင်ကယ်တစ်စီး အပါအဝင် ငွေကျပ်နှစ်သိန်းဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သထုံခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်ရာသို့ သထုံခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြင်ထွန်း ဦးဆောင်၍ သထုံခရိုင်အတွင်းရှိ မီးသတ်ယာဉ်ငါးစီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# အမြန်လမ်းတွင် ယာဉ်တိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၂**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ အမှတ် (၃) လမ်းဆုံအနီး မိုင်တိုင်အမှတ် (၄/၄) နှင့် (၄/၅) အကြား နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ဖြိုးဝင်း မောင်းနှင်လာသော Nissan Dump Truck မော်တော်ယာဉ်သည် ယနေ့ ညနေ ၅ နာရီခွဲက ရှေ့ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းမပေါ်သို့ တိမ်းမှောက်ပြီး မီးလောင်ကျွမ်းခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်ယာဉ်မောင်းပါသုံးဦးစလုံး ဒဏ်ရာ(မစိုးရိမ်ရ)ရရှိသွား၍ အမှတ် (၃) အမြန်ရဲစခန်းပိုင် မော်တော်ယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**
**ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**

## မီး သတိပြု

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/5463၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ပဲခူး။**

### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ တင်ဒါပယ်ဖျက်ခြင်း

၁၂-၅-၂၀၁၇ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ ၂၄ကော်လံ ၃နှင့် ၄တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ ဂျိုးဖြူပိုက်လိုင်း၏ပိုက်ဒေါက်များ အစားထိုးတည်ဆောက်ခြင်းလုပ်ငန်း၊ ဂျိုးဖြူရေလှောင်ကန် ရေယူအဆောက်အဦအပေါ်ပိုင်းအား Carbon Fiber ဖြင့် Structural Strengthening လုပ်ငန်းနှင့် ဂျိုးဖြူပိုက်လိုင်းဘေး မြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်းနိုင်ရန် ကြော်ငြာ၍ ဖိတ်ခေါ်ခဲ့ပါသည်။

သို့ရာတွင် ဂျိုးဖြူပိုက်လိုင်းမှာ ဂျိုးဖြူရေလှောင်ကန်မှ ရေကို ရန်ကုန်မြို့တော်အတွင်းသို့ တစ်ရက်လျှင် ရေဂါလန်(၂၇)သန်း ပေးပို့ဖြန့်ဝေလျက်ရှိသော ပိုက်လိုင်းဖြစ်သည့်အတွက် ရန်ကုန်မြို့တော်သို့ နေ့စဉ်ရေပေးဝေမှုတွင် အဟန့်အတားမဖြစ်စေရန်နှင့် အသေးစိတ်ပြန်လည်ဆန်းစစ် စီမံဆောင်ရွက်နိုင်ရန်အတွက် အထက်ဖော်ပြပါ တင်ဒါဖိတ်ခေါ်ခြင်းအား ပယ်ဖျက်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

### အမည်မှန်

မိတ္ထီလာမြို့-ပြည်သာယာ(မ)ပိုင်း၊ အမက(၁၅၁)စတုတ္ထတန်းအောင် မောင်လင်းလက်ဗိုလ်၏ အမည်မှန်မှာ မောင်လင်းလက်ဗိုလ်ဖြစ်ကြောင်း ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းကျော် ဖြစ်ပါသည်။

### မိခင်အမည်မှန်

သာစည်မြို့နယ်၊ ယင်းမာပင်၊ အထက(ခွဲ)ဒသမတန်းမှ မသဇင်လှိုင်၏ မိခင်အမည်မှန်မှာ မလှလှဝင်း [၉/သစန(နိုင်)၁၆၃၉၉၈] ဖြစ်ပါသည်။
မလှလှဝင်း
[၉/သစန(နိုင်)၁၆၃၉၉၈]










### အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING AMBER V.14 သင်္ဘောသည် ၁၃-၅-၂၀၁၇ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၃၉၁၊ ၂၃၀၁၃၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အထက(၂) အခြေခံပညာအထက်တန်းကျောင်း၊ ပဥ္စမတန်းမှ မောင်သြရသ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း [၁၂/သဃက(နိုင်)၁၂၆၆၄၆] ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဝင်း**

### ပျောက်ဆုံး

ကျွန်တော် မောင်ထင်လင်းအောင် [၁၀/ကထန(နိုင်)၁၀၁၃၉၂] ၏ (Passport-No)မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၁၁၃၅၀၉၄**

### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ် ဒီဇယ်ဆီ/ဘီလပ်မြေ/သံချောင်းလုံးများကို အိတ်ဖွင့်တင်ဒါအမှတ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့်ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သည့် ဒီဇယ်ဆီ၊ ဘီလပ်မြေ၊ သံချောင်းလုံးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပြည်နယ် | ပစ္စည်းအမျိုးအစား | | |
|---|---|---|---|---|
| | | ဒီဇယ်ဆီ(ဂါလန်) | ဘီလပ်မြေ(တန်) | သံချောင်း(အရွယ်စုံ) (တန်) |
| ၁။ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၆၆၉၀ | ၁၈၈၉. ၈၀ | ၄၂. ၀၂၅ |
| ၂။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၃၅၀၀ | ၄၆၅. ၀၀ | - |
| ၃။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၇၁၀၀ | ၁၆၀. ၀၀ | - |
| | စုစုပေါင်း | ၂၇၂၉၀ | ၂၅၁၄. ၈၀ | ၄၂. ၀၂၅ |

(က) တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန် - ၂၉-၅-၂၀၁၇မှ ၂-၆-၂၀၁၇ရက်ထိ
- နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်ကြီးမြို့။

(ဂ) တင်ဒါလျှောက်လွှာပိတ်ရက် - ၅-၆-၂၀၁၇ရက်၊ မွန်းတည့် ၁၂နာရီ

(ဃ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် - ၇-၆-၂၀၁၇ရက်၊ နံနက် ၉း၃၀နာရီ

၂။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၏ ဖုန်း(၀၈၁-၂၁၂၁၁၄၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**



*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို အပတ်စဉ် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# တစ်စိတ်ဝမ်းတစ်လက်ညီ ပြည်ရေးကိုပြိုင်တူချီတော့

မောင်စာဂ



"ကျွန်တော်တို့အစိုးရက တိုင်းပြည်အကျိုးအတွက် ရည်ရွယ်ထားတဲ့မူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်မှုကို ရေးရှုတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ပေါ်ပေါက်ရေးနှင့် ပြည်သူအများစုရဲ့ လူနေမှုဘဝများတိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့နေရာမှာ ကျွန်တော်တို့ကိုရွေးချယ်ပြီး တာဝန်အပ်နှင်းခဲ့တဲ့မဲဆန္ဒရှင်ပြည်သူများကလည်း မိမိတို့နေရာကဏ္ဍအသီးသီးက ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွန်တော်တို့ရဲ့ချို့ယွင်းချက်များကို ဝေဖန်ထောက်ပြခြင်း၊ လုပ်ဆောင်သင့်တာတွေကို အကြံပြုလမ်းညွှန်ခြင်းစတဲ့နည်းလမ်းတွေနဲ့ ဆက်လက်တက်ကြွစွာ ဝိုင်းဝန်းပါဝင်ပေးကြဖို့ အလေးအနက်ပန်ကြားလိုပါတယ်" ဤသည်မှာ ၁၇-၄-၂၀၁၆ ရက်နေ့နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးသဝဏ်လွှာမှ ကောက်နုတ်ချက်ဖြစ်သည်။

"ဒီမိုကရေစီအစိုးရဆိုတာ ထာဝရမဟုတ်ပါဘူး။ အစဉ်အမြဲနိုင်ငံကို အုပ်ချုပ်သွားဖို့မဟုတ်ပါဘူး။ အစဉ်အမြဲငါတို့သာ တော်တယ်၊ ငါတို့လောက်တော်တဲ့သူဘယ်သူမှမရှိဘူးဆိုပြီးတော့ ရပ်တည်သွားဖို့မဟုတ်ပါဘူး။ ဒီမိုကရေစီအစိုးရဆိုတာဟာ အနိစ္စတရားကိုအမြဲပဲသုံးသပ်နေရမှာဖြစ်ပါတယ်။ ကျွန်မတို့ဟာမမြဲခြင်းဆိုတဲ့နိုင်ငံရေးသဘောတရားအရ အစိုးရရဲ့အခြေအနေဟာပြည်သူလူထု ကြည်ဖြူသလောက်ပဲခိုင်မာမယ်ဆိုတာကို လက်ခံတယ်။ ပြည်သူတွေအနေနဲ့ ကျွန်မတို့အစိုးရကို သေသေချာချာလေ့လာပါ။ ဝေဖန်သင့်တာလည်းဝေဖန်ပါ။ ကျွန်မတို့နဲ့ ကူညီဆောင်ရွက်ပေးသင့်တာတွေလည်း ကူညီဆောင်ရွက်ပေးကြပါ" ဤသည်မှာ ၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်ဖြစ်သည်။

အစိုးရတစ်ရပ်အနေဖြင့် ဝေဖန်သင့်တာတွေ ဝေဖန်ပါဟု ပြောကြားလာခြင်းကို ပြည်သူများကြိုဆိုကြရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော်ပြည်သူများ၏အဝေဖန်ကိုခံယူရဲသော အစိုးရတစ်ရပ်သည်သာ အစိုးရကောင်းတစ်ရပ်ဟု ခေါ်ဆိုထိုက်သောကြောင့်ဖြစ်သည်။

"တစ်စိတ်ဝမ်းတစ်လက်ညီ၊ ပြည်ရေးကိုပြိုင်တူချီတော့၊ ပြည်တော်မြတ်ပွဲတင်သံ၊ ဘဝင်တိုင်ညံပါရော့"။ ဤသည်မှာ ကဗျာဆရာကြီး ဆရာဇော်ဂျီ၏ "ရွှေးခေတ်ပုဂံပြည်" ကဗျာမှစာပိုဒ်ငယ်ကလေးတစ်ခုဖြစ်သည်။ ကဗျာတစ်ပုဒ်လုံး ယနေ့တိုင် အမှတ်ရလျက်ရှိသည်။ ခေတ်အဆက်ဆက်ပြည်သူနှင့်အစိုးရတို့ လိုက်နာကျင့်သုံးအပ်သည့် နီတိတစ်ရပ်ဟုဆိုနိုင်ပါမည်။

**ဝေဖန်မှုဆိုသည်မှာ**

မိမိနားလည်ထားသမျှတို့ကို ရှင်းရှင်းနှင့် လိုရင်းကိုသာပြောရလျှင် ဖြစ်ပျက်စဉ်တစ်ခု၊ ကြောင်းခြင်းရာတစ်ရပ်၊ အခြေအနေတစ်စုံတစ်ခုအပေါ်၊ မှန်၏မှား၏၊ ကောင်း၏ဆိုး၏၊ သင့်၏မသင့်၏၊ လျော်ကန်၏ မလျော်ကန်၏ စသည် စသည်ဖြင့် သုံးသပ်ဆင်ခြင်၍မိမိ၏သဘောထားကို ထုတ်ဖော်ထောက်ပြခြင်းဖြစ်သည်။

**ဝေဖန်မှုအသွင်အမျိုးမျိုး**

ဝေဖန်ရုံနှင့်မပြီးသေး၊ ဝေဖန်မှုနှင့် တစ်ဆက်တည်း ယှဉ်တွဲပြီးအသွင်အမျိုးမျိုးတွေ့ရတတ်သည်။ ကဲ့ရဲ့ခြင်း၊ ရှုတ်ချခြင်း၊ ပြစ်တင်ခြင်း၊ ပုတ်ခတ်ခြင်း၊ တိုက်ခိုက်ခြင်း၊ ထောက်ပြခြင်း၊ အကြံပြုခြင်း၊ ချီးမွမ်းခြင်းနှင့် ထောပနာပြုခြင်းစသည် စသည်တို့ဖြစ်သည်။ အသွင်အမျိုးမျိုးတွင် ခြုံ၍ကြည့်လိုက်ပါက အပျက်သဘောအသွင်ဝေဖန်ခြင်းနှင့် အပြုသဘောအသွင်ဝေဖန်ခြင်းဟူ၍ နှစ်မျိုးတွေ့ရှိရသည်။

**အပျက်သဘောအသွင်ဝေဖန်ခြင်း**

ဖြစ်စဉ်၊အကြောင်းခြင်းရာ၊ အခြေအနေတစ်ရပ်အပေါ် အကြောင်းနှင့်အကျိုး၊ အကျိုးနှင့်အကြောင်း ဆက်စပ်ဆင်ခြင်သုံးသပ်မှုမပြု၊ မဇ္ဈိမပဋိပဒါနည်းကျကျမဟုတ်ဘဲ ကောင်းကျိုးထက်ဆိုးပြစ်ကိုသာကြည့်ပြီး တစ်ဘက်စွန်းရောက်ကာ ဆင်ခြင်မှုပြုသည်။ ရှုထောင့်တစ်ဖက်တည်းကိုသာကြည့်သည်။ မမှန်သည့်ဘက်ကို ရွေးရှုသည်။ အဆိုးဘက်ကိုဦးတည်သည်။ ဤကဲ့သို့ဖြင့် ဝေဖန်ကဲ့ရဲ့ခြင်း၊ဝေဖန်ရှုတ်ချခြင်း၊ ဝေဖန်အပြစ်တင်ခြင်း၊ ဝေဖန်ပုတ်ခတ်ခြင်း၊ ဝေဖန်တိုက်ခိုက်ခြင်းတို့သည် အပျက်သဘောဝေဖန်ခြင်းဟု ဆိုထိုက်၏။ တစ်နည်းအားဖြင့် အဆိုးမြင်ဝေဖန်ခြင်းလည်းဖြစ်သည်။

**အပြုသဘောအသွင်ဝေဖန်ခြင်း**

ဖြစ်စဉ်၊ အကြောင်းခြင်းရာ၊ အခြေအနေတစ်ရပ်ရပ်အပေါ် အကြောင်းနှင့်အကျိုး၊ အကျိုးနှင့်အကြောင်း ဆက်စပ်ဆင်ခြင်သုံးသပ်မှုပြုသည့် မဇ္ဈိမပဋိပဒါနည်းကျကျ အစွန်းတရားနှစ်ပါးကိုရှောင်ရှားသည်။ ရှုထောင့်ပေါင်းစုံမှနေ၍ ဆင်ခြင်သုံးသပ်မှုပြုသည်။ အမှန်ဘက်ကိုရွေးရှုသည်။အကောင်းဘက်ကို ဦးတည်သည်။ ဤကဲ့သို့ဖြင့် ဝေဖန်ထောက်ပြခြင်း၊ ဝေဖန်အကြံပြုခြင်း၊ ဝေဖန်ထောပနာပြုခြင်း၊ ဝေဖန်ချီးမွမ်းခြင်းတို့သည် အပြုသဘောဝေဖန်ခြင်းဟု ဆိုထိုက်၏။ တစ်နည်းအားဖြင့် အကောင်းမြင်ဝေဖန်ဖြင်းလည်းဖြစ်သည်။

**ကဲ့ရဲ့ရှုတ်ချခြင်းနှင့် ချီးမွမ်းထောမနာပြုခြင်း**

လူ့ဘောင်လောကပုထုဇဉ်တို့ဘဝကဲ့ရဲ့ရှုတ်ချဖို့ဆိုလျှင်ဝန်မလေးကြ။ ကဲ့ရဲ့ရှုတ်ချဖို့အကြောင်း ပေါ်လာသည်နှင့်ကဲ့ရဲ့ချင်ကြသည်။ ရှုတ်ချချင်ကြသည်။ နှမ်းစေ့ကလေးမျှလောက်ကို ပြည်တောင်းကြီးလောက်လုပ်ချင်ကြသည်။

ချီးမွမ်းထောမနာပြုဖို့ဆိုလျှင်ကားဝန်လေးနေတတ်ကြသည်။ချီးမွမ်းထောမနာပြုဖို့ အကြောင်းပေါ်လာသည်နှင့် နှုတ်ဆိတ်နေတတ်ကြသည်။ ချီးမွမ်းထောမနာစကားများမဆိုချင်ကြ။ မုဒိတာတရားများမပွားနိုင်ကြဖြစ်တတ်ကြသည်။

ကဲ့ရဲ့ခြင်းကို ဓမ္မပဒအပိုဒ် ၂၂၇ ကဤသို့ဆိုပါ၏

"ကဲ့ရဲ့ခြင်းသည် ရှေးရိုးအစဉ်အလာပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှ ဖြစ်သည်မဟုတ်။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏။ များစွာဟောပြောသူကိုလည်း ကဲ့ရဲ့ကုန်၏။ နှိုင်းချိန်၍ပြောသောသူကိုလည်း ကဲ့ရဲ့ကုန်၏။ လောက၌ အကဲ့ရဲ့လွတ်သောသူမည်သူမျှမရှိပေ။"

**မဟာစည်ဆရာတော်ဘုရားကြီးက ဤသို့မိန့်ကြားဖူးသည်**

"လူတွေကသူများအပြစ်ဆိုရင် သိမ့်ကဲ့ရဲ့တတ်ကြတယ်။ချီးမွမ်းဖွယ်ဆိုရင် မချီးမွမ်းချင်ကြဘူး၊ ကဲ့ရဲ့ပြီဆိုမှဖြင့်လည်း သာသာထိုးထိုးပဲ။ ချီးမွမ်းတယ်ဆိုရင် လျှော့လျှော့ပေါ့ပေါ့ပဲ။

အကဲ့ရဲ့ခံရရင် . . . . .။ မိမိမှာချို့ယွင်းချက်ရှိ၊ မရှိဆင်ခြင်ကြည့်မယ်။ချို့ယွင်းချက်ရှိရင် ပြင်သင့်ပြင်ပြီးစိတ်အေးလက်အေးနေရုံပါပဲ။

ချို့ယွင်းချက်မရှိဘဲ ကဲ့ရဲ့တာဆိုရင်တော့ ဂရုစိုက်စရာမလိုပါဘူး။ မြတ်စွာဘုရားတောင် မကြည်ညိုတဲ့သူတွေက ကဲ့ရဲ့သေးတာပဲ။

**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးမှ ဤသို့မိန့်ကြားဖူးသည်**

တိရစ္ဆာန်တွေကကြိုက်ရင်ကြိုက်သလိုလုပ်တယ်။ မကြိုက်ရင်မကြိုက်သလိုတိုက်တယ်။ ကြိုက်တိုင်းလည်း မလိုက်ပါနဲ့။ မကြိုက်တိုင်းလဲ မတိုက်ပါနဲ့။ ကြိုက်တိုင်းသာလိုက်နေရင်၊ မကြိုက်တိုင်းသာ တိုက်နေရင် တို့တစ်တွေလူမဖြစ်သေး။

၁၁-၄-၂၀၁၇ ရက်နေ့ထုတ် ပြည်ထောင်စုနေ့စဉ်တွင်ပါရှိသည့် စာရေးသူ သူရထိုက်၏ ဝေဖန်ပြစ်တင်ကဲ့ရဲ့ခြင်းများ"ဆောင်းပါးမှ ကောက်နုတ်ဖော်ပြသည်။

**အစိုးရအပေါ်ဝေဖန်ခြင်း**

အစိုးရအပေါ် ဝေဖန်ပြောဆိုခြင်းကိုဥပဒေက ခွင့်ပြုပေးထားသည်။ မည်ကဲ့သို့ ဝေဖန်ပြောဆိုရပါမည်နည်း။ ဤသည်ကိုလည်းသိရှိထားဖို့လိုအပ်ပါမည်။ ဥပဒေပြဋ္ဌာန်းချက်ကို အလွယ်တကူ နားလည်သိရှိအောင်ဖော်ပြပါမည်။

အစိုးရကိုပြည်သူတွေက မုန်းထားလာအောင်၊ မလေးစားလာရအောင်၊ မေတ္တာပျက်လာရအောင် လှုံ့ဆော်ခြင်းတစ်စုံတစ်ရာမပြုလုပ်ဘဲနှင့်မည်သူမဆို

(က) အစိုးရ၏ဆောင်ရွက်မှုအစီအစဉ်ကို ဥပဒေနှင့်ညီသော နည်းဖြင့်ပြောင်းလဲပြုပြင်စေရန် ရည်ရွယ်လျက် ထိုဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ဝေဖန် ပြောဆိုခြင်းသည် ပြစ်မှုမမြောက်ပါ။

(ခ) အစိုးရ၏ စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုကို သို့မဟုတ် အခြားဆောင်ရွက်မှုကို သဘောမကျကြောင်း ထုတ်ဖော်ဝေဖန်ပြောဆိုခြင်း ပြစ်မှုမမြောက်ပါ။

အထက်ဖော်ပြပါ နည်းလမ်းများအတိုင်းမဟုတ်ဘဲ အစိုးရအပေါ် ပြည်သူတွေ မုန်းထားလာအောင်၊ မလေးစားအောင်၊ မေတ္တာပျက်အောင်ဆိုပြီး စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့် ဖြစ်စေ၊ ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြစ်စေ ပြုလုပ်မည် သို့မဟုတ် အားထုတ်မည် သို့မဟုတ် လှုံ့ဆော်မှု ပြုမည်ဆိုလျှင် ထိုပြုလုပ်မှုသည် အစိုးရကို အကြည်ညိုပျက်အောင် ပြုသည့် ပြုလုပ်မှုကို ကျူးလွန်ရာရောက်ပါသည်။ (ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄ -က)

ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၄ ကပြဋ္ဌာန်းချက်တွင် ပါရှိသောမေတ္တာပျက်စေခြင်းဆိုသော စကားရပ်တွင် သစ္စာမဲ့ခြင်းနှင့် အငြိုးထားသောစိတ်လည်း ပါဝင်သည်ဟူ၍ ရှင်းလင်းထားသည်။

"အစိုးရ" ဆိုသည်မှာ ပြည်ထောင်စုနိုင်ငံတော်တစ်ဝန်းလုံးတွင် မည်သည့်အရပ်၌မဆို ဥပဒေအရ အုပ်ချုပ်မှုအာဏာ ရရှိသောသူတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ဆိုလိုကြောင်း ယင်းဥပဒေပုဒ်မ ၁၇ က အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ရာဇသတ်ကြီးဥပဒေကို အင်္ဂလိပ်တို့က အိန္ဒိယနိုင်ငံအတွက် ပြဋ္ဌာန်းပေးခဲ့သည်။ အိန္ဒိယရာဇသတ်ကြီးဥပဒေဟု ခေါ်ဆိုခဲ့သည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်အုပ်စိုးသည့်အခါ ဤအိန္ဒိယရာဇသတ်ကြီးဥပဒေကို မြန်မာနိုင်ငံတွင်လည်း ကျင့်သုံးခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်အခါ လိုအပ်သည့်ပုဒ်မများကို ပြင်ဆင်ဖြည့်စွက်၍ ရာဇသတ်ကြီးဥပဒေအဖြစ်နှင့် ယနေ့တိုင်ကျင့်သုံးနေဆဲဖြစ်သည်။

ဆိုလိုချင်သည့် အဓိကအချက်မှာ ဖော်ပြခဲ့သောပုဒ်မ ၁၂၄-က ဖြစ်သည့် အစိုးရကိုအကြည်ညိုပျက်အောင်ပြုမှုပြဋ္ဌာန်းချက်ကို အိန္ဒိယနိုင်ငံတွင် ယနေ့ထိပင် လိုက်နာကျင့်သုံးလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် ဒီမိုကရေစီနိုင်ငံကြီးအဖြစ် နှင်ပေါင်းများစွာကတည်းက ကျင့်သုံးလာသည့် နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည်။

**ဓမ္မဝတ်နှင့်လောကဝတ်၊ ကျင့်ဝတ်နှင့်နှစ်ဖြာလိုက်နာပါ**

ဝေဖန်ကြပါဆိုလျှင်တော့ ဝေဖန်ကြပေတော့မည်။ ဝေဖန်ကြတော့မည်ဆိုလျှင် အစိုးရ၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များအပေါ် သေသေချာချာလေ့လာကြရပါမည်။ ဝေဖန်မှုပြုကြသည့်အခါတွင် ဓမ္မဝတ်ဖြစ်သည့် မပြုသင့် မပြုထိုက်သော ဝေဖန်မှု၊ ပြုသင့်ပြုထိုက်သော ဝေဖန်မှုမျိုးကို ခွဲခွဲခြားခြားသိနားလည်ထားကြရမည်။ လောကဝတ်ဖြစ်သည့် လိုက်နာရမည့် ဥပဒေပြဋ္ဌာန်းချက်များတွင်ပါရှိသည့် ရှောင်ရမည့်ဝေဖန်မှုများ၊ ဆောင်ရမည့်ဝေဖန်မှုမျိုးကို ရှင်းရှင်းလင်းလင်းသိနားလည်ထားကြရပါမည်။

အပျက်သဘောဝေဖန်ခြင်းဖြင့် ပြည်သူများအတွက် ကောင်းကျိုးချမ်းသာများ မဖြစ်ထွန်းနိုင်။ အပြုသဘောဝေဖန်ခြင်းဖြင့်သာ ပြည်သူများအတွက် ကောင်းကျိုးချမ်းသားများရရှိနိုင်မည်။ လမ်းကြောင်းမှန်မှ ယိမ်းယိုင်တိမ်းစောင်းခြင်းမရှိစေဘဲ အစဉ်သဖြင့်တည့်မတ်နေစေရန် ထိန်းညှိပေးနိုင်ပေလိမ့်မည်။

အစိုးရက ပြည်သူနှင့်အတူဆိုပါလျှင် ပြည်သူတို့ကလည်း ပြည်သူတို့၏အစိုးရနှင့် အတူတစ်စိတ်တစ်ဝမ်းတစ်လက်ညီ ပြည်ရေးကိုပြိုင်တူချီလို့ နိုင်ငံတော်နှင့်ပြည်သူတို့၏ကောင်းကျိုးချမ်းသာများကို သယ်ပိုးထမ်းရွက်ကြရန် တာဝန်ရှိပါသည်။

အပျက်သဘောရှောင်၍ အပြုသဘောဆောင်နိုင်ကြပါစေ။

> "အပျက်သဘောဝေဖန်ခြင်းဖြင့် ပြည်သူများအတွက် ကောင်းကျိုးချမ်းသာများ မဖြစ်ထွန်းနိုင်။ အပြုသဘော ဝေဖန်ခြင်းဖြင့်သာ ပြည်သူများအတွက် ကောင်းကျိုးချမ်းသားများရရှိနိုင် . . .
> အစိုးရက ပြည်သူနှင့်အတူဆိုပါလျှင် ပြည်သူတို့ကလည်း ပြည်သူတို့၏အစိုးရနှင့် အတူတစ်စိတ်တစ်ဝမ်းတစ်လက်ညီ ပြည်ရေးကိုပြိုင်တူချီလို့ . . ."

# ခန္တီးတာပေါင်ပေါ်မှ အဆောက်အအုံများနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ အရေးယူသွားမည်ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ပြောကြား



**ခန္တီး မေ ၁၂**

ခန္တီးမြို့အား ချင်းတွင်းမြစ်ရေကြီးမှုမှ ကာကွယ်နိုင်ရေး တည်ဆောက်ထားသော တာပေါင်ပေါ်တွင် တည်ဆောက်ထားသော အဆောက်အအုံများနှင့် ချင်းတွင်းမြစ်အတွင်းသို့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများကို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးစိုက်ရာမြို့ကြီးများဖြစ်သော စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကသာ၊ ကလေးနှင့် ခန္တီးမြို့တို့တွင် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် သန့်ရှင်းသာယာလှပရေးနှင့် မြို့အင်္ဂါရပ်များ ပြုပြင်ခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိရာ ချင်းတွင်းမြစ်ကမ်းဘေးရှိ ခန္တီးမြို့သည်လည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းက မြို့ခြောက်မြို့မှာ ပြည်ပခရီးသွားလုပ်ငန်းနဲ့ ဧည့်သည်တွေကို ဆွဲဆောင်နိုင်ဖို့အတွက် မြို့အင်္ဂါရပ်နဲ့အညီ သန့်ရှင်းသာယာလှပရေး၊ လမ်းတွေ၊ ဈေးတွေ၊ အထင်ကရနေရာတွေကို ဖော်ထုတ်ပြီး ပြုပြင်တည်ဆောက်ရေးတွေ လုပ်ဆောင်နေတယ်။ အဲဒီအထဲမှာ ခန္တီးမြို့လည်း အပါအဝင်ဖြစ်တယ်။ လမ်းတွေကောင်းမွန်ပြီး သန့်ရှင်းသာယာလှပဖို့လိုတယ်။ မြို့ရဲ့အထင်ကရနေရာတစ်ခုဖြစ်တဲ့ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ တာပေါင်ပေါ်က အဆောက်အအုံတွေ ခွင့်ပြုချက်မရဘဲ တည်ဆောက်တာတွေရှိတယ်။ နောက်ပြီး မြစ်အတွင်းကို စည်းကမ်းမဲ့အမှိုက်စွန့်ပစ်တဲ့သူတွေကိုလည်း အရေးယူသွားမယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မေ ၁၁ ရက် မွန်းလွဲပိုင်းက ခန္တီးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေးစဉ် ပြောကြားခဲ့သည်။

ခန္တီးမြို့ရှိ ချင်းတွင်းမြစ်ရေတားတာပေါင်တစ်လျှောက်တွင် သန့်ရှင်းသာယာလှပရေး၊ အားကစားလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာများ၊ အပန်းဖြေရန်နေရာများကို တည်ဆောက်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ပထမတန်းသင်ရိုးသစ်ဆွေးနွေးပွဲ သင်တန်းဆင်းပွဲ ကျင်းပ



**ကျောက်မဲ မေ ၁၂**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော ပထမတန်းသင်ရိုးသစ် ဆွေးနွေးပွဲသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၁နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပညာရေးမှူး ဒေါ်ခင်ညိုညိုက ဆွေးနွေးပွဲသင်တန်းသို့တက်ရောက်နေကြသော ဆရာ၊ ဆရာမများသည် သင်တန်းကာလအတွင်း မိမိတို့သင်ယူတတ်မြောက်ထားသည့် ဘာသာရပ်အလိုက် သင်ရိုးသစ်များကို ကျရာဒေသများတွင် ကလေးများအတွက် စေတနာထားသင်ကြားပြသပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းမှူး ဆရာကြီးဦးအုန်းသန်းက သင်တန်းဆိုင်ရာ သုံးသပ်ချက်များကိုလည်းကောင်း၊ နည်းပြဆရာမကြီး ဒေါ်သင်းသင်းလှိုင်က သင်တန်းအတွေ့အကြုံများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ သင်တန်းသားများကိုယ်စား သီပေါမြို့နယ်မှ ဆရာကြီးဦးရွှေမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ယင်းနောက် သင်တန်းသား၊ သင်တန်းသူများက တေးသရုပ်ဖော်အကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲ သင်တန်းကို ဧပြီ ၂၆ ရက်မှ မေ ၁၁ ရက်အထိ ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များမှ ဆရာ၊ ဆရာမ ၁၆၄ ဦးတို့ ဆွေးနွေးသင်တန်းတက်ခဲ့ကြကြောင်း သိရသည်။

**ကျောက်မဲ(ခရိုင်ပြန်/ဆက်)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတက်ရောက်

**ဟားခါး မေ ၁၂**

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၉ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လမ်းညွှန်အမှာစကားပြောကြားရာ၌ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ဦးစီးဌာနရှိ ဝန်ထမ်းများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ကြရာတွင် အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် မြို့ပြများဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ချင်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၄၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးဆိုင်ရာ နည်းစနစ်များကို နားလည်သဘောပေါက်လာစေရန် သင်တန်းပို့ချ

**ဆော မေ ၁၂**

ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးဆိုင်ရာ နည်းစနစ်များကို နားလည်သဘောပေါက်လာစေရန် ရည်ရွယ်၍ မြို့နယ်နည်းပညာအကြံပေးအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုခြောက်အုပ်စုမှ ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကိုယ်စားလှယ် အမျိုးသား ၉၉ ဦး၊ အမျိုးသမီး ၁၀၄ ဦး စုစုပေါင်း ၂၀၃ ဦးတို့အား ဧပြီ ၃၀ ရက်မှ မေ ၈ ရက်ထိ ပို့ချပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်း (Community Driven Development CDD) မှ ကျေးရွာများရှိဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး ကိုယ်စားလှယ်များအား ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးဆိုင်ရာ နည်းစနစ်များကို နားလည်သဘောပေါက်လာစေရန်နှင့် ကျေးရွာများမှ အကြံပြုစာများလက်ခံရရှိလာပါက စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်စေရန်ရည်ရွယ်၍ ယင်းသင်တန်းအား ပို့ချရခြင်းဖြစ်ကြောင်း သိရသည်။ **မြတ်သူရိန်**




**မန္တလေး မေ ၁၂**

ခြင်ကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆွေးနွေးပွဲကို မေ ၁၁ ရက် မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်စိုးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့တော်စည်ပင်သာယာ ဒုတိယအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာတင့်ဝေက မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွား၍ ခြင်ကျားကိုက်ခြင်းကြောင့် ကူးစက်သည်။ မြန်မာနိုင်ငံတွင် အသက်သုံးနှစ်မှ ရှစ်နှစ်အရွယ်များတွင် အများဆုံးဖြစ်ပြီး မိုးရာသီတွင် အများဆုံးဖြစ်ပွားသည်။ ကလေးများနှစ်ရက်မှ ခုနစ်ရက်ခန့် အပြင်းဖျားပြီး ပျို့ခြင်း၊ အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်သည်။ ဖျားနေစဉ် သုံးရက်မှ ငါးရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ပိုးလောက်လန်းဘဝတွင် သုတ်သင်ရှင်းလင်းမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်မည်။ အိမ်တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့တိုင်းတွင်ပိုးလောက်လန်းနှိမ်နင်းရေး လုပ်ငန်းများ ပြည်သူများအားလုံး တစ်ပြိုင်နက်ဆောင်ရွက်ရမည်ဖြစ်သည်။

**သီဟကိုကို(မန္တလေး)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ လုပ်ထုံးလုပ်နည်းများရှင်းလင်းပွဲတက်ရောက်



**ထားဝယ် မေ ၁၂**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအကြား ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ လုပ်ထုံးလုပ်နည်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ပြည်ထောင်စုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများအား ရှင်းလင်းတင်ပြရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများက ၎င်းတို့၏ ရှင်းလင်းဆွေးနွေးချက်များအပေါ် ပြည်လည် ရှင်းလင်းဆွေးနွေး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က ဖြည့်စွက်ဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ မြန်မာ့စာတိုက်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစောထူးသာ၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းကြိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်ဇော်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းမြင့်၊ စက်မှုဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီးပြန်/ဆက်**

# ပအိုဝ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ပေါင်မြို့နယ်အတွင်းရှိဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ



**ပေါင်၊ မေ ၁၂**

မွန်ပြည်နယ် ပအိုဝ်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် မေ ၁၁ ရက် နံနက် ၁၁ နာရီက ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူ ပအိုဝ်တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ကျွန်မတို့လူမျိုးရှိနေတာကို လူတော်တော်များများက မသိကြဘူး။ ဒါကို သိဖို့ ကျွန်မတို့အတူတကွ လက်တွဲပြီး ဖော်ဆောင်ရမယ်။ ကျွန်မတို့လူမျိုးက ရိုးသားပြီး အသိပညာဗဟုသုတနည်းပါးကြတယ်။ ဒါကြောင့် သကြ်ာန်မတိုင်ခင်ကဆိုရင် အလံတရာမှာ ပအိုဝ်မျိုးဆက်သစ် လူငယ်တွေအတွက် ပအိုဝ်စာပေယဉ်ကျေးမှု၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ အထွေထွေဗဟုသုတ သင်တန်းကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ နောင်ကုလားအလယ်ရွာမှာလည်း ဒီသင်တန်းတွေအပြင် စက်ချုပ်သင်တန်းများကိုပါ သင်ကြားပေးနေပါတယ်။ အနယ်အနယ် အရပ်ရပ်မှာရှိသော စာရေးဆရာများကို ဖိတ်ပြီးတော့ ကလေးတွေဗဟုသုတရရှိဖို့အတွက် ဟောပြောပွဲ ပြုလုပ်ပေးနေပါတယ်။ ဒါမှသူတို့လေးတွေ ဗဟုသုတပြည့်စုံပြီး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်မှာပါ" ဟု ပြည်နယ်ဝန်ကြီးက ပြောသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးက "နောက်တစ်ခုက ရွာတွေမှာလိုအပ်နေတဲ့ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး ပြုလုပ်ပေးသွားဖို့ရှိပါတယ်။ ကျန်းမာရေးကိစ္စဆိုရင်လည်း မွန်ပြည်နယ်အတွင်းရှိ ဝေလံခေါင်ပါးသော တိုင်းရင်းသားဒေသမှ ရွာတိုင်းလိုလိုမှာ ဆေးခန်းတွေ၊ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ မရှိကြဘူး။ ဒါကို အဆင်ပြေအောင် ကျွန်မက နိုင်ငံခြားက လူမှုရေးအဖွဲ့အစည်းတွေကို အကူအညီတောင်းပြီးတော့ ရွာမှာရှိတဲ့ အသက် (၂၀) နှစ်နှင့် (၃၅) နှစ်ကြား တစ်ရွာတစ်ယောက်နှုန်းဖြင့် ကျန်းမာရေးဌာနနဲ့ပူးပေါင်းပြီးတော့ ကျန်းမာရေးလုပ်သားအဖြစ် သင်တန်းပို့ချသွားဖို့စီစဉ်ထားပါတယ်" ဟု ပြောပြသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူများက လမ်း၊ တံတား၊ လျှပ်စစ်မီး အစရှိသည့် မိမိတို့ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာဌာနအသီးသီးက ပြန်လည် ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပဲခူး မေ ၁၂**

ပဲခူးမြို့ သီရိဟံသာခန်းမ၌ မေ ၁၂ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှကြီးမှူး၍ ၂၀၁၇ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က အဖွင့်မိန့်ခွန်းပြောကြားပြီး တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးငွေရှိန်က နှုတ်ခွန်းဆက်စကားပြောကြားကာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူထံမှပေးပို့သော သဝဏ်လွှာအား ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဆရာမကြီးဒေါ်ခင်ဝင်းက ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်တွင်ကျင်းပခဲ့သော ဆောင်းပါး(အလွတ်တန်း) ဒုတိယဆုရ တောင်ငူမြို့မှအသင်းဝင် အောင်ခန့်ဖြိုးဝေနှင့် ကဗျာ(အသင်းဝင်တန်း) ပထမဆုရ ရွှေတောင်မြို့နယ်မှ ဒုတပ်ကြပ်အောင်ဘုန်းဝေတို့အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်ကလည်းကောင်း၊ ၂၀၁၆ ခုနှစ်အတွင်း ရေဘေးကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေးတွင် ပါဝင်ကူညီပေးသော မြို့နယ်များအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ သစ်တော၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားအား ကြက်ခြေနီ၏ဖခင်ကြီး လူမှုကရုဏာလုပ်ငန်းများကိုစတင်မွေးဖွားပေးသည့် ဟင်နရီဒူးနန့်မွေးနေ့ဖြစ်သော မေ ၈ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝှမ်းလုံးနှင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ကျင်းပကြပြီး လူမှုကရုဏာလုပ်ငန်း ဆောင်ရွက်နေကြသူများ၊ စေတနာလုပ်အားရှင်များအား ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး၊ သစ်တောသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီများနှင့် ကြက်ခြေနီတပ်ဖွဲ့များ၊ ကင်းထောက်မောင်မယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် မြို့တွင်းရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

**ငါးသိုင်းချောင်း မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့တွင် မေ ၁၁ ရက် နံနက်ပိုင်းက မြို့လုံးကျွတ်သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့ပေါ်ရှိဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက နေအိမ်များရှိ ရေကန်များ၌ အဘိတ်ဆေးခတ်ခြင်းနှင့်ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မြို့မရပ်ကွက်နှင့် ရှေ့ဆောင်ရပ်ကွက်တို့တွင် အိမ်တိုင်ရာရောက် လိုက်လံဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို မေ ၇ ရက်မှစတင်၍ ရပ်ကွက်အလိုက်၊ လမ်းပိုင်းများအလိုက်ဆောင်ရွက်ပေးလျက်ရှိပြီး မေလအတွင်း မြို့လုံးကျွတ်ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ကြောင်း သိရသည်။

ဆက်လက်၍ မိုးရာသီအတွင်းရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ရွှေတောင်လမ်းရှိမြို့တွင်း ပင်မရေထုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကိုလည်း မြို့စည်ပင်သာယာရေးအဖွဲ့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ရှေးဦးအသက်ကယ်အခြေခံ စောင့်ရှောက်ရေးသင်တန်းဖွင့်

**လှိုင်သာယာ မေ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၈) ရပ်ကွက်အတွင်းရှိ အ-လ-က(၁၇) ထခွဲ ကျောင်းဝင်းအတွင်း၌ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့နှင့် လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် သံသရာခရီးသည် လူမှုကယ်ဆယ်ရေးအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအဆင့်မီ ရှေးဦးအသက်ကယ်အခြေခံစောင့်ရှောက်ရေးသင်တန်းကို မေ ၁၁ ရက်နံနက် ၉ နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အမှတ်(၈)ရပ်ကွက် သံသရာခရီးသည် လူမှုကယ်ဆယ်ရေးအသင်းသို့ အရေးပေါ်လူနာတင်ယာဉ်လှူဒါန်းပေးသော Asia Energy ကုမ္ပဏီမှဦးထွန်းထွန်းနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ သင်တန်းကို မေ ၁၁ ရက်မှ ၁၄ ရက်အထိသင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက်ကြောင်းသိရသည်။

**၃၂၉**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာရွေးချယ်ရေးစည်းဝေး

**မှော်ဘီ မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်လက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီသည့် စီမံကိန်းကျေးရွာ ရွေးချယ်ခြင်းကို မှော်ဘီမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မေ ၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြစိမ်းရောင် ကျေးရွာစီမံကိန်း ကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဦးနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထွေးထွေး (မှော်ဘီ)**

# ကရင်ပြည်နယ်မှ အံ့ဩဖွယ်ရာ သဘာဝလိုဏ်ဂူများနှင့် ယဉ်ကျေးမှုအနုလက်ရာများ

သတင်းဆောင်းပါး- စိုးစိုးနိုင်(ကြေးမုံ)၊ ဓာတ်ပုံ-အေးမင်းသူ(ကြေးမုံ)

**(ယမန်နေ့မှအဆက်)**

ကရင်ပြည်နယ်၏ ဒုတိယအရှည်ဆုံး ရသေ့ပုံ့ဂူသည် ကော့ဂွန်းဂူသွားရာလမ်းတွင်တည်ရှိပြီး သံလွင်မြစ် အနောက်ဘက်ကမ်း သံလွင်တံတားမှ ကော့ဂွန်းဂူလမ်း အတိုင်းလည်း သွားနိုင်သည်။ သမိုင်းဆိုင်ရာအချက် အလက်များနှင့် ခေတ်အဆက်ဆက် ယဉ်ကျေးမှုများကို လေ့လာနိုင်သည့် သမိုင်းဝင်ဂူတစ်ခုဖြစ်သည်။ လိုဏ်ဂူ အတွင်း ရှေးဟောင်းနံရံအုတ်ခွက်ဘုရားများရှိသည်။ ရသေ့ပုံ့ဂူအတွင်း အလျားပေ ၈၀၀ ခန့်ရှိပြီး ဂူဝအကျယ်ဆုံး မှာ ပေ ၈၀၊ အမြင့် ပေ ၅၀ ရှိသည်။ ဂူလျှောက်လမ်းအလယ် တွင် အနက်ပေ ၅၀ ခန့်ရှိသော မြေချိုင့်တွင်းနက်ကြီးရှိသဖြင့် အသည်းယားဖွယ်ဖြစ်သည်။ ဂူကြီး၏ဝင်ပေါက်ကို အုတ် လှေကားဖြင့်တက်ရသည်။ ဂူအတွင်းတွင် ၁၉ ရာစုမှ ဘုရားဆင်းတုတော်များကို ပထမဆုံးတွေ့ရသည်။ ကျောက်စက် ကျောက်ခက်များအကြား ဗုဒ္ဓဆင်းတုတော် များ ထုလုပ်ထားသည်မှာ ကြည်ညိုဖွယ်ကောင်းလှသည်။ ၎င်းနောက် အတွင်းဘက်သို့ဆက်ဝင်လျှင် ဉာဏ်တော် အမြင့်ပေ ၄၀ ခန့်ရှိ စေတီတစ်ဆူအား ဂူကြီးအလယ်တွင် တည်ရှိသည်။ အတွင်းဘက်ကိုဆက်ဝင်လျှင် အတွင်းလိုဏ် နှစ်ထပ်၊ သုံးထပ်ဆက်နေသည့် လမ်းအူကြောင်းကို တွေ့ရသည်။ ၎င်းလမ်းအူကြောင်းမှတစ်ဆင့် ဂူ၏တစ်ဖက် အပေါက်ကိုရောက်သည်။ အတွင်းပိုင်းတွင် ဂူနံရံပိုကျယ် လာပြီး ဂူအဝင်ဝမှာကဲ့သို့ ဘုရားဆင်းတုတော်များ မတွေ့ ရပေ။ ဂူကို တိုးလျှိုပေါက်ဝင်လာခဲ့ပြီး ဂူ၏တစ်ဖက် အပေါက်ဘက်တွင် ကျောက်ခက်ပန်းများ အဆုပ်လိုက် ဖြစ်ပေါ်နေ၍ အလွန်လှပသည်။ တရားထူးရသော ရသေ့ တစ်ပါးသည် တောင်ကိုဖောက်၍ ကောင်းကင်သို့ ဈာန်ဖြင့် ပျံတက်သွားခြင်း အကြောင်းများကြောင့် ရသေ့ပုံ့ဂူဟု ခေါ်သည်။ ၎င်းဂူထိပ်ပိုင်းတွင် ယနေ့အထိ ဂူပေါက်ကြီးကို တွေ့ရသည်။



ရသေ့ပုံ့ဂူပေါက်ဝကို လှမ်းတွေ့ရသည့် မြင်ကွင်း။

ကော့ကသောင်ဂူသည် ဘားအံမြို့တောင်ဘက် ခုနစ် မိုင်ခန့်အကွာ ကော့ကသောင်ကျေးရွာအနီးတည်ရှိပြီး ထုံးကျောက်ဂူအမျိုးအစားတစ်ခုဖြစ်သည်။ လိုဏ်ဂူတော် အဝင်မုခ်ဦးမှဝင်လာသည့်အခါ ဝက်ပါတံတိုင်း၊ ဆုတောင်း ပြည့်စေတီ၊ ဘေးမဲ့ရေကန်တို့တွေ့ရှိရပြီး ဂူဝရင်ပြင်တွင် နဂါးရုံဘုရား၊ ရုပ်ပွားတော်အမျိုးမျိုး၊ တံခွန်တိုင်တို့ကို တွေ့ရသည်။ ဂူအတွင်းမှာ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ကျောက်ကပ်ဘုရားများ၊ နဂါးပတ်မီးတိုင်နှင့် ရုပ်ပွားတော်၊ ဘုရားအာရုံပြုနေသော မိကျောင်းနှင့် လိပ်ရုပ်တု၊ ရုပ်တော်မူ ရုပ်ပွားတော်များ၊ ရဲမင်းကြီးဘုရား၊ ဆရာတော် ကျောင်းဆောင်၊ ဓာတ်တော်တိုက်တို့ကိုလှည့်လည်ကြည်ညို နိုင်သည်။

ဝဲပုံ့ဂူသည် သံလွင်မြစ်အနောက်ဘက်ကမ်း ဘားအံ မြို့မှ မိုင် ၄၀ ခန့်အကွာ မိဇိုင်းကျေးရွာအုပ်စု ဝဲပုံ့ကျေးရွာ၌ တည်ရှိသည်။ အမြင့်ပေ ၅၀၀ ကျော်၊ အရှည်လေးမိုင်ကျော် ထုံးကျောက်တောင် အမျိုးအစားဖြစ်သည်။ ဂူတော်မှာ အလျားပေ ၂၀၀ ခန့်၊ အနံပေ ၇၀ခန့်နှင့် အမြင့်ပေ ၃၀ ခန့်ရှိသည်။ ဂူအတွင်း၌အုပ်ခွက်ဘုရားများ၊ နံရံဆေးရေး ပန်းချီလက်ရာများမှာ ကော့ဂွန်းဂူရှိလက်ရာများနှင့်တူညီ မှုရှိ၍ တစ်ခေတ်တည်းပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။

လိုဏ်ကော့ဖျားလိုဏ်ဂူသည် ဘားအံ့မြို့မှ ၁၉ မိုင်ခန့် ဝေးသော ဘားအံ-လှိုင်းဘွဲ့လမ်းမှတစ်ဆင့် မဲဆောင်- နောင်ဖလိန်ရွာမြေလမ်းအတိုင်းမိနစ် ၄၀ ခန့်သွားရသည်။ လမ်းတစ်လျှောက်နောင်သရက်၊ နောင်ဖလိန်ရွာများကို ဖြတ်ကျော်သွားပြီး ရိုးရာကရင်နေအိမ်များ၊ သဘာဝအလှ မပျက်ယွင်းသေးသည့် တောတောင်များကိုလည်း ပုံစံ အမျိုးမျိုးတွေ့နိုင်ပေသည်။ လိုဏ်ဂူပုံစံသည် ဒယ်အိုးကြီး မှောက်ထားသကဲ့သို့တည်ရှိနေပြီး ဂူအတွင်းရှေးလက်ရာ ဘုရားဟောင်း၊ ဘုရားပျက်များ၊ ကျောက်စက်ပန်းဆွဲများ၊ လိုဏ်ဂူအပေါက်များပြားစွာ တွေ့ရသည်။ လူသူအရောက် အပေါက်နည်းပါးသောကြောင့် သဘာဝပုံစံအတိုင်း များစွာတည်ရှိနေသေးသည်။ မိုးတွင်းအခါ ကားဖြင့်သွား မရဘဲ ရေလမ်းမှစက်လှေဖြင့်သာ သွားလာကြရသည်။

လင်းနို့ဂူသည် ဘားအံ့မြို့ သံလွင်တံတားအနီးတွင် တည်ရှိပြီး နိုင်ငံတကာခရီးသွားဧည့်သည်များကြားတွင် အလွန်ရေပန်းစားသည့်နေရာတစ်ခုဖြစ်သည်။ ညနေ နေဝင်ချိန်ရောက်တိုင်း များပြားလှသောလင်းနို့များသည် ကျောက်တောင်ဂူပေါက်မှ ပျံသန်းထွက်ခွာလာပြီး သံလွင် မြစ်ကြောင်းတစ်လျှောက် မုတ္တမပင်လယ်ကွေ့အထိ ပင်လယ်ရေသောက်ဆင်းကြသည်။ ထိုသို့များပြားသည့် လင်းနို့များ ခိုအောင်းပျော်စံရာဂူမျိုးကို လာအိုနိုင်ငံတွင် လည်း တစ်နေရာရှိသည်ဟုသိရသည်။

သာယာရွှေဂူသည် ဘားအံမြို့နယ် မြိုင်ကျေးရွာအနီး လေးဖိုးတောင်တွင် တည်ရှိသည်။ လေးဖိုးဟူသည်မှာ ကရင်ဘာသာစကားဖြစ်ပြီး တောင်ကလေးဟု အဓိပ္ပာယ်ရ သည်။ တောင်အထက်နားတွင် တည်ရှိသည့် တိုးလျှို ပေါက်လိုဏ်ဂူဖြစ်သည်။ ၎င်းတောင်သည် ပေါင်းချောင်အိုး နှင့်တူသောကြောင့် ပေါင်းချောင်အိုးတောင်ဟုလည်း ခေါ်ဆိုသေးကြောင်း သိရသည်။ နောက်ပိုင်းတွင် မြိုင်ကြီးငူဆရာတော်က သာယာရွှေဂူဟု မှည့်ခေါ်စေခဲ့ သည်။ ယခင်က လင်းနို့ချေးများရှိ၍ ဂူအတွင်းသို့ မဝင် နိုင်ကြချေ။ ယခုအခါ လင်းနို့ချေးသည် ထွက်ကုန်တစ်ခု ဖြစ်လာသည့်အတွက် အနံ့အသက်များလည်း ကင်းစင် နေပြီဖြစ်သည်။

ပဒုံ့ဂူသည် လှိုင်းဘွဲ့မြို့နယ် တစ်ခင်းလုံးကျေးရွာ အနီး ကျိုက်ထော်ရေတံခွန်သို့ သွားရာလမ်းတွင်တည်ရှိ သည်။ ပဒုံ့ဂူတည်ရှိမှုမှာ ထူးဆန်းအံ့ဩဖွယ်ကောင်းလှ သည်။ တောင်ပေါ်တက်သည့် လှေကားထစ်များအနီးတွင် တောင်တစ်ဖက်သို့ ပေါက်နေသော လိုဏ်ဂူဖြစ်တည်နေပြီး ဂူအတွင်း ကိန်းဝပ်စံပယ်တော်မူနေသော ဗုဒ္ဓရုပ်ပွားတော် များ၊ ကျောက်သားတောင်ကမ်းပါးတွင် စွဲကပ်နေသော ပျားအုံကြီးများ၊ တောင်ထိပ်မှ ပတ်ဝန်းကျင်ရှိ ရှုခင်းများ စသည့် သဘာဝအလှအပများကို ကြည့်ရှုနိုင်သည်။

ထို့ပြင် ကရင်ပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ် သော ကျိုက်ထော်ရေတံခွန်သည် ဘားအံမြို့မှ မိုင် ၅၀ အကွာ မြိုင်ကြီးငူဒေသတွင်တည်ရှိပြီး ရေတံခွန်၏အလှအပ များကို ခံစားကာ အပန်းဖြေအနားယူနိုင်မည်ဖြစ်သည်။ ဘားအံမြို့မှ ကျိုက်ထော်ရေတံခွန်သွားရောက်လမ်း တစ်လျှောက်ရှိ ရော်ဘာတောကြီးများ၊ ကျောက်သားစိုင် အချွန်အတက်များနှင့် ထီးထီးမားမားကြီးရှိနေသော ကျောက်ဆောင်နံရံများနှင့် သဘာဝရှုခင်းများကို ကြည့်ရှု ခံစားနိုင်သည်။ ဘားအံမြို့မှ မိုင် ၄၀ ခရီးနှင်ပြီး လှိုင်းဘွဲ့ မြို့သို့ ရောက်သောအခါ လမ်းခရီးသည် မြေပြန့်နည်းပါး သွားပြီး မတ်စောက်၍ အကွေ့အဝိုက်များသည့် တောင်တက် ကားလမ်းမှ ၁၀မိုင်ခရီးကို မောင်းနှင်ရသည်။

သံတောင်တောင်စခန်းမြို့သည် ကရင်ပြည်နယ် မြောက်ပိုင်း ဘားအံခရိုင် သံတောင်ကြီးမြို့နယ်အတွင်း တည်ရှိသော်လည်း သီးခြားဖြစ်နေသည်ဟု ထင်ရသည်။ မြို့တော်ဘားအံနှင့် အလှမ်းကွာဝေးလှပြီး မြို့တော်နှင့် ဆက်သွယ်ရာတွင် ပဲခူးတိုင်းဒေသကြီးကို ဖြတ်ကျော်သွား လာရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမှတစ်ဆင့် တောင်ငူမြို့ ကိုဖြတ်ပြီး တောင်ငူမြို့မှ မိုင် ၃၀ ဝေးသော သံတောင် တောင်စခန်းမြို့သို့ သွားနိုင်သည်။ တောင်ငူမြို့လမ်းမကြီး အတိုင်း ၁၃ မိုင်အရောက်တွင် သံတောင်တောင်စခန်းမြို့ သို့သွားသည့် အတက်လမ်းနှင့် အဆင်းလမ်းဟူ၍ လမ်းခွဲ တည်ရှိသည်။ ပေ ၄၄၀၀ ရှည်သော တောင်တက်ကားလမ်း မှတစ်ဆင့် သံတောင်ကြီးမြို့၏ အထင်ကရဖြစ်သော နော်ဘူဘောဆုတောင်းပြည့်တောင်သို့ သွားရသည်။ နော်ဘူ ဘောတောင်ခြေမှ တောင်ထိပ်သို့ အကျယ် ခြောက်ပေ၊ အရှည် ပေ ၅၆၀ ရှိသောလမ်းမှ လှေကားထစ်ပေါင်း ၃၇၄ ထစ်ကို တက်ရမည်ဖြစ်သည်။ ၎င်းဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၈၂၄ ပေရှိရာ တောင်ထိပ်ရောက်သည်နှင့် အေးမြပြီးလတ်ဆတ်သော လေအေးများက ရောက်ရှိလာသော ခရီးသွားဧည့်သည် များကို အမောပြေအောင် ကြိုဆိုနှုတ်ဆက်နေပါ သည်။

သံတောင်ကြီးမြို့ဝန်းကျင်တွင် ပထဝီအနေအထားအရ တောင်ကုန်း တောင်တန်း၊ လျှိုမြောင်ချိုင့်ဝှမ်းများ ပေါများ လှပေသည်။ တောင်ကုန်း တောင်တန်းများအနက် အလွန် မြင့်သော တောင်လေးတောင်ရှိပြီး အမြင့်ဆုံးတောင်သည် ဘွယ်ဟီခိုတောင် (ခေါ်) နော်ဘူဘောတောင်ဖြစ်၍ ၎င်းနှင့် ယှဉ်လျက်မြင်ရသော တောင်သည် ဘွယ်ဟီခို(အစ်မ) တောင်ဖြစ်သည်။ ဘွယ်ဟီခိုတောင်ထိပ်မှ အရှေ့ မြောက်ဘက်သို့ လှမ်းကြည့်လျှင် မြင့်မားရှည်လျားသော ကျောက်တန်းသဖွယ်ဖြစ်နေသည့် ဒေါ်ဖားခိုတောင်ကို မြင်တွေ့ရသည်။ တစ်ဖန် ဘွယ်ဟီခို (အစ်မ)တောင်ထိပ် ပေါ်မှ အရှေ့တောင်ဘက်သို့ ကြည့်လျှင် ကီးကူတောင်ကို လှမ်းမြင်ရသည်။

ဒေါ်ဖားခိုဟူသည် "အခြမ်းကွဲသွားခြင်း" ဟု အဓိပ္ပာယ်ရသည်။ တစ်ချိန်တစ်ခါက ရေလွှမ်းမှုဖြစ်ပွားစဉ် မိသားစုတစ်စုသည် ရေဘေးမှ လွတ်မြောက်ရန် ဖောင်ဖွဲ့ ၍ မျှောနေစဉ် ဖောင်၏ဝါးများသည် ဘွယ်ဟီခိုတောင် ကို ရုပ်တိုက်မိသဖြင့် ရေကြီး၍ မြေပျော့သော အချိန် ဖြစ်သောကြောင့် ဝါးဖောင်ရုပ်တိုက်မိသော နေရာတွင် ချိုင့်ဝှမ်းတစ်ခုဖြစ်ကာ ဘွယ်ဟီခိုတောင်နှစ်ခြမ်းကွဲသွားရာမှ ယခုမြင်တွေ့ရသည့်အတိုင်း နှစ်သစ်ကူးတောင်နှင့် နော်ဘူ ဘောဆုတောင်းပြည့်တောင်တို့ဖြစ်လာသည်ဟု ကရင်လူမျိုး များ၏ သမိုင်းကြောင်းကို လေ့လာသိရှိရသည်။

ဘွယ်ဟီခိုတောင်အနီးဝန်းကျင်၌ ဘွဲ့(ဘွယ်) ကရင် လူမျိုးများနေထိုင်ကြပြီး "ဘွယ်နေထိုင်ရာဒေသ" ဟု အဓိပ္ပာယ်ရသော ဘွယ်ဟီခိုတောင်အဖြစ် တင်စားခေါ်ဝေါ် ခဲ့ခြင်းဖြစ်သည်။ ဘွယ်ဟီခိုတောင်သည် ကီးကူဘုရင်၏ နန်းစိုက်ရာတောင်၊ ရုံးများစိုက်ရာနေရာအဖြစ် ထင်ရှား ခဲ့သည်။ ၎င်းဘွယ်ဟီခိုတောင်ထိပ်နှင့် တောင်နံရံဘေး ဝန်းကျင်၌ ကျောက်အဖြစ် ပြောင်းလဲဖြစ်တည်နေသော ကျောက်ဆင်နှာမောင်း၊ ကျောက်စားပွဲ၊ ကျောက်ကုလား ထိုင်၊ ကျောက်ပုခက်၊ နော်ဘူဘောကို တရားစီရင်ရာတွင် ချည်နှောင်ထားသော နေရာ၊ ရေချိုခန်း စသည်များကို ယနေ့တိုင် ကျောက်သဏ္ဍာန်များအဖြစ် တွေ့မြင်ရပေသည်။ နော်ဘူဘောတောင်မှအပြန် တောင်ငူမြို့မှ ၁၃ မိုင်အကွာ သဘာဝအတိုင်း ကျောက်ဆောင်ကျောက်တုံးများကြား စီးဆင်းနေသည့် အေးမြကြည်လင်နေသော ပသိချောင်း အတွင်း ရေချိုး၊ ရေစိမ်၊ ရေကစားကာ အမောပန်းဖြေနိုင် သည်။


ကရင်ပြည်နယ်အတွင်းရှိ မဟာမဲခေါင်ဒေသခွဲ အရှေ့အနောက် စင်္ကြံလမ်းမကြီးကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ပြီး အရေးပါလှသော အာရှလမ်းမကြီးတစ်ခု အဖြစ် ပေါ်ထွက်လာပြီဖြစ်ရာ ခရီးသွားဧည့်သည်များ လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်သည်။

ပြည်နယ်အတွင်း ရှေးဟောင်းဘုရားဖူးမြော်ခြင်း၊ ဒေသထွက် လက်မှုအနုပညာပစ္စည်းများ ဝယ်ယူခြင်း၊ ဒေသခံလူမျိုးစုများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားရိုးရာ အစားအစာများ စားသောက်ခြင်း၊ ရိုးရာယဉ်ကျေးမှုပြပွဲ များ လှည့်လည်ကြည့်ရှုခြင်း စသည်တို့သည် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ဆွဲဆောင်မှုများပင် ဖြစ်သည်။ ထို့ပြင် မြို့၏ ဂုဏ်ပုဒ်ကို ဖော်ညွှန်းပေးနေသည့် မြစ်သံလွင် ၏ ပုံရိပ်ကို ပေါ်လွင်ထင်ဟပ်စေမည့် သာယာလှပသော ရှုခင်းများကိုလည်း သံလွင်တံတားပေါ်မှ ကြည့်ရှုခံစားနိုင် သည်ဟု ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။



သာယာလှပသည့် ကျိုက်ထော်ရေတံခွန်။

# မိုင်လီဆိုင်းရပ်စ်ရဲ့တေးသီချင်းသစ် စတင်ထုတ်လွှင့်




ကျော်ကြားတဲ့ ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်က လတ်တလောမှာတော့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ ထုတ်လွှင့်ခဲ့တဲ့ မိုင်လီဆိုင်းရပ်စ်ရဲ့ တေးသီချင်းဟာ "Malibu" လို့အမည်ရပြီး ယင်းတေးသီချင်းဟာ အချစ်သီချင်းချိုချိုလေးတစ်ပုဒ်ဖြစ်တာကို တွေ့ရပါတယ်။ ဒါ့အပြင် ယင်းတေးသီချင်းဟာ မိုင်လီရဲ့ လက်ရှိချစ်သူ မင်းသား လီယမ်ဟမ်းစ်ဝ့ါသ်ကို ရည်ရွယ်ရေးဖွဲ့ထားတဲ့ တေးသီချင်းဖြစ်တယ်လို့လည်း မီဒီယာတွေက ဝေဖန်ခဲ့ကြပါတယ်။

"Malibu" တေးသီချင်းရဲ့ တေးဗီဒီယိုမှာတော့ မိုင်လီဆိုင်းရပ်စ်ဟာ ယခင်ထုတ်လွှင့်ခဲ့ပြီး တေးသီချင်းအချို့မှာကဲ့သို့ ပူလောင်တဲ့ အပြင်အဆင်မျိုးတွေကို မတွေ့ရဘဲ အေးချမ်းတဲ့အရောင်ဖျော့ဖျော့တွေကို ရွေးချယ်ဝတ်ဆင်ထားကာ သဘာဝရှုခင်းတွေနဲ့ အလှတွေကို အလေးပေးရိုက်ကူးထားတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

တေးအယ်လ်ဘမ်သစ်အတွက် အမည်ကို လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးပေမယ့် ပြီးခဲ့တဲ့ မေ ၁၁ ရက်က ထုတ်လွှင့်ခဲ့တဲ့ "Malibu" ဟာတော့ ယခင်က ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်ရဲ့ တေးသီချင်းတွေနဲ့မတူဘဲ တစ်မူထူးခြားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် ယင်းတေးသီချင်းဟာ မိုင်လီဆိုင်းရပ်စ်ရဲ့ လက်ရှိချစ်သူ လီယမ်ဟမ်းစ်ဝ့ါသ် နေထိုင်ရာ မလီဘူးလ်မြို့အကြောင်းနဲ့ သူတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းတွေအကြောင်း ရေးဖွဲ့ထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး မိုင်လီဆိုင်းရပ်စ် ကိုယ်တိုင်ရေးသားထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် မိုင်လီဆိုင်းရပ်စ်ဟာ တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းအချို့ကိုလည်း ကိုယ်တိုင်ရေးသားစပ်ဆိုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့အပြင် မိုင်လီဆိုင်းရပ်စ်ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ဟီလာရီကလင်တန်အကြောင်း ရေးသားစပ်ဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်နဲ့ လုပ်ငန်းခွင်ပေါ်က အမျိုးသမီးတစ်ယောက်အကြောင်းကို ရေးသားစပ်ဆိုထားတဲ့ တေးသီချင်းတစ်ပုဒ်လည်း ပါဝင်နေတာဖြစ်ပါတယ်။ ဟီလာရီကလင်တန်အကြောင်း ရေးသားထားတဲ့ တေးသီချင်းပါဝင်တာကြောင့် တေးအယ်လ်ဘမ်သစ်ဟာ နိုင်ငံရေးနဲ့ပတ်သက်တဲ့ သီချင်းတွေများစွာ ပါဝင်နေတာမျိုးမဟုတ်ဘဲ အချစ်အကြောင်းတွေသာ လွှမ်းမိုးနေတဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်တယ်လို့လည်း သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်ဟာ လာမယ့် မေ ၂၁ ရက်မှာ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မှာ ကျင်းပသွားမယ့် တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboard Music Awards" ဆုပေးပွဲကြီးမှာ "Malibu" တေးသီချင်းကို ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# အကြင်နာတရားကြီးမားတဲ့ ကမ်ဆိုးဟွန်

လူငယ်သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ခြေချခဲ့ပြီး လတ်တလောမှာတော့ အောင်မြင်တဲ့ ခေါင်းဆောင်မင်းသမီးတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်တဲ့ တောင်ကိုရီးယားမင်းသမီး ကမ်ဆိုးဟွန်ဟာ သူ့ရဲ့အလုပ်အပေါ်မှာ ကြိုးစားအားထုတ်မှု၊ ကြင်နာတတ်တဲ့အပြုအမူတွေကြောင့် အပြုသဘောဆောင်တဲ့ ဝေဖန်မှုတွေကို ရရှိနေတာဖြစ်ကြောင်း အမ်ဝေ့မ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ကမ်ဆိုးဟွန်ဟာ သူခေါင်းဆောင်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ် "Ruler: Master of the Mask" ကို ရိုက်ကူးခဲ့တာဖြစ်ပြီး ရိုက်ကွင်းပေါ်မှာ ကမ်ရဲ့ အပြုအမူတွေကြောင့် ယခုလိုမီဒီယာတွေရဲ့ ချီးကျူးဝေဖန်မှုတွေကို ရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ကမ်ဆိုးဟွန်ဟာ ကြင်နာတတ်တဲ့ နှလုံးသားကို ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ကြောင်း သက်သေပြခဲ့တဲ့ ဖြစ်ရပ်တစ်ခုဟာလည်း အဆိုပါ ရုပ်ရှင်ရိုက်ကွင်းပေါ်မှာ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ ဒါကတော့ ကမ်ဆိုးဟွန်ဟာ ရာသီဥတုဆိုးရွားကာ ရေခဲမတတ် အေးနေတဲ့အချိန်မှာ ဖျားနာနေတဲ့ ကလေးတစ်ယောက်ကို ကြင်ကြင်နာနာနဲ့ ဂရုစိုက်မှုတွေကို ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ကမ်ဆိုးဟွန်ဟာ အအေးဒဏ်ကို ဂရုမစိုက်ဘဲ သူပါဝင်သရုပ်ဆောင်ရမယ့် ဇာတ်ဝင်ခန်းမှာ ပြောဆိုရမယ့်စာသားတွေကို မရမချင်း အလွတ်ကျက်မှတ်ကာ မောပန်းဟန်လည်း လုံးဝမရှိခဲ့တာကြောင့် အလုပ်အပေါ် ကမ်ဆိုးဟွန်ရဲ့ အလေးအနက်ထားကာ ကြိုးစားအားထုတ်မှုတွေကို မီဒီယာက ချီးကျူးခဲ့တာဖြစ်ပါတယ်။

ကိုယ်တိုင် ကြိုးစားအားထုတ်သလို ကမ်ဆိုးဟွန်ဟာ သူ့ရဲ့ ဂျူနီယာမျိုးဆက်သစ် လူငယ် သရုပ်ဆောင်လေးတွေကိုလည်း သရုပ်ဆောင်ခြင်းနဲ့ပတ်သက်တဲ့ အကူအညီတွေနဲ့ အခြားအကူအညီတွေကိုပေးကာ အလေးထားဆက်ဆံကြောင်းလည်း သိရပါတယ်။ တစ်ခါကလည်း ကမ်ဆိုးဟွန်ဟာ သူဝတ်ဆင်ထားတဲ့ လက်အိတ်ကို သူနဲ့အတူတွဲဖက်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ကလေးတစ်ဦးကို ပေးခဲ့ကာ ကလေးငယ်တစ်ဦးအတွက် ရာသီဥတုဟာ အေးလွန်နေတာကြောင့် စိုးရိမ်တဲ့အတွက် ကူညီခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် ကမ်ဆိုးဟွန်ဟာ ရိုက်ကွင်းနားတဲ့အချိန်တွေမှာလည်း ကလေးသရုပ်ဆောင်လေးတွေနဲ့ စကားစမြည်ပြောရင်း အမြဲအားပေးလေ့ရှိပြီး ရုပ်ရှင်ရိုက်ကွင်းမှာနဲ့ ရိုက်ကူးရေးလုပ်ဆောင်နေစဉ်အတွင်းမှာ ပိုမိုသက်တောင့်သက်သာ ဖြစ်စေဖို့နဲ့ စိတ်သက်သာစေဖို့အတွက် အမြဲကူညီလေ့ရှိကြောင်းလည်း သိရပါတယ်။

အခြားသော တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ ကမ်ဆိုးဟွန်ဟာ သရုပ်ဆောင်လုပ်ငန်းမှာသာမက ရုပ်ရှင်ထုတ်လုပ်ရေးအပိုင်းမှာလည်း အကောင်းဆုံး အင်ဂျင်နီယာတစ်ဦးအဖြစ် ပါဝင်ကူညီခဲ့ကြောင်းလည်း သိရပါတယ်။

ကမ်ဆိုးဟွန်ရဲ့ တောက်ပတဲ့အပြုံးဟာ ရာသီဥတုဒဏ်ကိုတောင် မေ့သွားစေကာ မြင်ရသူအပေါင်းကို သူနဲ့အတူ လိုက်ပါပြုံးရယ်စေနိုင်တာ အသေအချာပင်ဖြစ်ကြောင်းလည်း ချီးကျူးဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ကမ်ဆိုးဟွန်ဟာ တောင်ကိုရီးယားကြယ်ပွင့်တွေအတွက် နမူနာသရုပ်ဆောင်ကောင်းတစ်ဦးဖြစ်ကာ အလုပ်လုပ်ရာမှာလည်း ငွေကြေးတစ်ခုတည်းကိုသာ မကြည့်ဘဲ သက်တောင့်သက်သာဖြစ်ဖို့နဲ့ ရုပ်ရှင်တစ်ကားကို ကောင်းမွန်စွာ အဆုံးသတ်သွားနိုင်ရေးအတွက် အလေးပေးလုပ်ဆောင်လေ့ရှိတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တယ်လို့လည်း သိရပါတယ်။



အေးပြည့် - စုစည်းရေးသားသည်

# စတင် စစ်မှုထမ်းဆောင် နေပြီဖြစ်တဲ့ လီမင်ဟို




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုဟာ သူ့ရဲ့စစ်မှုထမ်းကာလတွေကို စတင်ထမ်းဆောင်နေပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၂ ရက်မှာတော့ လီမင်ဟိုဟာ ယခင်က ထုတ်ဖော်ပြောကြားခဲ့တဲ့အတိုင်း သူ့ရဲ့စစ်မှုထမ်းဆောင်ခြင်းကို စတင်ခဲ့ပြီဖြစ်ပါတယ်။ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ လီမင်ဟိုဟာ သူ့ရဲ့စစ်မှုထမ်းကာလ နှစ်နှစ်တာရဲ့ ပထမတစ်နှစ်တာကိုတော့ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကို လုပ်ဆောင်သွားမှာဖြစ်ပြီး ကျန်တစ်နှစ်တာမှာတော့ အခြေခံစစ်ပညာရပ်တွေကို လေ့ကျင့်သင်ယူသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒါ့ကြောင့် လီမင်ဟိုဟာ မေ ၁၂ ရက်ကစတင်ပြီး သူ့ရဲ့ လူမှုဝန်ဆောင်မှုလုပ်ငန်းတွေကို တောင်ကိုရီးယားရဲ့ အထင်ကရဒေသတစ်ခုဖြစ်တဲ့ ဂန်းနန်းခရိုင်အတွင်း စတင်လုပ်ဆောင်နေပြီဖြစ်တယ်လို့လည်း သိရပါတယ်။ ဂန်းနန်းဒေသမှာ တစ်နှစ်တာ တာဝန်ထမ်းဆောင်ပြီးနောက်မှာတော့ စစ်ရေးလေ့ကျင့်ရေးသင်တန်းကျောင်းမှာ ပြောင်းရွှေ့ထမ်းဆောင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လီမင်ဟိုအနေနဲ့ ဒီလိုလူမှုဝန်ဆောင်မှုလုပ်ငန်းတွေကို ထမ်းဆောင်ရတာဟာ သူ့ရဲ့ယာဉ်တိုက်မှုအတွင်း ရရှိခဲ့တဲ့ဒဏ်ရာတွေကြောင့် ဖြစ်ပါတယ်။ လီမင်ဟိုဟာ ပြီးခဲ့တဲ့ ၂၀၀၆ ခုနှစ်အတွင်းက SBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ရိုက်ကူးရေးအတွင်း ဖြစ်ပွားခဲ့တဲ့ ကားတိုက်မှုတစ်ခုမှာ ပါဝင်နေခဲ့တာဖြစ်ပါတယ်။ လီမင်ဟိုရဲ့ အောင်မြင်ကျော်ကြားခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ "City Hunter" ရိုက်ကူးနေစဉ် ကားတိုက်မှုဖြစ်ခဲ့တာဖြစ်ပြီး အဆိုပါ ယာဉ်တိုက်မှုကြောင့် လီမင်ဟိုရဲ့ ညာဘက်ပေါင်ရိုးကျိုးခဲ့ကာ ခြေကျင်းဝတ်လည်း ထိခိုက်ခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

နှစ်နှစ်တာ စစ်မှုထမ်းဆောင်မှုအပြီး လာမယ့် ၂၀၁၉ ခုနှစ်အတွင်းမှာတော့ လီမင်ဟိုဟာ ပရိသတ်တွေအရှေ့ အရောက်ပြန်လာနိုင်မှာဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲတက်ရောက်

**မြင်းခြံ မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကန်ဆွယ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲကို မေ ၁၀ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က ရွာလယ်ရှိ ထရန်စဖော်မာရှေ့မှခ်ဦး၌ ပြုလုပ်ခဲ့သည်။

ကန်ဆွယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲ ဖဲကြိုးဖြတ်အခမ်းအနားကို စတင်ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ ဆရာတော် ဦးပညာဇောတ၊ ဒေါက်တာ သီရိဝင်းမြင့်၊ ဒေါက်တာ သူရိန်ဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကန်ဆွယ်ကျေးရွာ မီးလင်းရေးအတွက် စက်ခလုတ်နှိပ်ပြီးဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမြသောင်းက မီးလင်းရေးနှင့်ပတ်သက်သည့်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ကန်ဆွယ်ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးဝင်းက မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်ထံသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို ပေးအပ်ခဲ့သည်။



ကန်ဆွယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လျှပ်စစ်မီးလင်းရေးအတွက် လှူဒါန်းကြသော အလှူရှင်များ၊ ကန်ဆွယ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ကန်ဆွယ်ကျေးရွာတွင် တပ်ဆင်ထားသော 315 KVA ထရန်စဖော်မားဖြင့် လျှပ်စစ်မီတာတပ်ဆင်ပြီးသော အိမ် ၆၃ အိမ်သို့ လျှပ်စစ်မီးများစတင်သုံးစွဲလျက်ရှိကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကျေးလက်နေပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် ချို့ယွင်းပျက်စီးသည့် အဝီစိစက်ရေတွင်းအားပြုပြင်

**ညောင်ဦး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု-မကျီးစောက်ကျေးရွာတွင် ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရန် တူးဖော်ဆောင်ရွက်ပေးထားသည့် အဝီစိစက်ရေတွင်းမှာ မေ ၉ ရက်က ရေတင်ပန့် ချို့ယွင်းပျက်စီးမှုများဖြစ်သွားခဲ့ပြီး ဒေသခံပြည်သူများအတွက် သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသဖြင့် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အပူပိုင်းဇုန် ကျေးလက်ရေရှိရေးစီမံကိန်းရုံးမှ တာဝန်ရှိသူများက မေ ၁၀ ရက်က အဆိုပါကျေးရွာသို့ သွားရောက်ပြီး ချို့ယွင်းပျက်စီးသွားသည့် ရေတင်ပန့်အခြေအနေအား စစ်ဆေးကာ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေပြန်လည်အသုံးပြုနိုင်ရေးအတွက် ကွင်းဆင်းပြုပြင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်းရုံးအနေနဲ့ မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် အမှန်တကယ် သောက်သုံးရေရှားပါးသည့်ကျေးရွာများကို စိစစ်ပြီး အဝီစိစက်ရေတွင်းများ အသစ်တူးဖော်ခြင်း၊ ချို့ယွင်းပျက်စီးနေသည့် အဝီစိစက်ရေတွင်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးပါတယ်။

အခုလည်း မကျီးစောက်ကျေးရွာမှ ဒေသခံကျေးလက်နေပြည်သူတွေ သောက်သုံးရေအဆင်ပြေစေရန် တူးဖော်ဆောင်ရွက်ပေးထားတဲ့ အဝီစိစက်ရေတွင်းက မေ ၉ ရက်က ရေတင်ပန့် ချို့ယွင်းပျက်စီးသွားပြီး ဒေသခံပြည်သူတွေ သောက်သုံးရေအခက်အခဲများနဲ့ ကြုံတွေ့နေရကြောင်းသိရလို့ ကျွန်တော်တို့ အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်းရုံးမှ တာဝန်ရှိသူတွေက အားချင်းလာရောက်ပြီး ပြုပြင်ဆောင်ရွက်ပေးနေတာပါ။ ဒေသခံပြည်သူတွေကလည်း လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါတယ်။ ဒီနေ့ဆိုရင်တော့ ပျက်စီးသွားတဲ့ရေတင်ပန့်ကို အသစ်ပြန်လည်တပ်ဆင်ပြီးမှာဖြစ်တဲ့အတွက် ကျေးလက်နေပြည်သူတွေ အဝီစိစက်ရေတွင်းရေ ပြန်လည်အသုံးပြုခွင့်ရရှိတော့မှာပါ” ဟု ညောင်ဦးမြို့နယ် အပူပိုင်းဇုန် ကျေးလက်ရေရရှိရေးစီမံကိန်းရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဂျပန်အစိုးရ၏ထောက်ပံ့ရေးအစီအစဉ်ဖြင့်တည်ဆောက်သော ရိုးမတံတားဖွင့်

**ပဲခူး မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာနှင့် ဘုံတောကျေးရွာအကြားရှိ ဂျပန်အစိုးရနှင့် ပြည်သူတို့၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့်တည်ဆောက်ခဲ့သော ရိုးမတံတားဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦးတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျပန်သံရုံးအတွင်းဝန် Mr; IWADE Keita က တံတားတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။




ထို့နောက် ရိုးမတံတားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများအား ဂျပန်သံရုံးအတွင်းဝန်မှ ပဲခူးတိုင်းဒေသကြီး စက်မှုလျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းထံ လွှဲပြောင်းပေးအပ်ပြီး တက်ရောက်လာသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ရိုးမတံတားအား စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖြန်းပေးကြသည်။

အဆိုပါတံတားသည် ကျောက်တံခါးမြို့နယ် အင်းပတ်လည်ရွာနှင့် ဘုံတောရွာအကြား ဖြတ်သန်းစီးဆင်းနေသော အိုင်တုံချောင်းအားဖြတ်၍ ဘိုးပိုင်တိုင်နှင့်သံကူကွန်ကရစ်ကြမ်းခင်းအဖြစ် ဂျပန်အစိုးရနှင့် ပြည်သူတို့၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဂျပန်အခြေခံအဆောက်အအုံ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ စီမံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တံတားအရှည် မီတာ ၆၀၊ ယာဉ်သွားလမ်းအကျယ် သုံးမီတာ၊ လူသွားလမ်းအကျယ် ၀ ဒသမ ၆ မီတာ၊ တံတားခံနိုင်ဝန် ခြောက်တန်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# သဘာဝဘေးအရေးပေါ် ခိုလှုံရန် အဆောက်အအုံ ပန္နက်စိုက်ထူ

**လောင်းလုံး မေ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကျောက်ဆင်ကျေးရွာအုပ်စု သဘော့ဆိပ်ကျေးရွာသည် နှစ်စဉ် မိုးရာသီ၌ သဘာဝဘေးအန္တရာယ်နှင့် ထိတွေ့မှုအများဆုံးကျေးရွာဖြစ်သောကြောင့် ယင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းပိုင်မြေအတွင်း သဘာဝဘေးအရေးပေါ်ခိုလှုံရန်အတွက် အဆောက်အအုံတည်ဆောက်ရန် ပန္နက်တိုင်များကို မေ ၁၁ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်စိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စန္ဒီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်သူတို့က စိုက်ထူပေးကြကြောင်း သိရသည်။

အဆိုပါအဆောက်အအုံသည် အလျားပေ ၆၀၊ အနံပေ ၆၀၊ အမြင့် ၂၄ ပေရှိပြီး ရေ၊ မီး၊ အိမ်သာပါ လူဦးရေ ၅၀၀ ဆံ့တည်ဆောက်ရန် တင်ဒါအောင် Dream Wave 7co.Ltd က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၁၆၈ သိန်းဖြင့် တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။

ထိုနောက် ဝန်ကြီးနှင့်အဖွဲ့သည် မောင်းမကန်-မျှော်ရစ်ဘုရားလမ်းရှိ ချောင်းကူးကွန်ကရစ်တံတားအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ ထီးမင်းယဉ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်သည့် ခွင့်ပြုငွေကျပ် ၆၉ ဒသမ ၄၄ သန်းဖြင့် ကရင်ကြီးတံတား (၇၈× ၁၄) ပေ ပြီးစီးမှုအား စံချိန်စံညွှန်းကိုက်ညီမှု ရှိ၊ မရှိ သွားရောက်စစ်ဆေးကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

# ရေစီးရေလာကောင်းမွန်ရေးရေမြောင်းဖောက်လုပ်မှု လုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်

**မြစ်ကြီးနား မေ ၁၂**

မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် ကွက်သစ်အတွင်း နှစ်စဉ် မိုးရာသီတွင် ရေဝင်ရေဝပ်ကာ နေအိမ်များရေနစ်မြုပ်မှုကြောင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် မြင့်မိုရ်ကြယ်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူကာ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းဖောက်လုပ်မှုလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်က ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ရေမြောင်းမှာ မြို့သစ်ကြီးရပ်ကွက်အုပ်စု ဂျန်မိုင်ကောင်းနယ်မြေတံတားမှ မြို့သစ်ကြီးရပ်ကွက်ရှိ အရှည်ပေ ၅၂၀၀ ရှည်လျားကာ ရေမြောင်းမှာတိမ်ကောပြီး ကျဉ်းမြောင်းသဖြင့် မိုးရာသီ၌ ရေစီးဆင်းမှုနှေးကွေးသဖြင့် ရေမြောင်းအတွင်း ညွန်နှင့် အမှိုက်သရိုက်များဆယ်ယူဖယ်ရှားခြင်း၊ ရေမြောင်းအား ချဲ့ထွင်ခြင်းလုပ်ငန်းကို မြင့်မိုရ်ကြယ်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထက်လွင်နှင့် ကွင်းအင်ဂျင်နီယာ ဦးမျိုးမင်းအောင်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိကာ မိုးမကျမီ အချိန်မီပြီးစီးနိုင်ရေး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရိန်စိုး(ကချင်မြေ)**

# အင်းတော်မြို့နယ် မော်လူးမြို့တွင် ရွှေဘို-မြစ်ကြီးနားလမ်းမပေါ်၌ လမ်းများအဆင့်မြှင့်တင်

**မော်လူး မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် ရွှေဘို-မြစ်ကြီးနားသွား ကတ္တရာလမ်းကို လမ်းအထူးဖွဲ့(၉)မှ ကြီးကြပ်တာဝန်ယူ၍ ဒေသခံများနှင့် ရွှေဘို-မြစ်ကြီးနားသို့ကုန်စည်ပို့ဆောင်ကြသည့် မော်တော်ယာဉ်များ ယာဉ်အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာအသုံးပြုနိုင်ရေးအတွက် စဉ်ဆက်မပြတ် လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းများတိုးချဲ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အင်းတော်မြို့နယ် မော်လူးမြို့တွင်းရှိလမ်းပိုင်းမှာ အလွန့်အလွန်ကျဉ်းမြောင်းသည့်အတွက် ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ ဘုရားဖူးယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများ ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်မောင်းနှင်ရာ၌ အခက်အခဲများစွာဖြင့် ကြုံတွေ့နေရဖြင့် ယာဉ်မောင်းသူများ ယာဉ်အန္တရာယ်ဘေးကင်းလုံခြုံစွာမောင်းနှင်နိုင်ရေးအတွက် ယခင်ကတ္တရာလမ်းအကျယ် ၁၂ ပေအစား လမ်းအကျယ် ၁၈ ပေထိ လမ်းဘေးဝဲယာတိုးချဲ့ခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိသည်။

အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းမပေါ် မော်လူးမြို့တွင်း ၁၆၁/၇ နှင့် ၁၆၂/၇(၁) မိုင် Overlay ခင်းကတ္တရာ ထပ်ပိုးလွှာ အမြင့်ပျမ်းမျှ သုံးလက်မထိ လမ်းခင်းဆောင်ရွက်ပြီး မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာမောင်းနှင်နိုင်ရေး အဆင်ပြေစေရန်အတွက် အချက်ပေးအလံပြစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း သိရသည်။

**၆၈၅**

# "အနှိုင်းမဲ့အမေ"

**အေးသန်း(စိန်တုံးကြီး)**

မာတာပိတုဂုဏော အနန္တောဟူ၍ မာတာကျေးဇူးတော်ရှင် မွေးမိခင်နှင့် ပိတုဟူသောကျွေးဖခင်တို့၏ "ဂုဏောဂုဏ်သည် အနန္တောမည်သည့်အခါမျှအဆုံးမရှိ" အလွန်ပင်ကျေးဇူး ကြီးမားလှပေ၏ဟု ဗုဒ္ဓမြတ်စွာဘုရားကဟောကြားတော်မူခဲ့ သည်။

စာရေးသူ ကိုးနှစ်သားလောက်ကပင် ကျေးဇူးရှင်အမေဆုံးသွားခဲ့သည်။ အမေ၏ ကြင်နာယုယမှုများကိုအခြား သူတွေလောက် မခံစားခဲ့ရ၊ အမေကိုလည်း တုန့်ပြန်မေတ္တာ မပေးနိုင်ခဲ့သလို၊ ကျေးဇူးမဆပ်နိုင်ခဲ့သို့ကြောင့်ပင်ဝမ်းနည်း ခြင်း၊ ယူကျုံးမရဖြစ်ရခြင်းတို့ကို ယနေ့တိုင်ခံစားနေခဲ့ရသည်။

### ကိုးလလွယ် ဆယ်လဖွား

အမေသည် သားသမီးတွေအတွက် ကိုးလလွယ်၊ ဆယ်လဖွား အထိ ပဋိသန္ဓေတည်နေစဉ်ကာလအတွင်း မိမိတို့မွေးဖွားလာမည့် သားသမီးများမိခင်ဝမ်းတွင်းမှာပင် အကြောင်းအမျိုးမျိုးကြောင့် ပျက်ဆီးနိုင်သဖြင့် ထိုသို့သောဘေးအပေါင်းမှကာကွယ်ရန် အစားအသောက်၊ အနေအထိုင် သွားလာလှုပ်ရှားမှုကအစ ကြီးစွာပင်ပန်းဆင်းရဲခြင်းဖြင့် အထူးသတိပြုရှောင်ရှားခဲ့ကြရသည်မှာ (၁၀)လ တိုင်တိုင်ပင်ဖြစ်သည်။

အမေတို့သည် မိမိတို့၏သားသမီးလောင်းကလေးများ ထိခိုက်မည်စိုး၍ စားချင်သောအစာကိုပင် မစားရဲ၊ သွားချင်သည်ကိုမသွားရဲ၊ ထိုင်ရာမှထသည်ကိုပင် ဝမ်းထဲမှ ကလေးလှုပ်သွားမည်စိုး၍ အသာအယာထရ၊ ထိုင်ကြရသည်။ မအိပ်ချင်ဘဲအိပ်ကြရသည်။ မစားချင်သောအစားအစာကိုပင် ကလေးကျန်းမာရေး အတွက် ကြိတ်မှိတ်ပြီးမျိုချရသည်။ ဤသည်တို့ပင် အမေတို့သည်မိမိတို့၏သားသမီးများကို မမြင်ရသေးမီ ဗိုက်ထဲရှိစဉ်က တည်းကပင် ကြီးမားသောဒုက္ခများကို စတင်ခံစားနေကြရခြင်း ဖြစ်သည်။

အမေတို့သည် မိမိတို့၏ရင်သွေးငယ်များ လူ့လောကမရောက်မီ ကိုးလလွယ် ဆယ်လစေ့၍ဖွားမြင်ချိန်ရောက်သည့်အခါတွင်လည်း မီးဖွားခန်းထဲတွင်ခြေချော်၊ လက်ချော်ဖြစ်သွားပါက အသက်ပင် ဆုံးရှုံးနိုင်သည်မို့ မိခင်(အမေ)တို့သည် မွေးဖွားခန်းထဲရောက်သည့် အချိန်မှာပင်အသက်ကို ပြင်းပြင်းမရှုရဲကြ၊ ဝမ်းမှကျွတ်၍"အူဝဲ" ဟူသောအသံကိုကြားလိုက်သည်နှင့် မချိမဆန့်ခံစားနေရသောဝေဒနာကိုပင်၊ ဝေဒနာဟုမမှတ်နိုင်ရှာဘဲ အသာပြုံး၍ နှုတ်ချည့်ချည့်ဖြင့်"ဘာလေးလဲ" ဟု မေးရှာသောအမေ၊ ကလေးငိုသံကြားလိုက်သည်နှင့် လျင်မြန်စွာပြေးလာပြီး ပွေ့ပိုက်ကာ သားမြတ်နှစ်ခုကြားဝယ် ကလေးကိုသိပ်၍ နို့ချိုတိုက်ကျွေးခြင်းဖြင့် ကလေးအငိုတိတ်စေခြင်းသည် သားသမီးတွေအပေါ်ထားရှိသည့် အမေတို့၏ သံယောဇဉ်မေတ္တာတရားပင်ဖြစ်သည်။

ဤသည်သာမက အမေတို့သည် နေ့ညမရွေး ကလေးငိုတိုင်းမအိပ်နိုင်၊ မမောနိုင် ရင်ခွင်တွင်ချော့သိပ်ကြရသည်။ မိမိတို့၏ သားသမီးကလေးများ ပြေးလွှားဆော့ကစားအရွယ်ရောက်ပြန်တော့လည်း ရင်သွေးငယ်များနောက် တစ်ကောက်ကောက်လိုက်ကာ မမောနိုင်၊ မပန်းနိုင်စောင့်ရှောက်ခဲ့ကြခြင်းကိုအမေတို့က ဆောင်ရွက်ကြရပြန်သည်။

အမေ(မိခင်) တို့က သားသမီးများအပေါ် ထားရှိသည့် မေတ္တာတရားကြီးမားပုံကို သာဓကပြရသော်ဆုံးနိုင်မည်မဟုတ်၊ သို့သော် စာရေးသူသိရှိလက်လှမ်းမီသ၍ တင်ပြရသော် တစ်ခါက တောစပ်ချုံပုတ်အတွင်းတော ကြက်မကြီးတစ်ကောင် ဥထားသည့်ကြက်ဥများပေါ်တွင် တောကြက်မကြီးဝပ်နေချိန် တောမီးလောင်၍ ချုံပုတ်ကိုမီးစွဲရာ ဝပ်နေသည့်ကြက်မကြီးမှ ထလာပြီး တောက်လောင်နေသည့်မီးကို အတောင်ဖြင့်ခတ်၍ ငြိမ်းသတ်ရန် ကြိုးစားရှာခဲ့သည်။

### မိခင်မေတ္တာကားအံ့ချီးဖွယ်

သို့သော်အားကောင်းလာသည့် မီးကမငြိမ်းသည့်အပြင် ကြက်မကြီး၏အတောင်ပံကိုမီးစွဲ၍ ကြက်မကြီးသေဆုံးခဲ့ရရှာသည်။ ကြက်ဥအတွင်းမှ မမြင်ရ သေးသည့်သားသမီးများအတွက် အသက်အသေခံချစ်ပြသွားသည့် တောကြက်မ၏ မိခင်မေတ္တာကားအံ့ချီးဖွယ်ဖြစ်တော့သည်။ ထို့အတူပင် မိမိ၏သားသမီးကြက်ပေါက်ကလေးများကို စွန်ရဲလာသုတ်သည့်အခါ မနိုင်မှန်းသိပါလျက် အသက်အသေခံ၍ ခုခံကာကွယ်သွားသည့် ကြက်မကြီး၏သတ္တိတို့သည်လည်းကောင်း၊ "လိပ်ဥပျောက်လို့ လိပ်မရှာ၊ သူ့ခမျာ ငိုမဲ့ငိုမဲ့"ဟူသည့် ကဗျာနှင့်အညီ လိပ်မကြီးက ဥထားခဲ့သည့် လိပ်ဥများကိုအဝေးတစ်နေရာမှ မေတ္တာပို့နေကြပြီး လိပ်ဥတူးသူများကလိပ်ဥများယူသွားသည့်အခါ (လိပ်ဥပျောက်သည့်အခါ) မတွေ့တော့သည့်အဆုံး အသေခံသွားသည့်လိပ်မကြီး၏မေတ္တာသည်လည်း မိခင်မေတ္တာသာဓကပြစရာများပင် ဖြစ်တော့သည်။

တိရစ္ဆာန်များတောင်မှ သားသမီးများအတွက် အသက်အသေခံ၍ ချစ်ပြသွားကြသေးသည်ဆိုပါလျှင် အသိဉာဏ်ရှိသော လူသားမိခင် (အမေ) တို့သည် အဘယ်မှာလျှင်မိမိတို့ သားသမီးကို မချစ်ဘဲရှိပါမည်နည်း၊ ရင်နင့်ဖွယ်သာဓကတစ်ခုပြရသော် ၁၃၃၃ ခု (၁၉၇၁-ခုနှစ်) ဝန်းကျင်ကပင်ဖြစ်သည်။ "ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ပြေးဆွဲနေသည့် "တိုးအေး" အမည်ရှိရေယာဉ်နှစ်ထပ်သင်္ဘောသည်နိုင်ငံခြားသင်္ဘောတစ်စင်းနှင့် တိုက်မိပြီးနစ်မြုပ်ခဲ့ရာ လူတော်တော်များများ အသက်ဆုံးရှုံးခဲ့ရသည်။

သင်္ဘောနစ်မြုပ်ပြီး (၁၅) ရက်အကြာတွင် ရေအောက်မှ လူသေအလောင်းများ တဖြည်းဖြည်းပေါ်လာခဲ့သည်။ ပေါ်လာသည့်မြင်ကွင်းကား ကြေကွဲဖွယ်ရာကောင်းလှသည်၊ ရေပေါ်တွင်ပေါ်လာသည့် လူသေအလောင်းများတို့တွင် မိခင်တစ်ယောက်က ရင်သွေးငယ်သားကလေးကို ရင်ခွင်မှာပိုက်၍ ပေါ်လာခြင်းဖြစ်သည်။ သင်္ဘောနစ်မြုပ်ခဲ့စဉ်က မိခင်ဖြစ်သူသာ တစ်ကိုယ်ကောင်းဆန်ပြီး ကူးခတ်ပြေးခဲ့မည်ဆိုပါက လွတ်ကောင်းလွတ်သွားနိုင်ပါသည်။ သို့သော် အမေဖြစ်သူသည် သားငယ်ကိုချစ်သည့်မေတ္တာကြောင့် သူပါရောအသေခံသွားခဲ့ခြင်းဖြစ်သည်။ ဤကြေကွဲဖွယ်ရာ တိုးအေးနစ်မြုပ်ခဲ့သည့် မြင်ကွင်းကို ကဗျာဆရာကြီး သမိန်သောင်းကလည်း ဤသို့ဖော်ကျူးခဲ့ပါ သေးသည်-

**"ဆယ့်ငါးရက်မြောက်၊ ချိန်ခါရောက်မှ**
**ရေအောက်ကပေါ်၊ တိုးအေးပေါ်ဝယ်**
**ညှိုးရော်ကြေကွဲ၊ မိခင်ခွဲကို**
**အသည်းနင့်ဖွယ်မြင်ရသည်။**
**"အရိုးစုမျှ၊ ကြွင်းသော်မှပင်**
**ချစ်လှရင်သွေး၊ သူ့ကလေးအား**
**ထွေးဆဲ ပိုက်ဆဲ၊ ယုယဆဲဟု**
**သဲသဲ မဲမဲပြနေသူ။**
**"ရေစီးကလှုပ်၊ လှိုင်းကပုတ်၍**
**နုပ်သည့်ရေမွှား၊ စားသည့်ရေပိုး**
**အကြောင်းဆိုးလည်း၊ တိုးကာထပ်ကာ**
**မေ့သည်းချာအား၊**
**မကွာမကွဲပိုက်ထွေးဆဲ။**
**"အိုမိခင်...**
**သင်ဘေးကင်းရာ၊ ကူးခတ်ပါ၍**
**လွတ်ရာအဝေး၊ ပြေးနိုင်ပါလျက်**
**မပြေးရက်၍၊**
**အသက်စတေးလိုက်ရော့သလား။**
**"အိုမိခင်...**
**သင်နှင့်အတူ၊ သင်းသည်းအူနှယ်**
**ရည်တူပြည့်သိပ်၊ မိခင်စိတ်ဖြင့်**
**ယိုဖိတ်မေတ္တာ၊ စေတနာကို**
**ခါခါဦးညွှတ်လိုက်ပါ၏ ဟူ၍ပင်ဖြစ်သည်။**

ထို့ကြောင့်အထက်ဖော်ပြပါ တိုးအေးပေါ်မှမိခင် တစ်ယောက်၏ ရင်နင့်ကြေကွဲဖွယ်ဖြစ်ရပ်ကို ထောက်ဆ၍ မိခင်မေတ္တာမည်မျှကြီးမားပုံကို သိရှိနားလည်ကြမည် ဖြစ်သည်။

### အမေ့ကျေးဇူးကို အထူးသိတတ်

သို့ကြောင့်အမေသည် မည်သည့်နေရာတွင်မဆို၊ အစားဝင်နိုင်သော်လည်း သူ့နေရာကိုမည်သူမျှအစားမဝင်နိုင်၊ အမေ့မေတ္တာလိုအစစ်မျိုးကိုမဆိုထားနှင့် အလားတူမေတ္တာပိုင်ရှင်မျိုးကိုပင် မရနိုင်ပါ။ အမေသည်လူသာအိုသည် အမေ့မေတ္တာကအိုသည်မရှိပါ။ အမေသေလျှင် အစားမရနိုင်ပါ။ အသက်ရှိစဉ်မှာပင် အမေ၏ကျေးဇူးကိုဆပ်ကြပါ။ အမေသေမှ နောင်တနှင့် အတူမငိုကြပါနှင့် အမေ၏မေတ္တာ၊ စေတနာ များသည် မရှိမဖြစ် အလိုအပ်ဆုံးအရာဖြစ်၍ အမေများကို တန်ဖိုးထားကြရမည်၊ အမေ့ကျေးဇူးကို အထူးသိတတ်ကြရမည်ဖြစ်သည်။ အမေများရှိစဉ်ကတည်းက ကျေးဇူးဆပ်ဖြစ်အောင်ဆပ်ကြရမည်ဖြစ်သည်။

သို့ပါ၍ အနန္တောအနန္တ (၅) ပါးတွင်တစ်ပါးပါဝင်နေသောအမေသည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရသော "အနှိုင်းမဲ့အမေ"ပင်ဖြစ်ပါတော့သည်။

**(၁၄.၅.၂၀၁၇) ရက်နေ့တွင် ကျရောက်သောအမေများနေ့ကို ဂုဏ်ပြုလျက်)**



## သျှစ်သောင်း၊ ထုက္ကန့်၊ အံတော်သိမ် ဘုရားများ ဗုဒ္ဓပူဇနိယပွဲတော် ပိုမိုစည်ကား

**မြောက်ဦး မေ ၁၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့၏ အထင်ကရ ဖြစ်သည့် (၈၉) ကြိမ်မြောက် သျှစ်သောင်း၊ ထုက္ကန့်၊ အံတော်သိမ် ဘုရားများ ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၈ ရက် မှ မေ ၁၄ ရက်ထိ ကျင်းပလျက်ရှိရာ ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူအများ၊ နိုင်ငံခြားသားဧည့်သည်များ လာရောက်ကြသဖြင့် ယခင်နှစ်ထက် ပိုမိုစည်ကားလျက်ရှိသည်။

မြောက်ဦးမြို့၌ သျှစ်သောင်း၊ ထုက္ကန့်၊ အံတော်သိမ် ဘုရားများ ဗုဒ္ဓပူဇနိယပွဲတော်သည် ရခိုင်ပြည်နယ်အတွင်းရှိ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်များအနက် အထင်ရှားဆုံး လူသိများဆုံးသော ဗုဒ္ဓပူဇနိယဘုရားပွဲတော်တစ်ခုဖြစ်သည်။ ယခုနှစ် ဗုဒ္ဓပူဇနိယဘုရားပွဲတော်၌ ပဋ္ဌာန်းတရားပွဲ၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ ရခိုင်ရိုးရာလောင်း(လှေ) ပြိုင်ပွဲ၊ ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ ရခိုင်ရိုးရာယဉ်ကျေးမှု ကဇာတ်နှင့် ရတနာသန်းအောင် အဆင့်မြင့် ဇာတ်သဘင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိကြောင်း သိရသည်။

"ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကာလတွင် ပွဲတော်သို့လာရောက် ကြသော ဘုရားဖူးလာ ပြည်သူများ၊ နိုင်ငံခြားသားဧည့်သည်များက ချောင်းထဲ၌ သမ္ပန်များ၊ လောင်း(လှေ)များ ပေါ်တွင် တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချစ်ခင်ရင်းနှီးစွာဖြင့် အပြန်အလှန်ရေပက်ကစားကြလေ့ရှိရာ ရခိုင်တိုင်းရင်းသားများ၏ ဒုတိယသင်္ကြန်ပွဲတော်အဖြစ် တင်စားခေါ်ဝေါ်ကြသည်" ဟု စစ်တွေမြို့က ပွဲတော်သို့ ရေကစားရန်ရောက်ရှိလာသူတစ်ဦးက ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မိတ္ထီလာခရိုင်အဆင့် ပထမတန်း သင်ရိုးသစ် သင်တန်းဆင်းပွဲ ကျင်းပ

**မိတ္ထီလာ မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ခရိုင်အဆင့် ပထမတန်း သင်ရိုးသစ် သင်တန်းဆင်းပွဲကို မေ ၁၁ ရက်နံနက် ၉ နာရီက အ-ထ-က (၂) ခန်းမ၌ကျင်းပရာ ခရိုင်ပညာရေးမှူး ဒေါက်တာကျော်လွင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ခရိုင်ပညာရေးမှူး ဒေါက်တာကျော်လွင်က သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် အရည်အသွေးပြည့်ဝသော ပညာသင်ကြားရေးစနစ်အတွက် အရည်အသွေးပြည့်ဝသော ဆရာ၊ ဆရာမများ လိုအပ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စတင်အသုံးပြုမည့် အခြေခံပညာမူလတန်း သင်ရိုးသစ်ကို သင်တန်းဖွင့်လှစ်ပို့ချခြင်းမှာ အခြေခံပညာအရည်အသွေးပြည့်ဝစေရန်အတွက် မြန်မာနိုင်ငံပညာရေးပြောင်းလဲမှု၏ အရေးပါသောဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကြားရုံမြင်ရုံဖြင့် တတ်ကျွမ်းနားလည် သဘောပေါက်မည်မဟုတ်ဘဲ ကိုယ်တိုင်ပါဝင် လေ့ကျင့်သင်ယူပါမှ တတ်ကျွမ်းနားလည်မည်ဖြစ်ကြောင်း၊ သဘောပေါက်ရန်လိုအပ်သကဲ့သို့ မိမိတို့၏တပည့်များကိုလည်း သဘောပေါက်နားလည်ရန် ရှင်းလင်း သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ပညာရေးဌာန၏ အဓိကရည်မှန်းချက် ဖြစ်သည့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေကလေးငယ်များအားလုံး ကျောင်းနေ မြဲရေး၊ အတန်းကူးပြောင်းနှုန်းနှင့် အဆင့်ကူးပြောင်းနှုန်းမြင့်မားတိုးတက်ရေး၊ ပညာသင်ယူတတ်မြောက်မှုနှုန်းတိုးတက်မြင့်မားရေးတို့အတွက် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများက မနောမြေမှတေးသံသာ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

ခရိုင်အဆင့် ပထမတန်း သင်ရိုးသစ် သင်တန်းကို ဧပြီ ၂၆ ရက်မှ မေ ၁၁ ရက် အထိ ဖွင့်လှစ်ခဲ့ပြီး မိတ္ထီလာမြို့နယ်မှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၅၀၊ မလှိုင်မြို့နယ် ၂၈ ဦး၊ သာစည်မြို့နယ်မှ ၃၂ ဦး၊ ဝမ်းတွင်းမြို့နယ်မှ ၂၈ ဦး စုစုပေါင်း ၁၃၈ ဦး တက်ရောက်ခဲ့ကြကြောင်းလည်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ညောင်တုန်းမြို့၌စာပေဟောပြောပွဲကျင်းပ

**ညောင်တုန်း မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့၌ မေ ၁၀ ရက် ည ၇နာရီက သာသနာ့လင်္ကာရကျောင်းကြီးကျောင်းတိုက် ကုဏ္ဍလာရာမသာသနာ့ဗိမာန်တော်ကြီး၌ ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပသည်။

နိုင်ငံတော်ရွှေတံဆိပ်ဆုရ အသံတုရဲမြင့်လေး၊ ရွှေမန်း (အင်းစိန်)၊ ကျေးလက်လမင်း(တွံ့တေး)၊ မျိုးမဟာ (ဥသျှာ)တို့ကဟောပြောခဲ့ကြသည်။ ယင်းဟောပြောပွဲသို့ ညောင်တုန်းမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်အဖွဲ့၊ သတင်းစာဆရာအသင်းမှအဖွဲ့ဝင်များ၊ စာပေချစ်သံဃာတော်နှင့် သီလရှင်ဆရာကြီး ဆရာလေးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

၅၈၇

# လက်တွေ့အသုံးချ ဆေးနည်းတိုများ(၂၄)



ကြည်လွင်မြင့်(မုဒြာ)







**ဆရာရှင့်၊ သင်္ဘောသီးအစိမ်းထဲမှာ ရေနွေးထည့် သောက်တာက အစာအိမ်သမားတွေ ရောဂါပျောက် တယ်ဆိုတာ ဟုတ်ပါသလားရှင့်။ သမီး အစပ်စားရင် ဗိုက်အောင့်တတ်တဲ့ အစာအိမ်သမားပါ။ စားတဲ့အစာမှာ အစပ်လေးနည်းနည်းပါတာနဲ့ ဗိုက်အောင့်တတ်ပါတယ်။ သင်္ဘောသီးရေနွေးသောက်လို့ရတယ်ဆိုရင်လည်း ကြိုသောက်ရမလား၊ နာတဲ့အချိန်သောက်ရမလား ပြောပြပေးပါရှင့်။**

စမ်းသောက်ကြည့်ပါ။ အကျိုးရှိနိုင်ပါတယ်။ ကြိုတင်သောက်ထားတာက ပိုကောင်းပါတယ်။ အစာအိမ်ကောင်းဖို့အတွက် ဖီးကြမ်းငှက်ပျောသီးအမှည့်ကို များများစားပေးပါ။ မီးကင်စားရင်လည်း ကောင်းပါတယ်။ ဖီးကြမ်းအခွံအတွင်းမှာပါတဲ့ အမျှင်လေးတွေက အစာအိမ်နံရံက အချွဲအမြှေးတွေကို အားကောင်းစေပါတယ်။ လေပူကို နိုင်လို့ လေပူကျဆေးကို ဖီးကြမ်းငှက်ပျောသီးအခွံက ထုတ်ပါတယ်။ အစပ်စားရင် ဗိုက်နာတာ အစာအိမ်က လေပူနဲ့ ငရုတ်သီးအစပ် သွားတွေ့လို့ပါ။ သင်္ဘောသီးအမှည့်ကလည်း အစာအိမ်လေပူလှန်တာကို ပျောက်ကင်းစေပါတယ်။ မနက် သင်္ဘော၊ ည ငှက်ပျောလို့ဆိုပါတယ်။ အစာအိမ်ရောဂါဆိုတာ အစာနဲ့ပဲ ကုသရတာပါ။ သင်္ဘောသီးစိမ်းရေနွေးသောက်ရင်လည်း စိတ်ရှည်ရှည်သောက်မှ အကျိုးရှိပါတယ်။ အစာအိမ်ရောဂါဆိုတာ ရေရှည်ဂရုစိုက်ရတဲ့ ရောဂါမျိုးဖြစ်ပါတယ်။

**ဆရာရှင့်၊ ကျွန်မကလေးက နို့စို့အား ကောင်းပါတယ်။ ဒါပေမယ့် ဝမလာဘူး။ ညအိပ်ရင် ကလေးက တလူးလူးနဲ့ လူးလွန့်နေတော့ သန်ကောင်တုတ်ကောင်တွေရှိသလားလို့ စိတ်ပူမိပါတယ်။ ကျွန်မအရင်က တုတ်ကောင်ယားတတ်လို့ သန်ချဆေးကို တစ်နှစ်တစ်ခါ သောက်ဖြစ်တယ်။ ကိုယ်ဝန်နဲ့တုန်းက မသောက်ဖြစ်ပါဘူး။ မွေးပြီးမှ ယားလာလို့ ကလေးကိုလည်း ကူးမှာစိုးရိမ်တာနဲ့ OG ပြပြီး သောက်လို့ရတယ်ပြောလို့ မွေးပြီးနှစ်ပတ်မှာ သောက်လိုက်ပါတယ်။ အိပ်ရာခင်းတွေလည်း အမြဲလျှော်ပါတယ်။ ဒါပေမယ့် ကလေးကို ကူးမှာကိုပဲ စိုးရိမ်နေပါတယ်။ ကလေးက ငယ်သေးတော့ တုတ်ကောင်၊ သန်ကောင် ကာကွယ်ဖို့ ဘယ်လိုဆေးမျိုး တိုက်သင့်ပါသလဲ ဆရာ။**

မုန်ညင်းဆီကို ဇွန်းနဲ့ထည့် မီးကင်ပြီး ကလေးဗိုက်ကို ခပ်နွေးနွေးလိမ်းပေးပါ။ နှမ်းဆီကို ဆားခါး အနည်းငယ်နဲ့ ရောချက်ပြီး အဲဒီဆီကို ကွမ်းရိုးနဲ့တို့ပြီး ကလေး စအိုပေါက်ကို ဝင်အောင် ကလိပေးပါ။ သင်္ဘောသီးအစေ့ကို ရေနွေးစိမ်ထား၊ အအေးခံပြီး ရေကျက်အေးကို ဇွန်းလေးနဲ့တိုက်ပေးရင် တုတ်ကောင် သန်ကောင် သေပါတယ်။ ကလေးအသက် နှစ်နှစ်ကျော်ရင်တော့ သင်္ဘောသီးအစေ့တွေ အခြောက်လှန်း အမှုန့်ကြိတ်ပြီး ကော်ဖီဇွန်းငယ်တစ်ဇွန်းစာ တိုက်ပေးရင်လည်း သန်ကျစေပါတယ်။

**ဆရာရှင့် ကျွန်မနှုတ်ခမ်းထောင့်မှာ ရေယုန်ပေါက်နေပါတယ်။ ကင်းပုံရွက်အရည်တို့ရတယ်ဆိုလို့ ကင်းပုံရွက်ရှာတာ မရပါရှင့်။ တခြားရေယုန်ဆေးနည်းတွေရှိရင် ညွှန်ကြားပေးပါရှင့်။**

လေးညှင်းပွင့်ကို ကျောက်ပျဉ်မှာ ပျစ်ပျစ်လေးသွေးပြီး တို့ပေးပါ။ (တစ်နည်း) ကွမ်းစားတဲ့ ရှားစေးကို ပျစ်ပျစ်လေး သွေးပြီး လိမ်းပေးပါ။ (တစ်နည်း) ကျွန်းသား မီးသွေးစစ်စစ်ကို အမှုန့် ညက်အောင်ထောင်းပြီး အုန်းဆီ ဒါမှမဟုတ် သံပရာရည်နဲ့ဖျော်ပြီး သိပ်ပေးပါ။ (တစ်နည်း) ခွေးတောက်ရွက်ကို မီးကင် အရည်ညှစ်ပြီးတို့ပေးပါ။ (တစ်နည်း) ရဲယိုပင်ရဲ့ အမြစ်ကို အခြောက်ဆိုရင် သွေးပြီးလိမ်းပါ။ အစိုဆိုရင် ထုထောင်းအရည်ညှစ်ပြီး တို့ပေးပါ။ (ရှေးလူကြီးများ ရေယုန်မန်းသောနည်း) ဘုရားမှာ သစ္စာဆိုပြီး ရေယုန်ပေါက်တဲ့နေရာကို လက်နဲ့ထောက်ပြီး "နင်ယုန်၊ ငါ ခွေး၊ နင်ပြေး ငါလိုက်၊ ငါကိုက် နင်သေ" လို့ ကိုးခေါက်ရွတ် ကိုးခါတို့ သုံးရက်ဆက်မန်းရင် ပျောက်တယ်လို့ အဆိုရှိပါတယ်။ ယုံကြည်မှ ပြုလုပ်ပါ။

**ဆရာခင်ဗျာ ကျွန်တော်က တစ်ဆောင်းတွင်းလုံး နှာစေးနေခဲ့ပြီး ဆောင်းအကုန်၊ နွေအကုန်ရောက်တဲ့အခါ နှာခေါင်းအနံ့ကောင်းကောင်းမရဘဲ ဖြစ်လေ့ရှိပါတယ်။ ကြာရင် ထိပ်ကပ်နာဖြစ်မှာ စိုးလို့ ဘယ်လိုပြုလုပ်ရမလဲ အကြံပေး လမ်းညွှန်စေလိုပါတယ်ခင်ဗျာ။**

နှာစေးပြီး နှာရည်အမြဲကျနေခဲ့ရင် အလွယ်တကူနဲ့ သက်သာစေနိုင်တဲ့ နည်းလမ်းကတော့ ဆားငွေ့ရှူတဲ့နည်းပါ။ ဆားငွေ့ရှူတာဟာ နှာခေါင်းအနံ့မရတာကို သက်သာစေပြီး ထိပ်ကပ်နာကလည်း ကာကွယ်နိုင်ပါတယ်။ ပြုလုပ်ပုံကတော့ ဟင်းရည် သောက် ကြွေပန်းကန်လုံးထဲမှာ ပရုတ်ဆီအနည်းငယ်ထည့်ပြီး မီးဖိုချောင်သုံးဆား ဟင်းစားဇွန်း သုံးဇွန်းထည့်ပါ။ ဆူပြီးသား ရေနွေး ဒါမှမဟုတ် ဓာတ်ဘူးထဲက ရေနွေးပူပူလောင်လောင်ထည့်ပါ။ ဦးခေါင်းမှာ တဘက်ပဝါတစ်ထည်ခြုံပြီး ကြွေပန်းကန်ထဲက တက်လာတဲ့အငွေ့ကို ရှူပေးပါ။ အငွေ့နှာခေါင်းထဲရောက်အောင် သေချာရှူပေးပါ။ ပင်လယ်ထဲက ဆားငွေ့ပါတဲ့လေကို ရှူသလိုမျိုး အကျိုးခံစားရပါလိမ့်မယ်။ ဆားငွေ့ဟာ အဆုတ်ကျန်းမာရေးကို ကောင်းစေပါတယ်။ နှာရည်ထွက်ကျတာကို ထိန်းစေတယ်။ လေရှူပြွန်ရောင်တာကို သက်သာစေတဲ့အပြင် ပိုးတွေ ကပ်တွယ်ပေါက်ဖွားတာကနေလည်း ဟန့်တားကာကွယ်နိုင်တယ်။ ဒါကြောင့် ငွေကုန်ကြေးကျနည်းပြီး ဆေးခန်းသွားစရာမလိုဘဲ ဒီနည်းကို နေ့စဉ် မှန်မှန်ဆောင်ရွက်တာနဲ့ အဆုတ်အအေးပတ်တာကနေလည်း ကာကွယ် ပေးနိုင်တယ်လို့ တင်ပြလိုက်ပါတယ်။ (လေဖြတ်ပြီး အိပ်ရာထဲလဲနေရတဲ့ မိဘတွေကိုလည်း ဒီဆားငွေ့ ရှူတဲ့နည်းနဲ့ အဆုတ်ပွချွဲဆိုက်မှုဘေးက ကာကွယ်စေနိုင်ပါတယ်။)

**ဆရာရှင့် ပြီးခဲ့တဲ့ရက်အနည်းငယ်က အအေးပတ်ဖျားပြီး ကတည်းက နောက်စေ့ကနေ ဆုပ်ထားသလို ခေါင်းမူးမူးနေတယ်။ တစ်ချိန်လုံးမူးနေတာပါဆရာ။ အားနည်းတယ်ထင်လို့ အားဆေးသောက်လည်း မထူးပါဘူး။ ကုပ်ပိုးနဲ့ ပခုံးတွေလည်း တောင့်တင်းနေပါတယ်။ အလုပ်ကတော့ ကွန်ပျူတာရှေ့မှာ တစ်နေကုန် ထိုင်ရတဲ့အလုပ်ပါ။ ဆေးနည်းလေး ပြောပြပေးပါဆရာ။**

ဇက်ကျိုးပေါင်းကြောင့် မူးတတ်ပါတယ်။ တတ်ကျွမ်းတဲ့ သမားတော်နဲ့ သေချာပြပါ။ မျက်စိလဲ ဒီကရီ ရှိ-မရှိ စစ်ပါ။ မုန်ညင်းဆီကို မီးနဲ့ချက် နွေးနွေးလေး ဇက်ကြောနဲ့ပခုံးကို လိမ်းပေးပါ။ တစ်နေ့ သုံးကြိမ်လိမ်းပါ။ အကြောပျော့လာပါလိမ့်မယ်။ အနှိပ်မခံပါနဲ့။ အခန့်မသင့်ရင် အကြောညပ်သွားပြီး ရောင်တတ်ပါတယ်။ ဝမ်းမှန်အောင် ညအိပ်ရာဝင်ချိန်တိုင်း မန်ကျည်းမှည့်ဖျော်ရည် သောက်ပေးပါ။ အအေးမိရင် နေ့လယ်မှာ ချင်းသုပ်စားပါ။ ချင်းကိုပဲ သီးသန့် ရှောက်ရည်ညှစ်စားရင် ပိုကောင်းတယ်။ အအေးပတ်မှုတာ ကာကွယ်ပါတယ်။ သက်ရင်းကြီးရွက်နဲ့ ဆားကိုထောင်း ကြပ်ထုပ်ပြုလုပ်ပြီး ရေနွေးအငွေ့ခံပြီး ပခုံးနဲ့ဇက်ကြောမှာ ကြပ်ထုပ်ထိုးပေးပါ။ မိဿလင်ကို အခြောက်လှန်း အမှုန့်ကြိတ် ကြပ်ထုပ်ပြုလုပ်ပြီးထိုးပေးရင် ကျိုးပေါင်းတက်ရောဂါ သက်သာစေနိုင်ပါတယ်။

**ဆရာ ခင်ဗျာ၊ အသည်းအဆီဖုံးရောဂါဆိုတာ ဘယ်လိုကြောင့်ဖြစ်တာပါလဲ။ တိုင်းရင်းဆေးအနေနဲ့ အသီးအရွက်တွေ စားသုံးသင့်ပါတယ်။**

အသည်းအဆီဖုံးရောဂါဟာ အခု ဆယ်စုနှစ်အတွင်းမှာ အလွန်အဖြစ်များလာတဲ့ရောဂါ ဖြစ်တယ်။ အသည်းကို အဆီဖုံးနေရုံပဲ၊ အတွင်းမှာ အကောင်းပဲလို့ ထင်နေသူတွေ ရှိတယ်။ အမှန်ကတော့ အဆီဖုံးနေတဲ့ အသည်းရဲ့ လုပ်ငန်းဆောင်တာတွေ ပျက်ယွင်းပြီး အသည်းတာဝန်ကို ရာနှုန်းပြည့် မထမ်းဆောင်နိုင်တော့ပါ။ အသည်းတာဝန်ဆိုတာကလည်း ခန္ဓာကိုယ်အတွင်းရောက် ရှိလာသမျှ အစားအစာတွေထဲက အဆိပ်အတောက်ကို ဖယ်ရှားပေးရတဲ့၊ သန့်စင်ပေးရတဲ့အလုပ်ပါ။ အဲဒီ တာဝန်တွေကို မထမ်းဆောင်နိုင်တဲ့အခါ ခန္ဓာကိုယ်တွင်းကို အဆိပ်တွေရောက်ရှိလာပြီး ကျန်းမာရေးချို့ယွင်းလာမှာဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်နောက်ပိုင်းမှာ ပိုးကြောင့်ဖြစ်တဲ့ အသည်းရောဂါ (ဘီပိုး၊ စီပိုး) အသည်းခြောက် ရောဂါ၊ အသည်းအဆီဖုံးရောဂါတွေ အဖြစ်များလာပြီး သေဆုံးသူလည်း များပြားလာပါတယ်။

အသည်းအဆီဖုံးရောဂါ ဖြစ်နိုင်သူတွေမှာ -

၁။ တစ်နေ့တခြား ဝဖြိုးလာသူ၊

၂။ အရက်၊ ဘီယာ သောက်သုံးလွန်းသူ၊

၃။ ခန္ဓာကိုယ်တွင်း အဆီဓာတ်များသူ၊

၄။ အထိုင်များသူ၊ အထိုင်များတဲ့အလုပ်ကို နှစ်ကြာလုပ်ခဲ့သူ၊

၅။ လမ်းလျှောက်နည်းသူ၊ လမ်းလျှောက်ဖို့ အချိန်မပေးနိုင်သူ၊

၆။ ဇိမ်ယစ်လွန်းတဲ့သူများ၊

၇။ အဆီအအိမ့်နဲ့ အချိုကြိုက်လွန်းသူတွေ အသည်းအဆီဖုံးရောဂါ ဖြစ်ပွားနိုင်တယ်။

အသည်းအဆီဖုံးရောဂါအတွက် သင့်တော်တဲ့၊ စားသုံးသင့်တဲ့ ဆေးဖက်ဝင်အပင်တွေမှာ -

၁။ ဟင်းဂလာပင်ကို ထမင်းလက်တစ်ဆုပ်လောက်နဲ့ မြေစဥ့်အိုးမှာ သုံးရက်လောက် အချဉ်ထည့်ပြီး ဟင်းဂလာချဉ်ဖတ်အဖြစ် ငါးနဲ့ချက်စားပြီး တို့စရာအဖြစ်စားသုံးပါက အရက်နာကျတာ၊ အသည်းခြောက်တာ၊ အသည်းအဆီဖုံးတာတွေ မဖြစ်စေပါ။ အဲဒီ ဟင်းဂလာပင်ကို ပြုတ်သောက်ပါက ဆီးအတွက် အလွန်ကောင်းတယ်။ ကျွဲ၊ နွားတွေ ဆီးချုပ်တဲ့အခါ အဲဒီအပင်ကို ခုတ်စဉ်းပြီး နွားစာမှာ ရောကျွေးရတယ်။

၂။ ဆေးမြင်းခွာရွက် အရွက်သေးပြီး အရွက်နဲ့ အရိုးတွေမှာ အမွေးနုလေးတွေပါပြီး အရိုးက အနီရောင်နဲ့ အဖြူရောင် နှစ်မျိုးရှိသည်။ အသည်းနဲ့ ကျောက်ကပ်အတွက် ဆေးဖက်ဝင်တယ်။ အဲဒီအပင်ကို နွယ်လိုက်နုတ်ယူပြီး နေရိပ်မှာလှန်း၊ ခြောက်သွေ့တဲ့အခါ နေ့စဉ် ရေနွေးမတ်ခွက် တစ်ခွက်စာမှာ လက်ဖက်ခြောက်ခပ်သလို ခပ်သောက်ပေးပါ။ အသည်းအဆီဖုံးတာကို ကျဆင်းစေနိုင်ပြီး ဆီးကောင်း၊ ဆီးရွှင်ပြီး မျက်စိအားကောင်းစေတယ်။

၃။ ဆီးဖြူသီး-မြန်မာဆေးကျမ်းများစွာမှာ အသုံးပြုပုံပါဝင်ပြီး အနောက်တိုင်း အာဟာရ သုတေသီ တွေက ဗီတာမင်စီအဖြစ် အသိအမှတ်ပြုထားကြတယ်။ အစိမ်းအတိုင်းစားရင် ချဉ်ဖန်ဖြစ်ပြီး သွေးချုပ်၊ လေချုပ် စေတယ်။ အမျိုးသမီးတွေ ဓမ္မတာအချိန်အခါမှာ မစားသင့်ပါ။ အသည်းအဆီဖုံးသူအတွက် ဆီးဖြူသီး ဆားရည်စိမ် တစ်နေ့နှစ်လုံး စားပေးပါ။ အဲဒီအသီးကို အခြောက်လှန်းပြီး ငါး၊ ဝက်သားတို့နဲ့ ရောချက်စားရင် ဟင်းနူးစေပြီး အဆီဓာတ်ကို လျော့နည်းစေတယ်။

၄။ ရှောက်ရွက်ကို ပါးပါးညှပ်ပြီး အသုပ်မှာ ရောထည့်စားတာ၊ ဟင်းချိုပြုလုပ်ပြီးသောက်တာ၊ အတို့အမြုပ်နဲ့ စားသုံးပါ။ ရှောက်ရည်၊ ရှောက်ရွက်တို့ဟာ အသည်းအတွက် အလွန်ကောင်းတဲ့ ဓာတ်စာဖြစ်ပြီး အချဉ်ဟင်းတွေမှာ ရှောက်ရည်ထည့်ချက်ပြီး အကင်တွေမှာ ရှောက်ရည် ဆမ်းစားတာ အသည်းအဆီဖုံးတာအတွက် ကာကွယ်ပါတယ်။

၅။ ရဲယိုရွက်ဟာ နှုတ်ကိုမြိန်စေပြီး လေပူကိုနိုင်တဲ့ သတ္တိရှိတယ်။ ခံတွင်းပျက်သူကို အစာစားချင်စိတ်ဖြစ်စေတယ်။ အသည်းမှာ အပူအောင်းတာ၊ အသည်းခြောက်ရောဂါအတွက် တစ်ပတ်မှာ နှစ်ကြိမ်လောက်စားသုံးပေးရင် ကာကွယ်ရာရောက်တယ်။ ငါးခူ၊ ငါးဖယ်၊ ငါးကြင်းခြစ်တွေနဲ့ ရောချက်စားတာ၊ ဖက်ထုပ်ပြုလုပ်ပြီး စားတာ၊ ရေနွေးငွေ့နဲ့လည်း ပေါင်းစားနိုင်တယ်။

အထက်ပါ ဆေးပင်ငါးမျိုးဟာ အဖိုးနည်းဝန်ပါဖြစ်ပြီး အသည်းအဆီဖုံးတဲ့ ရောဂါလည်း ကာကွယ်ရာ ရောက်တယ်။

**ဆရာခင်ဗျာ၊ ကျွန်တော်ဟာ ထမင်းစား အင်မတန်မြန်ပါတယ်။ အစာမကြေလို့ ထင်ပါတယ်။ ရင်ပြည့်ရင်ပူဖြစ်နေတယ်။ ဘာဆေးသောက်ရမလဲ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးစေချင်ပါတယ်။**

ဖီးကြမ်းငှက်ပျောသီးအမှည့်နဲ့ ထန်းလျက်ခဲကို ထမင်းစားပြီးတိုင်း စာပေးပါ။ အစာကြေပြီး လေပူထတာ သက်သာစေပါတယ်။ ချင်းပါးပါးလှီးပြီး ရေနွေးနဲ့ စိမ်သောက်ရင်လည်း အစာကြေစေပါတယ်။

ညောင်ရွှေအိုးလှမ်း
SPMS
**Summit** ကိုယ်ပိုင်အလယ်တန်းကျောင်း
အမှတ်(၉၁)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-9317321, 09-450066812, 09-73150347
ကျောင်းမှတ်ပုံတင်အမှတ် - ကကက-ခရ/၂၈/၂၉၃



"နိုင်ငံတကာအဆင့် အင်္ဂလိပ်စာကို မြည့်စွက်ဘာသာအဖြစ် ထည့်သွင်း သင်ကြားပေးပြီး ဘာသာစုံ၌ လက်တွေ့သဘော သရုပ်ပြသင်ကြားပေးမှုများဖြင့် Grading ကောင်းကောင်း အောင်ချက် 100% ရစေရန် လေ့ကျင့်ပျိုးထောင်ပေးသော အရိုန်ပြည့်ကျောင်း"
ရှေ့ဦးဆောင်နိုင်သော စာသင်နည်း



တနင်္လာ မှ သောကြာ နံနက် ၈း၃၀ ~ ညနေ ၃း၀၀



## ဝန်ထမ်းအလိုရှိသည်
၁။ Air-con ကျွမ်းကျင် (၃)ဦး
လုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်။
၂။ အကူ (၅)ဦး
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
09-421178880, 09-791178880

## ''ဂုဏ်ယူဝမ်းမြောက်ခြင်း''

(၅-၅-၂၀၁၇)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲတွင် ''ပထမဆုနှင့် ဗုဒ္ဓဝံသ ဗဟုသုတဓရ ဘွဲ့တံဆိပ်''ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသော သားလေး မောင်သက်ပိုင်ဦးအား ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း -

ချစ်သော ဘွားဘွား ဒေါ်လှလှ
တီတီ ဒေါ်တင်တင်အေး
ဦးဦး ဦးဇော်မင်း

## ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

## ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာဆွေးနွေးပွဲဖိတ်ကြားခြင်း

**Amata International Co.,Ltd.** မှ ကော့သောင်းမြို့နယ်အတွင်းရှိ ဗိုလ်ရာညွန့်ကျွန်း နှင့် ဘာလာကျွန်း တို့တွင် အပန်းဖြေစခန်း (Resort) နှင့် ရေငုပ်အပန်းဖြေစခန်း (Dive-Recreation Centre) စီမံကိန်း တည်ဆောက်သွားရန် စီစဉ်လျက်ရှိပါသည်။ အဆိုပါစီမံကိန်း နှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA/SIA) လုပ်ငန်းများအား **My Asia Consulting Co., Ltd** အား အပ်နှံဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါစီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းစဉ်များအား တင်ပြလိုပါသဖြင့် စိတ်ပါဝင်စားသူများတက်ရောက် လေ့လာဆွေးနွေးနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်ပြုလုပ်မည့်အချိန် – ၂၀၁၇ ခုနှစ်၊ မေလ (၁၈)ရက်၊ နံနက် (၉း၀၀)နာရီ မှ (၁၁း၀၀)နာရီထိ**

**အစီအစဉ်ပြုလုပ်မည့်နေရာ – ကော့သောင်းဟိုတယ် (အစည်းအဝေးခန်းမ)၊ ကော့သောင်းမြို့နယ်။**

စင်ကာပူနိုင်ငံ PSA ဆိပ်ကမ်း တွင်
ကွန်တိန်နာ ယာဉ်မောင်း
လုပ်လိုသူများအတွက်
"အမြန်သင်တန်းများ" ပေးမည်
Ph: (01) 377343, 377344, 385758, 386877
Fb: thukhasusan111

Yaung Chi Thit Lin Moving Service Co.,Ltd
YCTL ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Front Villa, Lay Doung Kan Road, 26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

## အိမ်ရောင်းမည်
## ပိုင်ရှင်ကိုယ်တိုင်

သုဝဏ္ဏ (V.I.P) အရှေ့၊ (၁၃½'× ၁၀၀') အပေါ်၊ အိမ်(၁၃½'× ၇၀') နှစ်ထပ်၊ အိမ်ရှေ့ကားပါကင် ပေ (၂၀)ရှိ၊ ဈေးနီး၊ ကျောင်းနီး၊ နေရာကောင်း၊

ဖုန်း- ၀၉-၄၅၉၁၉၆၇၃၂
၀၉-၄၅၉၁၉၆၇၃၃

ကွင်းဆင်းပြီး အခမဲ့ ကြည့်ပေး
ခေတ်မီစက်ပစ္စည်းများဖြင့် ရှာဖွေ
09 4200 35882
09 4200 35884
(မြောက်)အင်းလေး(၁)လမ်းရှည်(၂)တောင်ဒဂုံ

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နေ ဦးခင်မောင်ဌေး၏သား အထက (စလင်း) အဌမတန်းမှ မောင်လင်းခန့်ဟိန်းအား မောင်ခန့်မင်းခဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(ရပ်-၈)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၁၂၂-က)၊ မြေကွက်အမှတ်(၂၃၈-က)၊ မြေချိန်ဧရိယာ (၀. ၀၃၆၇) ဧကခန့်ရှိသောမြေကို ဦးဇင်အောင်ပါ (၂)ဦးမှ အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ထို့သို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဗိုလ်ဗလလမ်း၊ အမှတ်(ထ-၁၀၅)နေ အဖ ဦးမျိုးမင်းသန်း၏သား မောင်မျိုးပြည့်စုံအောင် အထက (၂)သန်လျင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၀-၂၀၀၃ ဖြစ်ပါသည်။

## အမည်မှန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် အဖ ဦးအောင်ဇော်သိန်း [၁၂/ကမရ (နိုင်)၀၀၀၀၅၅]၏သား အမက(၁၆) ဗဟန်းမှ စတုတ္ထတန်းအောင် မောင်အံ့ထူးအောင်အစား မောင်ကောင်းမင်းခန့် ဖြစ်ပါကြောင်း။ **မောင်ကောင်းမင်းခန့်**

အချမ်းသာ မြခင် အချမ်းသာ
ဒဂုံမြို့သစ်
အရှေ့ပိုင်း/ မြောက်ပိုင်း
တောင်ပိုင်း၊ ဆိပ်ကမ်း
မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
Ph : 09 451126703
09 780985495

GW 0973226006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။ နယ်
အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်၆၉၊ မြေညီထပ်၊ မဟာလမ်း၊
09401505559 စမ်းချောင်း

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြင်ဆင်ဖတ်ရှုပါရန်

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါရောင်းချရန်အတွက် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ၁၁-၅-၂၀၁၇ရက်၌ ကြော်ငြာထားသည့်အပိုဒ်(၂)ပါ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးဟု ပြင်ဆင်ဖတ်ရှုပါရန် အသိပေးကြော်ငြာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



# ကြော်ငြာ


## POLAR FROST® Pain Relieving Cold Gel

Polar Frost Pain Relieving Gel သည် ကျီးပေါင်းဖြစ်ခြင်း၊ အကြောတက်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ အရိုးအကြောနှင့် ပတ်သက်သောရောဂါများ၊ အဆစ်အမျက်ရောင်ခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

150ml Tube | 75 ml Roll on | 5g sachet | 500ml Pump

5g နှင့် 500ml pump ဘူးများကို ဖုန်း - ၀၉-၅၁၀၈၃၇၄ တွင် ရောင်းချပေးပါသည်။

MM Reg No. 1809AA6180
MADE IN FINLAND

- City Mart ဆိုင်ခွဲများ၊ စိန်ဂေဟာဆိုင်ခွဲများ၊ CAPITAL hypermarket၊ Gandamar Wholesale၊ RUBY MART၊ ဦးမြသန်းဆေးဆိုင်(ရွှေမင်္ဂလာဈေး) ၀၉-၅၁၀၈၃၇၄

## ပါဝါနန်းတော်
## နှစ်(၂၀)ပြည့်အထူးအစီအစဉ်

BUY 1 GET 1 FREE

ပါဝါမျက်မှန်တစ်လက်ဝယ်ယူလျှင်တစ်လက် လက်ဆောင်

ရန်ကုန် - အမှတ် (၄၁၆/၄၂၄) သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း - ၂၄၇၂၁၄၊ ၇၉၄၉၉၉၊ ၂၄၇၂၀၂၇၈၆၇၈၆၊ ၂၅၇၇၄၇၊

## အကောင်းဆုံး သင်ကြားပြသမှုကို ဝန်ဆောင်မှုပေးမည်

ဦးဉာဏ်လွင် (ရူပဗေဒ)
ဦးညီညီ (ဓါတုဗေဒ)
ဒေါက်တာမိုး (ဇီဝဗေဒ)
သင်ကြားတည်ထောင်ဖွင့်လှစ်သော

N-3

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ထူးချွန်ရေးဘော်ဒါ

ကျောင်းကြိုတင်အပ်လက်ခံပြီ

၅ တန်းမှ ၁၀ တန်းအထိ

အမှတ်(၁၃၄)၊ လွတ်လပ်ရေးလမ်း၊ သုဝဏ္ဏဈေးအနီး၊ သင်္ဃန်းကျွန်းမြို့နယ်။
Ph: 01-577874, 09-73180267, 09-421167047, 09-420046938


### သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

**အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ်(၀၁/၂၀၁၇-၂၀၁၈) (၂၄-၅-၂၀၁၇)**

**အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် ရောင်းဝယ်ရေးဌာနမှ တောင်ဒဂုံသစ်ဆိပ်ရှိ ကျွန်းသစ်လုံးများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) ရောင်းချမည့်နေ့ရက် - ၂၄-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)
(ခ) ရောင်းချမည့်အချိန် - မွန်းလွဲ ၁း၀၀နာရီ
(ဂ) ရောင်းချမည့်သစ်အမျိုးအစားနှင့်တန် - ကျွန်းသစ်လုံး၊ (၁၄၉၉)လုံး၊ (၁၂၆. ၂၀၈)တန်
(ဃ) ရောင်းချမည့်နေရာ - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်)၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၇၂/၇၄)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၉၀၁၀၇၃၅၊ ၀၉-၄၅၂၃၃၆၁၁၂၊ ၀၉-၄၅၀၀၂၅၉၃၁နှင့် ၀၉-၇၉၉၅၇၄၀၃၉သို့ စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်**

### ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ဟိန်းဇာနည်လွင်၏ သင်္ဘောသားစာအုပ် CDC-96469 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၇၉၅၅၇၂၂၅၀၇**


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

လှည်းကူးမြို့ပဲခူး-ရန်ကုန်လမ်းမကြီးအနီး(G)ဥယျာဉ်ခြံမြေ၊ပေါ်ရှိ(40'x60')-(60)သိန်း။
(40'x40')-(40)သိန်း။(40'x35')-(35)သိန်း။
Ph: 09-799912803,09-250168879

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော

Home Since 1996

## ပါကေး အစားထိုး ကြမ်းခင်း

Grade A,B,C,D စစ်မှန်မှုကိုစက်ဖြင့် "အခမဲ့" လက်တွေ့စစ်ဆေးပေးသည်။

★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
★ လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း


➤ အမှတ် F.(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
➤ အမှတ်(11)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

ပိတ်ရက်မရှိ

HOTLINE: 09-79 700 70 70
09-79 700 70 80

(ရန်ကုန်) (မန္တလေး) (နေပြည်တော်) (တောင်ကြီး) (ပဲခူး) (မုံရွာ) (မော်လမြိုင်) (မြင်းခြံ) (ပြင်ဦးလွင်) မြန်မာတနိုင်ငံလုံး ဆိုင်ခွဲပေါင်း(၁၁)ခုတွင် ဝယ်ယူနိုင်ပါသည်


## ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
## MECHANICAL CAR PARKING











TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

TOYOTA MINGALAR

Available Stocks & Ready to Take

REVO Double Cab

Hot Line : 01 514940~41

US$ 44,100

"Brand New Hilux Revo Double Cab ဝယ်ယူပြီး US$ 1,200 နှင့်ညီမျှသော Car Accessories များရယူလိုက်ပါ။"

Limited Stocks Only*
Validity till 31.05.2017*
Specifications may vary from model(s) shown.
www.facebook.com/toyotamingalar
Together, Tomorrow, Toyota
TOYOTA

## လုံးချင်းနှစ်ထပ် ညှိနှိုင်းဈေးဖြင့်ငှားမည်

တာမွေမြို့နယ်၊ ၁၆၄ လမ်း၊ (၅)လမ်းဆုံအနီး
RC ၊ (၄၅ × ၉၀) ၊
ခြံတွင်း ကား(၂)စီး ထားနိုင်သည်။
09 254070635, 09 786671814

## ငှားမည်

- ကျိုက္ကဆံလမ်းမ၊ မြေညီထပ် (၁၅×၅၅)ပေ၊ အလုပ်သမားဆေးရုံကြီးအနီး၊ တာမွေမြို့နယ်။
- ကမ်းနားလမ်းမ၊ ပထမထပ် (၁၃×၅၀)ပေ၊ ထီးတန်း(၁)လမ်းနှင့်ထီးတန်း(၂)လမ်းကြား၊ ကြည့်မြင်တိုင်မြို့နယ်။
- ယုဇနပလာဇာဈေး၊ မြေညီထပ်၊ ဝင်ပေါက် (၁၀)

**ဖုန်း-09-5005817, 09-73068646**

ဗုဒ္ဓစာပေဆုရ စာရေးဆရာကြီး

# ဒေါက်တာချစ်ငယ် (ဒသန)

ကျွန်တော့်လက်ရာကို စိတ်ဝင်စားသူများအတွက်

# အကြောင်းအကျိုးပညာ

မြတ်စာပေ - 095117230 , 095136311 စာအုပ်ဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်
ထွက်နေပြီ

ရွှေလမ်းညွှန်
ဘားအံ၊ မြဝတီ၊ မဲဆောက်
58000 Ks
May 26
09-420087371, 09-262705136, 09-259302029

ကိုကျော်နိုင်
CAR RENTAL
မြို့တွင်း၊ မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲစတင့်) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှု ပေးပါသည်။
09 25 358 2510

AZ Travels & Tours
*ထားဝယ်-ရှင်ကိုးရှင်-စက်တော်ရာ-မောင်းမကန်ကမ်းခြေ*အထူးခရီးစဉ်
လေယာဉ်:(၄ရက်) 328,000ကျပ်
ကား - (၅ရက်) 220,000ကျပ်
အခြားခရီးစဉ်များလည်းစုံစမ်းနိုင်ပါသည်။
09-962824040/ 09-43178718

ဝန်ထမ်းအလိုရှိသည်။
ပေါ်တာစက်ချုပ်ကျွမ်းကျင် မ(၁၀) ဦး
ဝန်ထမ်းအကူ မ(၂) ဦး
ဆက်သွယ်ရန် - 01-298502
09-773729205

နိုင်ဇော်
Japan Tech
စတစ်ကာ 1Sqf 400K
09254044529
09253548800

Chan Thar Aung
Real Estate မှ
ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် ဒဂုံဆိပ်ကမ်းရှိ မြေကွက်များ ဝယ်ယူလိုသည်။
09-5030138, 09-795663667

P.E.S.
English Speaking
0979 5155 324

ရွှေနန်းစံ
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)
Ph: 09-425308777, 09-770639155, 09-261111549







မူးလျှင်ရူ-မောလျှင်သောက်
ရွှေမန်းဂြိုဟ် အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
TMR000849(0516)
ကြော်ငြာခွင့်ပြုချက်အမှတ်-တဆဝက(တနယ်ဝင်း)၁၄၅/၀၁၇

ရွှေမန်းတောင် အမှတ်တံဆိပ်
သွေးတိုးကျဆေးပြား
TMR012467(1116)
ကြော်ငြာခွင့်ပြုချက်-တဆဝက (တနယ်ဝင်း)062/1014
ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၃၇၆၈၀၈၊ ၅၄၉ ၀၄၂၊ ၅၉၀၀၃၄။

"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/က-ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ်-၄၀၄ပေါ်တွင် ဆောက်လုပ်ထားသော ၂ခန်းတွဲ ၆-ထပ်တိုက် အဆောက်အအုံ၏ ဘယ်ဘက်အခြမ်း၊ အကျယ်အဝန်း (၁၅ပေ×၅၅ပေ) ရှိ ဒုတိယထပ်၊ ၃လွှာ အခန်းအား "(၂၇-၁၁-၂၀၀၇) က်စွဲပါ တိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်"အရ ကန်ထရိုက်တာ ဦးရဲထွဋ် [၁၂/မရက(နိုင်)၀၃၀၂၇၈] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်ကျော်[၁၀/ရမန(နိုင်)၀၁၉၉၀၇]နှင့် ဒေါ်နန်းဝင်းမြင့် [၆/မအရ(နိုင်)၀၇၂၈၀၄]တို့က ငွေအပြေအကျေပေးချေခဲ့ပြီး မြေရှင်အသိအမှတ်ပြုဝယ်ယူခဲ့ရာ အဆိုပါအခန်းမှာ ဦးမောင်ကျော်နှင့် ဒေါ်နန်းဝင်းမြင့်တို့သာ လုံးဝပိုင်ဆိုင်ပါသည်။

သို့ဖြစ်ပါ၍ ဦးမောင်ကျော်နှင့် ဒေါ်နန်းဝင်းမြင့်တို့မသိရှိဘဲ ၎င်းတို့ ဝယ်ယူထားသော အခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းတို့ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးညာဏ်ဝင်း ဒေါ်စန်းမာလာညွန့် ဒေါ်မျိုးပပအောင် ဒေါ်နွေးနွေးသိန်းတန်**
**(စဉ်-၁၂၀၃) (စဉ်-၆၄၆၂) (စဉ်-၃၉၂၀၁) (စဉ်-၄၅၃၇၈)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ**
**အမှတ်(၅၇)(မြေညီထပ်)၊ အင်းဝလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၆၅၁၄၊ ၀၉-၄၃၂၀၂၇၄၀**

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

ကြော်ငြာ

**ကားစီးလုံးငှားသည်။**
AC-Express(45,33,25), အံ့စာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရှေ့ငါး) မိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားဝါ။
မြို့တွင်း / မြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

**FORWARD** (YGN)
ကျိုက်ထီးရိုး (နေ့စဉ်) / ချောင်းသာ (နေ့စဉ်)
09259259180
09259259181
09259259182

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ကိုးဘွဲ့ရ ရိပ်သာ၌ နှစ်ညအိပ် သုံးရက် တရားစခန်း ဖွင့်လှစ်မည်။**
နိုင်ငံကျော် မွေကာထိက ကိုးဘွဲ့ရဆရာတော် အရှင် အာစာရာလင်္ကာရ အရှင်သူမြတ် ဦးဆောင်သည့် ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၌ မြတ်စွာဘုရား၏ ဒေသနာတော်အတိုင်း .....
**၂၀၁၇ - မေလ - ၂၆ - ၂၇ - ၂၈ သောကြာ - စနေ - တနင်္ဂနွေ**
နေ့များတွင် (၂) ညအိပ် (၃) ရက် တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ . ဖုန်းဖြင့် ဖြစ်စေ . စာရင်း ပေးသွင်းနိုင်ပါပြီ။ (အရက်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် လှူဒါန်းလိုသူများလည်း ဆက်သွယ်နိုင်ပါပြီ။)
ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ မြောက်-ဒဂုံ။ ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၄၄ ၇၈၈ ၁၈၅

ထူးချွန်စွာအောင်မြင်စေရန် စာသင်နှစ်များစွာရှိ ဆရာကြီးများမှ အကောင်းဆုံးသင်ကြား၍ ဝါရင့် GUIDE များမှ အကောင်းဆုံး လေ့ကျင့် ပေးပါသည်။
**ပေါ်ဂါ**
၉တန်း ၊ ၁၀တန်း
ဘာသာစုံစာသင်စာကျက်ဝိုင်းများ
တန်းခွဲသစ်လက်ခံပြီ
အိမ်ဝိုင်းသီးသန့်သင်လိုသူများ စီစဉ်ပေးပါသည်။
မြန်မာစာ - ဒေါက်တာသန်းထိုက်
အင်္ဂလိပ်စာ - ဦးအေးထွတ်၊ ဦးလွင်မောင်ကျော်
သင်္ချာ - ဦးစင်မောင်သန်း
ဓာတုဗေဒ - ဆရာညီညီ (သရုပ်ပြဓာတုဗေဒ)၊ ဒေါ်ရီရီလှိုင်
ရူပဗေဒ - ဦးညက်လွင်၊ ဦးဝဏ္ဏသက်ဝေ
ဇီဝဗေဒ - ဒေါက်တာမြသိန်း၊ ဦးအောင်ကိုကိုလှိုင်
ဘောဂဗေဒ - ဒေါ်သက်စုကြည်
H-2 မေခလမ်း၊ မေခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း - ၀၁ - ၅၇၃၄၀၁ ၊ ၀၉ - ၅၄၀၆၅၄၆

**MIHARA**
Travels & Tours
3 to 45 CAR RENTAL SERVICES
မြဝတီ-မဲဆောက်
ပေလီကမ်းခြေ
အပတ်စဉ်
Ph: 095009552, 095025400
09450051557, 09420773444

**EVER TOP** ဘာသာစကားသင်တန်းကျောင်း Ph:09254903604, 098770096, 0973040610
အမှတ်(၆၆ /၆၈) ၅၅လွှာ၊ အင်းစိန်လမ်း၊ (ဗိုလ်မြို့မှတ်တိုင်ကျည်းတန်းအနီး)

| ဂျပန် | တရုတ် / ကိုရီးယား | အင်္ဂလိပ် |
| --- | --- | --- |
| ဦးအောင်ဆွေဦး၊ ဦးအေးသိန်း<br>ဆရာမစင်ဆလွင်ဆရာမသက်ထား<br>ဂျပန်စကားပြော (ပုံမှန် / အမြန်)<br>4-Skills (အခြေခံ / အဆင့်မြင့်)<br>အလုပ်ဝင်အင်တာဗျူးအမြန်<br>N5,N4,N3,N2,N1 စာမေးပွဲ<br>လေ့ကျင့်မှုစာအုပ်များစရောင်းသည်။ | **တရုတ်**<br>ဆရာစိုင်းဆိုင်စမ်းဝ်<br>အခြေခံစကားပြော (၁၀၀၀၀)<br>(နိုင်ငံခြားသုံးအသံထွက်)<br>**ကိုရီးယား**<br>ဒေါ်ခင်ယုယုစမ်း<br>EPS TOPIK / 4-Skills<br>(အမြန်သင်ရိုးအစီအစဉ်ဖြစ်သည်) | ဦးမိုးမြင့်ဇော် (Top English)<br>(a) Saya William<br>ဆရာခအောင်ဆောင်<br>4-Skills(General) (၈၀၀၀)<br>Phonetics ,<br>Grammar+Writing ,<br>နိုင်ငံခြားသွားအမြန်သီးသန့်,<br>စကားပြော ၃လပြတ်(၂၀၀၀၀) |

**KMD** Institute
လုပ်ငန်းခွင်သို့တိုက်ရိုက်ဝင်ရောက်နိုင်မည့် လက်တွေ့အသုံးချရက်တို့ အထူးသင်တန်း
**CCTV Installation**

- ယနေ့ အိမ်များ၊ ရုံးများနှင့် ဆိုင်များလုံခြုံရေးအတွက် အသုံးပြုလျက်ရှိသော CCTV နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်အသုံးပြုပုံများကို လက်တွေ့ဦးစားပေးသင်ကြားပေးမည့် သင်တန်းဖြစ်ပါသည်။
- CCTV နှင့် IP Camera တပ်ဆင်ခြင်း၊ DVR နှင့် NVR တပ်ဆင်ခြင်း၊ ထိန်းချုပ်ခြင်းများကို ကျွမ်းကျင်စွာ ပြုလုပ်တတ်စေရန် လက်တွေ့အဓိက သင်ကြားပေးသော သင်တန်းဖြစ်ပါသည်။
- သင်တန်းပြီးဆုံးပါက သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် Service Technician အဖြစ် တိုက်ရိုက်ဝင်ရောက် လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

သင်တန်းကာလ (၁၀ရက်)
သင်တန်းဖွင့်လှစ်မည့်ရက် - ၂၄.၅.၂၀၁၇
၁၁:၃၀ - ၁:၀၀ (တနင်္လာမှသောကြာ)

ပန်းဆိုးတန်းစင်တာ အမှတ်(၁၇၄ - ၁၈၂)၊ ပန်းဆိုးတန်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၁ - ၃၈၁၇၇၆၊ ၃၇၈၄၃၂



## (၇)နှစ်ပြည့်အလွမ်း

**ဟာဂျီမ ဒေါ်စဖူရာဘီဘီ(ခ)ဒေါ်စန်းရီ (ခ) SALLY JALLE**
**Ex:BUSINESSREP OF PAMKAYU (M) SDN.BHD & ENCON INTERNATIONAL (P) LTD.INDIA**
**Branch Convent**
**ကျောင်းသူဟောင်း(ဘတ်စကတ်ဘော လက်ရွေးစင်)**

**(၁၃-၅-၂၀၁၀)-(၁၃-၅-၂၀၁၇)**

မြတ်သောအမေ၊ အမေချစ်တဲ့ သားသမီးတွေနဲ့ ခွဲသွားတာ ဒီနေ့(၇)နှစ်ပြည့်ပါပြီ။ ဒီနေ့ထိ ဘယ်လိုမှ ဖြေလို့မရပါဘူး၊ အမေသွန်သင်ဆုံးမတဲ့အတိုင်း ဒီနေ့ထိနေထိုင်လျက်ပါ။ လောကမှာ အမေနဲ့အစ်မ "ရှိုင်"မရှိတော့ ဘဝမပြည့်စုံတော့ပါ၊ မိသားစုတွေ စည်းစည်းလုံးလုံးနဲ့ နေထိုင်ခဲ့တဲ့အချိန်လေးကို ပြန်ပြောင်းသတိရနေပါတယ်။ အမေ့အတွက် ရည်စူးပြီး အနယ်နယ်အရပ်ရပ်တွင် လှူဒါန်းခဲ့တဲ့ အလှူများ၊ အမေ့မွေးနေ့တွင် လှူဒါန်းခဲ့သော အလှူများ၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ရွတ်ဖက်သရဇ္ဈာယ်ခဲ့သော အကျိုးစဝါတ်များ။ ယနေ့ပြုလုပ်သော အလှူဒါန အကျိုးစဝါတ်များအားလုံး ဂျန္နတ်ဘုံဘဝမှာ အမေခံစားနိုင်ပါစေ။

တစ်သက်လုံး အမေ့ကို ချစ်နေမယ့်

**ချစ်သမီး၊ ချစ်သားများ**
**အမှတ်(၆၈)၊ ၁၂၅-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### စိုင်းအိုက်ဖုန်း

### အသက်(၇၅)နှစ်

စိုင်းအိုက်ရီ(ခ)ကိုကျော်ထွန်းနိုင်-မရီရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး စိုင်းအိုက်ဖုန်းသည် ၇-၅-၂၀၁၇ရက်နေ့တွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဝင်းဇော်-သုဓမ္မသိင်္ဂီဒေါ်တင်လတ်မင်း**
**ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်**
**ရန်ကုန်မြို့**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ သာသန (မြို့နယ်ဝိနည်းဓိုရ်)

**ဇီးကုန်းကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း**

**သိက္ခာတော်(၃၉)ဝါ၊ သက်တော် (၅၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ မင်းတစုကျေးရွာအုပ်စု၊ စော်ပန်ကြီးကျေးရွာနေ ခမည်းတော်ဦးသောင်းညွန့်-မယ်တော်ဒေါ်ခင်တို့၏ သားတော်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ ဇီးကုန်းကျောင်း တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ သာသန သိက္ခာတော်(၃၉)ဝါ၊ သက်တော်(၅၉)နှစ် သည် (၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့) နံနက် ၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၄-၅-၂၀၁၇(တနင်္ဂနွေ)နေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပမည်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါ သည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) စျာပနကျင်းပရေးကော်မတီ

---

## ဦးမြင့်ဦး(ဦးအောင်မြင့်ဦး) (၇၁)နှစ်

**စွမ်းအင်ဝန်ကြီးဌာန**
**HR Manager (BM3& ZKG)**

လားရှိုးမြို့နေ (ဦးနီ-ဒေါ်ရွှေရည်)တို့၏သားလတ်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ တိုက်(၁)၊ အခန်း(၂၀၃)၊ ဘောဂဗလအိမ်ရာနေ ဒေါ်ဝင်းဝင်းခိုင်၏ခင်ပွန်း၊ ဦးပြည့်ဖြိုးဦး-ဒေါ်မေဦးသွင်(စက်ဘပူ)၊ ဦးမြင့်မြတ်ဦး၊ ဦးထက်မြက်ဦး-ဒေါ်အိအိဖြိုးအောင်(ခ) အိသက်တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဦးမြင့်ဦး(ဦးအောင်မြင့်ဦး)သည် ၁၁-၅-၂၀၁၇ရက် နံနက် ၁၀း၄၅ နာရီတွင် OSC (မြောက်ဥက္ကလာပ)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မွေး (ကွင်းကောက်)

### အသက်(၈၈)နှစ်

အင်္ဂပူမြို့နယ် အသင်း (ရန်ကုန်)၏ အမှုဆောင်အဖွဲ့ဝင် ဦးမင်းလွင်အေး-ဒေါ်စန်းစန်းတို့၏ ကျေးဇူးရှင် မိခင်ကြီး အသင်း၏ကန်တော့ခံ ရာသက်ပန်အသင်းဝင်ဒေါ်မွေး (၈၈)နှစ်သည် ၈-၅-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိသရသပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အမှုဆောင်များ**
**အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်သောင်းတင်

### အသက် (၈၄) နှစ်

ပါမောက္ခ Dr.ဝင်းညီရှိန်(အကြောအဆစ်အထူးကုဌာန၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး)-Dr.ခင်အိထွန်းတို့၏မိခင် ဒေါ်သောင်းတင် အသက် (၈၄) နှစ်သည် ၁၀-၅-၂၀၁၇ ရက်နေ့ နံနက် ၃ နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းနေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အကြောအဆစ်အထူးကုဌာန**
**မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### စိုင်းအိုက်ဖုန်း

### အသက်(၇၅)နှစ်

စိုင်းအိုက်ရီ (ခ) ကိုကျော်ထွန်းနိုင်-မရီရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး စိုင်းအိုက်ဖုန်းသည် ၇-၅-၂၀၁၇ရက်နေ့တွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးမိုးနိုင်(ခ)ဦးဘာဘူ-ဒေါ်စန္ဒီလေးလွင်**
**Pho La Min Trading Co.,Ltd**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### သဲနုနုဝင်း(ခ)မသုဓမ္မသိင်္ဂီ

### အသက်(၃၆)နှစ်

ဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်နုနုတင်တို့၏သမီးကြီး မသဲနုနုဝင်း(ခ) မသုဓမ္မသိင်္ဂီသည် ၈-၅-၂၀၁၇ရက်နေ့တွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူနှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်မှူးသူရသန်းရွှေ(ငြိမ်း)-ဒေါ်ခင်အေးသန်း**
**ခမောက်စုရွာ၊ ဟင်္သာတခရိုင်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ရီ (သုံးဆယ်မြို့)

### အသက် (၆၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၂၆၁/က)၊ သုမနလမ်း၊ (၁၆/၂) ရပ်ကွက်နေ (ဦးမောင်စိန်-ဒေါ်သန်းစိန်)တို့၏ သမီး၊ ဦးမြစန်း၏ ဇနီး၊ (ဦးသန်းကြိုး)-ဒေါ်ခင်တင့်တို့၏ ညီမ၊ ဦးယဉ်ငွေ-ဒေါ်စန္ဒာဝင်း၊ ဦးလှကို၊ ဒေါ်စန်းကြည်(ဦးသိန်းဇော်)-ဒေါ်လှလှဝင်းတို့၏ အစ်မ၊ ဦးဝင်းနိုင်ထွန်း-ဒေါ်စန်းစန်းအေး၊ ဦးသက်နိုင်ထွန်း-ဒေါ်မြစပယ်မြင့်၊ ဦးဌေးလင်း-ဒေါ်မိုးစန္ဒာထွန်း တို့၏ မိခင်၊ တူ/တူမ ၂၈ ယောက်၊ မြေး၁၈ယောက်တို့၏ အဘွားသည် ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၃-၅-၂၀၁၇(စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်နှင်းယုဝေ(ခ)ဒေါ်တာတာ

**(ညောင်းရမ်းအသင်းဝင်)**

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ်-၂၈(B-1)နေ ဦးအောင်သန်း (တောင်ကြီးကောလိပ်ကျောင်းသားဟောင်း)၏ဇနီး၊ ဦးကျော်ညွန့်-(ဒေါ်ခင်စန်း) တို့၏ သမီး၊ (ဦးမောင်ကြီး)-ဒေါ်လှမှီတို့၏သမီးချွေးမ၊ကိုဝဏ္ဏသီဟ(Speedy Business Service Co.,Ltd)၊ ကိုကောင်းမြတ်-မယုနန္ဒလှိုင်တို့၏မွေးသမိခင်၊ မခြူးကြယ်စင်သွန်း၏အဘွားသည် ၁၀-၅-၂၀၁၇(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၅-၂၀၁၇(အင်္ဂါနေ့) နံနက်၇း၃၀နာရီမှ မွန်းတည့်၁၂နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစန်းမောင် (၈၉)နှစ်

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း**
**နာယက၊မြန်မာ့သစ်လုပ်ငန်း၊ဝန်ထမ်းဟောင်းများအသင်း**

ရန်ကုန်မြို့၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၂၁/၅)နေ ဦးစန်းမောင် (ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ နာယက မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း) အသက်(၈၉)နှစ်သည် ၉-၅-၂၀၁၇ရက်နေ့ နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့၊ မြန်မာ့သစ်လုပ်ငန်း၊ ဝန်ထမ်းဟောင်းများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးစန်းမောင် (၈၉)နှစ်

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း**

ဆရာဦးစန်းမောင် (ဒုတိယအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း) အသက်(၈၉)နှစ်သည် ၉-၅-၂၀၁၇ရက်နေ့ နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တပည့်များ**
**၁၉၈၄ လက်ထောက်မန်နေဂျာ(ရောင်း/စက်)**
**မြန်မာ့သစ်လုပ်ငန်း၊ အလုပ်ဝင်အရာထမ်း သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်သန်းဆွေ (၇၂)နှစ်

**ရဲအုပ်(ငြိမ်း) CID**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၅၃၈) နှင်းဆီလမ်းသွယ်နေ ရဲမှူးအောင်မင်း(ငြိမ်း)CID ၏ဇနီးသည် ၁၀-၅-၂၀၁၇ နေ့တွင် ကွယ်လွန်သွားပါ၍ သူငယ်ချင်းမိသားစုနဲ့ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**နယ်ဖြစ်ဒုရဲအုပ်လောင်း(၉/၈၄)**
**သင်တန်းဆင်း သူငယ်ချင်းများ**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ ကွင်းအမှတ်(၄၉၅-အေ)၊ မြေကွက်အမှတ်(၄၂၇)အား ရောင်းချပိုင်ခွင့်ရှိသူ ကိုအောင်နိုင်ထွန်း[၁၂/တမန(နိုင်)၀၉၉၇၇၆]ထံမှ ကျွန်ုပ် ဦးအုန်းစိန်[၁၂/ဥကမ (နိုင်)၁၂၆၁၅၁]မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ မည်သူမဆို ဖော်ပြပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအုန်းစိန်[၁၂/ဥကမ(နိုင်)၁၂၆၁၅၁]**
**ဖုန်း-၀၉-၃၀၃၅၃၅၅၃**

---

## မဂျူးလီ(ခ)Julie [၁၃/လရန(နိုင်)၁၀၇၆၉၈]နှင့် အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ကိုမြင့်ဟန်[၁၂/မဂတ(နိုင်)၀၇၉၆၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မဂျူးလီ(ခ)Julie နှင့် ကိုမြင့်ဟန်တို့သည် လွန်ခဲ့သော ၂၀၀၈ခုနှစ်က ရန်ကုန်မြို့တွင် လက်ထပ်ခဲ့ပြီး သားသမီးရတနာမရှိပါ။ ထိုနှစ်ဦးတို့ ပေါင်းသင်းစဉ်ရရှိသော လက်ထက်ပွားပစ္စည်းများအား ရောင်းချခြင်း၊ ပေါင်နှံခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ရန်အတွက် တားမြစ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကြည်တော်ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ်(၉၃)၊ A-၅လွှာ၊ ဧရိယာ ပေ(၁၆×၆၀)ရှိ တိုက်ခန်း(သိန်း-၆၀၀)။

သာကေတမြို့နယ်၊ ၇-အနောက်ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၁၁၀၄)၊ ၄လွှာ၊ ဧရိယာ ပေ(၁၈×၅၅)ရှိ တိုက်ခန်း(သိန်း-၃၀၀)။

MCရွှေဆွဲကြိုး(၁)ကျပ်သား (၁)ကုံး၊ စိန်နားကပ်(၁)ရန်၊ ရွှေဟန်းချိန်း(၁၀)ပဲသား(၁)ခု၊ ရွှေမောင်းကွင်းလက်စွပ်(၁)မတ်သား(၁)ကွင်း၊ ရွှေအုန်းဆံဆွဲကြိုး(၁)ကျပ် (၁၀)ပဲသား(၁)ကုံး၊ ကျောက်လက်ကောက်(၂)ကွင်း၊ ရွှေ Foot ချိန်း(၂)ပဲသား(၁)ခု၊ ရွှေသံကြိုး(၁)မတ်သား(၁)ကုံး၊ ရွှေသံကြိုး(၁)ကျပ်သား(၁)ကုံး၊ ရွှေလက်ကောက်အခေါက်(၁)ကျပ်သား(၁)ကွင်း၊ အုပ်ပုံရွှေလက်စွပ် ၁၂ပဲသား(၁)ကွင်း၊ ပုလဲရွှေလက်စွပ်(၁)ကွင်း၊ ရွှေကျောက်တန်းလက်စွပ်(၁)ကွင်း၊ ရွှေနားကပ်အသဲပုံ(၁)ပဲသား(၁)ရန်၊ ဥဿဖရားလက်စွပ်(၁)ကွင်း၊ မြနားကပ်(၁)ရန်၊ ရုပ်သံလိုင်းပါ ဆိုနီ ၄၂ လက်မ တီဗွီ၊ ဆမ်ဆောင်းဟန်းဖုန်း(၁)လုံး၊ ဆမ်ဆောင်းရေခဲ သေတ္တာ၊ အဝတ်လျှော်စက်၊ အဲကွန်း(၁)လုံးတို့ ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဇော်မြတ်(LL.B)** | **ဒေါ်စုသန္တာဝင်း(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၀၉)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၂၉၇)** |

**ဖုန်း-၀၉-၇၃၀၅၄၃၃၉၊ ၀၉-၅၄၁၂၇၅၂၊ ၀၉-၄၃၀၃၁၁၅၀**

---

## မောင်ခင်မောင်စိုး(ခ)မုဟမ္မဒ်အက္ကဘရ်(ဘ)ဦးမာမက်သိစေရန်

## (အကြောင်းကြားစာ)

ဦးမာမက်၏သားဖြစ်သူ မောင်ခင်မောင်စိုး(ခ)မုဟမ္မဒ်အက္ကဘရ်(ယခုနေရပ်လိပ်စာအတိအကျမသိ) သိစေရန် ဖြစ်သည်။

ဇနီးဖြစ်သူ မဖြူဖြူဝေ(ခ)ဖရီဒါဘီ[၃/ကကရ(နိုင်)၁၇၆၄၅၀]မှ ၎င်းအား ခင်ပွန်းဖြစ်သူ မောင်ခင်မောင်စိုး(ခ)မုဟမ္မဒ်အက္ကဘရ်သည် မည်သည့်အဆက်အသွယ်၊ မည်သည့်အထောက်အပံ့ တစ်စုံတစ်ရာ ပေးကမ်းခြင်းမရှိဘဲ (၃)နှစ်နီးပါးခန့် စွန့်ပစ်ထားခြင်းကြောင့် ဇနီးဖြစ်သူက အစ္စလာမ်ဘာသာရေးအရ လင်မယားကွာရှင်းလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ အထက်အမည်ပါ မောင်ခင်မောင်စိုး(ခ)မုဟမ္မဒ်အက္ကဘရ်မှ ဇနီးဖြစ်သူ၏ လင်မယားကွာရှင်းလိုမှု လျှောက်ထားချက်အပေါ် ထုချေရှင်းလင်းတင်ပြရန် ၂၀-၅-၂၀၁၇ရက်၊ မွန်းလွဲ၃နာရီတွင် မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၊ အစ္စလာမ့်ရေးရာခုံရုံးသို့ အောက်တွင်ဖော်ပြထားသော လိပ်စာအတိုင်း လာရောက်ရမည်။

သင်သိစေသည်မှာ ဆိုခဲ့သည့်နေ့ရက်တွင် ကာယကံရှင် အသင်ကိုယ်တိုင်မှ မလာရောက်ပျက်ကွက်ခဲ့လျှင် ဘာသာရေးအရ လျော်ကန်သင့်မြတ်သလို ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေပါသည်။

**အလ်ဟာဂ်ျ အွတ်စ်တာဇ် "အလ်ကာသွီ" ဦးကျော်စိုး(စာရေးဆရာ)**
**အထွေထွေအတွင်းရေးမှူးချုပ်**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**အမှတ်(၇၉)၊ ၆-လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၄၁၇၁၇၊ ၀၉-၅၀၈၄၅၈၇**

---

## ဦးတင်မျိုးအောင် (၅၉)နှစ်

**အဖွဲ့ဝင်၏ ကိုယ်ရေးအရာရှိ (ငြိမ်း)**
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်းလေဆိပ်လမ်း၊ အမှတ်(၁၉၆)နေ ဦးမြင့်အောင်-ဒေါ်ခင်ညိုထွေး(ခ)ဒေါ်ညိုတို့၏ ချစ်လှစွာသော သားကြီး၊ ဒေါ်ချိုချိုသိန်း(သံမှူး-နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-ကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်)၏ ချစ်လှစွာသောခင်ပွန်း၊ မချိုသူဇာအောင်(ခ)ဝါဆို (ခေတ္တ-စင်ကာပူ)၏ ချစ်လှစွာသော ဖခင် ဦးတင်မျိုးအောင်သည် ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့) ဟောင်ကောင်စံတော်ချိန် ၁၁း၂၀ နာရီ၊ မြန်မာစံတော်ချိန် ၉း၅၀ နာရီတွင် ဟောင်ကောင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ဟောင်ကောင်၌ပင် မီးသဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ခိုင်းလွယ်ရွှေကျောင်းအိုက်ဖုန်း

### အသက်(၇၅)နှစ်

ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီ၊ ဦးမြင့်သူ-ဒေါ်နန်းအွမ်ခမ်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီးသည် ၇-၅-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**New Day Energy Co.,Ltd**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ခိုင်းလွယ်ရွှေကျောင်းအိုက်ဖုန်း

### အသက်(၇၅)နှစ်

ဦးကျော်ထွန်းနိုင်-ဒေါ်ရီရီ၊ ဦးမြင့်သူ-ဒေါ်နန်းအွမ်ခမ်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီးသည် ၇-၅-၂၀၁၇ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**
**New Day Energy Co.,Ltd**

---

## ကျေးဇူးတင်လွှာ

၄-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကား ဒါယိကာမကြီး အငြိမ်းစားဆရာမကြီး ဒေါ်ခင်စီ အသက်(၉၀)၏ စျာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းနှစ်သိမ့်အားပေးကူညီကြပါသော Grand Royal Group, Heineken Myanmar Yangon International School မှ ဆရာမများ၊ မိဘများ၊ PAC အဖွဲ့ဝင်မေမေများ၊ PNNS, Forever 13 မှ မိတ်သင်္ဂဟများ၊ မီးသတ်တပ်ဖွဲ့မှ မိတ်ဆွေများ၊ ကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖုန်း၊ အီးမေးလ်၊ မက်ဆေ့ချ်တို့ဖြင့် ဆက်သွယ်အားပေးနှစ်သိမ့်ကြသော ရပ်ဝေးရပ်နီး ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မကွယ်လွန်မီပြုစုစောင့်ရှောက်ပေးကြသော ပင်လုံဆေးရုံကြီးမှ ဆရာဝန်၊ သူနာပြုဆရာမများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်

**နေပြည်တော် မေ ၁၂**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan ၏ ဖိတ်ကြားချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာခဲ့ရာ ဟိုချီမင်းမြို့သို့ မေ ၁၀ ရက် ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် ရောက်ရှိကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မေ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ GEM Center ၌ "Responding to Climate Change-Action of Legislators to achieve the SDGs" ခေါင်းစဉ်ဖြင့် ကျင်းပသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် IPU အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ IPU ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် AIPA အထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲပထမပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကုလသမဂ္ဂမှ ချမှတ်ထားသော ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်များက ဥပဒေပြုရေး၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)



**အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသည့် ရှမ်းယူနိုက်တက်အသင်း။**

# အသင်းကြီးများ အမှတ်ပြည့်ရယူရမည့် MNL အမှတ်ပေးပြိုင်ပွဲ

**ရန်ကုန် မေ ၁၂**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃)ကို မေ ၁၃ ရက်မှ ၁၄ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိပ်သီးအသင်းကြီးများ အမှတ်ပြည့်ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ အသင်းကြီးအများစုမှာ အလယ်အလတ်အသင်းများနှင့် တွေ့ဆုံနေပြီး ဧရာဝတီတစ်သင်းသာ မကွေးအသင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၃)အဖြစ် မေ ၁၃ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် GFA အသင်း၊ မေ ၁၄ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဧရာဝတီအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁၂)အပြီးတွင် ရန်ကုန်အသင်းက ၃၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၂၈ မှတ်၊ ရတနာပုံ အသင်းက ၂၅ မှတ်၊ ဧရာဝတီအသင်းက ၁၉ မှတ်၊ ရခိုင်အသင်းက ၁၇ မှတ်၊ မကွေးနှင့် ဇွဲကပင်အသင်းတို့က ၁၄ မှတ်စီ၊ Southern အသင်းက ၁၁ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA နှင့် နေပြည်တော်အသင်းတို့က ကိုးမှတ်စီ၊ ဟံသာဝတီအသင်းက ရှစ်မှတ်တို့ ရရှိထားသည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် ဒုတိယနေရာမှ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

# မြန်မာ ယူ-၁၅ အမျိုးသမီးအသင်း ဆီမီးတက်ရန် အခြေအနေကောင်း

**နေပြည်တော် မေ ၁၂**

၂၀၁၇ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ အုပ်စုတတိယနေ့ကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ဗီယက်နမ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ဗီယက်နမ်ကိုနောက်မှလိုက်ကစားပြီး နှစ်ဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ၃၂ မိနစ်တွင် မြတ်နိုးခင်က သွင်းယူခဲ့ပြီး အနိုင်ဂိုးကို မိနစ် ၆၀ တွင် ဆုပြည့်ပြည့်ကျော်က ထောင့်ကန်ဘောမှ ပြန်ကျလာသည့်ဘောလုံးကို ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် အခြေအနေကောင်းသွားခဲ့သည်။ ယနေ့ပွဲအပြီးတွင် ထိုင်းအသင်းက သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်၊ လာအိုအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ ဗီယက်နမ်နှင့် မလေးရှားအသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မေ ၁၄ ရက်တွင် မြန်မာအသင်းပွဲစဉ်မပါဝင်ဘဲ အုပ်စုနောက်ဆုံးပွဲအဖြစ် မေ ၁၆ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**



**မေ ၁၃ ရက်တွင် ဖွင့်လှစ်မည့် JICA(ODA Loan) MY-P-1 ဖြင့် ဆောင်ရွက်သည့် ဖျာပုံမြို့ ရေပေးဝေရေးလုပ်ငန်းတည်ဆောက်ပြီးစီးနေမှုကို တွေ့မြင်ရစဉ်။** (သပြေထွန်း)


ဂုဏ်ထူး မြန်မာစာ ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့် ပညာရေး ဘော်ဒါ

"တက္ကသိုလ်ဝင်တန်းတွင် တစ်နိုင်ငံလုံးမြန်မာစာ ပထမဆုရှင် တပည့်များနှင့် တစ်နိုင်ငံလုံး ဘာသာစုံ ရမှတ်အများဆုံး စာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်ခဲ့သည်။" (စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ)



မေ(၅)ရက် တန်းခွဲများ ဖွင့်ပြီ
ဌ္ဌန် တန်းခွဲသစ် စာရင်းလက်ခံပြီ
စုံစမ်းအပ်နှံရန်...
● ဂုဏ်ထူးမြန်မာစာ နည်းပြ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဘော်ဒါ ၁၈၈(၃)ထပ်၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၃၇၂၂၃၇၊ ၀၉ ၅၀ ၁၂၆၁၁၊ ၀၉၇၆၈၃၁၀၁၀၂
● ခြံအမှတ် ၂၈(A)+၂၈(B)၊ ဝေဇယန္တာလမ်းမကြီး၊ ဥတ္တရဗိမာန်အိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း ၀၉ ၅၀ ၂၄၀၄၁၊ ၀၉ ၄၀၀၀၄၅၂၄၁၉၊ ၀၉၄၂၀၃၀၇၀၇၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ . . .




သဘာဝကပေးထားသော လက်ဆောင်များဖြစ်သည့် တောင်တန်း၊ ပင်လယ်၊ မြစ်ချောင်းများနှင့် မြေဆီသြဇာကောင်းမွန်သော မြေပြန့်လွင်ပြင်များပိုင်ဆိုင်ထားသည့် ရခိုင်ပြည်နယ်သည် မူလကပင် လက်ရာမြောက်သော ပန်းချီကားတစ်ချပ်လို လှပနေသည်။

မြန်မာနိုင်ငံ အနောက်ဘက်စွန်းတွင်ရှိနေပြီး အရေးပါသောပြည်နယ်တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်အား ဖွံ့ဖြိုးတိုးတက်မှုဝေစည်စေရန် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းများဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်းနှင့် လျှပ်စစ်မီးများလင်းဖြာစေနိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ယခုအခါ ရခိုင်ပြည်နယ်သည် အလှတွင်အယဉ်ဆင့်ကာ အမြင့်တင့်တယ်ရေး ဦးတည်နေပြီဖြစ်သည်။

**တောင်စွယ်တောင်တန်းများ**

ရခိုင်ရိုးမတောင်တန်း၊ မေယုတောင်တန်းနှင့် တောင်စွယ်များက ပြည်နယ်အတွင်းသာမက ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့နှင့် ကူးလူးဆက်ဆံရာတွင် ယခင်က အခက်အခဲအဟန့်အတားများဖြစ်စေခဲ့သည်။

**မြစ်ချောင်းကြီးများ**

လေကြောင်းခရီးစဉ်ဖြင့်သာ အားထားသွားခဲ့ရသဖြင့် ကုန်စည်စီးဆင်းမှုအားနည်းခဲ့ပြီး ကုန်သွယ်ရေးလုပ်ငန်းများဖြစ်ထွန်းမှု နည်းပါးခဲ့သည်။ ထို့အတူ ရခိုင်ပြည်နယ်တွင် မေယုမြစ်၊ လေးမြို့မြစ်နှင့် ကစ္ဆပနဒီမြစ်များအပြင် အခြားသောမြစ်ချောင်းများ ဖြတ်သန်းစီးဆင်းနေသဖြင့် ခရီးလမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို နှေးကွေးအောင်ပိုင်းခြားထားသလို ဖြစ်နေခဲ့သည်။

**ရခိုင်ပြည်နယ်သို့**
**အဓိကဝင်ပေါက်လမ်းမကြီး သုံးခု**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်အတွက် အဓိကလမ်းမကြီးသုံးခုကို ဖောက်လုပ်ပေးလျက်ရှိသည်။ ထိုလမ်းမကြီးသုံးခုမှာ မင်းဘူး-အမ်း-စစ်တွေလမ်း၊ ပြည်-ပန်းတောင်း-တောင်ကုတ်-ကျောက်ဖြူလမ်း၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းတို့ ဖြစ်သည်။

ထိုလမ်းမကြီးသုံးခုသည် ရခိုင်ပြည်နယ်သို့ အဓိကဝင်ပေါက်လမ်းမကြီး သုံးခုဖြစ်ရာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လမ်းများလည်းဖြစ်သဖြင့် နိုင်ငံတော်က အလေးထားကြိုးစား အကောင်အထည်ဖော်ပေးနေခြင်းဖြစ်သည်။

**မင်းဘူး-အမ်း-စစ်တွေလမ်း**

မင်းဘူး-အမ်း-စစ်တွေလမ်းသည် ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့မှ ရခိုင်ပြည်နယ် ဂွမြို့ကို ဆက်သွယ်ထားသည့် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းမကြီးနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ယခင်က အဆိုပါလမ်းမသည် မင်းဘူးမှ အမ်း၊ အမ်းမှ စစ်တွေမြို့အထိရောက်ရှိရာ လမ်းမျက်နှာပြင်ချွတ်ယွင်းမှုနှင့် တံတားများကြံ့ခိုင်မှုအားနည်းခြင်း၊ အကွေ့အကောက်များခြင်းတို့ကြောင့် ယခင်က

**အချပ်ပို (ခ) သို့ »»**


မင်းဘူး-အမ်း-စစ်တွေလမ်းအပိုင်း(၂) ၅ ဒသမ ၅ မီတာအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို တွေ့ရစဉ်။


မင်းဘူး-အမ်း-စစ်တွေလမ်း ကျောက်စီမြေထိန်းနံရံတည်ဆောက်ထားရှိမှုကို တွေ့ရစဉ်။



သံတွဲ-လုံးသာလမ်းကို ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ထားရှိမှုကို တွေ့ရစဉ်။

အချပ်ပို (က) မှ »»

မင်းဘူးမှ စစ်တွေသို့ ကားမောင်းချိန် ၁၆ နာရီခန့် မောင်းနှင်ခဲ့ရသည်။

**ရာမောင်ကြိုးတံတား**

ထိုလမ်းပိုင်းရှိ ရာမောင်ကြိုးတံတားမှာလည်း ခံနိုင်ရည်လျော့ကျမှုကြောင့် တံတားပေါ်တွင် မော်တော်ကားများ ဖြေးညင်းစွာ မောင်းနှင်ခဲ့ရသည်။ ကုန်တင်ကားများ တံတားပေါ်မှ ဖြတ်သန်းနိုင်ခြင်းမရှိသည့်ကာလများလည်း ကြုံခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနှောင့်နှေးခဲ့ရသည်။

ယခုအစိုးရသစ်လက်ထက်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများ အဆင့်မြှင့်တင်မှု၊ တိုးချဲ့ဖောက်လုပ်မှုများကို ဆောင်ရွက်ခဲ့ရာ မင်းဘူး-အမ်းလမ်းအပိုင်းတွင် အကွေ့အကောက်များကို ဖြေလျှော့ခြင်း၊ အမ်း-စစ်တွေလမ်းပိုင်းပေါ်မှ ယာယီတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် တိုးမြှင့်တည်ဆောက်ခြင်း၊ လမ်းများကို ကွန်ကရစ်လမ်းအဆင့်သို့ တိုးမြှင့်ခြင်းများဆောင်ရွက်ခဲ့သည်။

**အချိန်မရွေး၊ ရာသီမရွေး လျင်မြန်ချောမွေ့စွာသွားလာနိုင်**

ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ ရာမောင်ကြိုးတံတားကိုလည်း ဂျပန်နိုင်ငံ JFE ကုမ္ပဏီမှ နည်းပညာဖြင့် အဆင့်မြှင့်တင်နိုင်ခဲ့မှုကြောင့် ရာမောင်တံတားသည်လည်း ကြံ့ခိုင်မှုရာနှုန်းပြည့်ရှိခဲ့သဖြင့် မော်တော်ကားများ အချိန်မရွေး၊ ရာသီမရွေး လျင်မြန်ချောမွေ့စွာ မောင်းနှင်သွားလာနိုင်ခဲ့ရာ ယခုအချိန်၌ မင်းဘူး-အမ်း-စစ်တွေလမ်းသည် သက်သောင့်သက်သာဖြင့် ကားမောင်းချိန် ၁၂ နာရီခန့်ဖြင့် ရောက်ရှိနေပြီဖြစ်သည်။

ယင်းလမ်းပိုင်းကို လေးနှစ်တာကာလအတွင်း ဆက်လက်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများပြီးစီးပါက မင်းဘူးမှ အမ်းမြို့ကိုဖြတ်ပြီး စစ်တွေမြို့အထိ ကားမောင်းချိန် ၁၀ နာရီဖြင့် ရောက်ရှိနိုင်တော့မည်ဖြစ်သည်။ ထို့အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလျင်မြန်စွာဖြစ်ထွန်းပေါ်ပေါက်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော ယနေ့ခေတ်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝမ်းသာစရာပင်။

**ပြည်-ပန်းတောင်း-တောင်ကုတ်-ကျောက်ဖြူလမ်းမကြီး**

ဒုတိယဝင်ပေါက်လမ်းဖြစ်သည့် ပြည်-ပန်းတောင်း-တောင်ကုတ်-ကျောက်ဖြူ လမ်းကိုလည်း ဖောက်လုပ်ထားရှိရာ လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ယခုအစိုးရ တစ်နှစ်တာကာလအတွင်း JICA ၏ ODA အကူအညီဖြင့် ကွန်ကရစ်တံတား ခြောက်စင်းကို အဆင့်မြှင့်တင်နိုင်ခဲ့သည်။ ထို့အပြင် လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းအဖြစ် တောင်ကုတ်-မအီလမ်းပိုင်း၊ မအီ-အလယ်ချောင်းလမ်းပိုင်းစသည်တို့တွင် ဆောင်ရွက်ခဲ့ပြီး ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းများအဖြစ်လည်း အဆင့်မြှင့်နိုင်ခဲ့သလို တံတားကိုးစင်းကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အထိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တိုးတက်ခဲ့ပြီး ပြည်-ပန်းတောင်း-တောင်ကုတ်-မအီ-ကျောက်ဖြူမြို့တို့သည်လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်လာခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် အထောက်အကူပြုပေးနိုင်ခဲ့သည်။ ကားလမ်းအနီးဝန်းကျင်ရှိ မြို့နှင့်ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ပံ့ပိုးမြှင့်တင်ပေးနိုင်ခဲ့သည်။

**ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်း**

တတိယမြောက်ကားလမ်းမှာ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့မှ ရခိုင်ပြည်နယ်ရှိ ဂွမြို့နှင့် သံတွဲမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းသည် ရခိုင်ရိုးမကို ဖြတ်သန်းဖောက်လုပ်ထားသော ကားလမ်းဖြစ်သည်။ တောင်တန်းများကို ဖြတ်သန်းဖောက်လုပ်ရသဖြင့် ကားလမ်းအရည်အသွေးကောင်းမွန်မှု အားနည်းချက်ရှိခဲ့သဖြင့် ကားမောင်းနှင်သွားလာရာတွင် အခက်အခဲများ၊ ကြန့်ကြာမှုများရှိခဲ့သည်။



မာန်အောင်ကျွန်းပတ်လမ်းရှိ အုန်းချောင်းသံကူကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**ရန်ကုန်-သံတွဲ ၈ နာရီ**

ယခုအစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ယင်းလမ်းပိုင်းတွင်ပါဝင်သော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကားလမ်းများကို အဆင့်မြှင့်တင်ခြင်း၊ ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်း၊ သံတွဲ-ဂွလမ်းပိုင်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ တံတားများကို အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်နိုင်ခဲ့သဖြင့် ယခင်က ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းကို အသုံးပြုပြီး ရန်ကုန်မှ သံတွဲသို့ ကားမောင်းရာတွင် အချိန် ၁၂ နာရီခန့် မောင်းနှင်ခဲ့ရသော်လည်း ယခုအခါ အချိန် ၈ နာရီခန့်သာ မောင်းနှင်ရုံဖြင့် ရောက်ရှိနိုင်ပြီဖြစ်သည်။

ရန်ကုန်မြို့မှ နံနက် ၆ နာရီထွက်လျှင် သံတွဲမြို့သို့ မွန်းလွဲ ၂ နာရီခန့်တွင် ရောက်ရှိပြီဖြစ်သည်။ ရန်ကုန်နှင့် သံတွဲမြို့သို့ နေ့ချင်းပြန်ခရီးနှင်နိုင်ပြီဖြစ်ရာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မင်္ဂလာရှိသော ဆောင်ရွက်မှုပင်။

**ငါးသိုင်းချောင်း-ဂွလမ်း အဆင့်မြှင့်တင်မည်**

လာမည့် လေးနှစ်တာကာလအတွင်း ကမ္ဘာ့ဘဏ်အကူအညီ အမေရိကန်ဒေါ်လာ သန်း ၂၀ အသုံးပြု၍ ငါးသိုင်းချောင်း-ဂွလမ်းကို အဆင့်မြှင့်တင်ပြီးပါက ရန်ကုန်မှ သံတွဲသို့ ယာဉ်မောင်းချိန် ၇ နာရီဖြင့် ရောက်ရှိနိုင်တော့မည်ဖြစ်သည်။ ထိုသို့ အချိန်တိုအတွင်း မော်တော်ကားဖြင့်သွားလာနိုင်မှုကြောင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ သိသိသာသာမြင့်တက်လာနိုင်မည်ဖြစ်သည်။

ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်ပြီး ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကို ချိတ်ဆက်နိုင်မည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်နိုင်ခဲ့ပြီဖြစ်သည်။

**ကျောက်တော်-ပလက်ဝ-မတူပီ-ဟားခါးလမ်းမကြီး**

ရခိုင်ပြည်နယ်မှ ချင်းပြည်နယ် ပလက်ဝမြို့ထိ ဆက်သွယ်မောင်းနှင်သွားလာနိုင်မည့် ကျောက်တော်-ပလက်ဝ-မတူပီ-ဟားခါးလမ်းမကြီးကိုလည်း ငါးနှစ်အတွင်း ကတ္တရာလမ်းအဆင့်ခင်းပြီး ကားလမ်းကူးတံတားများကို ကွန်ကရစ်တံတားအဖြစ် အပြီးတည်ဆောက်သွားမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်း အသစ်တစ်ခု ထပ်မံတိုးလာခြင်းဖြစ်သည်။

ယင်းလမ်းပိုင်းသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့၊ ချင်းပြည်နယ် ပလက်ဝမြို့နှင့် ဟားခါးမြို့တို့အထိ သွားလာနိုင်ပြီး ကလေးမြို့၊ ဂန့်ဂေါမြို့တို့ကိုလည်း သွားရောက်နိုင်မည်ဖြစ်သည်။ ကျောက်တော်-ပလက်ဝ-မတူပီ-ဟားခါးလမ်းမကြီးကိုလည်း ယခုတစ်နှစ်တာကာလအတွင်း မြေသားလမ်းဖောက်လုပ်ပြီးစီးနေပြီး တချို့နေရာများတွင် တံတားတည်ဆောက်ခြင်း၊ ကတ္တရာလမ်းခင်းခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

**ပြည်နယ်တစ်ခုလုံးဆီသို့**

ထိုလမ်းသည် ပခုက္ကူ-ဂန့်ဂေါ ကားလမ်းပိုင်းနှင့် ဟားခါးမြို့တွင် လာရောက်ဆုံတွေ့မည်ဖြစ်ရာ လမ်းကွန်ရက်များ ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်မှုကြောင့် ရခိုင်ပြည်နယ်သို့ နေရာဒေသအသီးသီးမှ ကုန်သွယ်မှု၊ ကုန်ပစ္စည်းစီးဆင်းမှု၊ ခရီးသွားလာမှုများ လွယ်ကူမြန်ဆန်လာမည်ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း နေရာဒေသအနှံ့အပြားတွင် မော်တော်ကားဖြင့် ရာသီမရွေး၊ အချိန်မရွေးသွားလာနိုင်ရန် လမ်း၊ တံတားများကို အခက်အခဲအမျိုးမျိုးကြားမှ တိုးမြှင့်ဖောက်လုပ်တည်ဆောက်ခဲ့ရာ ယခုအခါ ရခိုင်ပြည်နယ်တစ်ခုလုံး နေရာအတော်များများဆီသို့ မော်တော်ယာဉ်ဖြင့် သွားလာနိုင်ကြပြီဖြစ်သည်။

အချပ်ပို (ဂ) သို့ »»




စစ်တွေကုန်သွယ်ရေးစခန်း မင်းဂံဆိပ်ကမ်းတွင် ကုန်သွယ်မှုဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

အချပ်ပို (ခ) မှ »»

## စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော-အလယ်သံကျော်-အငူမော်ကားလမ်းမကြီး

ယခုအစိုးရသစ်လက်ထက်တွင် ရခိုင်ပြည်နယ်အတွင်း ကားလမ်းများကို စီမံချက်ချပြီး ဆောင်ရွက်ခဲ့ရာ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော-အလယ်သံကျော်-အငူမော် ကားလမ်းမကြီးကိုလည်း ဖောက်လုပ်လျက်ရှိသည်။ ယင်းလမ်းမကြီးကို လာမည့် နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားရန် ကြိုးစားလျက်ရှိသည်။ ယခုအခါ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင် တစ်ဖက်ကမ်းအထိ မော်တော်ယာဉ်များသွားလာနိုင်ပြီဖြစ်သည်။

ဘူးသီးတောင်-မောင်တော-ရသေ့တောင်မြို့တို့သည် ကားဖြင့်သွားရာတွင် ခက်ခဲသောမြို့များဖြစ်ခဲ့ပြီး ယခင်က ရေလမ်းခရီးဖြင့်သာ သွားလာ၍ရသည့် နေရာများဖြစ်သည်။

### ရသေ့တောင်နှင့် ဘူးသီးတောင်အကြား တံတားများတည်ဆောက်ခြင်း

ရသေ့တောင်မှ ဘူးသီးတောင်မြို့နယ်အထိ လမ်းပိုင်းတွင် တံတားများတည်ဆောက်ရန်ရှိရာ နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ဘူးသီးတောင်-မောင်တောလမ်းပိုင်းတွင်လည်း ယခင်က ၆၅၈ ပေရှိသော လိုဏ်ခေါင်းကြီးရှိနေရာ ယာဉ်ကြီးများသွားလာရာတွင် အဟန့်အတားသဖွယ်ဖြစ်နေသဖြင့် ယခုအခါ လမ်းသစ်ဖောက်လုပ်ခဲ့သည်။

ထို့ကြောင့် ဘူးသီးတောင်-မောင်တောကို အချိန်မရွေး၊ ရာသီမရွေး လွယ်ကူချောမွေ့စွာဖြင့် မြန်မြန်ဆန်ဆန် သွားရောက်နိုင်ပြီဖြစ်သည်။ မောင်တောမြို့နယ်မှ အလယ်သံကျော်၊ အလယ်သံကျော်မှ အငူမော်အထိ မိုင် ၅၀ ခရီးကို လွန်ခဲ့သောနှစ်များက လမ်းတံတားများ မပြင်ဆင်နိုင်ခဲ့မှုကြောင့် မော်တော်ကားဖြင့် ငါးနာရီခန့်ကြာအောင် သွားခဲ့ရသောခရီးကို ယခုအစိုးရလက်ထက်တွင် လမ်းအဆင့်မြှင့်တင်နိုင်ခဲ့သဖြင့် မောင်တောမှ အငူမော်အထိ ယာဉ်မောင်းချိန် နှစ်နာရီဖြင့် ရောက်ရှိနိုင်မည်ဖြစ်သည်။

ထိုသို့သွားလာနိုင်မှုကြောင့် ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု ပံ့ပိုးပေးနိုင်တော့မည်ဖြစ်သည်။ လမ်းကွန်ရက်များ အဆင့်မြှင့်တင်ပြီးပါက ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများဖြစ်သော ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်တို့သာမက ရခိုင်ပြည်နယ်တစ်ခုလုံးနှင့် ချိတ်ဆက်နိုင်မည့်အပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ကျယ်ပြန့်စွာ အချိန်၊ ရာသီမရွေး သွားရောက်နိုင်မည်ဖြစ်ရာ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများကဲ့သို့ ရခိုင်ပြည်နယ်သည်လည်း ဟန်ချက်ညီညီ တိုးတက်လာနိုင်တော့မည်မှာ မလွဲဧကန်ဖြစ်သည်။


ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းပေါ်ရှိ ထွန်းရဝေတံတားကို တွေ့ရစဉ်။

### သီးသန့်ရန်ပုံငွေမှ ကျပ်သန်း ၃၆၀၀ ကျော်

ယခုအချိန်တွင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေကျပ် ၃၆၅၆ ဒသမ ၈၄၀ သန်းဖြင့် ရခိုင်ပြည်နယ်တွင် ကျေးလက်လမ်းတံတားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ ကျေးရွာချင်းဆက်လမ်းများကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ မြေသားလမ်းများဖောက်လုပ်ခြင်း၊ ကျောက်ချောလမ်းခင်းခြင်းနှင့် ကွန်ကရစ်တံတားများ တည်ဆောက်ပေးခြင်းတို့ကို ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၆ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### ရခိုင်ပြည်နယ်အတွင်း လမ်းအရှည် မိုင် ၁၂၂၀ ကျော်

ရခိုင်ပြည်နယ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်း ရှစ်လမ်း၊ လမ်းအရှည် ၅၁၄ မိုင် ၆ ဖာလုံရှိပြီး ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်း ၄၃ လမ်း၊ လမ်းအရှည် ၇၁ မိုင် ၄ ဖာလုံ ၇၀ ပေရှိရာ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့မှ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော စုစုပေါင်းလမ်း ၅၁ လမ်းရှိပြီး လမ်းအရှည်မှာ ၁၂၂၆ မိုင် ၂ ဖာလုံ ၇၀ ပေ ရှိနေပြီဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အစိုးရသစ်လက်ထက် တစ်နှစ်တာကာလအတွင်း ၁၈ ပေ ကျယ်သော ကွန်ကရစ်လမ်း ၁၄ မိုင် ၃ ဖာလုံ ၅၉၄ ပေ၊ ၂၃ ပေ ကျယ်သော ကတ္တရာကွန်ကရစ်လမ်းခင်းခြင်းနှင့် ၁၂ ပေကျယ်သော ကတ္တရာလမ်းခင်းခြင်း ၂၀ မိုင် ၃၃၀ ပေ၊ ကတ္တရာလမ်းတိုးချဲ့ခြင်း ၁၇ မိုင် ၂ ဖာလုံ ၄၆၂ ပေ၊ ကျောက်ချောလမ်းခင်းခြင်း ၃၄ မိုင် ၄ ဖာလုံ စသည်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### မြစ်ကူး၊ ချောင်းကူးတံတားများ

ရခိုင်ပြည်နယ်သည် မြစ်ချောင်းများပေါများသည်ဖြစ်ရာ မြစ်ကူးချောင်းဖြတ်တံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးတွင် ဟန့်တားပိုင်းခြားမှုသဖွယ်ဖြစ်နေသည့် မြစ်ကူး၊ ချောင်းကူးတံတားများကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးလျက်ရှိသည်။

ရန်ကုန်-စစ်တွေကားလမ်းပေါ်ရှိ ရာမောင်တံတားကို တည်ဆောက်ပေးနိုင်ခဲ့ပြီး အဆင့်မြှင့်တင်မှုများလည်း လက်ရှိအစိုးရသစ်လက်ထက်၌ ထပ်မံပြုလုပ်နိုင်ခဲ့ရာ ယခုအခါ

အချပ်ပို (ဃ) သို့ »»


မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် (၁၀၀) စီမံကိန်းအဖြစ်အကောင်အထည်ဖော်ခဲ့သည့် လက်တူးတွင်းအား တွေ့ရစဉ်။



စစ်တွေလေဆိပ်အဆောက်အအုံသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ပေးနိုင်ခဲ့သလို အရေးကြီးပုဂ္ဂိုလ်နားနေဆောင်သစ် အဆောက်အအုံကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သည်။

ရသေ့တောင်မှ ဘူးသီးတောင်မြို့နယ်အထိလမ်းပိုင်းတွင် တံတားများတည်ဆောက်ရန်ရှိရာ နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ဘူးသီးတောင်-မောင်တော လမ်းပိုင်းတွင်လည်း ယခင်က ၆၅၈ ပေရှိသော လိုဏ်ခေါင်းကြီးရှိနေရာ ယာဉ်ကြီးများသွားလာရာတွင် အဟန့်အတားသဖွယ်ဖြစ်နေသဖြင့် ယခုအခါ လမ်းသစ်ဖောက်လုပ်ခဲ့သည်။




အမ်းလေဆိပ်အဆောက်အအုံလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအထိ လျှပ်စစ်ဓာတ်အားများသုံးစွဲနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းပေးထားသည်ကို တွေ့ရစဉ်။

အချပ်ပို (ဂ) မှ »»

ခရီး သည်တင်ကားများနှင့် ကုန်တင်ကားများပါ ရာသီမရွေး၊ အချိန်မရွေးဖြတ်သန်းမောင်းနှင် နိုင်နေပြီဖြစ်သည်။

**တောဖျားချောင်းတံတား**

ပုဏ္ဏားကျွန်းနှင့် ရသေ့တောင်လမ်းပိုင်း တွင်ရှိသော ပေ ၁၂၀၀ ရှည်သည့် တောဖျား ချောင်းတံတားကိုလည်း တည်ဆောက်ပေးနိုင် ခဲ့ရာ စစ်တွေမြို့မှ ပုဏ္ဏားကျွန်းမြို့နယ်ကို ဖြတ်၍ ရသေ့တောင်မြို့နယ်အထိ မော်တော် ယာဉ်များ အခက်အခဲမရှိ အချိန်ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ ပုဏ္ဏားကျွန်းစက်မှုဇုန် အကောင်အထည်ဖော်လျက်ရှိရာ တောဖျား ချောင်းတံတား တည်ဆောက်ပေးနိုင်မှုကြောင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေပြီဖြစ် သည်။

**ထွန်းရဝေတံတား**

ထို့ပြင် ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းပိုင်းပေါ်ရှိ အရှည်ပေ ၄၅၀ ရှိသော ထွန်းရဝေတံတား တည်ဆောက်နိုင်ခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိ အောင် ပံ့ပိုးနိုင်ခဲ့သည်။

**ပန်ဇင်းချောင်းတံတား**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်အကြား ကားလမ်းပေါ် တွင် အရှည်ပေ ၉၆၀ ရှိသော ပန်ဇင်းချောင်း တံတားကိုလည်း တည်ဆောက်ပေးထား သဖြင့် ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင် မြို့နယ်တို့အကြား လမ်းပန်းဆက်သွယ်ရေး အခက်အခဲမရှိ အချိန်နှင့်တစ်ပြေးညီ သွား လာနိုင်ကြပြီဖြစ်သည်။

**အောင်သာချောင်းတံတား**

ရသေ့တောင် - ဘူးသီးတောင်မြို့နယ် လမ်းပိုင်းအတွင်း ပေ ၁၈၀ ရှည်သော အောင်သာချောင်းတံတားကိုလည်း ထပ်မံ တည်ဆောက်ပေးထားသဖြင့် မြစ်များ၊ ချောင်း များကြောင့် ကားလမ်းများပြတ်တောက်မှု မရှိစေရန် တံတားများကို တည်ဆောက်ပေး ထားခြင်းဖြစ်သည်။

**အုန်းချောင်းတံတား**

မာန်အောင်မြို့နယ် မာန်အောင်ကျွန်း ပတ်လမ်းတွင် အုန်းချောင်းကို ဖြတ်သန်း တည်ဆောက်ထားသော အရှည်ပေ ၂၁၀ ရှိ သည့် အုန်းချောင်းတံတားကို တည်ဆောက်

အချပ်ပို (င) သို့ »»

**ရခိုင်ပြည်နယ်သည် မြစ်ချောင်းများ ပေါများသည် ဖြစ်ရာ မြစ်ကူးချောင်းဖြတ် တံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးတွင် ဟန့်တားပိတ်ဆို့ခြားမှုသဖွယ် ဖြစ်နေသည့် မြစ်ကူး၊ ချောင်းကူးတံတားများကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေး လျက်ရှိသည်။**

ရခိုင်ပြည်နယ်အတွင်းရှိပြည်သူများအား ရေကြောင်းခရီးစဉ်များ ဘေးကင်းလုံခြုံစွာ ပို့ဆောင်ပေး နိုင်ရေးအတွက် ဂျပန်နိုင်ငံအစိုးရက ပေးအပ်လှူဒါန်းသည့် ကစ္ဆပနဒီ (၁) ရေယာဉ်ကို တွေ့ရစဉ်။



**အချပ်ပို (ဃ) မှ »»**

ထားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အကုန်တွင် အဆိုပါ တံတား ငါးစင်းတည်ဆောက်မှု ပြီးစီးတော့မည်။ တံတားများတည်ဆောက်ပြီးစီးပါက ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင် ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများ လျင်မြန်လာမည်ဖြစ်သည်။

**ဒါးလက်ချောင်းတံတား**

မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိအရှည်ပေ ၉၆၀ ရှိသော ဒါးလက်ချောင်းတံတားကိုလည်း တည်ဆောက်လျက်ရှိပြီး လာမည့်နှစ်တွင် ပြီးစီးမည်ဖြစ်သည်။

**ကြပ်စင်မြစ်ကူးတံတား**

မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်နှစ်ခုကို ဆက်စပ်ပေါင်းကူးပေးမည့် အရှည်ပေ ၁၉၂၀ ရှိသော ကြပ်စင်မြစ်ကူးတံတားကိုလည်း တည်ဆောက်လျက်ရှိပြီး လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ကြပ်စင်မြစ်ကို ဖြတ်သန်းတည်ဆောက်နေသော ကြပ်စင်မြစ်ကူးတံတားကြောင့် ကုန်းလမ်းဆက်သွယ်ရေးနှင့် ဆက်သွယ်မှုပြတ်တောက်နေသော မြေပုံမြို့သည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

**ရသေ့တောင်ချောင်းတံတား**

ပုဏ္ဏားကျွန်း-ရသေ့တောင်ကားလမ်းပိုင်းတွင်ရှိသော အရှည်ပေ ၈၈၀ ရှိသည့် ရသေ့တောင်ချောင်းတံတားကိုလည်း တည်ဆောက်ပေးလျက်ရှိရာ လာမည့် နှစ်နှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။

**စိုင်းဒင်ချောင်းတံတား**

ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် ကားလမ်းပေါ်တွင် အရှည်ပေ ၆၀၀ ရှိသော စိုင်းဒင်ချောင်းတံတားကိုလည်း တည်ဆောက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးရန် သတ်မှတ်ထားသည်။

**ဆတ်ရိုးကျတံတား**

စစ်တွေမြို့နယ်အတွင်းရှိ ဆတ်ရိုးကျချောင်းကို ဖြတ်သန်းဖောက်လုပ်ထားသည့် အရှည်ပေ ၁၃၄၀ ရှိသော ဆတ်ရိုးကျတံတားကိုလည်း တည်ဆောက်လျက်ရှိရာ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများပြီးစီးရန် ကြိုးစားလျက်ရှိသည်။

ဆတ်ရိုးကျတံတားသည် ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက် အရေးပါပြီး ရခိုင်ပြည်နယ်၏ ကုန်သွယ်မှုလုပ်ငန်းများကို အထောက်အကူပြုပေးနိုင်မည့် တံတားဖြစ်သည်။

**ကစ္ဆပနဒီမြစ်ကူးတံတား**

ပုဏ္ဏားကျွန်းမှ မင်းပြားမြို့ကို ဆက်သွယ်မည့် ကစ္ဆပနဒီမြစ်ကူးတံတားအသစ်တစ်စင်းကိုလည်း အိန္ဒိယနိုင်ငံက တည်ဆောက်ပေးမည်ဟု ကမ်းလှမ်းထားရာ ငါးနှစ်အတွင်း အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ကစ္ဆပနဒီမြစ်ကူးတံတားအသစ်တည်ဆောက်နိုင်ပါက ကုန်တင်ယာဉ်များနှင့် ခရီးသည်ယာဉ်များ ပိုမိုလျင်မြန်စွာဖြင့် ဘေးကင်းစွာသယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ရာ ဒေသခံပြည်သူများအတွက် မျှော်လင့်ချက်ရောင်ခြည်ပင်ဖြစ်သည်။

**ကင်းချောင်းတံတား**

မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်ရှိ ကင်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော အရှည်ပေ ၄၄၀ ရှိသည့် ကင်းချောင်းတံတားကိုလည်း မူလသစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ခဲ့ရာ ယခုအခါ မော်တော်ယာဉ်များ ဘေးကင်းစွာသွားလာနိုင်ကြပြီဖြစ်သည်။

**တန်လွဲတံတား**

ရန်ကုန်-ကျောက်ဖြူ ကားလမ်းပေါ်ရှိ တောင်ကုတ်-မအီ လမ်းပိုင်းတွင်ရှိသော အရှည်ပေ ၆၀၀ ရှိသည့် တန်လွဲတံတားကို သစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဆင့်သို့ အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ခဲ့ရာ မော်တော်ယာဉ်များ ဘေးကင်းလုံခြုံစွာ သွားလာနိုင်နေပြီဖြစ်သည်။

**တံတားကြီး ၁၂ စင်း အဆင့်မြှင့်တင်**

ရခိုင်ပြည်နယ်တွင် ပေ ၁၈၀ နှင့်အထက် သံကူကွန်ကရစ် သံပေါင်တံတား ၁၂ စင်းကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းတံတားများမှာ -

(၁) ပေါက်တော-မင်းပြားလမ်းပေါ်ရှိ အရှည် ၁၂၁၆ ပေရှိသော စွန်ရဲတံတား၊

(၂) အရှည်ပေ ၉၀၀ ရှိသော ဆင်ခုံတိုင်တံတား၊

(၃) ရန်ကုန်-စစ်တွေလမ်းပေါ်ရှိ အရှည်ပေ ၄၄၀ ရှိသော ကင်းချောင်းတံတား၊

(၄) အရှည်ပေ ၆၀၀ ရှိသော အမ်းချောင်းတံတား၊

(၅) အရှည်ပေ ၃၆၀ ရှိသော ပီကောက်တံတား၊

**အချပ်ပို (စ) သို့ »»**



တောင်ကုတ်မြို့နယ် ငမောက်ချောင်းတိုက်နယ်ဆေးရုံကို တွေ့ရစဉ်။



ရာမောင်ကြိုးတံတားကို တွေ့ရစဉ်။



ကျောက်ဖြူဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။



တောင်ကုတ်-သံတွဲလမ်းကို ကတ္တရာကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ထားရှိမှုကို တွေ့ရစဉ်။



ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် စစ်တွေမြို့ အထည်ချုပ်စက်ရုံတွင် အထည်ချုပ်အလုပ်သမများ လုပ်ငန်းခွင်ဝင်နေသည်ကို တွေ့ရစဉ်။

**အချပ်ပို ( င) မှ »»**

(၆) ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းပေါ်ရှိ အရှည်ပေ ၄၈၀ ရှိသော စံမတီးချောင်းတံတား၊

(၇) မင်းဘူး-အမ်းလမ်းပေါ်ရှိ အရှည်ပေ ၄၀၀ ရှိသော သယုပဲပုဒ့်ကြီးတံတား၊

(၈) တောင်ကုတ်-သံတွဲလမ်းပေါ်ရှိ အရှည်ပေ ၄၈၀ ရှိသော ကွေ့ချောင်းတံတား၊

(၉) အမ်း-တပ်တောင်လမ်းပိုင်းရှိ အရှည်ပေ ၃၆၀ ရှိသည့် ဂါယ်လောင်းတံတား၊

(၁၀) ကျောက်တော်-မြောက်ဦး-မင်းပြားလမ်းပိုင်းရှိ အရှည်ပေ ၁၈၀ ရှိသော သဲတန်းတံတား၊

(၁၁) မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ အရှည်ပေ ၁၈၀ ရှိသော ပဲကောက်တံတား၊

(၁၂) ရမ်းဗြဲ-ကျောက်နီမော်လမ်းပေါ်ရှိ အရှည် ၁၉၅ ပေရှိသော တရောင်းချောင်းတံတားတို့ကို အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ပေ ၁၈၀ အထက် တံတားအကြီး တစ်စင်း၊ ပေ ၁၈၀ အောက်နှင့် ပေ ၅၀ အထက် တံတား ၁၄ စင်း၊ ပေ ၅၀ အောက်တံတားနှင့် Culvert များ ၁၉၃ စင်း တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ထူးခြားပီပြင်စွာထွက်ပေါ်လာခဲ့ပြီဖြစ်ရာ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားများပင်ဖြစ်သည်။

**လေကြောင်းခရီး**

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆောင်ရွက်နေသကဲ့သို့ လေကြောင်းခရီးစဉ်ဖြင့် ကူးလူးသွားလာနိုင်ရေးအတွက် လေဆိပ်များ အဆင့်မြှင့်တင်ခြင်း၊ လေဆိပ်အသစ်များ တည်ဆောက်ခြင်း၊ လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

လေဆိပ်အသစ် တည်ဆောက်ခြင်းတွင် မြောက်ဦးလေဆိပ်နှင့် မာန်အောင်လေဆိပ်တို့ကို တည်ဆောက်ပေးလျက်ရှိသည်။ မြောက်ဦးလေဆိပ်အသစ် တည်ဆောက်မှုကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ လေဆိပ်အဝင်လမ်းမြေနေရာနှင့် လေယာဉ်ပြေးလမ်းမြေနေရာများကို ရှင်းလင်းပြီး မြေပြင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**မြောက်ဦးလေဆိပ်**

မြောက်ဦးလေဆိပ် တည်ဆောက်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ခဲ့ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ခုနှစ်တွင် ပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ယခင် မြောက်ဦးလေဆိပ်အဟောင်းသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ကျရောက်နေသဖြင့် အသစ်ပြန်လည်ရွှေ့ပြောင်းတည်ဆောက်ခြင်းဖြစ်သည်။ မြောက်ဦးလေဆိပ်တည်ဆောက်ပြီးပါက ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ တိုးတက်များပြားစွာ ရောက်ရှိလာကြမည်ဖြစ်ရာ မြောက်ဦးဒေသ၏ အနာဂတ်အလှကလည်း ဝေဖြာနေဦးမည်ဖြစ်သည်။

**မာန်အောင်လေဆိပ်**

မာန်အောင်လေဆိပ်ကိုလည်း အသစ်ပြုပြင်တိုးချဲ့မှုများဆောင်ရွက်လျက်ရှိသည်။ လေယာဉ်ငယ်များ အဆင်းအတက်အသုံးပြုနိုင်ရန် လေယာဉ်ပြေးလမ်း အရှည်ပေ ၄၀၀၀ နှင့် အကျယ် ပေ ၁၀၀ ကို တိုးချဲ့ပြုပြင်ထားပြီး တစ်ထပ်လေဆိပ် အဆောက်အအုံကိုလည်း တည်ဆောက်ခဲ့ရာ လေယာဉ်ငယ်များဖြင့် ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည်။

ATR 72 လေယာဉ်များ ဆင်းသက်အသုံးပြုနိုင်သည်အထိ ပြေးလမ်းကို တိုးချဲ့သွားမည်ဖြစ်သည်။

**စစ်တွေလေဆိပ်**

လေဆိပ်များ အဆင့်မြှင့်တင်ခြင်းတွင် စစ်တွေလေဆိပ်ကို မူလပြေးလမ်း အရှည်ပေ ၆၀၀၀၊ အကျယ် ပေ ၁၅၀ မှ ယခုအခါ အရှည်ပေ ၇၅၀၀၊ အကျယ် ပေ ၁၅၀ သို့ တိုးချဲ့ခဲ့သည်။ ယခင်က ATR 72 လေယာဉ်များသာ ဆင်းသက်အသုံးပြုနိုင်ခဲ့ရာမှ ယခုအခါ Airbus 320 လေယာဉ်ကြီးများနှင့် Embraer 190 လေယာဉ်များ အဆင်းအတက်အသုံးပြုနိုင်တော့မည်ဖြစ်သည်။

စစ်တွေလေဆိပ်အဆောက်အအုံအသစ်ကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ပေးနိုင်ခဲ့သလို အရေးကြီးပုဂ္ဂိုလ်နားနေဆောင်သစ် အဆောက်အအုံကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ရခိုင်ပြည်နယ်၏မျက်နှာစာအလှက ပိုမိုပေါ်လွင်လာခဲ့ပြီ။

**ကျောက်ဖြူလေဆိပ်**

ကျောက်ဖြူလေဆိပ်ကိုလည်း အဆင့်မြှင့်တင်ခဲ့ပြီး မူလလေယာဉ်ပြေးလမ်း အရှည်ပေ ၄၆၂၀ နှင့် အကျယ်ပေ ၁၀၀ အား ယခုအခါ ပြေးလမ်းအရှည် ပေ ၇၅၀၀ နှင့် အကျယ် ပေ ၁၀၀ အထိ တိုးချဲ့ပေးခဲ့သည့်အတွက် ယခုအခါ Airbus 320 လေယာဉ်ကြီးများနှင့် Embraer 190 လေယာဉ်များ အဆင်းအတက်အသုံးပြုနိုင်တော့မည်ဖြစ်သည်။

**သံတွဲလေဆိပ်**

နိုင်ငံခြားခရီးသည် အဝင်အထွက်များပြားသော သံတွဲလေဆိပ်ကိုလည်း လေယာဉ်ပြေးလမ်း အရှည်ပေ ၈၀၀၀ နှင့် အကျယ်ပေ ၁၀၀ အား လေးလက်မဒု နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းနိုင်ခဲ့သည်။

လေဆိပ်အဆောက်အအုံကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် လေကြောင်းထိန်းမျှော်စင်အသစ်ကိုလည်း တည်ဆောက်ပေးခဲ့ရာ ငပလီကမ်းခြေသို့ လာရောက်ကြသည့် ဧည့်သည်များအတွက် တင့်တင့်တယ်တယ်ရှိခဲ့ပြီဖြစ်သည်။

**လေကြောင်းလိုင်းများ**

ရခိုင်ပြည်နယ်သို့ ပြည်တွင်း ပြည်ပခရီးသည်များ လာရောက်မှုတိုးတက်များပြားလာသဖြင့် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲလျက်ရှိရာ

ရန်ကုန်-စစ်တွေ ခရီးစဉ်အတွက် အမျိုးသားလေကြောင်းလိုင်း၊ Air KBZ လေကြောင်းလိုင်း၊ Air Mandalay လေကြောင်းလိုင်း၊ Golden Myanmar လေကြောင်းလိုင်း၊ FMI လေကြောင်းလိုင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းများ ပြေးဆွဲပျံသန်းလျက်ရှိသည်။

**အချပ်ပို (ဆ) သို့ »»**



မြစိမ်းရောင်စီမံကိန်းကျေးရွာ၌ ဆောင်ရွက်နေသည့် ရက်ကန်းရုံ။



ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိုလ်ဘိုင်း တာဝါတိုင်များတည်ဆောက်ပေးထားသည်ကို တွေ့ရစဉ်။

အချပ်ပို (စ) မှ »»

ရန်ကုန်-ကျောက်ဖြူ ခရီးစဉ်အတွက် အမျိုးသားလေကြောင်းလိုင်း၊ Golden Myanmar လေကြောင်းလိုင်းတို့က ပျံသန်းပြေးဆွဲလျက်ရှိပြီး ရန်ကုန်-သံတွဲ ခရီးစဉ်တွင် အမျိုးသားလေကြောင်းလိုင်းမှ နေ့စဉ်ပြေးဆွဲလျက်ရှိသည်။ ရန်ကုန်-အမ်း ခရီးစဉ်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တစ်ပတ်လျှင် နှစ်ရက်ပြေးဆွဲနေပြီး ရန်ကုန်-မာန်အောင် ခရီးစဉ်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တစ်ပတ်လျှင် သုံးရက်ပြေးဆွဲလျက်ရှိသည်။

လေကြောင်းခရီးစဉ်များ ပြေးဆွဲပျံသန်းနိုင်မှုကြောင့် ရခိုင်ပြည်နယ်သို့ လာရောက်ကြမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ခရီးသွားဧည့်သည်များအတွက် အချိန်တိုအတွင်း လာရောက်နိုင်ကြလျက်ရှိရာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းခရီးစဉ်များသည်လည်း အထောက်အကူပြုလျက်ရှိသည်။

**ရေကြောင်းသယ်ယူပို့ဆောင်ရေး**

ရခိုင်ပြည်နယ်အတွင်း ရေကြောင်းခရီးစဉ်များ ပြေးဆွဲရန် ဂျပန်နိုင်ငံမှ ရေယာဉ် သုံးစင်းအား ထောက်ပံ့ကူညီပေးခဲ့သဖြင့် ရခိုင်ပြည်နယ်တွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ပိုမိုကောင်းမွန်စွာဆောင်ရွက်ပံ့ပိုးပေးနိုင်တော့မည်ဖြစ်သည်။

**ဂျပန်နိုင်ငံမှ ရေယာဉ်အသစ်များ**

ဂျပန်နိုင်ငံမှ ပထမရေယာဉ်ကို ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် လွှဲပြောင်းလက်ခံနိုင်မည်ဖြစ်သည်။

ဒုတိယရေယာဉ်မှာ ယခုနှစ် မေလနှင့် နောက်ဆုံးရေယာဉ်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်း ပြည်သူများအား ရေကြောင်းခရီးစဉ်များ ဘေးကင်းလုံခြုံစွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

**ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင်ရေယာဉ်များ**

ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် စက်ရှိ၊ စက်မဲ့ရေယာဉ် ၁၄ စင်း၊ ပုဂ္ဂလိက ကုန်တင်ရေယာဉ် ၇၇ စင်း၊ စက်တပ်မြင်းကောင်ရေအား ၂၀ အထက် ရေယာဉ်အစင်း ၇၀၀၊ စက်တပ်မြင်းကောင်ရေအား ၂၀ အောက် ရေယာဉ်အစင်း ၈၀၀ တို့ဖြင့် ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်ပေးလျက်ရှိသည်။

**ကမ်းပြိုကာကွယ်ရေးနှင့် လှိုင်းကာမြေထိန်းနံရံလုပ်ငန်း**

ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သံတွဲမြို့နယ်၊ တောင်ကုတ်မြို့၊ ရသေ့တောင်မြို့၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ်၊ မာန်အောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်တို့တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ လှိုင်းကာမြေထိန်းနံရံလုပ်ငန်းနှင့် သောင်တူးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရေကြောင်း ဘေးကင်းလုံခြုံရေးများအတွက်လည်း ရေယာဉ်ဝန်ထမ်းများဖြင့် ရေယာဉ်များကို ကျွမ်းကျင်ပညာရှင်များအဖွဲ့က စစ်ဆေးကြပ်မတ်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း ဆိပ်ကမ်းများတွင် အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**ရထားလမ်းစီမံကိန်းများ**

ရခိုင်ပြည်နယ်အတွင်း ရထားလမ်းစီမံကိန်းများ ဖောက်လုပ်ဆောင်ရွက်ပေးခဲ့ရာ အရှည် ၂၉၉ ဒသမ ၂၅ မိုင်ရှည်လျားသည့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်းတွင် ပါဝင်သည့် စစ်တွေ-မြောက်ဦးရထားလမ်းဖောက်လုပ်ခြင်းကို ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ စစ်တွေ-ရေချမ်းပြင်၊ ကွမ်းတောင်-ယိုးတရုတ်၊ ယိုးတရုတ်-ကျောက်တော်လမ်းပိုင်း သုံးခုအတွက် ၅၄ မိုင်နှင့် ရေချမ်းပြင်-ကွမ်းတောင်လမ်းပိုင်းအတွက် အရှည်ခြောက်မိုင် ဖောက်လုပ်ပြီးဖြစ်သည်။

**စစ်တွေမှ မြောက်ဦး**

ရထားလမ်းပိုင်းဖောက်လုပ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရထားလမ်းဖောက်လုပ်ပြီးစီးပါက စစ်တွေမှ မြောက်ဦးသို့ ရထားဖြင့် နေ့ချင်းပြန်သွားလာနိုင်ပြီး ဒေသခံပြည်သူများနှင့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များအတွက် ခရီးသွားလာရေး အဆင်ပြေမည်ဖြစ်သည်။

**ဆက်သွယ်ရေးကဏ္ဍ**

ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍတွင် အော်တိုအိတ်ချိန်းစက်ခန်း ၂၁ ခု၊ မိုက်ခရိုဝေ့စခန်း ၂၂ ခု၊ CDMA 450 စက်ခန်း ၁၉ ခု၊ CDMA 800 စက်ခန်း နှစ်ခုနှင့် GSM/UMTS စက်ခန်း ၁၈၄ ခု တည်ဆောက်ထားပြီးဖြစ်သည်။ မိုလ်ဘိုင်းတာဝါတိုင်များတည်ဆောက်မှုမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ၂၉၇ တိုင်သာရှိခဲ့ပြီး ယခုအစိုးရ တစ်နှစ်တာကာလအတွင်း မိုလ်ဘိုင်းတာဝါတိုင်ပေါင်း ၄၇၉ တိုင် တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။

ဖိုင်ဘာကေဘယ်အနေဖြင့်လည်း ယခင်က ၁၉၅၉ ဒသမ ၈၀ ကီလိုမီတာရှိခဲ့ရာမှ ယခုအခါ ၃၃၀၃ ဒသမ ၂၂ ကီလိုမီတာအထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ရခိုင်ပြည်နယ်အတွင်း နေရာဒေသအနှံ့ ဖုန်းကွန်ရက်များ ချိတ်ဆက်ပြောဆိုနိုင်ပြီဖြစ်သည်။

**မိုးလေဝသရေဒါအဆောက်အအုံ**

ရခိုင်ပြည်နယ်သည် ကမ်းခြေဒေသတစ်ခုဖြစ်ရာ သဘာဝဘေးအန္တရာယ်ဖြစ်သော မုန်တိုင်းဒဏ်ကို ကြုံတွေ့ရလေ့ရှိသဖြင့် ဒေသခံပြည်သူများအား အကာအကွယ်ပေးနိုင်ရန်အတွက်မုန်တိုင်းတည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမည့်လမ်းကြောင်းကို တိကျစွာ ထောက်လှမ်းနိုင်သော မိုးလေဝသရေဒါ အဆောက်အအုံကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ကျောက်ဖြူမြို့နယ် ကင်းရွာ၌ တည်ဆောက်တပ်ဆင်ခဲ့သည်။




စစ်တွေမြို့နယ်တွင် မိုးကောင်းသောက်လယ်စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့ရစဉ်။

**အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာများ**

ယင်းမိုးလေဝသရေဒါမှ နေ့စဉ် မုန်တိုင်းသတိပေးချက်ထုတ်ပြန်လျက်ရှိပြီး စစ်တွေ-ကျောက်ဖြူ-သံတွဲနှင့် ၄ မိုးလေဝသစခန်းများတွင်လည်း အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာများတပ်ဆင်ပြီး ဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ် ၄မြို့နယ်တွင်လည်း အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် မြေငလျင်တိုင်းစက်ကိုလည်း ယခုနှစ်အတွင်း တပ်ဆင်သွားမည်ဖြစ်သည်။

**ဟိုတယ်နှင့် ခရီးသွားလာရေး**

ရခိုင်ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့ရာတွင် ယခင်က ဟိုတယ်နှင့် တည်းခိုရိပ်သာစုစုပေါင်း ၄၄ လုံးနှင့် အိပ်ခန်းပေါင်း ၁၃၄၇ ခန်းရှိခဲ့ရာမှ ယခုအစိုးရသစ်လက်ထက် တစ်နှစ်တာကာလအတွင်း ဟိုတယ်နှင့်တည်းခိုရိပ်သာ ငါးလုံးနှင့် အိပ်ခန်းပေါင်း ၁၉၃ ခန်းကို လုပ်ငန်းလိုင်စင် ထပ်မံခွင့်ပြုနိုင်ခဲ့ရာ စစ်တွေမြို့၌ တည်းခိုရိပ်သာ နှစ်လုံးနှင့် အိပ်ခန်း ၃၁ ခန်း၊ ကျောက်ဖြူမြို့တွင် ဟိုတယ်နှင့်တည်းခိုရိပ်သာ သုံးလုံး အိပ်ခန်း ၉၃ ခန်း ထပ်မံတိုးတက်လာခဲ့သည်။

ခရီးလှည့်လည်ရေးလုပ်ငန်းအတွက်လည်း ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်များကို စစ်တွေမြို့တွင် နှစ်ခု၊ သံတွဲမြို့တွင် နှစ်ခု

အချပ်ပို (ဈ) သို့ »»

အချပ်ပို (ဆ) မှ »»

ခွင့်ပြုပေးခဲ့ရာမှ ယခုအစိုးရလက်ထက်တွင် စစ်တွေမြို့၌ ခရီးသွားလုပ်ငန်းလိုင်စင် တစ်ခု အသစ်ထပ်မံခွင့်ပြုပေးခဲ့သည်။

ငပလီကမ်းခြေတွင် အစိုးရသစ် တစ်နှစ်တာကာလအတွင်း ဟိုတယ်နှင့် အဆင့်မြင့် တည်းခိုရိပ်သာ တစ်လုံးတို့အတွက် တည်ဆောက်ခြင်း ကြိုတင်ခွင့်ပြုမိန့်များကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ကျောက်ဖြူလေဆိပ်အဆောက်အအုံကို တွေ့ရစဉ်။

**သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်**

ရခိုင်ပြည်နယ်အတွင်း လက်ရှိအစိုးရ၏ တစ်နှစ်တာကာလအတွင်း မောင်တောမြို့နယ် သာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ စုပေါင်းအလှူရှင်များ၏ လှူဒါန်းမှုအပါအဝင် ငွေကျပ်သိန်း ၂၅၀၀ အကုန်အကျခံကာ တည်ဆောက်ခဲ့သည်။

မောင်တောမြို့နယ်တွင် မောရဝတီ သာသနာပြုကျောင်းအတွင်း သိမ်တော် တည်ဆောက်မှုလုပ်ငန်းကိုလည်း ကျပ်သိန်း ၁၀၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခံခဲ့ရသော မြောက်ဦးမြို့ ရတနာ့မာန်အောင်စေတီတော် ပြုပြင်မှုကို အပြီးဆောင်ရွက်နိုင်ခဲ့သည်။

ရခိုင်ပြည်နယ် မြေပုံမြို့နယ် ခြံချောင်း သာသနာပြုဌာနအတွင်း အာရုံခံတန်ဆောင်း အပါအဝင် ဘာသာရေးအဆောက်အအုံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

**လယ်ယာနှင့်ဆည်မြောင်းများ တူးဖော်ပေးမှု**

ရခိုင်ပြည်နယ်အတွင်း အစိုးရသစ် တစ်နှစ်တာကာလအတွင်း လယ်ယာဆည်မြောင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်တွေမြို့ ကန်တော်ကြီးကန်တူးဖော်ခြင်း၊ ဘူးသီးတောင်မြို့နယ်၊ မောင်တောမြို့နယ်တို့တွင် နွေစပါးရေရရှိရေး ချောင်း၊ မြောင်းများ တူးဖော်ဆောင်ရွက်ခြင်း၊ မြေပုံမြို့နယ်တွင် ငမန်းရဲကျွန်းတာပြုပြင်ခြင်း စသည့်လုပ်ငန်းများကို ငွေကျပ်သန်း ၂၁၃၂ ဒသမ ၉၂၃ သန်း အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရမ်းဗြဲမြို့နယ်၊ မင်းပြားမြို့နယ်၊ မြေပုံမြို့နယ်၊ တောင်ကုတ်မြို့နယ်တို့တွင် လျှိုပိတ်ဆည်များ တည်ဆောက်ခြင်း၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မင်းပြား၊ မြေပုံ၊ အမ်း၊ ရမ်းဗြဲနှင့် စစ်တွေမြို့နယ်များတွင် တာတမံများ၊ ဆည်များ၊ လယ်သမားတာများ တည်ဆောက်ပေးခဲ့သည့်အပြင် စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မင်းပြား၊ မြေပုံမြို့နယ်များတွင် ရေငန်တားတာများ၊ ရေလှောင်တမံများ၊ ရေမြောင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ရာ ဒေသခံ တောင်သူလယ်သမားများအတွက် အကျိုးသက်ရောက်စေခဲ့သည်။

**နယ်စပ်စည်းရိုး**

ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်စည်းရိုး ကာရံခြင်းလုပ်ငန်းကိုလည်း ယခု အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တုံချောင်းဝမှ အငူမော် ကျေးရွာအထိ မိုင် ၄၀ ရှိသော အပိုင်းတွင် ၁၀ မိုင်အရှည်အား ခွင့်ပြုရန်ပုံငွေ ၁၂၈၇၅ ဒသမ ၆၇၂ သန်း အကုန်အကျခံကာ ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်ပြီး နယ်စပ်ကင်းစခန်းများ၊ ကင်းလှည့်လမ်းရှိ တံတားနှင့် ပျက်စီးနေသော နယ်စပ်ခြံစည်းရိုး ၆၉ နေရာအား ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း တရားမဝင် ဖြတ်သန်းသွားလာ ဝင်ရောက်သူများနှင့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**စာသင်ကျောင်းများ တိုးချဲ့တည်ဆောက်**

ရခိုင်ပြည်နယ်အတွင်း အစိုးရသစ်လက်ထက် တစ်နှစ်တာအတွင်း အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ရာ အထက်တန်းကျောင်း ၁၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၂ ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၇၉ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၆၇ ကျောင်း၊ မူလတန်းကျောင်း ၁၉ ကျောင်းနှင့် မူလတန်းကျောင်းခွဲ ၂၉ ကျောင်း စုစုပေါင်း ၃၂၄ ကျောင်းအား အဆင့်တိုးမြှင့်ပေးနိုင်ခဲ့သည်။

တိုးတက်လာသော ကျောင်းသားကျောင်းသူများအတွက် လိုအပ်သော ဆရာ၊ ဆရာမများ အင်အားဖြည့်ဆည်းပေးခဲ့ရာတွင် မူလတန်းပြ ၁၃၃၂ ဦးကို ခန့်အပ်တာဝန်ပေးခဲ့သည်။ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ)၊ အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း (စစ်တွေ)တို့ကို ဖွင့်လှစ်ကာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားတတ်မြောက်စေခဲ့ခြင်းဖြင့် လူမှုဘဝတိုးတက်မှုများဖြစ်ပေါ်လာစေမည်ဖြစ်သည်။ စစ်တွေတက္ကသိုလ်၊ တောင်ကုတ်ကောလိပ်နှင့် ကျောက်ဖြူပညာရေးကောလိပ်တို့အပြင် ယခု အစိုးရသစ်လက်ထက်တွင် တောင်ကုတ်ကောလိပ်ကို တောင်ကုတ်ဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

**ဆေးရုံဆေးခန်းများ**

ကျန်းမာရေးကဏ္ဍတွင် ဆေးရုံနှင့် ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများမှာ ပုံမှန်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်နေပြီဖြစ်သည်။ မောင်တောခရိုင်အပါအဝင် ရခိုင်ပြည်နယ်အတွင်း နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရန် ဘက်စုံပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူဦးရေ ၃ ဒသမ ၃ သန်းကျော်ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ခုတင် (၅၀၀) ဆံ့ဆေးရုံတစ်ရုံ၊ ခုတင် (၁၀၀) ဆံ့ဆေးရုံ ငါးရုံ၊ ခုတင် (၅၀) အောက်ဆေးရုံ ၅၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၂၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၅၈ ခုတို့ဖြင့် ကျန်းမာရေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

**လျှပ်စစ်မီးလင်းရေး**

ရခိုင်ပြည်နယ်တွင် တစ်နှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ခဲ့ရာ မအီဓာတ်အားခွဲရုံ၊ တောင်ကုတ်ဓာတ်အားခွဲရုံ၊ ကျောက်ဖြူဓာတ်အားခွဲရုံ၊ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံနှင့် မင်းပြားဓာတ်အားခွဲရုံများ တည်ဆောက်နိုင်ခဲ့ပြီး ၆၆ ကေဗွီ တောင်ကုတ်-မအီ ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ တောင်ကုတ်-ဖုန်ညို ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ကျောက်ဖြူ-ကျောက်ဖြူ (SEZ) ဓာတ်အားလိုင်း အမှတ်(၁)၊ ၆၆ ကေဗွီ ကျောက်ဖြူ-ကျောက်ဖြူ (SEZ) ဓာတ်အားလိုင်း အမှတ်(၂)၊ ၆၆ ကေဗွီ မြောက်ဦး-မင်းပြားဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ အသုတ်-ဂွ ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် - ဘူးသီးတောင် - မောင်တော ဓာတ်အားလိုင်း၊ ၃၃ ကေဗွီ မင်းပြား-မြေပုံ ဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ အမ်း-ကမ်းထောင်းကြီး ဓာတ်အားလိုင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ဓာတ်အားခွဲရုံများ တည်ဆောက်**

လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းနိုင်ခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်နိုင်ခြင်းတို့ကြောင့် မအီမြို့၊ တောင်ကုတ်မြို့၊ ကျောက်ဖြူမြို့၊ မင်းပြားမြို့၊ မြောက်ဦးမြို့တို့ အပါအဝင် ကျေးရွာ ၅၅ ရွာတို့၌ လျှပ်စစ်မီးများ ထပ်မံသုံးစွဲနိုင်မည်ဖြစ်သည်။ ကျေးလက်နေ ပြည်သူများအထိ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ခံစားနိုင်ပြီဖြစ်သည်။

**အနာဂတ်အလင်းတန်းများ ဝေဖြာမည့်မြေ**

လမ်း၊ တံတား၊ လျှပ်စစ် စသည့်အခြေခံ အဆောက်အအုံများ ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် လက်ရှိအစိုးရသစ်၏ တစ်နှစ်တာကာလ ကြိုးပမ်းလုပ်ဆောင်ချက်များကလည်း ပေါ်လွင်လျက်ရှိရာ သဘာဝကပေးထားသော ရေမြေသယံဇာတ၊ အခြေခံကောင်းများရှိပြီးဖြစ်သည့် ရခိုင်ပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအလင်းတန်းများမှာ မကြာမီကာလမှာပင် ဝေဖြာနေတော့မည်ဟု ယုံကြည်မျှော်လင့်မိပါတော့သတည်း။ ။


ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းကျေးရွာရှိ မွေးမြူရေးခြံအား လိုက်လံစစ်ဆေးနေစဉ်။


အလိုအလျောက်မိုးလေဝသ တိုင်းတာရေးကိရိယာ တည်ဆောက်လျက်ရှိသည်ကို တွေ့ရစဉ်။

# လိပ်ပြာတွေပြောပြတဲ့ ဂေဟစနစ်

နှင်း(မာယာ)

လိပ်ပြာလေးတွေဟာ သန့်ရှင်းတဲ့ လေထုထဲမှာ အသက်ရှင် နေထိုင်ကြတယ်။ သူတို့ရှိတဲ့အရပ်ဟာ သဘာဝလေကောင်းလေသန့်တွေရှိတဲ့ အရပ်ဒေသလို့ ကြားဖူးခဲ့ပါတယ်။ ပြီးတော့ ပညာရှင်တွေက ပြောကြပါတယ်။ လိပ်ပြာလေးတွေဟာ ဂေဟစနစ်နဲ့ တိုက်ရိုက် ဆက်နွယ်နေတယ်တဲ့။ ဂေဟစနစ်ရဲ့ အပြောင်းအလဲကို သိသိသာသာ ညွှန်းဆိုပြောပြနိုင်တာ လိပ်ပြာတွေပဲ ရှိပါတယ်တဲ့။

ကျွန်မတို့ငယ်ငယ်တုန်းက အိမ်ပြတင်းပေါက်မှာ လိပ်ပြာလေးတွေ လာနားတတ်ကြတာ တွေ့ခဲ့ဖူးပါတယ်။ ကျွန်မတို့အိမ်ရှေ့ လမ်းမပေါ်က သဘာဝခြံစည်းရိုးတွေလိုဖြစ်နေတဲ့ ပုဏ္ဏရိက်ပင်တန်းတွေဟာ လိပ်ပြာတွေ ပျော်မြူးကျက်စားရာ တောအုပ်အသေးစားလေးတွေပါပဲ။

ကျွန်မ အစ်ကိုတွေအမတွေဟာ ကျောင်းဆင်းချိန်မှာ လမ်းတစ်လျှောက် လိပ်ပြာလိုက်ဖမ်းရင်း ထမင်းဘူးတွေ ခဏခဏပျောက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် ကျောင်းဆင်းချိန်မှာ လိပ်ပြာလေးတွေ မြင်တာနဲ့ လက်ထဲမှာပါသမျှ အကုန်ပစ်ချပြီး လိပ်ပြာတွေ နောက်ကို ဆက်လိုက်ခဲ့ကြသူတွေပါ။ ဒါတွေက လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်ကာလတစ်ခုကလို့ တိတိကျကျဆိုလို့ရပါတယ်။

ဒီနေ့ ဒီအချိန်မှာ ကျွန်မတို့ရဲ့ မျိုးဆက်သစ်လေးတွေကျတော့ လိပ်ပြာမမြင်ဖူးကြတော့ပါဘူး။

ဂေဟစနစ်တွေ တစ်စတစ်စ ပျက်စီးကုန်တော့ လိပ်ပြာတွေနဲ့ လူတွေနဲ့ ကမ္ဘာခြားသွားတာမျိုး ဖြစ်သွားပါတယ်။ ဟိုတုန်းက ရှေးလူကြီးတွေ သတိပေးခဲ့ဖူးပါတယ်။ ရှားပါးသွားတဲ့ လိပ်ပြာတွေကို မင်းတို့က ပြတိုက်မှာ သွားကြည့်ရတော့မယ့်ခေတ်ရောက်တော့မယ်တဲ့။

အခုအချိန်မှာ ကျွန်မတို့ရဲ့ မျိုးဆက်သစ်လေးတွေကို သားတို့ သမီးတို့ လိပ်ပြာလေးတွေ မြင်ဘူးကြလားလို့မေးရင် သူတို့က စာအုပ်ထဲမှာ၊ ဓာတ်ပုံထဲမှာ မြင်ဖူးတယ်လို့ ဖြေကြပါလိမ့်မယ်။ ကျောင်းဆင်းချိန်မှာ လိပ်ပြာဖမ်းတဲ့ အတွေ့အကြုံကို သူတို့ဘဝမှာ ကြုံတွေ့ခွင့်ရမှာမဟုတ်တော့ဘူးဆိုတာ သေချာပါတယ်။ ဘာလို့လဲဆိုတော့ လိပ်ပြာလေးတွေ ကျွန်မတို့ အနားကနေ တကယ့်ကို ပျောက်ကွယ်သွားခဲ့လို့ပါပဲ။

မှတ်မှတ်ရရ လိပ်ပြာတွေကို တစုတဝေးတည်း ပြန်တွေ့ခွင့်ရခဲ့တာ လွန်ခဲ့တဲ့ ငါးနှစ်ကလို့ ဆိုလို့ရပါတယ်။ ကျွန်မ မလေးရှားနိုင်ငံကို သွားလည်တုန်းက ကင်မရွန်းတောင်တန်းဒေသက လိပ်ပြာခြံတစ်ခြံမှာ သူတို့ကို ပြန်တွေ့ခဲ့ရပါတယ်။

လိပ်ပြာ ဥယျာဉ်လေးထဲမှာ လိပ်ပြာတွေကို ဈေးမပိုက်ကွန်ကြီးတွေနဲ့ အုပ်မိုးပြီး သေသေချာချာ မွေးထားပါတယ်။ နေရာကလည်း တောင်ပေါ်ဒေသဆိုတော့ သဘာဝလေသန့်သန့်နဲ့ လှလှပပ ပွင့်နေတဲ့ သဘာဝပန်းပွင့်တွေကြားမှာ လိပ်ပြာတွေ ကျန်းကျန်းမာမာ ရှင်သန်နေကြတာပေါ့။

ဒုတိယအကြိမ် လိပ်ပြာတွေကို အစုလိုက် အပြုံလိုက် ပြန်တွေ့ရတာကတော့ ကန္တာရတိုင်းပြည်ဖြစ်တဲ့ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့က လိပ်ပြာပြတိုက်မှာပါ။ ခရီးသွားလုပ်ငန်းနဲ့ အချိန်တိုအတွင်း အောင်မြင်ထင်ရှားလာတဲ့ နိုင်ငံမို့ ဒူဘိုင်းမြို့မှာ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ နေရာတွေ



တော်တော် များများရှိနေခဲ့ပါတယ်။

Garden Tourism Awards 2015 က ပေးအပ်တဲ့ Moselle Award for New Garden Experience ဆုကို Dubai Miracle Garden က ၂၀၁၅ မှာ ရခဲ့ပါတယ်။ အဲဒီပန်းခြံနဲ့ တစ်ဆက်တည်းမှာပဲ လိပ်ပြာဥယျာဉ်လေးကို တိုးချဲ့ပြီး ဖွင့်ခဲ့ပါတယ်။ Miracle Garden ဟာ ပန်းခြံဆိုပေမယ့် ရေလောင်းပန်းပျိုးပြီး ပန်းစိုက်တဲ့ခြံမျိုးမဟုတ်ဘဲ အရောင်အသွေးစုံလှတဲ့ ပန်းတွေကို အစီအရီ အလှပြထားတဲ့ ပန်းဥယျာဉ်သက်သက်လို့ ဆိုလို့ရပါတယ်။ ပန်းပွင့်ပေါင်း ၄၅ မီလီယံနဲ့ အလှဆင်ထားတဲ့ ကမ္ဘာ့အကြီးဆုံး ပန်းပြတိုက်၊ ပန်းပြခန်း၊ ပန်းဥယျာဉ်လို့ဆိုလို့ရပါတယ်။

ဒီပန်းခြံနဲ့ တစ်ဆက်တည်းမှာလိပ်ပြာဥယျာဉ်လေးဖွင့်မယ်ဆိုတဲ့ သတင်းကို သတင်းစာတွေမှာ ဖတ်မိကတည်းက စိတ်ဝင်တစားနဲ့မျှော်ခဲ့မိပါတယ်။ ကျွန်မ ဖတ်ရတဲ့ သတင်းမှာ ကမ္ဘာအနှံ့က လိပ်ပြာမျိုးစိတ်ပေါင်း ၂၆ မျိုးအကောင်ရေ တစ်သောင်းခွဲကျော်ကို မိုးလုံလေလုံ အမိုးအောက်မှာ သဘာဝအတိုင်း ပြထားမယ့် ကမ္ဘာ့အကြီးဆုံး လိပ်ပြာဥယျာဉ်လို့ ဆိုထားပါတယ်။ အစပိုင်းမှာ မျိုးစိတ်ပေါင်း ၂၆ မျိုးကနေ နောက်ပိုင်းမှာ လိပ်ပြာအမျိုးကွဲပေါင်း လေးဆယ်အထိ တိုးချဲ့ပြသသွားမယ်လို့ သိရပါတယ်။

မနှစ်က လိပ်ပြာ ဥယျာဉ်ကို ကျွန်မတို့ ရောက်သွားတော့ မိုးလုံလေလုံ အဲကွန်းအပြည့်နဲ့ အမိုးခုံး အဆောက်အအုံ ကိုးခုမှာ သုံးခုကို ဖွင့်ထားပြီးပါပြီ။ လိပ်ပြာဥယျာဉ်အဝင်ဝမှာ လိပ်ပြာတွေရဲ့ ရုပ်ကြွင်းတွေနဲ့ နိုင်ငံခေါင်းဆောင်တွေရဲ့ ပုံတွေကို သရုပ်ဖော်ထားတဲ့ ခန်းလုံးပြည့် ဈေးမပန်းချီကားချပ်ကြီးတွေကို စတွေ့ရပါတယ်။ အသက်မဲ့နေတဲ့ လိပ်ပြာတွေရဲ့ ရုပ်ကြွင်းတွေကို အလှပဆုံး ပုံဖော်ထားတဲ့ ပန်းချီကားတွေနဲ့ ပြခန်းတွေ အားလုံးဟာ အသက်ဝင်နေခဲ့ပါတယ်။

အထဲကို ဆက်ဝင်သွားတော့ ကျွန်မတို့နဲ့ နီးနီးကပ်ကပ် ပျံသန်းနေတဲ့ လိပ်ပြာလေးတွေကို စတွေ့ရပါတယ်။

ပိုးတုံးလုံးဘဝတည်းက သဘာဝလေထုထဲမှာ ရှင်သန်ခွင့်မရခဲ့တဲ့ လိပ်ပြာလေးတွေဟာ အဲကွန်းအပြည့်နဲ့ ဖန်တီးထားတဲ့ ရေကန်၊ ပန်းခြံ၊ စမ်းချောင်း၊ တောအုပ်လေးတွေထဲမှာ ပျံသန်းရင်း သနားစရာ အသက်ရှင်နေတာ တွေ့ခဲ့ရပါတယ်။

တချို့ လိပ်ပြာတွေကျတော့ အတောင်ပံတွေ သန်သန်မာမာနဲ့ ပျံသန်းနေခဲ့ကြတယ်။ တချို့လိပ်ပြာလေးတွေကျတော့ အားမရှိတော့တဲ့ ချည့်နဲ့နဲ့ အတောင်ပံတွေနဲ့ သစ်ပင်တွေ ကြမ်းပြင်တွေပေါ် ငြိမ်သက်နေကြတယ်။

အတုအယောင်လို့ မဆိုသာပေမယ့် လူတွေဖန်တီးထားတဲ့ အဲကွန်းအပြည့်ဆပ်ထားတဲ့ အဆောက်အအုံထဲက တောအုပ် စမ်းချောင်း ပန်းခြံထဲမှာ အောက်ဆီဂျင်ပိုက်တွေနဲ့ ပွင့်လန်းနေတဲ့ ပန်းတွေကြားမှာ လိပ်ပြာတွေဟာ မူးယစ်နေသလား ထင်မှတ်ရပါတယ်။ ကျွန်မတို့ ငယ်ငယ်က တွေ့ခဲ့ဖူးတဲ့ လိပ်ပြာတွေလို တက်ကြွလန်းဆန်းမှုတွေကို မတွေ့ရပါဘူး။ ကင်မရွန်းတောင်တန်းဒေသမှာ တွေ့ခဲ့ရတဲ့ လိပ်ပြာတွေနဲ့လည်း မတူကြပါဘူး။

လိပ်ပြာတွေကို ကျွေးတဲ့ အစာတွေကိုလည်း မိုးလုံလေလုံ လိပ်ပြာဥယျာဉ်ထဲမှာမြင်ခဲ့ရပါသေးတယ်။ ဖရဲသီး၊ ရှောက်ချိုသီးနဲ့ သောက်ရေတွေကို အစာခွက်လေးတွေနဲ့ စီစီရီရီ ထည့်လို့ပေါ့။

သဘာဝပန်းရနံ့မဟုတ်တဲ့ အမွှေးနံ့တွေကလဲ အခန်းကျယ်ကြီးထဲမှာ ထုံထုံအီအီနဲ့ ကြာကြာနေမိသူတွေသတိထားမိတဲ့ အတုအယောင် ပန်းရနံ့တွေပါ။

အမှတ်တရ လက်ဆောင်အရောင်းဆိုင်လေးမှာတော့ လိပ်ပြာရုပ်ကြွင်းတွေကို ကြွကြွရွရွ ဖြစ်နေအောင် မှန်ဘောင်တွေနဲ့ အလှစီပြီး တခမ်းတနား ပြသထားသလို ဆန်းဆန်းပြားပြား ဖန်ဘူးလေးတွေနဲ့ထည့်ပြီး ရောင်းနေတာကိုပါ တွေ့ရပါတယ်။

ကမ္ဘာလှည့်ခရီးသွားတွေ အနေနဲ့ ဒီလိပ်ပြာ ဥယျာဉ်လိပ်ပြာပြခန်းကို ဘယ်လိုမြင်ကြမယ်မသိနိုင်ဘူး။ ကျွန်မကတော့ အားအင်ကုန်ခန်းနေတဲ့ လိပ်ပြာတွေ၊ ချည့်နဲ့နေတဲ့ အတောင်ပံတွေကိုမြင်ပြီး ရင်ကွဲပက်လက်နဲ့ အိမ်ပြန်လာခဲ့ရပါတယ်။ ပြင်ပကမ္ဘာမှာလို သူတို့ကို တိုက်ခိုက်မယ့် ရန်သူမရှိပါဘူး။ ဒါပေမယ့် တောင်ပံတွေဟာ အားအင်မဲ့နေတော့ သူတို့ခမျာ ကောင်းကောင်းတောင် မပျံနိုင်ကြရှာဘူး။ လိပ်ပြာတွေက ညနေဆိုစောစောအိပ်တန်းတက်တတ်တော့ လိပ်ပြာပြခန်းတွေကို ညနေ ခြောက်နာရီခွဲမှာ ပိတ်ပါတယ်။

ဒီလိပ်ပြာဥယျာဉ်ကို မြင်တွေ့ပြီးတဲ့ နောက်ပိုင်းမှာ လိပ်ပြာတွေနဲ့ ဆက်စပ်နေတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်တွေကို ပြန်လေ့လာမိခဲ့ပါတယ်။ ကျွန်မကြီးပြင်းလာတဲ့ ဒေသလေးမှာ ဘယ်အချိန်ကတည်းက ဂေဟစနစ်တွေ ပျက်စီးခဲ့ပါလိမ့်လို့ ပြန်ပြောင်းတွေးမိခဲ့ပါတယ်။ လိပ်ပြာလေးတွေ ပျောက်သွားခဲ့တာ အတော်ကိုကြာခဲ့ပြီလေ။ ဒါဆို ကျွန်မတို့ ပတ်ဝန်းကျင်က လေထုဟာ လိပ်ပြာလေးတွေ ရှင်သန်နိုင်လောက်အောင် မသန့်ရှင်းတော့ဘူးလို့ ယူဆလို့ရပြီပေါ့။

လေထုညစ်ညမ်းမှုရဲ့ ခေါင်းစဉ်အောက်က ဆိုးကျိုးတွေကို ရှာဖွေပြီး လေ့လာမိတော့ ပထမဆုံး တွေ့မိတာက ဒေါက်တာခင်မောင်လွင်ရဲ့ အင်တာဗျူးသတင်းလေးပါပဲ။ ကင်ဆာရောဂါနဲ့ လေထုညစ်ညမ်းမှု ခေါင်းစဉ်နဲ့ မြဝတီရုပ်သံ ကျန်းမာသုတ အစီအစဉ်မှာ အင်တာဗျူးထားတဲ့ အစီအစဉ်လေးကနေ တစ်ဆင့် လေထုညစ်ညမ်းမှုဆိုတာကို အများကြီး လေ့လာခွင့်ရခဲ့ပါတယ်။

၂၀၁၇ ခုနှစ် မတ်လတုန်းက ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်မှာ ကင်ဆာဖြစ်ပွားတဲ့နှုန်းဟာ နိုင်ငံတိုင်းမှာမြင့်တက်နေပြီး ဖြစ်ပွားရတဲ့ အကြောင်းရင်း များစွာအနက် အရေးအပါဆုံး အကြောင်းအရာကတော့ လေထုညစ်ညမ်းမှု ဖြစ်တယ်လို့ ဆရာက ဆိုပါခဲ့တယ်။ "Air Pollution is a leading cause of cancer" လို့ ပြောပါတယ်။ မြန်မာပြည်ဟာ ကမ္ဘာမှာ ကင်ဆာရောဂါဖြစ်ပွားနှုန်း မြင့်မားနေတဲ့ နိုင်ငံတစ်နိုင်ငံလို့ သတ်မှတ်ခြင်းခံထားရပါတယ်။ ကင်ဆာဖြစ်ပွားမှုနှုန်းဟာ ကမ္ဘာ့နံပါတ် (၂) လို့ ဆိုသူတွေက ဆိုခဲ့ပြောခဲ့ကြပါတယ်။ ဒီတော့မှ ကင်ဆာရောဂါ ဖြစ်ပွားရခြင်းရဲ့ အဓိက အကြောင်းရင်းတစ်ခုက လေထုညစ်ညမ်းမှုရယ်လို့ ကောက်ချက်ချစရာ ဖြစ်လာပါတယ်။

လူတစ်ယောက် ကျန်းမာဖို့အတွက် သန့်ရှင်းတဲ့အစားအစာ သန့်ရှင်းတဲ့သောက်သုံးရေတွေလိုအပ်သလို သန့်ရှင်းတဲ့လေကောင်းလေသန့်ကို အမြဲရှူရှိုက်နိုင်ဖို့ အလွန်ပဲ အရေးကြီးလှတယ်လို့ ဆရာက အင်တာဗျူးမှာ ဖြေထားပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ သန့်ရှင်းတဲ့ အစားအသောက်၊ သန့်ရှင်းတဲ့ သောက်သုံးရေ၊ သန့်ရှင်းတဲ့ လေထုမရှိလို့များ ကင်ဆာရောဂါတွေ ဒီရေအလား တိုးပွားလာခဲ့တာလားလို့ တွေးမိပြန်ပါတယ်။

လေကောင်းလေသန့်လို့ဆိုရင် ကျွန်မတို့ ပတ်ဝန်းကျင်မှာရှိတဲ့ လေရဲ့ဖွဲ့စည်းပုံအရ နိုက်ထရိုဂျင်ဓာတ်ငွေ့ ၇၈ ရာခိုင်နှုန်းနဲ့ အောက်ဆီဂျင်ဓာတ်ငွေ့ ၂၁ ရာခိုင်နှုန်း ပါရှိဖို့ လိုအပ်ပြီး ကျန်တဲ့ တစ်ရာခိုင်နှုန်းကတော့ ကာဗွန်ဒိုင်အောက်ဆိုက်တို့ အာဂွန်တို့နဲ့ ဖွဲ့စည်းထားရပါမယ်။ ပြီးတော့ ဖုန်တွေနဲ့ အညစ်အကြေးတွေ ကင်းစင်ရမှာ ဖြစ်ပါတယ်။ တကယ်လို့ လေထုထဲမှာရှိတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ အခြားဓာတ်ငွေ့တွေဟာ တစ်ရာခိုင်နှုန်းထက်ပိုလာမယ်၊ လေထုညစ်ညမ်းစေနိုင်တဲ့ စွန့်ပစ်အညစ်အကြေးတွေ ပါဝင်လာမယ်ဆိုရင် လေထုညစ်ညမ်းမှု (Air Pollution) ရှိနေပြီလို့ ဆိုနိုင်ပါတယ်။

စွန့်ပစ် အညစ်အကြေးတွေကိုတော့ Pollutant လို့ခေါ်ပြီး အဲဒီ စွန့်ပစ်အညစ်အကြေးတွေထဲမှာ ကင်ဆာဖြစ်စေနိုင်တဲ့ဓာတ်ပစ္စည်းတွေ အများဆုံးပါဝင်နေတာကို တွေ့ရပါတယ်။ အဲဒီလေကို နေ့စဉ်ရှူနေရရင် ကြာတဲ့အခါ ကင်ဆာရောဂါအမျိုးမျိုးဖြစ်စေနိုင်ကြောင်း သုတေသန စာတမ်းတွေအရ သိရပါတယ်။ အများဆုံးဖြစ်နိုင်တဲ့ ရောဂါကတော့ အဆုတ်ကင်ဆာဖြစ်တယ်လို့ ဆရာက ရှင်းပြခဲ့ပါတယ်။

လေထုထဲကို အညစ်အကြေးတွေရောက်လာစေတဲ့ အဓိကအကြောင်းရင်းနှစ်ခုရှိပါတယ်။ သဘာဝအလျောက်ရောက်လာခြင်းနဲ့ လူသားတွေရဲ့ မဆင်မခြင် လုပ်ဆောင်မှုတွေကြောင့် ရောက်လာခြင်းလို့ ဆိုပါတယ်။ သဘာဝအလျောက် ရောက်လာတဲ့အထဲမှာ မီးတောင်တွေ ပေါက်ကွဲတာပါပါတယ်။ မီးတောင်ပေါက်တဲ့အခါမှာ လေထုထဲကို ပြာမှုန့်တွေ အများအပြားလွင့်စဉ်လာတဲ့အပြင် လူတွေရဲ့ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေတဲ့ဆာလဖာဒိုင်အောက်ဆိုက်နဲ့ နိုက်ထရိုဂျင်တွေဟာ လေထဲကို များစွာလွင့်လာတဲ့အတွက် လူသတ္တဝါတွေ သေကျေပျက်စီးစေနိုင်ပါတယ်။

၁၈၈၃ ခုနှစ်က Indonesia နိုင်ငံမှာရှိတဲ့ Krakatoa မီးတောင်ပေါက်တုန်းက ပြာတွေဟာ အထက်အမြင့်ကို မိုင်ပေါင်း ၃၀ လောက်အထိ ပျံ့လွင့်ပြီး ဘေးကို စတုရန်းမိုင်ပေါင်း သုံးသိန်းလောက်ပျံ့လွင့်ခဲ့တဲ့အတွက် နှစ်နှစ်တိတိ ကောင်းကင်တစ်ခုလုံး မှောင်ကျသွားခဲ့တယ်လို့ ဆိုခဲ့ပါတယ်။

လေထုကို ညစ်ညမ်းစေတဲ့ သဘာဝ အညစ်အကြေးထဲမှာ တောမီးလောင်တဲ့အခါမှာ ထွက်လာတဲ့မီးခိုးနဲ့ ဓာတ်ငွေ့တွေ Lightning strikes လို့ခေါ်တဲ့ လျှပ်စီးလက်လို့ ပြိုကွဲထွက်လာတဲ့ ဓာတ်ငွေ့တွေ ပင်လယ်မှာရှိတဲ့ သတ္တဝါလေးတွေ သေဆုံးလို့ပျက်စီးတဲ့အခါ ထွက်လာတဲ့ ဓာတ်ငွေ့တွေ ပါဝင်ပါတယ်။

**အချပ်ပို စာမျက်နှာ ၈ သို့**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိ သမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏အာဘော်သာဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# စေတနာလေး ထည့်၍ရောင်းကြပါ

**ခင်မောင်ဌေး**

နှစ်သစ်ကူးသင်္ကြန်ပြီးဆုံးသွားလေပြီ။ သင်္ကြန်ပြီးဆုံးသွားသော်လည်း သင်္ကြန်မတိုင်မီက တက်နေခဲ့သည့် ကုန်ဈေးနှုန်းမှာ မကျသေးပေ။ ရွှေဈေးမှာ ကိုးသိန်းကျော်မှ အနည်းငယ်ပြန်ကျသွားပါသည်ဟုဆိုသည်။ ဤသည်မှာလည်း အခြေခံလူတန်းစားများအတွက် သိပ်စိတ်မဝင်စားလှ။ ကုန်ဈေးနှုန်း ကျရေးသည်သာ အရေးကြီးလှ၏။

**ကုန်ဈေးနှုန်း**

ရုပ်မြင်သံကြားချန်နယ်အချို့တွင် ကုန်ဈေးနှုန်းမြင့်တက်နေဆဲဖြစ်၍ ညည်းညူနေသော အိမ်ရှင်မအချို့၏ ရင်ဖွင့်သံများကို ကြားရ၏။ မှန်သည်။ ကုန်ဈေးနှုန်းဆိုသည်မှာလည်း တက်ပြီးလျှင်ကျရိုးထုံးစံမရှိ။ အတက်သာရှိလေ၏။ ထို့အတူ လောင်စာဆီဈေးနှုန်းမှာလည်း အကျနှေးသည်ဟုဆိုကြ၏။ နိုင်ငံခြားတွင် တက်သည်ဟု အသံပြုရုံဖြင့် မြန်မာပြည်ရှိဆီဆိုင်များ တက်ပြီးဖြစ်၏။ နိုင်ငံရပ်ခြားတွင် ပြန်ကျသွားချိန်တွင်မူ ပြည်တွင်းမှ ဆီဆိုင်များ မသိကျိုးကျွံပြုနေသည်ကိုလည်း တွေ့ရတတ်ပါပြီ။ (ယခုအခါနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လောင်စာဆီနှင့်ပတ်သက်၍ ခွင့်ပြုလိုက်ပြီဖြစ်၏။)

စာရေးသူသည် ခရီးသွားဝါသနာထုံသူဖြစ်ရာ အခြားနေရာများသို့ မသွားဖြစ်လျှင်ပင် မွေးရပ်မြေအညာဒေသသို့ မကြာခဏ ရောက်ဖြစ်ပါသည်။ အညာရောက်လျှင် အသားဟင်းငါးဟင်းဆိုသည်ထက် ဟင်းသီးဟင်းရွက်မျိုးစုံလှ၍ ကြော်၍တစ်မျိုး ချက်၍တစ်ဖုံ အစုံစုံချက်စားကြ၏။ နံနက်ခင်းအစောဆိုလျှင် အကြော်မျိုးစုံ၊ အသုပ်ရ၏။ အကြော်အသုပ်စုံလေး ငါးရာဖိုးဆိုလျှင် မိသားတစ်စုဝ၏။ အသုပ်စုံ တစ်ပွဲသုံးရာဆိုလျှင် နှစ်ဦးသုံးဦးစားယူရ၏။ အသီးအနှံပေါသကဲ့သို့ ရောင်းချသူတို့ကလည်း စေတနာပါလှ၏။

နေ့ခင်းနေ့လယ်ဆိုလျှင်လည်း မြန်မာမုန့်စုံရ၏။ နွေနေပူပူတွင်ရင်ကိုအေးမြစေသည့် မုန့်လက်ဆောင်၊ မုန့်ကျွဲသဲ၊ မုန့်သာကူစသည့်မုန့်များ အညာဒေသထွက် ပြောင်းဖူးပြုတ်၊ ထန်းပင်မြစ်ပြုတ်နှင့် ကန်ဇွန်းဥတို့မှာလည်း နှမ်းဆီမွှေးမွှေး ဆားလေးလေးနှင့်တို့၍ စားရလျှင် ဝမ်းဗိုက်လည်းပြည့်အာဟာရလည်း ဖြစ်ပါသည်။ ဈေးနှုန်းကချို ရောင်းချသူ၏စေတနာကပို၍ စားရတန်လှပါသည်။

**စားသုံးသူဈေးကွက်**

ရန်ကုန်မြို့ကြီးသည် စားသုံးသူဈေးကွက်ကျယ်ပြန့်လွန်းပါသည်။ ပတ်ဝန်းကျင်မြို့ရွာဒေသများမှ ထွက်သည့် ဟင်းသီးဟင်းရွက်သီးနှံများ ရန်ကုန်မြို့သို့ ကား၊ ရထား၊ လှေ၊ သင်္ဘောနှင့် အလွယ်တကူဝင်ရောက်နေပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ထွက် ဆန်၊ စပါးမျိုးစုံဝင်၏။ သားငါးမျိုးစုံဝင်၏။ ကြက်မွေးမြူရေးခြံကြီးများ၊ ငါးမွေးမြူရေးခြံကြီးများ ဝန်းရံလျက်ရှိ၏။ လူဦးရေအားဖြင့်လည်း လူနေသိပ်သည်း၏။ အလုပ်အကိုင်အခွင့်အလမ်းများအတွက်လည်း အားထားစရာနေရာအဖြစ် ရန်ကုန်မြို့သည်သာ အားထားစရာဖြစ်နေဆဲပင်ဖြစ်၏။ သို့ဖြစ်၍ ရန်ကုန်မြို့တွင်း ဇရိယာသာမက ပြင်ပမြို့နယ်များတွင်ပါ စားသုံးသူအများအပြားရှိနေခြင်းပင်ဖြစ်၏။

**ရန်ကုန်ဈေး**

ရန်ကုန်ဈေးဝယ်ရသည်မှာ အိမ်ရှင်မများညည်းညူမည်ဆိုလျှင်လည်း ညည်းညူချင်စရာပင်ဖြစ်၏။ အခြေခံလူတန်းစားများအားထားရာ ကန်ဇွန်းရွက်ဈေး၊ ပဲပင်ပေါက်၊ ပဲပြားဈေးမှသည် သားငါးဈေးအထိ ခေါင်ခိုက်နေသည်။ ဝန်ထမ်းများလစာတိုးလျှင်လည်း ကုန်ဈေးနှုန်းတက်သည်။ လောင်စာဆီဈေးနှုန်း၊ ရွှေဈေးနှုန်းတက်လျှင်လည်း လိုက်၍ တက်၏။ အခါကြီးရက်ကြီးဆိုလျှင်လည်း တက်ပြန်သေး၏။ ရေကြီးမိုးကြီးလျှင်လည်း တက်ဖို့ပြင်နေပြန်၏။

**စေတနာချင်းကွာ**

ယခုရက်ပိုင်းအတွင်း ရန်ကုန်ဗိုလ်တထောင်ကမ်းနားအနီး လင်းစဒေါင်းတွင် အလုပ်သွားရသည်။ စနေ၊ တနင်္ဂနွေနံနက်အစောပိုင်းဖြစ်၏။ လမ်းထောင့်တွင်ရောင်းချသည့် မုန့်ဟင်းခါးဆိုင်တွင် ဝင်ထိုင်၍ ဘူးသီးကြော်နှင့် တစ်ပွဲစား၏။ အငွေ့တထောင်းထောင်းနှင့်စားချင်စရာ။ ဘူးသီးကြော်ကလည်း ကြွတ်ရွနေ၏။ အချဉ်၊ နံနံ၊ ငန်ပြာရည်စုံ၏။ စား၍လည်းအရသာရှိ၏။ ငွေရှင်းသောအခါတစ်ပွဲလေးရာကျပ်သာ။ ရန်ကုန်တွင် မုန့်ဟင်းခါးတစ်ပွဲငါးရာ။ အကြော်နှင့် ခြောက်ရာရှိ၏။ မုန့်ဟင်းခါးမုန့်ဖတ်တစ်ပိဿာမှ ခုနစ်ရာခန့်သာရှိသည်။ ဟင်းရည်နှင့်ရော၍ ပွဲပေါင်းများစွာပြင်နိုင်သော်လည်း အမြတ်တင်စီးလောဘမီးနှင့် စီးပွားရှာကြလေသည်။ တစ်ပွဲခြောက်ရာဆိုသည်မှာပင် ဝလင်အောင်မစားရ။ မုန့်ဖတ်ကပါလေကာ၊ စေတနာက နည်းလွန်းလှပါသည်။

အိမ်နားက ပဲပြုတ်ဝယ်လျှင် တစ်ရာဖိုးဆိုလျှင် စားမဖြစ်။ အနည်းဆုံးသုံးလေးရာဖိုးဝယ်မှ။ ဈေးပေါက်နားတွင်ရောင်းသည့် အမေကြီးတစ်ဦးရောင်းသည့် ဆိုင်ရှိသည်။ နှစ်ရာဖိုးလောက်ဝယ်လျှင် မိသားတစ်စုကောင်းကောင်း စားလောက်သည်။ အဘယ်ကြောင့် သူတို့ရောင်းနိုင်ကြပါသနည်း။ စေတနာပါ၍သာဖြစ်သည်။ အကြော်ဆိုင်တစ်ဆိုင် ရှိသည်။ လက်မလည်အောင် ရောင်းရသည်။ ဘူးသီးကြော်ငါးရာဖိုးဆိုလျှင် လက်ညှိုးလောက် ခြောက်ချောင်းလောက်သာရသည်။ ပဲကြော်တစ်ရာ။ အိမ်နောက်ဖက်လမ်းကြားတွင် နံနက်စောစောရောင်းသော အမေကြီးတစ်ဦးရှိသည်။ ငါးရာဖိုးဆိုလျှင် ဘရာကြော် ၁၀ လုံး။ ဘူးသီးဆိုလျှင်လည်း ၁၀ ချောင်းရ၏။ ဘာ့ကြောင့်သူတို့ရောင်းနိုင်ကြပါသနည်း။ မိမိအတွက်ထိုက်သင့်သည့် အမြတ်ရနေသည်။ မတော်လောဘမရှိ။ စေတနာကရှိနေသေးသည်။

**အခြေအနေအချိန်အခါ**

ဈေးရောင်းဈေးဝယ် ကိစ္စမှသည် နိစ္စဓူဝတွေ့ကြုံနေရသည့် လုပ်ကိုင်ဖွယ်ရာများတွင် အခြေအနေအချိန်အခါကြည့်၍ လုပ်ကိုင်ဆောင်ရွက်နေကြသည်ကိုတွေ့ရ၏။ အိမ်ရှင်မများဈေးဝယ်သွားလျှင်တစ်မျိုး။ အဆင်မပြေ၍ယောကျ်ားများဈေးဝယ်ရလျှင် ဈေးကတစ်မျိုးဖြစ်သွားသည်။

ကောင်းတာလေးပဲရွေးပေးဗျာဟု ပုံအပ်လိုက်လျှင် အမှည့် လွန်တာ၊ ဒါမှမဟုတ် စိမ်းလွန်းတာ၊ တစ်ခါတလေ အပုပ်ကိုပင် ရောထည့်လိုက်ကြသေးသည်။

တစ်နေ့ကသွားကိုက်၍ သွားနုတ်ရသည်။ တစ်ခါမှ မသွားဖူးသည့်ဆိုင်ဖြစ်သည်။ လူငယ်ဖြစ်သော်လည်း ဆိုင်ဖွင့်ထားသည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်ကြောင်း သိရသည်။ သွားတစ်ချောင်းဟာ ငါးမိနစ်လောက်ပဲကြာပါသည်။ ပြီးတော့ ကျသင့်ငွေက တစ်သောင်းရှစ်ထောင်ကျလေသည်။ အပြင်မိတ်ဆွေများကိုမေးကြည့်သောအခါ ရှိလှ တစ်သောင်းပေါ့ဟုဆိုသည်။ လူတို့သဘာဝက ရနိုင်သမျှလိုချင်ကြလေသည်။ တစ်ခါစား ကြံကြလေသည်။ နောက်နောင်ဤဆိုင်မျိုးသို့သွားတော့မည်မဟုတ်ပေ။

**စေတနာလေးထည့်ပေါင်းပါ**

ထို့ကြောင့် မည်သည့်အလုပ်တွင်မဆို စေတနာပါဖို့လိုပါသည်။ စေတနာမပါသောအလုပ်သည် ဆားမပါသည့် ဟင်းကဲ့သို့ပင်ရှိပါလိမ့်မည်။ မိမိအမြတ်အစွန်းများများရရေးတစ်ခုတည်းကို မကြည့်သင့်ပါ။ မိမိကဲ့သို့ အတ္တမာန၊ အတ္တလောဘကြီးသူများ များပြားလာသည်နှင့်အမျှ စိတ်ချမ်းမြေ့ဖွယ်ရာများနှင့် ကင်းဝေးကာ ပူပန်သောက စိုးရိမ်ဗျာပါဒများနှင့်သာ တွေ့ကြုံခံစားနေကြရမည်ဖြစ်သည်။ လူတစ်ဦးချင်းစီက အခြားသူများ၏ ကိုယ်စားထပ်တူခံစားကြည့်နိုင်ဖို့ လိုပါသည်။ ထပ်တူခံစားနိုင်လေ စာနာစိတ်ပြင်းထန်လေဖြစ်မည်။ မိမိ၏နှလုံးသားမှ အလိုအလျောက်ယိုဖိတ်လာသည့် စေတနာသဒ္ဓါတရားများ ထက်သန်လာသည်နှင့်အမျှ မိမိဘဝ၏ နေထိုင်မှုသည်လည်း တန်ဖိုးကြီးမြင့်နိုင်မည်သာ ဖြစ်လေသည်။ မလျှုနိုင်ဈေးရောင်းဆိုသည့် စိတ်နှလုံးသားရှိသူများသည် အများအားဖြင့် စေတနာဖြည့်လောင်းသူများသာ ဖြစ်ကြပေလိမ့်မည်။ သို့ဖြစ်၍ မည်သည့်အလုပ်မဆိုစေတနာဖြင့် ထပ်ဖြည့်လောင်း၍ လုပ်ခြင်းဖြင့်သာ ဂုဏ်ယူသင့်လှပေတော့သည်။ ။

# သောက်သုံးရေပြတ်လပ်နေသော မုံရွာမြို့ တောင်ကြားကျေးရွာ ဒေသခံများ ရေရရှိအောင်ဆောင်ရွက်ပေးမည့်သူကိုမျှော်လင့်နေကြ



**မုံရွာ မေ ၁၂**

ခေတ်အဆက်ဆက် ကာလကြာရှည်သောက်သုံးရေခက်ခဲပြီး တစ်ခါတစ်ရံပြတ်လပ်သည်အထိ ကြုံတွေ့နေသော မုံရွာမြို့နှင့် ၁၀ မိုင်ကျော်အကွာ တောင်ကြားကျေးရွာတွင် မေ ၁ ရက်မှစတင်ကာ အလှူရှင်များက သောက်ရေအတွက် ရေသန့်ဘူးများ လာရောက်လှူဒါန်းလျက်ရှိရာ သုံးရေအတွက် မီးသတ်တပ်ဖွဲ့မှ လာရောက်လှူဒါန်းမှုကို မျှော်လင့်နေကြရသောကြောင့် မည်သည့်အဖွဲ့အစည်း အလှူရှင်များမဆို ရေထွက်သည်အထိ နည်းလမ်းပေါင်းစုံသုံး ဆောင်ရွက်ပေးမည်ဆိုလျှင် ဒေသခံများက အချိန်မရွေးလက်ကမ်း ကြိုနေမည်ဖြစ်ကြောင်း တောင်ကြားကျေးရွာ ဒေသခံများထံမှ သိရသည်။

"ကျွန်တော်ငယ်ငယ်ကတည်းက ရေအဆင်ပြေတယ်ဆိုတာ အခုထိမရှိခဲ့ပါဘူး။ နောက်ပိုင်း ခေတ်တွေမှာ အဝီစိတွင်းတူးပေမယ့် အဆင်ပြေတာမရှိပါဘူး။ ပေ ၄၀၀ ကျော် ၅၀၀ တူးလို့ အဆင်ပြေတာမတွေ့ရဘူး။ အခုလက်ရှိမှာ ရေတွင်းအချို့လည်း တူးထားပေမယ့် အဆင်မပြေပါဘူး။ အဆင်ပြေအောင်လုပ်မယ်ဆိုရင် တောင်ကြားရွာဦးမှာမဲလံကျောင်း ဆိုတာရှိတယ်။ ဆည်တည်ပြီး ရေကောင်းရေသန့်မဟုတ်သော်လည်းရေသုံးတာ နီးနီးကပ်ကပ်သုံးရမယ်ဆိုရင်တော့ အဆင်ပြေလာနိုင်ပါတယ်။

အခုခေတ်မှာ ထူးထူးခြားခြား ရေကောင်းရေသန့်ရအောင်တူးတဲ့ထူးခြားတဲ့ စက်ကြီးတွေနဲ့တူးဖော်ပေးရင်တော့အဆင်ပြေမှာပါ။ရွာရဲ့အနီး ၂ မိုင်လောက်မှာ ကမ်းနီဆည်တမံဆိုတာရှိပေမယ့် ရာသီဥတု မိုးလေဝသအင်မတန်ကောင်းပြီး မိုးရမှသာ ရေရနိုင်တာဖြစ်တဲ့အတွက် နှစ်စဉ်အဆင်ပြေပါ့မယ်လို့ မပြောနိုင်ပါဘူး။ လက်ရှိအစိုးရအနေနဲ့ ခေတ်အဆက်ဆက်ရေရှားပြီး ပြတ်လပ်သည်အထိ ဖြစ်နေတဲ့ တောင်ကြားရွာ ရေရရှိရေးကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးစေချင်ပါတယ်"ဟု မေ ၁၁ ရက်က တောင်ကြားကျေးရွာ ဒေသခံတစ်ဦးက ပြောပြသည်။

တောင်ကြားကျေးရွာသည် မုံရွာမြို့တောင်ဘက် ဗောဓိတစ်ထောင်သာသနာ့နယ်မြေရှိ ခတ္တကန်မြောက်ရွာ၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ ကျောက်ကာတောင်နှင့် ရွှေမြင်တင်တောင်အကြားတွင်ရှိသော ကျောက်ခွက်ရွာ ညောင်ပင်တဲကျေးရွာတို့ထက် ရေအလွန်ခက်ခဲသော အိမ်ခြေ ၂၅၀ လူဦးရေ ၁၁၉၀ ဦး နေထိုင်သော ကျေးရွာအဖြစ်တည်ရှိကာ မိုးကိုသာမျှော်စိုက်ရသော ပဲပြောင်းနှမ်းဝါများကိုသာ စိုက်ပျိုးပြီး လက်မှုလုပ်ငန်းဖြစ်သည့် နှီးဝါးယက်သည့် လုပ်ငန်းအပြင် နွား၊ ဆိတ်၊ သိုးမွေးမြူခြင်းဖြင့် ဝမ်းစာကိုဖြေရှင်းနေကြရသော ကျေးရွာအဖြစ်ရပ်တည်နေသည်။

"တောင်ကြားရွာမှာ မေလစကတည်းက ရေအခက်အခဲတွေ ကြုံတွေ့နေရပါတယ်။ နွေရာသီရောက်တိုင်းအိမ်ခြေ ၂၅၀ လူဦးရေ ၁၁၉၀ နဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တိရစ္ဆာန်တွေဟာ နွေရာသီရောက်တိုင်း ရေပြတ်လပ်မှုနဲ့ ကြုံတွေ့နေရပါတယ်။ လက်ရှိရေပြတ်လပ်နေတဲ့ အချိန်မှာ မီးသတ်ကားများလည်း လာရောက်ရေလှူဒါန်းပေးနေသလို အလှူရှင်တွေက တစ်ရက်ကို ရေသန့်ဘူးကြီး ၂၅၀ ကနေ ၅၀၀ အထိ လာလှူပေးနေပါတယ်။ ကျေးရွာမှာ ရေပြတ်လပ်မှုမကြုံရအောင် ကမ်းနီတာတမံကနေ ပေပေါင်း ၅၀၀၀ ကျော်အရှည်ရှိတဲ့ရေ သွယ်ယူစနစ် ရရှိအောင်သက်ဆိုင်ရာကို တင်ပြဆောင်ရွက်နေပါတယ်။ ဟိုးအရင်ဘိုးဘွားတွေကတည်းက နွေရာသီရောက်တိုင်း ရေရှားပါးမြဲဖြစ်ပါတယ်။ ရွာသူရွာသားတွေအနေနဲ့လည်း လက်ရှိအချိန်အထိ ကြုံသလိုပဲ ရေအခက်အခဲကို ဖြေရှင်းလာကြရတဲ့အခြေအနေပါ။ တောင်ကြားရွာမှာ ၂၀၀၅ ခုနှစ်က စည်ပင်သာယာက ပေပေါင်း ၅၃၀ အနက်တူးထားတဲ့ အဝီစိတွင်းကနေ ဆိုလာနဲ့ရေတင်ပေမယ့် ရေငန်ဖြစ်နေတဲ့အတွက် သုံးရေသာအဆင်ပြေပါတယ်။ ရွာနဲ့ နှစ်မိုင်အကွာ မြန်မာ့သြဘာက လှူထားတဲ့ရေတွင်းကလည်း ရေစုပ်တင်ဖို့ စက်သုံးဆီဖိုးရေရှည်မှာ မတတ်နိုင်တဲ့အတွက် မသုံးနိုင်ပါဘူး။ ကဲယားမြန်မာက ၂၀၁၃ ခုနှစ်က လုပ်ပေးထားတဲ့ ရေလိုင်းကလည်း မိုးရာသီနဲ့ ဆောင်းရာသီမှာ ရေရအတွက် အဆင်ပြေပေမယ့် နွေရာသီမှာစိမ့်စမ်းရေဖြစ်တဲ့အတွက် ခန်းခြောက်ပြီး ရေပြတ်လပ်တာနဲ့ ကြုံနေရတာပါ။"ဟု တောင်ကြားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်လင်းက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

■

# လိပ်ပြာတွေပြောပြတဲ့ဂေဟစနစ်

အချပ်ပို(က)မှ

တစ်နေ့မှာ နိုက်ထရိုဂျင်အောက်ဆိုက် တန်ချိန်ပေါင်း ၅၀၀၀၀ လောက်အထိ ပင်လယ်ကနေ ထွက်တယ်လို့ဆိုပါတယ်။

ရေခွန်ဒြပ်စင်ဆိုတာကတော့ ရေဒီယို သတ္တုကြွ ရေဒီယံဓာတ်ငွေ့တွေ ပြိုကွဲပျက်စီးပြီး ထွက်လာတာတဲ့ ဓာတ်ငွေ့ဖြစ်ပါတယ်။ သဘာဝကျောက်တုံးတွေဖြစ်တဲ့ စကျင်ကျောက်၊ နှမ်းဖတ်ကျောက်၊ သဲကျောက်တွေ အုတ်နဲ့ ဘိလပ်မြေတွေ ပြိုကွဲပြီး ထွက်လာတာ ဖြစ်ပါတယ်။ သူတို့ဟာမြေကြီးနဲ့ ဓာတ်ပြုပြီးမှ ထွက်လေ့ရှိတာမို့ မြေအောက်ခန်းတွေမှာ ပိုတွေ့ရတတ်တယ်လို့ ဆိုပါတယ်။ မြေအောက်ခန်းတွေမှာ ကွဲတာအက်တာရှိရင် အခန်းထဲကို ဝင်လာတတ်တဲ့ အန္တရာယ်ရှိတဲ့ အဆိပ်ဓာတ်ငွေ့တစ်မျိုးလို့ ရှင်းပြခဲ့ပါတယ်။ ဒါကလည်း သဘာဝအလျောက် ရောက်လာတဲ့ အညစ်အကြေးတစ်မျိုးလို့ဆိုလို့ရပါတယ်။

လေထုကို ညစ်ညမ်းစေတဲ့ ဓာတ်ငွေ့ပေါင်းများစွာဟာ လေထုထဲက လာပါတယ်။ ပင်လယ်ပြင်ကနေလာပါတယ်။ နောက်ဆုံး မြေကြီးအောက်ကပါ ထွက်လာပါတယ်။

လေထုညစ်ညမ်းမှု ဖြစ်စေတဲ့ အဓိက အကြောင်းရင်းကတော့ လောင်စာတွေကြောင့်လို့ ဆိုပါတယ်။ သဘာဝထက်စာရင်လူကြောင့် ဖြစ်တဲ့ လေထုညစ်ညမ်းမှုဟာ တစ်နေ့ထက်တစ်နေ့ ပိုများလာတာတွေ့ရပါတယ်။ လူတွေဟာ ဟိုတုန်းကတည်းက လောင်စာအဖြစ် ထင်းကိုသုံးခဲ့ကြတယ်။ မီးသွေးကို သုံးခဲ့ကြတယ်။ တောင်ယာမီးရှို့ကြလို့ သစ်တောတွေ ပြုန်းတီးပြီး လေထုညစ်ညမ်းမှုကိုဖြစ်စေတဲ့အတွက် နောက်ပိုင်းမှာ ထင်းမီးသွေး လောင်စာတွေ အသုံးနည်းလာခဲ့ပါတယ်။

အရင်ခေတ်တုန်းကတော့ စက်ရုံကြီးတွေ မီးခိုးတလူလူလွှင့်နေရင် နိုင်ငံတော်တိုးတက်မှုရဲ့ ပြယုဂ်အဖြစ် ဂုဏ်ယူခဲ့ကြပါတယ်။ဒါပေမယ့် အခုနောက်ပိုင်းမှာတော့ စက်ရုံတွေကနေ ထုတ်လွှင့်လိုက်တဲ့မီးခိုးတွေကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းပြီး ကင်ဆာရောဂါတွေ ဖြစ်လာကြလို့ ဘယ်သူမှ မလိုလား ကြတော့ပါဘူး။

ပြည်သူလူထုအကျိုးကိုကြည့်တဲ့ နိုင်ငံတွေမှာတော့ မီးခိုးထွက်တဲ့စက်ရုံတွေကို ခွင့်မပြုတော့ပါဘူး ။

လေထုညစ်ညမ်းမှုရဲ့ အဓိကတရားခံဖြစ်တဲ့ မော်တော်ကားတွေကိုတော့ ၁၈၈၅ ခုနှစ်မှာ စတင်တီထွင်ခဲ့ပါတယ်။ ဒီနေ့အထိ တစ်ကမ္ဘာလုံး မော်တော်ကားအသုံးပြုမှုဟာ သန်းရှစ်ရာကျော်ရှိအထိ ရှိလာခဲ့ပါတယ်။ မော်တော်ကား အိတ်ဇောပိုက်က ထွက်တဲ့မီးခိုးတွေဟာ မျက်မှောက်ကာလ မြို့ပြဒေသတွေမှာ ကြုံတွေ့နေရတဲ့ လေထုညစ်ညမ်းမှုကိုးဆယ်ရာခိုင်နှုန်းရဲ့ တရားခံလို့ ဆိုပါတယ်။

ဒါ့ကြောင့် တိုးတက်တဲ့ နိုင်ငံတွေမှာ အိတ်ဇောပိုက်က မီးခိုးထွက်များစေတဲ့ မော်ဒယ်နိမ့်ကားတွေ မောင်းနှင်ခွင့်မပြုပါဘူး။ သူတို့ နိုင်ငံထဲမှာ တွေ့ရတဲ့ မော်တော်ကားအများစုဟာ နည်းပညာမြင့်စွာ ထုတ်ထားတဲ့ ကားတွေဖြစ်ပြီး အိတ်ဇောပိုက်က မီးခိုးအထွက်နှုန်း မရှိသလောက်နည်းပါတယ်။ မြန်မာပြည်မှာတော့ မော်တော်ကားတွေက ထွက်တဲ့ မီးခိုးငွေ့မည်းမည်းတွေကို မရှောင်သာ မလွှဲသာ နိစ္စဓူဝ ရှုရှိုက်နေရတုန်းပါပဲ။

စက်ရုံအလုပ်ရုံတွေကထွက်တဲ့ မီးခိုးငွေ့တွေကို ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ်ဝန်ဆောင်တွေ ရှူမိရင် ဗိုက်ထဲကနုနယ်တဲ့ သန္ဓေသားကို ထိခိုက်စေပါတယ်။ ဒီမီးခိုးငွေ့တွေကြောင့် နုနယ်တဲ့ သန္ဓေသားပျက်စီး သေဆုံးနှုန်းဟာ တစ်နှစ်ကို ခုနစ်သန်းအထိ ရှိလာတယ်လို့ သိရပါတယ်။ ဒီမီးခိုးငွေ့တွေကိုရှူမိတဲ့ ကလေးတွေဟာ ကင်ဆာရောဂါ အပါအဝင် အခြားရောဂါမျိုးစုံကို ရနိုင်တယ်လို့ ဆိုပါတယ်။

ဆရာ့ရဲ့ အင်တာဗျူးလေးမှာ လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ အက်စစ်မိုးအကြောင်းကိုပါ သိခွင့်ရခဲ့ပါတယ်။

အက်စစ်မိုးဆိုတာ သဘာဝအတိုင်းရွာတဲ့ မိုးနဲ့မတူဘဲအက်စစ်ဓာတ်ပါတဲ့ မိုးလို့ ဆိုနိုင်ပါတယ်။

အက်စစ်မိုးရွာစေတဲ့ အကြောင်းရင်းကတော့ လေထုထဲကိုရောက်လာတဲ့ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့နဲ့ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကြောင့်ပါပဲ။

ဒါတွေဟာ ဇီဝလောင်စာတွေ ဖြစ်တဲ့ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ဓာတ်ဆီ ဒီဇယ်နဲ့ ရေနံဆီတို့ လောင်ကျွမ်းရာက ထွက်လာတဲ့ ဓာတ်ငွေ့တွေပါ။ ဆာလဖာဒိုင်အောက်ဆိုက်ဟာ ရေထဲရောက်ရင် $H_2SO_4$ ဖြစ်လာပြီး နိုက်ထရိုဂျင်အောက်ဆိုက်ကတော့ နိုက်ထရစ် အက်စစ် ဖြစ်စေပါတယ်။

အက်စစ်မိုးဟာ သက်ရှိသတ္တဝါများကို သေကျေပျက်စီးစေပြီး ပတ်ဝန်းကျင်ရဲ့ ဂေဟစနစ်တွေကိုလည်း ဆိုးရွားစွာ ပျက်စီးစေနိုင်ပါတယ်။ လူတွေကို တိုက်ရိုက်ထိခိုက်စေပါတယ်။ အက်စစ်မိုးကို လျှော့ချဖို့အတွက် ဆာလဖာဒိုင်အောက်ဆိုက်နဲ့ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို လေထဲ စွန့်ပစ်ခြင်းမပြုဘဲ လုံးဝ ရပ်ပစ်မှသာရပါမယ်။ ဒီဓာတ်ငွေ့တွေဟာ စက်ရုံတွေ၊ မော်တော်ယာဉ်တွေကနေ အဓိကထွက်လာတာပါ။

အက်စစ်မိုးလို့ဆိုထားတဲ့အတိုင်း မိုးရွာပြီးရင် အရာဝတ္ထုအားလုံးဟာ အက်စစ်နဲ့ ဖြန်းလိုက်သလို တိုက်စားခံရပါတယ်။သံထည်တွေ တိုက်စားခံရပါတယ်။ ကတ္တရာလမ်းတွေ ကွဲအက်စေပါတယ်။ သစ်ပင်တွေ သေဆုံးစေပါတယ်။ အက်စစ်မိုးကြောင့် သစ်ပင်တွေ သေတဲ့နေရာမှာ ကျန်ခဲ့တဲ့မြေကြီးတွေဟာ အက်စစ်ဖြစ်သွားတဲ့အတွက် ဘာသစ်ပင်မှ ဆက်စိုက်လို့မရနိုင်တော့ပါဘူး။ ကလေးတွေဆိုရင်လည်း အက်စစ်မိုးနဲ့ တိုက်ရိုက်ထိတွေ့မိရင် အရေပြားတွေရောင်ရမ်း ကွာကျတာ၊ အနာတွေ ပေါက်တာတွေ ဖြစ်နိုင်သလို မျက်စိတွေ ထိခိုက်ပြီးအမြင်အာရုံတွေ ချို့ယွင်းလာတတ်တယ်လို့ ဆိုပါတယ်။

ဒီအက်စစ်မိုးတွေဟာ လွန်ခဲ့တဲ့ ဆယ်နှစ်တာကာလအတွင်းမှာ စက်မှုလုပ်ငန်းတွေဖွံ့ဖြိုးတဲ့ ကနေဒါ၊ အမေရိကနဲ့ ဥရောပ တစ်ခွင်ကသစ်တော၊ ရေကန်နဲ့မြစ်ရာပေါင်းများစွာတို့ကို ပျက်စီးစေခဲ့တယ်လို့ ဆိုပါတယ်။

၂၀၁၃ နိုဝင်ဘာလမှာ အီရန်မှာ ရွာချခဲ့တဲ့ အက်စစ်မိုးကြောင့် လူငါးဆယ် ဆေးရုံတက်ခဲ့ရပြီး လူထောင်ပေါင်းများစွာ အသက်ရှူလမ်းကြောင်းပိတ်တဲ့ ဒဏ်ကို ခံစားခဲ့ရပါတယ်။ရှေးဟောင်းဂရိမြို့ရိုးတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် ကာလမှာ ပျက်စီးခဲ့တာထက် လတ်တလော နှစ်ပေါင်းလေးဆယ်အတွင်း ရွာချခဲ့တဲ့ အက်စစ်မိုးကြောင့် ပိုပြီးပျက်စီးယိုယွင်းခဲ့တယ်လို့ ဆိုပါတယ်။

သဘာဝတရားကြီးဟာ အရာရာ ဆက်စပ်နေပါတယ်။ လေထုညစ်ညမ်းလာတယ် ရေထုညစ်ညမ်းလာတယ်။ ကမ္ဘာကြီးဟာ အမှိုက်ပုံကြီးဖြစ်လာတယ်။ ဂေဟစနစ်တွေ ပျက်စီးလာတယ်။ ရာသီဥတုတွေ ဖောက်ပြန်လာတယ်။ အရာရာအားလုံးဟာ တိုးတက်လာတဲ့ လူနေမှုစနစ်တွေကြောင့်လို့ ကောက်ချက်ချရပါပဲ။

သဘာဝပတ်ဝန်းကျင်ကို အဆိုးရွားဆုံး ထိခိုက်စေတာကတော့ လေထုညစ်ညမ်းမှုလို့ ဆိုနိုင်ပါတယ်။ မသန့်ရှင်းတဲ့ လေထုက ကင်ဆာရောဂါဆိုးကြီးကို လက်ယပ်ဖိတ်ခေါ်နေသလိုပါပဲ။ အဆုတ်ကင်ဆာ၊ ရင်သားကင်ဆာတွေဟာ မသန့်ရှင်းတဲ့ လေထုကြောင့် ရလာတဲ့ အကျိုးဆက်လို့ ဆိုပါတယ်။ မသန့်ရှင်းတဲ့လေထုဟာ တီဘီရောဂါ၊ အဆုတ်ရောဂါ၊ ပန်းနာရင်ကျပ်စတဲ့ အသက်ရှူလမ်းကြောင်းနဲ့ တိုက်ရိုက်ဆက်နွယ်နေတဲ့ ရောဂါတွေကိုပါ ဖြစ်ပွားစေနိုင်ပါတယ်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းကြီးရဲ့ သတင်းထုတ်ပြန်ချက်အရ ၂၀၁၆ ခုနှစ်မှာ ကမ္ဘာပေါ်မှာ လေထုညစ်ညမ်းမှု အဆိုးရွားဆုံးမြို့တွေလို့ သတ်မှတ်ခံရတဲ့ မြို့ပေါင်း သုံးဆယ်ကို တွေ့ရပါတယ်။ အဲဒီမြို့တွေမှာရှိတဲ့ လေထုထဲမှာ အန္တရာယ်ဖြစ်စေတဲ့ ညစ်ညမ်းတဲ့ ဓာတ်ငွေ့တွေပါဝင်နေပြီး ဒီဓာတ်ငွေ့ဒြပ်စင်တွေရဲ့ ပမာဏဟာ အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် အဆုတ်ထဲကိုရောက်ရှိဖို့ လွယ်ကူတဲ့ အင်မတန်သေးငယ်တဲ့ အရွယ်အစားရှိတယ်လို့ ဆိုပါတယ်။

> **တကယ်လို့ကျွန်မတို့ဟာပတ်ဝန်းကျင်မှာ သဘာဝအတိုင်းပျံဝဲနေတဲ့လိပ်ပြာလေးတွေကို တွေ့နေရသေးတယ်ဆိုရင် ကျွန်မတို့ဟာ ကမ္ဘာပေါ်မှာကံအကောင်းဆုံးလူသားတွေလို့ ပြောလို့ရပါတယ်။ ကျွန်မတို့ရှုရှိုက်နေတဲ့လေဟာ ရာနှုန်းပြည့်သန့်ရှင်းလတ်ဆတ်ပြီး အဆိပ်အငွေ့တွေနဲ့အဝေးဆုံးမှာရောက်နေတာ ဝမ်းသာဂုဏ်ယူစရာပါ။**

ဒီမြို့ သုံးဆယ်ထဲမှာ အာရှတိုက်မှာတော့ အိန္ဒိယနိုင်ငံမှ မြို့တချို့နဲ့ တရုတ်နိုင်ငံကမှ မြို့တွေပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံက မြို့တချို့၊ ဈူကလီးယားဓာတ်ပေါင်းဖိုရှိတဲ့ အီရန်နိုင်ငံက မြို့တစ်မြို့နဲ့ အခြားမြို့ တစ်မြို့လည်း ပါတယ်။ တရုတ်နိုင်ငံမှ စတီးစက်ရုံရှိတဲ့ တန့်ရှန်းမြို့နဲ့ အခြားမြို့တွေကတော့ စက်ရုံ အလုပ်ရုံတွေရှိနေတဲ့ မြို့တွေဖြစ်နေတာ မဆန်းပါဘူး။ ဒါကြောင့် တရုတ်နိုင်ငံရဲ့ လေထုဟာ အနီရောင်အဆင့် သတ်မှတ်ခံရတဲ့အထိ ညစ်ညမ်းခဲ့ပါတယ်။

လေထုညစ်ညမ်းမှုဆိုးဆိုးရွားရွားဖြစ်နေတဲ့ တရုတ်နိုင်ငံရဲ့ အခက်အခဲကို သိနေတဲ့ ဗြိတိန်နိုင်ငံသားတစ်ဦးက လေသန့်ပုလင်းတွေကို တရုတ်နိုင်ငံကို ရောင်းချခဲ့တယ်ဆိုတဲ့ သတင်းလေးကို ဖတ်ရတော့ ရယ်ရခက်၊ ငိုရခက်ဖြစ်ရပါသေးတယ်။ လီယိုလို့ခေါ်တဲ့ ဗြိတိန်နိုင်ငံသားဟာ လေသန့် ၂၀ အောင် စထည့်ထားတဲ့ ပုလင်းတစ်ပုလင်းကို ၁၁၈ ဒေါ်လာ သတ်မှတ်ပြီး ရောင်းခဲ့ပါတယ်။ လေသန့်ပုလင်းတွေပေါ်မှာတော့ သူ့ရဲ့လေဟာ ဘယ်နိုင်ငံ၊ ဘယ်အရပ်ဒေသကဆိုတာ တိတိကျကျ ဖော်ပြထားပြီး မှာယူသူတွေအနေနဲ့ တောင်ထိပ်က လေသန့်၊ တောင်ကြားထဲက လေသန့်ရယ်လို့ နှစ်သက်ရာလေသန့်ကို အထူးအော်ဒါမှာယူနိုင်တယ်လို့ဆိုပါတယ်။

စီးပွားရေးရှုထောင့်ကနေ ကြည့်ရင်တော့ အင်မတန်ကောင်းမွန်တဲ့ စိတ်ကူးစိတ်သန်းလို့ဆိုလို့ရပါတယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာ လေထုညစ်ညမ်းမှုကို ထိထိရောက်ရောက် ကာကွယ်ဖို့ အများကြီးကြိုးစားကြရမယ်လို့ မြင်မိပါတယ်။

ဒီလို လေထုညစ်ညမ်းမှုတွေကို ကာကွယ်ဖို့အတွက် အထိရောက်ဆုံးနည်းလမ်းကတော့ မီးခိုးထွက်နေတဲ့ စက်ရုံအလုပ်ရုံတွေက မီးခိုးငွေ့တွေ လျှော့ချဖို့ မော်တော်ကားအိတ်ဇောပိုက်ကထွက်နေတဲ့ မီးခိုးငွေ့တွေလျှော့ချနိုင်ဖို့ လိုအပ်ပါတယ်။ မလွှဲသာ မရှောင်သာ မီးခိုးငွေ့တွေကြားမှာ ဖုန်မှုန့်တွေကြားမှာ အလုပ်လုပ်ရမယ်ဆိုရင် မျက်နှာဖုံး Mask တွေကို ဂရုစိုက်ပြီး သုံးစွဲသင့်ပါတယ်။

အစိုးရ အဖွဲ့ဝင်တွေအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံကိန်းတွေ ချမှတ်ပြီး စနစ်တကျ အရေးယူဆောင်ရွက်မှုတွေ စတင်လုပ်ဆောင်သင့်ပါတယ်။

လိပ်ပြာတွေနဲ့ အစပြုခဲ့တဲ့ ဒီဆောင်းပါးလေးကို လိပ်ပြာတွေနဲ့ ပြန်နိဂုံးချုပ်ပါ့မယ်။

တကယ်လို့ ကျွန်မတို့ဟာ ပတ်ဝန်းကျင်မှာ သဘာဝအတိုင်း ပျံဝဲနေတဲ့ လိပ်ပြာလေးတွေကို တွေ့နေရသေးတယ်ဆိုရင် ကျွန်မတို့ဟာ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး လူသားတွေလို့ ပြောလို့ရပါတယ်။ ကျွန်မတို့ ရှုရှိုက်နေတဲ့လေဟာ ရာနှုန်းပြည့် သန့်ရှင်းလတ်ဆတ်ပြီး အဆိပ်ငွေ့တွေနဲ့ အဝေးဆုံးမှာရောက်နေတာ ဝမ်းသာဂုဏ်ယူစရာပါ။

တကယ်လို့ ကျွန်မတို့ဟာ ပတ်ဝန်းကျင်မှာ ပန်းပင်တွေနဲ့ ကျေးငှက်လေးတွေ တွေ့နေသေးတယ်ဆိုရင်၊ ကျွန်မတို့စိုက်ပျိုးထားတဲ့ ပန်းပင်လေးတွေကို နေ့စဉ်ရေလောင်းခွင့်ရနေသေးတယ်ဆိုရင် ကံကောင်းနေသူတွေလို့ ထပ်ပြီး ဝမ်းသာရအုံးမှာပါ။ ဒီသစ်ပင် ပန်းပင်လေးတွေကြောင့် ကျွန်မတို့ ရှုရှိုက်နေတဲ့ လေထဲမှာ အောက်ဆီဂျင်ကောင်းကောင်း ရနေသေးလို့ပါပဲ။

တကယ်လို့ ကျွန်မတို့ဟာ လိပ်ပြာတွေရဲ့ အဝေး သစ်ပင် ပန်းပင်တွေရဲ့ အဝေးကို ရောက်နေပြီဆိုရင်တော့ ကျွန်မတို့ နေ့စဉ် ရှုရှိုက်နေတဲ့ လေထုကို ဆန်းစစ်ကြည့်ဖို့ လိုအပ်လာပါပြီ။ လိပ်ပြာတွေနဲ့ ရင်းနှီးနေစဉ်ကာလတုန်းက ကျွန်မတို့ဟာ ကင်ဆာဆိုတဲ့ နာမည်ကို ကြားတောင်မကြားဖူးခဲ့ပါဘူး။ လိပ်ပြာတွေ ကျွန်မတို့နားကနေ ပျောက်ကွယ်သွားပြီးချိန်မှာမှ အမျိုးစုံသော ကင်ဆာရောဂါရဲ့ နာမည်တွေနဲ့ ရင်းနှီးလာခဲ့ကြတာပါ။

၁၉၉၉ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိ လေ့လာတွေ့ရှိခဲ့တဲ့ သုတေသနပြုချက်တွေအရ သစ်တောတွေထဲမှာ တွေ့ရှိနေတဲ့ လိပ်ပြာ အရေအတွက်ဟာ သိသိသာသာလျော့ကျသွားခဲ့တယ်လို့ ဆိုပါတယ်။

လေထုညစ်ညမ်းမှုတွေ များလာတာနဲ့ အမျှ လေသန့်သန့်မှာသာ ရှင်သန်နိုင်တဲ့ လိပ်ပြာတွေ တစ်စတစ်စ မျိုးတုန်းပျောက်ကွယ်သွားတာ သဘာဝကျပါတယ်။ ဇီဝ ပေတံလို့ တင်စားခံရတဲ့ ဒီလို ဂေဟစနစ်ကို အာရုံခံဖို့ အကောင်းဆုံး လိပ်ပြာလေးတွေ ကမ္ဘာမြေပေါ်ကနေ လုံးဝပျောက်ကွယ်မသွားအောင် ထိန်းသိမ်းကြဖို့လည်းအရေးတကြီး လိုအပ်နေပါပြီ။

မြန်မာပြည်မှာ ပြင်ဦးလွင် ကန်တော်ကြီး ဥယျာဉ်မှာ လိပ်ပြာဥယျာဉ် ရှိနေပါသေးတယ်။ မြန်မာပြည် မြောက်ဖျားပိုင်းက တောင်တန်းတွေမှာ လိပ်ပြာတွေတွေ့ဖို့ အခွင့်အလမ်းရှိပါသေးတယ်။ တစ်ကမ္ဘာလုံး အတိုင်းအတာအရဆိုရင်တော့ ဒီလိပ်ပြာလေးတွေ မျိုးတုန်းပျောက်ကွယ် မသွားရအောင် စက်ရုံအလုပ်ရုံတွေရဲ့ အရေအတွက်ကို ကန့်သတ်ထိန်းချုပ်နိုင်ဖို့ အပူတပြင်းကို လိုအပ်လှပါတယ်။လေထုထဲမှာ အဆိပ်ငွေ့ဖြစ်စေတဲ့ မော်တော်ကားအိတ်ဇောက ထွက်လာတဲ့ မီးခိုးတွေအတွက် အကောင်းဆုံးအဖြေတစ်ခုရှာကြရမှာဖြစ်ပါတယ်။

ဒီစက်ရုံတွေရဲ့ မီးခိုးခေါင်းတိုင်တွေမှာ အငွေ့တွေ တလူလူ လွင့်နေသမျှ၊ မော်တော်ကားတွေရဲ့ အိတ်ဇောပိုက်က မီးခိုးငွေ့မည်းမည်းတွေ တအူအူ ထွက်နေသမျှ လူသားတွေရဲ့ အသက်ရှင်ရေးအတွက် စိုးရိမ်ကြောင့်ကြနေရမှာဖြစ်ပါတယ်။ ။

**(ကိုးကား - ဂူဂယ်နှင့် ဒေါက်တာခင်မောင်လွင် လေထုညစ်ညမ်းခြင်း အင်တာဗျူးမှတ်တမ်း)**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများ လဲလှယ်ပေးပါ။
(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(၄) လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။
(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
(၆) ချို့ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

မီးသတ်ဦးစီးဌာန

# ကားဈေးကွက်ဖော်ဆောင်နိုင်ဖို့ အပြောင်းအလဲတစ်ခုတော့လိုအပ်

ဝန်းရံ(ဘောက်ထော်)

**တန်ဖိုးကြီးသော ကားဈေးကွက်ဖော်ဆောင်နိုင်ရန် အပြောင်းအလဲတစ်ခုတော့ လိုအပ်ပေသည်။ တန်ဖိုးကြီးကားဈေးကွက်ဆိုသည်မှာ နိုင်ငံတော်၏ အကျိုးစီးပွား ဖြစ်သလို ပြည်သူများအတွက် မှီခိုအားထားရာ ဒေါက်တိုင်ကြီးလည်းဖြစ်သည်။ "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ"ဆိုသလို အပြန်အလှန်ထိန်းကျောင်းပြီး ကောင်းမွန်သောမူဝါဒနှင့် စနစ်တစ်ခုဖော်ဆောင်ပေးရန်လိုအပ်ပေလိမ့်မည်**

ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့ကြီးပြကြီးများတွင် လူနေထူထပ်ပြီး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းလာသည်နှင့်အမျှ ရုပ်ဝတ္ထုတိုးတက်လာ၍ ကိုယ်ပိုင်ကားအသုံးပြုမှုများပြားလာပြီး ကားအစီးရေ တိုးလာသည်ကို တွေ့ရှိရပါသည်။ ယခုလို ကားများလောကတည်းက ပြောင်းလဲလာသည့် ဈေးကွက်တစ်ခုကို စတင်နေသလိုဖြစ်ပါသည်။ ပြီးခဲ့သည့် နှစ် ၂၀ ကျော်လောက်က သဘော်သားများတင်သွင်းလာသည့် ဂျပန်တစ်ပတ်ရစ်ကားများကြောင့် ကားပွဲစားလောက အသက်ဝင်ခဲ့ပြီး ကျွန်တော်လည်း ကားပွဲစားလောက စတင်ခြင်းမှာပင် ပါဝင်ပတ်သက်ခဲ့သူဖြစ်ပါသည်။

ကားလောကမှာ လူတန်းစား နှစ်ရပ်ရှိသည်။ ကိုယ်ပိုင်အသုံးပြုရန် ဝယ်ယူသူနှင့် ကားဝယ်ရောင်းလုပ်သော လူတန်းစားဆိုတာပင်။ အဆိုပါ ကားလိုအပ်ချက်များအား ဖြည့်ဆည်းအကျိုးဆောင်သူ ပွဲစားများမှာ လိုအပ်ချက်တစ်ခုဖြစ်လာသည်။ ကားပွဲစားက အရောင်းအဝယ်ဖြစ်သော ကားပေါ်မှာ အကျိုးဆောင်ခယူသည်။

ကားဝယ်ရောင်းကတော့ နဂိုကတည်းက ကိုယ်ပိုင်ငွေရှိထား၍ အကျိုးအမြတ်ရရှိမည့်ကားကိုဝယ်သည်။ ကိုယ်ပိုင်ဝယ်ယူသူများအနေဖြင့် မိမိလိုအပ်ချက်အရ နားလည်တတ်ကျွမ်းသူ အကျိုးဆောင်များကိုတိုင်ပင်၍ ဝယ်ယူပြီး ပြန်လည်ရောင်းချလေ့မရှိဘဲ အိမ်သုံး၊ စီးပွားရေးသုံးအဖြစ် စီးကြသူများဖြစ်ပါသည်။ ကားဝယ်ရောင်းများအနေဖြင့် ဈေးသက်သာစွာရရှိအောင် ဝယ်၍ အမြတ်တင်ရောင်းချကြသည်။ ဒီလိုနဲ့ပင် ရောင်းလိုက်၊ ဝယ်လိုက်ဖြင့် အမြတ်ရှာကြသည်။

ကျွန်တော်တို့ ကားအရောင်းအဝယ်လုပ်ငန်းကို စတင်ကာလဖြစ်သည့် ၁၉၈၆-၈၇ ခုနှစ်လောက်က ဗိုလ်အောင်ကျော်လမ်းတွင် ကားများထိုးထားပြီး ပွဲစားတန်းကို စတင်ခဲ့သလို ၁၉၈၉ ခုနှစ်လောက်တွင် ဒုတိယကားပွဲစားတန်းဖြစ်သော ခရစ်လမ်းကားပွဲစားတန်းမှ အီဒင်လမ်းကားပွဲစားတန်းသို့ ပြောင်းရွှေ့ခဲ့ပြီး ထိုမှတစ်ဆင့် ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းဖြစ်ပေါ်ခဲ့ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ တရားဝင်ကားဝယ်ရောင်းစခန်းသုံးခုကို ဟံသာဝတီကားပွဲစားတန်း၊ သာကေတမြို့နယ်မှ ယမုံနာကားပွဲစားတန်းနှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ပြည်ထောင်စုခုံးကျော်တံတားအောက်၌ ဖွင့်လှစ်ခဲ့ရာ ကားပွဲစားလောကအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိခဲ့သလို နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများလည်း ကောက်ခံရရှိခဲ့သည်။ တကယ်တမ်း အကျိုးဆောင်(ခ)ပွဲစားဆိုသော ဝေါဟာရမှာ အကျိုးဆောင်ပေးသူ(သို့) လိုအပ်သမျှကို ရအောင်ဆောင်ရွက်ပေးနိုင်သူဟုခေါ်သည်။ နိုင်ငံတကာမှာလည်း ထိုကဲ့သို့ ဝန်ဆောင်မှုများလုပ်ပေးနိုင်သည့် ကားပွဲစားတန်းများရှိနေကြပါသည်။ သူတို့ဆီမှာက ဒါကိုနိုင်ငံအတွက် တန်ဖိုးကြီးကြီး ဖော်ဆောင်ပေးနေသည့် ဈေးကွက်တစ်ခုလို့လည်း သူတို့အနေဖြင့် မြင်ကြသည်။ ပွဲစားဆိုတာက နိုင်ငံတိုင်းတွင် ရှိအပ်သောအရာဖြစ်သည်။ လုပ်ငန်းတော်တော်များများတွင်လည်း အကျိုးဆောင် ပွဲစားများလိုအပ်လျက်ရှိကြောင်း မြင်သာသည်။ မော်တော်ယာဉ်နှင့်ပတ်သက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအပါအဝင် လမ်းညွှန်အမှတ်အသားများ၊ မီးပွိုင့်နှင့် ယာဉ်ကြောအမှတ်



အသားများအား ယာဉ်မောင်းသူများ သိရှိစေရန်အတွက် ပညာပေးဖို့လည်း လိုအပ်ပါသည်။ ကားမောင်းတတ်သည်ဆိုရုံမျှဖြင့် လမ်းပေါ် တက်ရောက်မောင်းနှင်နေသူအား ထိရောက်စွာအရေးယူသင့်သကဲ့သို့ အငှားယာဉ်ကိုလည်း စည်းကမ်းတကျရှိစေချင်မိပါသည်။

ပြောင်းလဲလာသည့် ခေတ်စနစ်ရောက်လာပြန်တော့ ကားအရောင်းပြခန်းတွေ အပြိုင်အဆိုင် ဖွင့်လာကြသကဲ့သို့ ကားတင်သွင်းခွင့် မူဝါဒများရှိလာပြန်သည်။ ကမ္ဘာကျော်အမှတ်တံဆိပ်နှင့် ကားမျိုးစုံ တင်သွင်းရောင်းချလာကြသည်။ ဈေးကွက်ပျက်သွားသည့် ကားပွဲစားတော်တော်များများမှာလည်း ဟံသာဝတီကားပွဲစားတန်းပျက်ကတည်းက လုံလောက်သည့် ယာဉ်ရောင်းဝယ်ရေးစခန်းမရှိ ဖြစ်ခဲ့သည်။ အခြေအနေမဲ့ဘဝ ရောက်နေသည့်ကြားထဲ "နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း"ဆိုသလို ပြန်မမတ်နိုင်ကြတော့ ကြုံရာနေရာမှာ ဖြစ်သလို ကားအရောင်းအဝယ်ကို စာချုပ်စာတမ်းနှင့်ပင် ချုပ်ဆိုရောင်းဝယ်ကြရသည်။အတ္တကြီးသော ကားပွဲစားအချို့မှာ လမ်းများကို ပိတ်ဆို့ရောင်းဝယ်ဖောက်ကားသောကြောင့် လမ်းများမပိတ်သင့်ဘဲပိတ်ကုန်ကြသည်။ သွားလာမှုများ အနှောင့်အယှက်ဖြစ်ခဲ့ကြရသည်။

ယခင်က ဝေးမောကြည့်ရှုရသော တန်ဖိုးကြီးကားများ၊ ငွေကြေးတတ်နိုင်ကြသူများသာ စီးနင်းနိုင်သော ကားအကောင်းစားကြီးများမှာ ယခုခေတ်တွင် လူလတ်တန်းစားများပင် စီးနိုင်နေပြီး လူလတ်တန်းစားများစီးခဲ့သောကားများကိုလည်း အခြေခံလူတန်းစားများ စီးနိုင်သည့်အခြေအနေခေတ်ဖြစ်နေပါပြီ။

လူတိုင်း လူတိုင်း ကားစီးနိုင်သောအခြေအနေတွင် မော်တော်ယာဉ်နှင့် ပတ်သက်သော အခြေခံကျင့်ဝတ်စည်းကမ်းများ သိရှိရန်လိုအပ်သကဲ့သို့ မော်တော်ယာဉ်နှင့် ပတ်သက်သောပစ္စည်းများ အလွယ်တကူ ဝယ်ယူနိုင်ရန်လည်း လိုအပ်ပေသည်။ ထို့အပြင် ကားဟောင်းဈေးကွက်ပေါ်ပေါက်ပြီး ကားလိုအပ်သူများအနေဖြင့် ယုံယုံကြည်ကြည် ဝယ်ယူနိုင်သော ဈေးကွက်တစ်ရပ် အမှန်တကယ်ပင် လိုအပ်နေပေသည်။ မိမိလက်လှမ်းမီရာ ပွဲစား(ခ) အကျိုးဆောင်များမှတစ်ဆင့် ဝယ်ယူသူများအနေဖြင့် အဆိုပါ ကားကောင်းဈေးကွက် ပေါ်ပေါက်လာပါက မိမိ အမှန်တကယ်လိုအပ်သောကားကို ယုံကြည်စိတ်ချစွာ ဝယ်ယူနိုင်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ထိုက်သင့်သော အခွန်အခရရှိစေနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ထိန်းသိမ်းပေးပြီး လိုအပ်ချက်များအား တစ်နေရာတည်းတွင် ပြည့်စုံစွာရရှိစေရန် ဖန်တီးပေးထားရန်လည်း လိုအပ်ပါမည်။ သို့မှသာ အလုပ်အကိုင်အခွင့်အလမ်းများနှင့် နိုင်ငံတော်အတွက် တိကျခိုင်မာသော အခွန်ဘဏ္ဍာငွေများ ရရှိမည်ဖြစ်သည်။ အခွန်ဆိုရာတွင် ကားနှင့်ပတ်သက်ပြီး ရှင်းလင်းလွယ်ကူသော အခွန်စနစ်ဖြစ်ရန်လိုအပ်ပေသည်။ သို့မှသာ အခွန်ထမ်းပြည်သူများ အလွယ်တကူ လိုက်နာနိုင်မည်ဖြစ်သည်။ မျှတမှန်ကန်သော အခွန်နှုန်းထားဖြစ်မှသာ ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်တော့ဘဲ နိုင်ငံတော်အတွက် အခွန်ရရှိမည်ဖြစ်သည်။ အခွန်နှုန်းထားမှန်ကန်မှုမရှိပါက အခွန်ရှောင်မည့်သူများ များလာပါလိမ့်မည်။

မကြာသေးမီ လပိုင်းအတွင်းက လမ်းဘေးတည်ခင်းရောင်းချသော ဈေးသည်များနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကမ်းနားလမ်းဈေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယခင်လို ဈေးသည်များ ဟိုနေရာရောင်း၊ ဒီနေရာရောင်း မရှိတော့ပေ။ တစ်နေရာတည်းမှာပင် စားသုံးသူအတွက် လွတ်လပ်စွာဝယ်ယူစားသုံးနိုင်ပြီး မိမိကြိုက်ရာ မိမိ ရွေးချယ်ပိုင်ခွင့်ရှိခဲ့ကြသည်။ စားသုံးသူများအတွက်လည်း ဟိုနေရာ၊ ဒီနေရာ စားသုံးစရာမလိုတော့။ ယခုလိုစနစ်မျိုးကို အားပေးမိပါသည်။ ထို့အတူ ကားပွဲစားတန်းဈေးကွက်ကိုလည်း ကမ်းနားလမ်းဈေးကဲ့သို့ နမူနာယူပြီး ဖော်ဆောင်မည်ဆိုလျှင် တန်ဖိုးကြီးသော ဈေးကွက်ဖြစ်လာမည်မှာ သေချာပေသည်။ တစ်နေရာတည်းမှာပင် ကားနှင့်ပတ်သက်တာမှန်သမျှ ဝယ်ယူ၊ ရောင်းဝယ်ဖောက်ကားနိုင်သလို ကားပစ္စည်း၊ ကားပြင်နိုင်သော ဝန်ဆောင်မှု၊ ဘာပဲလိုလို ကမ်းနားလမ်းဈေးလို ကားပွဲစားတန်းနေရာကိုရောက်လာသည်နှင့် ပင်ပန်းကြီးစွာ ရှာစရာမလိုတော့ဘဲ ကားနှင့်ပတ်သက်သမျှ အစုံအလင်ရရှိနိုင်မည်ဖြစ်သည်။ နောက်ဆုံးယာဉ်မောင်းလိုင်စင်၊ ကားမောင်းသင်တန်းကအစ "ပြည်သူ့ဝန်ဆောင်မှုရုံး"များကိုပါ ဖွင့်နိုင်လာမည်ဖြစ်သည်။

တန်ဖိုးကြီးကားဈေးကွက်သည် နိုင်ငံတော်၏ အကျိုးစီးပွား ဖြစ်သလို ပြည်သူများအတွက် မှီခိုအားထားရာ ဒေါက်တိုင်ကြီးလည်းဖြစ်သည်။ "ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ"ဆိုသလို အပြန်အလှန်ထိန်းကျောင်းပြီး ယခုလို တန်ဖိုးကြီးသော ကားဈေးကွက်ဖော်ဆောင်နိုင်ရန် အပြောင်းအလဲတစ်ခုတော့လိုအပ်ပေသည်။ ။

## ဆယ်မာအူးလ်အွန်ဒိုးစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း

**နေပြည်တော် မေ ၁၂**

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ ကူညီထောက်ပံ့မှုဖြင့် ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ဆယ်မာအူးလ်အွန်ဒိုးစီမံကိန်းကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု မဲဒီးကျေးရွာတွင် ယနေ့နံနက်ပိုင်းက စီမံကိန်းရရှိငွေကျပ် ၂၇၆ သိန်းထဲမှ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်ပြီး အရှည် ပေ ၈၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာပြည်သူများ စုပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ မဲဒီးကျေးရွာ ဆယ်မာအူးလ်အွန်ဒိုးစီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်ထွန်းက စီမံကိန်းလုပ်ငန်းတွင်ပါဝင်သည့် လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဝင်ငွေတိုးပွားရရှိရေး စသည့်လုပ်ငန်းသုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများကို နားလည် သဘောပေါက်အောင် ရှင်းလင်းချပြပြီး ကျေးရွာ၏လိုအပ်ချက်များကို ကျေးရွာပြည်သူလူထု၏ သဘောတူညီမှုဖြင့် ဦးစားပေးအလိုက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကျေးရွာနေပြည်သူများကိုပါ အားလုံးပါဝင်စေပြီး ငွေကြေးသုံးစွဲမှုများကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲဒီးကျေးရွာတွင် လက်ရှိကျေးရွာတွင်းလမ်း အရှည်ပေ ၈၁၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပါက စုစုပေါင်း အရှည် ၁၄၂၅ ပေကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောသည်။



**(ရွှေကူတ္တိ)**

## လျှပ်စစ်အန္တရာယ်ကင်းစင်၍ ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေး ဓာတ်ကြိုးနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်း

**ခရမ်း မေ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေး၍ ဓာတ်အားပြတ်တောက်မှုလျော့နည်းပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိ သုံးစွဲနိုင်စေရေးအတွက် မေ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခရမ်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးစည်သူနှင့်ဝန်ထမ်းများသည် ခရမ်းမြို့အဝင်လမ်း တစ်လျှောက် မလွတ်ကင်းသည့် သစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် စောင်းနေသည့်တန်းများ တည့်မတ်ခြင်းနှင့် 33KV သန်လျင်၊ သုံးခွဓာတ်အားလိုင်းရှိ စောင်းနေသောတန်းများတည့်မက်ခြင်း 11KV မြို့တွင်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**



# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

(၁၃ - ၅ - ၂၀၁၇ မှ ၁၉ - ၅ - ၂၀၁၇ အထိ)

Vol.2 No-18

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင် 01-230 6166 ကို ဖုန်းလေး ဆက်လိုက်ပါနော်

01-230 6166

## 4TV နှင့် TV5 NETWORK ပြောင်းလဲမှုအသစ်

စက်ဈေးနှုန်း အသစ်

Package ဈေးနှုန်း အသစ်




4TV Hotline 01-2306166

www.4tv.com.mm /4tvmyanmar

| Package | Price |
| --- | --- |
| Basic Package | 4,500 Ks. +(5% TAX) |
| HD Package | 7,500 Ks. +(5% TAX) |
| Sports Package | 5,400 Ks. +(5% TAX) |

HBO နှင့် CINEMAX ရုပ်သံလိုင်းများသည် စလောင်းစက် (S2) များတွင်သာ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

(Star ပြထားသော ရုပ်သံလိုင်းများသည် မြန်မာဘာသာစကားထိုးထားသော ရုပ်သံလိုင်းများဖြစ်သည်)

## X-MEN Movies Special 7:00 PM

4 HD

X-Men (The Last Stand)
7:00 PM 13.5.2017 (Saturday)

X-Men (Origins Wolverine)
7:00 PM 14.5.2017 (Sunday)

X Men First Class
7:00 PM 15.5.2017 (Monday)

X-Men: Days of Future Past
7:00 PM 16.5.2017 (Tuesday)

X-Men Apocalypse
7:00 PM 17.5.2017 (Wednesday)




## for CINEMA2 တွင် ကြည့်ရှုရမည့် မြန်မာဇာတ်ကားကောင်းများ

CINEMA2

7:18 PM,14.5.2017
နဂါးမျက်စောင်း
လူမင်း၊ပန်းဖြူအောင်ခိုင်

11:23 AM,15.5.2017
ငြိုးသူချစ်ခြင်း
မင်းမော်ကွန်း၊စံရတီမိုးမြင့်

7:01 PM,19.5.2017
သတိစိတ်ကြီးဝင်နေသည်
နေမင်း၊ရွှေမှုံရတီ၊ပွင့်ကေခိုင်မိုး










4tv Facebook page www.facebook.com/4tvmyanmar ကို Like လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

